မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၁၂)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်

၂၀၁၃ ခုနှစ်၊ အောက်တိုဘာ ၁၂ ရက်၊ စနေနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စပိန်အမျိုးသားနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် အောက်တိုဘာ ၁၂

၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ကျရောက်သော စပိန်နိုင်ငံ၏အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ စပိန်နိုင်ငံဘုရင် ပထမမြောက် ဟွမ်ကားလို့စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

စာမျက်နှာ ၃ ကော်လံ ၃ ●

ယခင်က မြန်မာနိုင်ငံအကြောင်း ဆွေးနွေးသည့်အခါ စိုးရိမ်ပူပန်မှုများကိုသာ ပြောကြားခဲ့ရ အစိုးရသစ်လက်ထက် ဆွေးနွေးသည့်အခါ အနာဂတ်မျှော်လင့်ချက်များ တက်ကြွစွာဆွေးနွေးနိုင်ပြီ

နေပြည်တော် အောက်တိုဘာ ၁၁

ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းနှင့်အတူ ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်တွင် ခေတ္တတည်းခိုသည့် အစိုးရဧည့်ဂေဟာ၌ နံနက်စာအတူတကွ သုံးဆောင်ပြီး မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး၊ အာဆီယံဥက္ကဋ္ဌတာဝန်ကို မြန်မာနိုင်ငံက ထမ်းဆောင်စဉ် ကာလအတွင်း အာဆီယံ-ကုလသမဂ္ဂ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး၊ မြန်မာနိုင်ငံအစိုးရ၏ ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ပဋိပက္ခဖြေရှင်းရေးလုပ်ငန်းစဉ်များတွင် ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုင်းအဝိုင်းက ပိုမိုပါဝင်ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံတွင် သဟဇာတဖြစ်သည့် လူမှုပတ်ဝန်းကျင်တစ်ရပ် တည်ဆောက်နိုင်ရေး၊ လူမျိုးရေး၊ ဘာသာရေး အစွန်းရောက်အယူအဆများဖြင့် အကြမ်းဖက်မှုကျူးလွန်သူများ၊ သွေးထိုးလှုံ့ဆော်သူများအား ထိရောက်စွာ အရေးယူရေး၊ ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များကို ဖြေရှင်းနိုင်မည့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များတွင် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းတို့ ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ ခေတ္တတည်းခိုသည့် အစိုးရဧည့်ဂေဟာတွင် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ကြစဉ်။ (သတင်းစဉ်)

အဆိုပါဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတက မိမိတို့အစိုးရအဖွဲ့၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ စတင်အကောင်အထည်ဖော်ချိန်မှစပြီး ယနေ့အထိ ကုလသမဂ္ဂက ပါဝင်ကူညီဆောင်ရွက်ပေးမှုများအပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ ကုလသမဂ္ဂ၏အကြံဉာဏ်များကိုလည်း မိမိတို့အလေးအနက်ထားပါကြောင်းနှင့် အနာဂတ်တွင်လည်း ကုလသမဂ္ဂနှင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထပ်လောင်းအတည်ပြု ပြောကြားခဲ့သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က သမ္မတကြီး၏ ခေါင်းဆောင်မှုအောက်တွင် မြန်မာနိုင်ငံ၌ နိုင်ငံရေး၊ စီးပွားရေး၊ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေမှုကို နိုင်ငံတကာက အသိအမှတ်ပြု ချီးကျူးနေသကဲ့သို့ ကုလသမဂ္ဂအဖွဲ့ကြီးကလည်း အသိအမှတ်ပြုဂုဏ်ပြုပါကြောင်း၊ **ယခင်က မိမိတို့အနေဖြင့် မြန်မာနိုင်ငံအကြောင်း**

စာမျက်နှာ ၉ ကော်လံ ၅ ◆

မြန်မာနိုင်ငံတွင် ပထမဦးဆုံး အသစ်ထပ်မံတည်ဆောက်မည့် ကမ္ဘာ့အဆင့်မီ ရေချိုငါးဥယျာဉ် ဒီဇိုင်းပုံစံ။

ရန်ကုန်မြို့ ကန်တော်ကြီးရေချိုငါးဥယျာဉ် ကမ္ဘာ့အဆင့်မီရေချိုငါးဥယျာဉ်အဖြစ် အဆင့်မြှင့်တင်မည်

သတင်း-စိန်လွင်အောင်(မြန်မာ့အလင်း)
ဓာတ်ပုံ-မင်းထက်

ရန်ကုန် အောက်တိုဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်အတွင်းရှိ ကန်တော်ကြီးရေချိုငါးဥယျာဉ်ကြီးကို မကြာမီ ကမ္ဘာ့အဆင့်မီ ရေချိုငါးဥယျာဉ်ကြီးအဖြစ် စတင်အကောင်အထည်ဖော် တည်ဆောက်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံဆောင်ရွက်မှုဖြင့် ငါးလုပ်ငန်းဦးစီးဌာနကဦးစီး၍ ပြည်သူများငါးလုပ်ငန်းဆိုင်ရာ ဗဟုသုတများရရှိရန်နှင့် အပန်းဖြေလေ့လာနိုင်စေရန်ရည်ရွယ်သည့် အဆိုပါ ကမ္ဘာ့အဆင့်မီ ရေချိုငါးဥယျာဉ်စီမံကိန်းလုပ်ငန်းအား ငှားရမ်းလုပ်ဆောင်မည့် ပြည်တွင်းလုပ်ငန်းရှင်များကို ဩဂုတ်လအတွင်းက သတင်းစာများတွင် တင်ဒါခေါ်ယူခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၁ ❐

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လူငယ်ဟူသည်

ဘူး၊ ဖရုံ၊ သခွား၊ ခဝဲနှင့် ကြက်ဟင်းခါးအစရှိသော အပင်လေးများသည် အညွန့်တလူလူနှင့် ရှင်သန်ကြီးထွားလေ့ရှိပါသည်။ အညွန့်သည် အပင်တစ်ပင်၏ ရှင်သန်ကြီးထွားမှု ဖြစ်သည်သာမက အပွင့်နှင့် အသီးတို့ကိုလည်း ပေးစွမ်းနိုင်စွမ်းရှိပါသည်။ အညွန့်သည်အပင်၏အားလည်း ဖြစ်ပါသည်။

ထိုအညွန့်လေးများသည် မည်သည့်အချိန်ကစ၍ ရှင်သန်ကြီးထွားခဲ့ပါသနည်း။ မြေကြီးထဲမှ စတင်ထွက်ပြူလာချိန်မှ ဖြစ်ပါသည်။ ထိုအချိန်မှစ၍ အညွန့်သည် တလူလူနှင့် ရှင်သန်ကြီးထွားလေ့ရှိပါသည်။ အပင်တစ်ပင်လုံး ညှိုးခြောက်ကြွေကျ မြေခသွားမှသာလျှင် အညွန့်၏ နိဂုံးသည်လည်း အဆုံးသတ်သွားပါသည်။

ကျွန်ုပ်တို့ လူသားများသည်လည်း ဤသို့ပင်ဖြစ်ပါသည်။ လူသားရယ်လို့ ဖြစ်လာသည့်အချိန်မှစ၍ ဘဝအလီလီ အညွန့်ကိုယ်စီဖြင့် ရှင်သန်ကြီးထွားကြရလေ့ ရှိပါသည်။ လူတိုင်းလူတိုင်းသည် အညွန့်ကိုယ်စီရှိပါသည်။ ကျွန်ုပ်တို့ လူသားများတွင် အရွယ်သုံးပါးရှိပါသည်။ လူငယ်၊ လူလတ်၊ လူကြီးဟူ၍ ဖြစ်ပါသည်။ ထိုအရွယ်သုံးပါးစလုံးတွင် အသက်အရွယ်အလိုက် ရှင်သန်ကြရလေ့ရှိပါသည်။

ရှင်သန်မှု အားအကောင်းဆုံးအချိန်သည် ငယ်ရွယ်စဉ်အချိန် ဖြစ်ပါသည်။ သီးပင်စားပင်အညွန့်လေးများသည် ငယ်ရွယ်နုပျိုစဉ် အညွန့်များ ဝေဝေဆာဆာထွက်ပေါ်လာသကဲ့သို့ လူငယ်လူရွယ်တို့တွင်လည်း သင်ယူခြင်း၊ လေ့လာခြင်း၊ လုပ်ကိုင်ခြင်းတို့ဖြင့် မရပ်မနား အညွန့်များ ပွားများနေရမည်ဖြစ်ပါသည်။ သို့သော် အချို့သော လူငယ်လေးများသည် အလုပ်နေရာ တစ်ခုခုဝင်လုပ်ပြီးလျှင် ထိုအလုပ်၌ပင် ခိုတွယ်နေတတ်ကြပါသည်။ လက်ဖက်ရည်ဆိုင်တွင် စားပွဲထိုးလုပ်သူသည်ပင် မိမိ တစ်နေ့ဆိုင်ပိုင်ရှင် ဖြစ်လာရမည်ဟု ရည်မှန်းကြိုးစားရမည် ဖြစ်ပါသည်။ အမှန်တွင် မိမိ၏ဘဝ တိုးတက်ရာတိုးတက်ကြောင်း အမြဲကြံဆောင် စဉ်းစား လုပ်ကိုင်ကြရမည်ဖြစ်ပါသည်။ သို့မှသာ ဘဝတိုးတက်ပြောင်းလဲနိုင်မည်ဖြစ်ပါသည်။

လူငယ်ဟူသည် အနာဂတ်အတွက် အမြဲတမ်းပြင်ဆင်ကြရမည်ဖြစ်ပါသည်။ ရှေ့ကို မျှော်တွေးလုပ်ကိုင်နိုင်ခြင်း မရှိချေက အမြဲတမ်း ခေတ်နောက်ကျနေမည် ဖြစ်ပါသည်။ အတိတ်က အားနည်းချက်များကို ပြန်လည်သုံးသပ်ပြင်ဆင်ပြီး ပစ္စုပ္ပန်အတွက် အကောင်းဆုံးဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ပါသည်။ လူမှန်လျှင် အညွန့်ရှိပါသည်။ သင်ယူခြင်း၊ လေ့လာခြင်း၊ လုပ်ကိုင်ခြင်းများစွာတို့ဖြင့် ရှင်သန်နေဖို့လိုပါသည်။ တစ်နေရာတည်းတွင် ရပ်တန့်မနေသင့်ပါ။ သေးငယ်သော နွားခြေရာခွက်ကို သမုဒ္ဒရာဟု မမှတ်ယူသင့်ပါ။ ကျယ်ဝန်းလှသော သမုဒ္ဒရာအစစ်အမှန်ကို တွေ့အောင်ရှာကြပါ။ ပြီးတော့ ကူးကြည့်ပါ။ ရုန်းကန်ပါ။ ကြိုးစားပါ။ လေ့လာစရာ သင်ယူစရာများကို အဆက်မပြတ် လေ့လာသင်ယူပါ။ သို့မှသာ တိုးတက်နိုင်ပါသည်။ ဘဝသည်လည်း အညွန့်တလူလူနှင့် တိုးတက်ရှင်သန်နိုင်မည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ကျန်ရှိသည့် သံဝေဇနိယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

နေပြည်တော် အောက်တိုဘာ ၁၁

ဂေါတမဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောစသည့် သံဝေဇနိယလေးဌာနအနက်မှ ပွင့်တော်မူရာ တစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနိယသုံးဌာနကို နေပြည်တော်သတ္တဌာန အနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန် (နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၆၊ ဦးဝင်းငွေ (အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၀၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း- ၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၀၄၊ စီမံရေးရာဌာနမှူး ဖုန်း- ၀၆၇-၄၁၄၇၅၃ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

ထင်သာမြင်သာ ပြုပြင်စရာ

ဝမ်းတွင်းမြို့နယ်အတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ရန်ကုန်-မန္တလေး ကားလမ်း ပြုပြင်ရန်လိုအပ်လျက်ရှိ

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် ရန်ကုန်-မန္တလေး ကားလမ်းကိုပြုပြင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

"ဝမ်းတွင်း မြတ်စောညီနောင်ဘုရားမုခ်ဦးပေါက်အနီးက ရန်ကုန်-မန္တလေး ကားလမ်းမှာ လမ်းသားတွေ တော်တော်ပေါက်ပြဲပျက်စီးနေတယ်။ အဲဒီနားမှာလည်း ယာဉ်မတော်တဆမှုတွေ မကြာခဏဖြစ်တတ်လို့ အဲဒီနားရောက်တိုင်း သတိထားမောင်းနှင်ရတယ်။ ဟိုတလောကတင် အိမ်စီးလိုက်ထရပ်ကားနဲ့ ၁၂ဘီး ကုန်တင်ယာဉ် ယာဉ်တိုက်မှုဖြစ်သေးတယ်။ ယာဉ်တိုက်မှုဖြစ်တာ ယာဉ်မောင်းပေါ့ဆလို့လည်း ဖြစ်တတ်သလို လမ်းမကောင်းရင်လည်း ဖြစ်တတ်တယ်။ ဒါကြောင့် ရန်ကုန်-မန္တလေး ကားလမ်းပျက်စီးနေတဲ့ နေရာတွေကို သက်ဆိုင်ရာ တာဝန်ရှိသူတွေအနေနဲ့ အမြန်ဆုံး ပြုပြင်ဆောင်ရွက်ဖို့ လိုအပ်တယ်"ဟု ဝမ်းတွင်းမြို့ခံတစ်ဦးက ပြောသည်။

ဝမ်းတွင်းမြို့သည် ရန်ကုန်-မန္တလေး ကားလမ်း ဖြတ်သန်းသွားရာ နယ်မြို့တစ်မြို့ဖြစ်ပြီး မြို့တွင်းကားလမ်းဧရိယာ ကျဉ်းမြောင်းခြင်း၊ လမ်းများမကြာခဏ ပေါက်ပြဲပျက်စီးခြင်းနှင့် ယာဉ်မောင်းသူများ၏ မဆင်မခြင်မောင်းနှင်မှုများကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားလေ့ရှိသည်။ ယခုနောက်ပိုင်းတွင် မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့နှင့် တာဝန်ရှိသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ရှောင်တခင်စစ်ဆေးအရေးယူမှုများ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းကြောင့် ဝမ်းတွင်းမြို့နယ်အတွင်း ယခင်ထက် ယာဉ်မတော်တဆဖြစ်မှုများ လျော့နည်းစပြုလာကြောင်း သိရသည်။

ထီလာသား

သတိပေးနှိုးဆော်ချက်

ယခုအခါ မိုးရာသီကာလ ရောက်ရှိနေပြီဖြစ်ပါ၍ ပင်လယ်ကမ်းရိုးတန်းများနှင့် မြစ်ချောင်းကမ်းဘေးများတွင် နေထိုင်သော ပြည်သူများသည် ရုတ်တရက် ရေကြီးရေလျှံမှုကြောင့် ဘေးအန္တရာယ်များ ကြုံတွေ့နိုင်သည့်အပြင် ပင်လယ်၊ မြစ်ချောင်းများတွင် သွားလာနေသော ရေယာဉ်များသည်လည်း ရာသီဥတုကြောင့်လည်းကောင်း၊ မတော်တဆမှုကြောင့်လည်းကောင်း၊ တိမ်းမှောက်မှုများ ဖြစ်ပေါ်လာနိုင်သဖြင့် ရေဘေးအန္တရာယ်ကြောင့် မိဘပြည်သူများ အသက်ဆုံးရှုံးမှုမရှိစေရန် အိမ်တိုင်း၊ ရေယာဉ်တိုင်းတွင် အသက်ကယ်ဝတ်စုံ (Life Jackets) များ ဆောင်ထားကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မီးသတ်ဦးစီးဌာန

လူကုန်ကူးမှုတိုက်ဖျက်ရေး တို့တွေပါဝင်ကူညီပေး





နိုင်ငံတော်သမ္မတဦးသိန်းစိန် *NHK* ရုပ်မြင်သံကြားမေးမြန်းချက်များဖြေကြား

နေပြည်တော် အောက်တိုဘာ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ ခေတ္တတည်းခိုသည့် အစိုးရဧည့်ဂေဟာ၌ ဂျပန်နိုင်ငံ NHK ရုပ်မြင်သံကြားမှ မြန်မာနိုင်ငံဌာနခွဲအကြီးအကဲ Mr.Jun Kobayashi အား လက်ခံတွေ့ဆုံပြီး တွေ့ဆုံမေးမြန်းခန်းအဖြစ် မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။ **(ယာပုံ)**

ဆက်လက်၍ ဂျပန်နိုင်ငံ အဆာဟိရှင်ဘွန်းမှ အာရှဒေသအကြီးအကဲ Mr. Onoနှင့် ရန်ကုန်ဌာနခွဲမှ သတင်းထောက် Mr. Igarashi တို့၏ တွေ့ဆုံမေးမြန်းမှုနှင့် ပြည်တွင်းမီဒီယာဖြစ်သည့် Myanmar International TV ၏ တွေ့ဆုံမေးမြန်းမှုများကိုလည်း ပြန်လည်ဖြေကြားခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီးဒေါ်ခင်ခင်ဝင်းနှင့်အဖွဲ့သည် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် ဘန်ဒါဆရီဘီဂါဝန်မြို့မှ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာရာ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမွန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းမှူး၊ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ သံရုံးယာယီတာဝန်ခံ Ms. Syamim Nabilah Daud နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တရုတ်နိုင်ငံ သံအမတ်ကြီးနှင့်အဖွဲ့ အား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၁

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် ရန်ကုန်မြို့ အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Yang Houlanနှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားသူကြီးများ အရည်အသွေးတိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ချက်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဥပဒေအသင်းနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ပြည်ထောင်စုတရားသူကြီးချုပ်နှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြသိမ်း၊ ဦးမြင့်အောင်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးစိန်သန်းတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

● ရှေ့ဖုံးမှ

အလားတူ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ကျရောက်သော စပိန်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ စပိန်နိုင်ငံအစိုးရအဖွဲ့ အကြီးအကဲ မစ္စတာ မာရီရာနို ရာဂျိုင်း ဘရေးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် စပိန်အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၁၂

၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ကျရောက်သော စပိန်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ စပိန်နိုင်ငံနိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ဟိုဆေး မန်နူရယ် ဂါစီရာ-မာဂါလို ဝိုင် မာဖေးလ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နှစ်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၃၀/၂၀၁၃)
၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်
(၂၀၁၃ ခုနှစ်၊ အောက်တိုဘာ ၁၁ ရက်)

တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပခဲ့သည့် ပထမအကြိမ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃/၂၀၁၁)တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

ကချင်ပြည်နယ်လွှတ်တော်

(၁)	ကြည်း ၃၄၀၅၅ ဗိုလ်မှူး အောင်သန်းဇော်	(အစား)	ကြည်း ၂၃၉၇၈ ဗိုလ်မှူး အောင်ခင်ဦး

ရှမ်းပြည်နယ်လွှတ်တော်

(၂)	ကြည်း ၃၃၁၀၂ ဗိုလ်မှူး အောင်အောင်	(အစား)	ကြည်း ၁၉၄၁၄ ဗိုလ်မှူး ဇော်မြင့်ဝင်း

အမိန့်အရ
(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

▲ ကျောဖုံးမှ

ဆည်သည် (မြောက်) ရွာရှိ လူနေအိမ်အချို့မှာ ကမ်းပါးပြိုသည့်အထဲတွင် ပါလျက်ရှိပြီး အမက(၂၇)မှာလည်း ပါလုဆဲဆဲရှိနေကြောင်း သိရသည်။

ကာကွယ်ထိန်းသိမ်း

ဒေသခံပြည်သူများ အနေဖြင့် သမိုင်းဝင် အထကကျောင်းကြီးကို ထိုနေရာမှ ပျောက်ကွယ်သွားမည့် အရေးစိုးရိမ်ပူပန်နေကြရာ အဆိုပါ ဧရာဝတီမြစ်ရေတိုက်စားခံနေရသော ဆည်သည် ကျေးရွာအား ရေတိုက်စားမှုဘေးအန္တရာယ်မှ ကာကွယ်ထိန်းသိမ်းရန် တာဝန်ရှိသူများ ရောက်ရှိဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၄၃၃)**

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

ကန့်ကွက်ပါနိုင်ကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁/၂)၊ မြေကွက်အမှတ် (၂၄၂)၊ မြေကွက်တည်နေရာအမှတ် (၂၄၂)၊ ၁၂ လမ်း၊ (၁) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဦးရွှေငို အမည်ပေါက်နှစ် (၆၀) ဂရန်မြေအား အမည်ပေါက် ဖခင် ဦးရွှေငိုနှင့် မိခင် ဒေါ်လှတင် ကွယ်လွန်သဖြင့် ဦးသန်းလှိုင် ၁၂/မရက(နိုင်) ၁၂၆၈၂၃၊ ဦးလှိုင်ဝင်း ၁၂/မရက(နိုင်)၀၈၈၈၈၅၊ ဒေါ်သန်းသန်းရီ ၁၂/မရက(နိုင်)၀၈၈၄၀၈၊ ဒေါ်မြင့်မြင့်ဝင်း ၁၂/မရက(နိုင်)၀၈၈၇၆၇၊ ဒေါ်ငွေငွေဝင်း ၁၂/မဂက(နိုင်)၀၅၄၁၆၅၊ ဦးစန်းလှိုင် ၁၂/မရက(နိုင်) ၁၀၄၅၇၂၊ ဒေါ်စန်းစန်းထွေး ၁၂/မရက(နိုင်)၁၂၆၆၃၈ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄) ရက်ကွက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နိုင်ငံတကာသတင်း

ဥရောပတိုက်သား ၄၃ သန်းကျော် လုံလောက်သော စားနပ်ရိက္ခာမရှိ

အီးယူ အောက်တိုဘာ ၁၁

ဥရောပတွင် ငွေကြေးအကျပ်အတည်းပြဿနာကြောင့် လူပေါင်း ၄၃ သန်း လုံလောက်သော စားနပ်ရိက္ခာမရှိကြောင်း၊ ရာစုနှစ်ဝက်ကျော်အတွင်း အဆိုးရွားဆုံးလူသားချင်းစာနာမှုဆိုင်ရာ အကူအညီလိုအပ်နေကြောင်း ကြက်ခြေနီအဖွဲ့က ပြောသည်။

အဆိုပါ စားနပ်ရိက္ခာလိုအပ်ချက်သည် စီးပွားရေးအကျပ်အတည်း ရိုက်ခတ်မှုပင်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ဖက်ဒရေးရှင်းနှင့် လခြမ်းနီလူမှုအဖွဲ့အစည်းများ(အိုင်အက်ဖ်အာရ်စီ) အတွင်းရေးမှူးချုပ် ဘီဘေးလီဂေးလက်တာက အောက်တိုဘာ ၁၀ ရက်က ဂျီနီဗာ၌ ကျင်းပသော အစည်းအဝေးသို့အစီရင်ခံစာတင်ပြခဲ့သည်။

ဥရောပတိုက်သား သန်း ၁၂၀ ခန့်သည် ဆင်းရဲနွမ်းပါးမှုဖြစ်တော့မည့်အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း၊ များပြားလှသော ပြည်သူများမှာ ငွေကြေးအဆင်ပြေနိုင်မည့် ပြန်လည်ကောင်းမွန်လာရေး အခြေအနေနှင့်ကြုံနေရကြောင်း အဆိုပါ အစီရင်ခံစာ၌ ဖော်ပြထားသည်။ ဥရောပတိုက်သည် ဆယ်စုနှစ်ခြောက်ခုအတွင်း အဆိုးရွားဆုံးလူသားဆိုင်ရာ အကျပ်အတည်းများနှင့် ရင်ဆိုင်နေရသည်ဟု ဆိုသည်။ **(ဘီဘီစီ)**

ကမ္ဘာ့ဓာတုလက်နက်စောင့်ကြည့်ရေးအဖွဲ့ နိုဘယ်လ်ငြိမ်းချမ်းရေးဆု ဆွတ်ခူးရရှိ

အော်စလို အောက်တိုဘာ ၁၁

ဆီးရီးယားပြည်တွင်းစစ်အတွင်း ဆီးရီးယားတို့၏ ဓာတုလက်နက်များကို ဖျက်သိမ်းရန် ကြိုးကြပ်ဆောင်ရွက်နေသည့် ကမ္ဘာ့ဓာတုလက်နက် စောင့်ကြည့်ရေးအဖွဲ့သည် အောက်တိုဘာ ၁၁ ရက် (သောကြာနေ့)က ချီးမြှင့်သော ၂၀၁၃ ခုနှစ် နိုဘယ်လ်ငြိမ်းချမ်းရေးဆု ဆွတ်ခူးရရှိသွားကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဓာတုလက်နက် တားဆီးရေး အဖွဲ့ (အိုပီစီဒဗလျူ)သည် ငွေကြေး ဘတ်ဂျက်အတန်အသင့်သာရှိသော

အိုပီစီဒဗလျူအဖွဲ့ဝင်တစ်ဦး ဓာတုလက်နက်ရှာဖွေစစ်ဆေးနေစဉ်။

အဖွဲ့ငယ်လေးတစ်ဖွဲ့ဖြစ်သည်။ ယင်းအဖွဲ့ငယ်လေးသည် ဩဂုတ်လအတွင်းက ဆီးရီးယားနိုင်ငံ၌ ဆာရင်းဓာတ်ငွေ့ဖြင့် တိုက်ခိုက်ခံရခြင်းကြောင့် လူပေါင်း ၁၄၀၀ ကျော် သေဆုံးခဲ့ပြီးနောက် ၎င်း၏ကျွမ်းကျင်သူများကို ဆီးရီးယားသို့ စေလွှတ်ခဲ့သည်။

ကုလသမဂ္ဂ၏ အထောက်အပံ့ဖြင့် အဆိုပါကျွမ်းကျင်သူများ ဆီးရီးယားသို့ စေလွှတ်ဖြန့်ကြက်နိုင်ခဲ့မှုကြောင့် အမေရိကန်က သမ္မတဘာရှား အယ်လ်အာဆတ်ကို တိုက်မည့် အန္တရာယ်မှ ရှောင်လွှဲနိုင်ခဲ့သည်။

အဆိုပါဆုသည် ဆီးရီးယားကဲ့သို့ အလားတူနိုင်ငံများ ကြီးမားသော ဓာတုလက်နက်များ တားဆီးပေးရန် သတိပေးလိုက်ခြင်းလည်းဖြစ်ကြောင်း နိုဘယ်လ်ငြိမ်းချမ်းရေးဆုကော်မတီ အကြီးအကဲ Thorb Joern Jagland က ပြောသည်။

"ကျွန်တော်တို့အနေနဲ့ ဒီလို အဖျက်စွမ်းအားကြီးမားတဲ့ လက်နက်တွေကို ဖယ်ရှားနိုင်ဖို့အခွင့်အလမ်း ရှိပါတယ်၊ ဆီးရီးယားမှာလုပ်နေတဲ့ ဓာတုလက်နက်ဖယ်ရှားရေး အောင်အောင်မြင်မြင်လုပ်ကိုင်နိုင်မယ်ဆိုရင်တော့ သမိုင်းမှာ ကြီးမားတဲ့အောင်မြင်မှုဖြစ်ပါလိမ့်မယ်"ဟု သူက ဆိုသည်။

အဆိုပါ အိုပီစီဒဗလျူမစ်ရှင်အဖွဲ့သည် လူပေါင်း ၁၀၀၀၀၀ ကျော် သေဆုံးခဲ့ပြီးဖြစ်သော ဆီးရီးယားပြည်တွင်းစစ်အတွင်း ပါဝင်လာခဲ့ရသည်။ ဟာဂျူးမြို့တွင် အခြေစိုက်သော အိုပီစီဒဗလျူ အဖွဲ့ဝင်များသည် ဩဂုတ် ၂၆ ရက်က ဆီးရီးယားနိုင်ငံအတွင်း၌ ချောင်းမြောင်းပစ်ခတ်ခံခဲ့ရသည်။ သို့သော်လည်း အဖွဲ့ဝင်များအနေဖြင့် ဆက်လက်ကြိုးစားအားထုတ်မှုကြောင့် ဆီးရီးယားတာဝန်ရှိသူများ ဓာတုလက်နက်ဖယ်ရှားရေးတွင် ယခုသီတင်းပတ်အတွင်း ပူးပေါင်းဆောင်ရွက်လာပြီဖြစ်ကြောင်း အိုပီစီဒဗလျူအကြီးအကဲ အာမက်အူဇမ်ကူးက ပြောသည်။

အဆိုပါ ဆုသည် ပြီးခဲ့သည့်နှစ်က ဥရောပသမဂ္ဂနှင့် ၂၀၀၉ ခုနှစ်က အမေရိကန်သမ္မတ ဘားရက်အိုဘားမားတို့အား ချီးမြှင့်ပေးခဲ့ပြီးနောက် ဓာတုလက်နက်ဖြုတ်သိမ်းရေးအတွက် ပြန်လည်ပေးအပ်ခဲ့ခြင်း ဖြစ်သည်ဟုဆိုသည်။

ယင်းဆုအတွက် ရရှိမည့်ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၅ သန်းကို ဒိုင်းနမိုက်တီထွင်ပညာရှင် ဆွီဒင်စက်မှုပညာရှင်အဲဖရက်နိုဘယ် (ALFred Nobel) ကွယ်လွန်ခဲ့ခြင်း နှစ်ပတ်လည်နေ့ဖြစ်သည့် ဒီဇင်ဘာ ၁၀ ရက်တွင် အော်စလိုမြို့၌ ချီးမြှင့်ပေးအပ်သွားမည်ဟုဆိုသည်။

အဆိုပါ အိုပီစီဒဗလျူအဖွဲ့သည် နယ်သာလန်နိုင်ငံဟာဂျူး၌ အခြေစိုက်ကာ ဝန်ထမ်းအင်အား ၅၀၀ ခန့်ရှိပြီး နှစ်စဉ်ဘတ်ဂျက်ဒေါ်လာ သန်း ၁၀၀ ဖြင့် လည်ပတ်လျက်ရှိသည်။ ၂၀၁၄ ခုနှစ် နှစ်လယ်တွင် ဆီးရီးယားနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၎င်း၏ ဓာတုလက်နက်များကို ဖယ်ရှားနိုင်လိမ့်မည်ဖြစ်ကြောင်း အဖွဲ့ဝင် ၁၈၉ နိုင်ငံရှိ အိုပီစီဒဗလျူအဖွဲ့က ပြောသည်။

ဆီးရီးယားနိုင်ငံသည် အကြမ်းအားဖြင့် ဆာရင်း၊ မတ်စတတ်ဒ်နှင့် VX ဓာတ်ငွေ့တန်ချိန် ၁၀၀၀ ပိုင်ဆိုင်ထားကြောင်း ဓာတုလက်နက်ကျွမ်းကျင်သူများက ယုံကြည်ထားသည်။ အချို့ဓာတုအဆိပ်ငွေ့များသည် ဒုံးကျည်များ၊ ဒုံးပျံထိပ်ဖူးများတွင် ထည့်ပစ်ရန် အသင့်အနေအထားရှိသည်ဟုဆိုသည်။ **(ရိုက်တာ)**

ကားတာယာအတွင်း သယ်ဆောင်လာသော မူးယစ်ဆေးဝါးများဖမ်းမိ စုစုပေါင်း ဒေါ်လာသန်း ၁၉၀ ဖိုးရှိ

မဲလ်ဘုန်း အောက်တိုဘာ ၁၁

မော်တော်ကားတာယာများအတွင်းဝှက်၍ သယ်ဆောင်လာသော အလေးချိန် ၂၀၀ ကီလိုဂရမ်ကျော်ရှိ မက်သာဖက်တမင်းမူးယစ်ဆေးဝါးများကို ဖမ်းဆီးလိုက်ကြောင်း ဩစတြေးလျတာဝန်ရှိသူများက ပြောသည်။

အဆိုပါ မူးယစ်ဆေးဝါးများနှင့်အတူ မဲလ်ဘုန်း၌အမျိုးသားသုံးဦးကိုလည်း ဖမ်းဆီးလိုက်သည်ဟုဆိုသည်။ မက်သို့မဟုတ် အိုက်စ်ဟု လူသိများသည့် အဆိုပါ မူးယစ်ဆေးဝါးများတန်ဖိုးသည် ခန့်မှန်းခြေဩစတြေးလျ ဒေါ်လာသန်း ၂၀၀(အမေရိကန်ဒေါ်လာ သန်း ၁၉၀) တန်ဖိုးရှိသည်ဟု ဆိုသည်။

ဩစတြေးလျတာဝန်ရှိသူများက မူးယစ်ဆေးဝါးများဆက်တိုက်ဖမ်းမိခဲ့ရာ ယင်းအကြိမ်သည် နောက်ဆုံးအကြိမ်ဖြစ်သည်။ ပြီးခဲ့သောလကလည်း အက်ဖီဒရင်းများ စံချိန်တင်သိမ်းဆည်းရမိခဲ့သည်။ အဆိုပါ မူးယစ်ဆေးဝါးစစ်ဆင်ရေးကို ဘရစ္စဘိန်း၊ ဆစ်ဒနီနှင့် မဲလ်ဘုန်းမြို့များရှိ အထူးတပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း ဩစတြေးလျရဲတပ်ဖွဲ့ကြေညာချက်တွင်ဖော်ပြသည်။

ယင်းဖမ်းဆီးရမိမှုတွင် တရုတ်နိုင်ငံမှ အောက်တိုဘာ ၁ ရက်၌ ရောက်ရှိလာသော ထရပ်ကားတစ်စီး၏ ကားတာယာတွင်လည်း ပါဝင်သည်ဟုဆိုသည်။ ဖမ်းဆီးထားသူသုံးဦးအနက် နှစ်ဦးမှာ သင်္ဘောကျင်းအလုပ်သမားများ ဖြစ်သည်ဟု ဆိုသည်။ **(ဘီဘီစီ)**

ပါကစ္စတန်သမ္မတဟောင်း မူရှာရက်ဖ် အမှုဟောင်းများနှင့်ပတ်သက်၍ ဖမ်းဆီးခံရ

အစ္စလမ္မာဘတ် အောက်တိုဘာ ၁၁

အစ္စလမ္မာဘတ် အနီးရောင်ဗလီ၌ ဘာသာရေးကျောင်းသား ၉၀ နီးပါးတို့ သေဆုံးမှုနှင့်ပတ်သက်ကာ အဓိကတရားခံအဖြစ် စစ်တပ်အား အမိန့်ပေးစေခိုင်းခဲ့သူ ပါကစ္စတန် သမ္မတဟောင်း မူရှာရက်ဖ်အား အောက်တိုဘာ ၁၀ ရက် ညက တရားဝင်ဖမ်းဆီးလိုက်ကြောင်း ဒေသမီဒီယာများက အောက်တိုဘာ ၁၁ ရက်က သတင်းထုတ်ပြန်ခဲ့ကြသည်။

အသတ်ခံခဲ့ရသူ ဗလီကျောင်းမှလက်ထောက်တစ်ဦး၏ သားဖြစ်သူက ၂၀၀၇ ခုနှစ်က ဖြစ်ပွားခဲ့သော ဖခင်သေဆုံးခဲ့သည့်အမှုဟောင်းအတွက် မူရှာရက်ဖ်အား အမှုဖွင့်ခဲ့ခြင်းပင်ဖြစ်သည်။ အစ္စလမ္မာဘတ် အထက်တန်း တရားရုံးက မူရှာရက်ဖ်အပေါ် တရားစွဲဆိုထားသော ယခင် အကြမ်းဖက်မှုနှင့် ပတ်သက်၍ ပြန်လည်စစ်ဆေးရန် ပြီးခဲ့သည့်လက အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

တရားရုံးမှအမိန့်အရ စုံစမ်းရေးကော်မတီတစ်ရပ်ဖွဲ့စည်းခဲ့ပြီး အောက်တိုဘာ ၁၀ ရက်က မူရှာရက်ဖ်အား နေအိမ်၌ရှိနေစဉ် မေးခွန်းများ မေးမြန်းခဲ့ကြသည်။ မူရှာရက်ဖ်သည် ၂၀၀၇ ခုနှစ်က ယခင်ဝန်ကြီးချုပ်ဟောင်း ဘနာဇာဘူတို လုပ်ကြံသတ်ဖြတ်ခံရမှုနှင့် ပတ်သက်၍လည်း အာမခံနှင့်နေနေရသူဖြစ်သည်။ **(ဆင်ဟွာ)**

ဂျပန်နိုင်ငံဆေးရုံတစ်ရုံ မီးလောင်မှုဖြစ် အနည်းဆုံး ၁၀ ဦးသေဆုံး

ကျိုတို အောက်တိုဘာ ၁၁

ဂျပန်နိုင်ငံတောင်ပိုင်းရှိ ဆေးရုံတစ်ရုံ၌ အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံးလူ ၁၀ ဦး သေဆုံးသွားခဲ့ကြောင်း ရဲတပ်ဖွဲ့ဝင်များက ပြောကြားခဲ့သည်။

အဆိုပါ သေဆုံးခဲ့သူ ၁၀ ဦးအနက် ရှစ်ဦးမှာ ဆေးရုံတက်လူနာများဖြစ်ပြီး အခြားနှစ်ဦးမှာ ဆေးရုံအလုပ်သမားများဖြစ်ကြသည်။ လေးထပ်အဆောက်အအုံရှိ အဆိုပါ မီးလောင်မှုဖြစ်ပွားရာဆေးရုံသည် **(ယာပုံ)** ဂျပန်နိုင်ငံတောင်ပိုင်း ဖူကူကာစီရင်စု၌ တည်ရှိပြီး မြေညီထပ်မှစတင်ကာ ဒေသစံတော်ချိန် နံနက် ၂ နာရီ မိနစ် ၂၀ က လောင်ကျွမ်းခဲ့ကြောင်း သိရသည်။ မီးညွန့်ကျိုးသွားသည့် အချိန်အထိ လောင်ကျွမ်းချိန် နှစ်နာရီမက ကြာခဲ့သည်ဟုသိရသည်။

မီးဟုန်းဟုန်းတောက်လောင်ကျွမ်းနေချိန်တွင် အသက်ကြီးလူနာများအပါအဝင် အနည်းဆုံးလူနာ ၁၇ ဦးခန့် ဆေးရုံ၌ ရောက်ရှိနေသည်ဟုသိရသည်။

မီးလောင်ကျွမ်းမှုအကြောင်းအရင်းကိုမူ စုံစမ်းစစ်ဆေးမှုစတင်နေပြီဟု ဆိုသည်။ မီးလောင်ကျွမ်းမှုကြောင့် အနည်းဆုံး ငါးဦးခန့် ဒဏ်ရာရရှိသွားခဲ့သည်။ **(ဘီဘီစီ)**

ပြည်တွင်းသတင်းနှင့်နိုင်ငံတကာအားကစားသတင်း

✻ ကျောဖုံးမှ

"A Not So Obvious Conversation;Living With Disability and Disasters "ဖြစ်ပါကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် သဘာဝဘေးလျော့ပါးရေးစီမံခန့်ခွဲမှု၊ လူသားချင်းစာနာမှု၊ အကူအညီပေးမှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ရပ်ရွာလူထု၏ လိုအပ်ချက်နှင့်ပူးပေါင်းပါဝင်မှုကို ထည့်သွင်းစဉ်းစားမှု အားနည်းခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ သဘာဝဘေးအန္တရာယ်များမှ ဘေးကင်းလုံခြုံသည့်လူမှုအဖွဲ့အစည်းတစ်ရပ်ဖြစ်ပေါ်စေရေး ဆောင်ရွက်ရာတွင် မသန်စွမ်းသူများ၏ အခန်းကဏ္ဍကို ချန်လှပ်ထားခြင်းမျိုး မဖြစ်ရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် ကုလသမဂ္ဂအဖွဲ့ကြီးက ယခုနှစ်အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့အထိမ်းအမှတ်အခမ်းအနား၏ ဦးတည်အုပ်စုကို ကမ္ဘာ့လူဦးရေ၏ ၂၀ ရာခိုင်နှုန်း၊ တစ်ဘီလီယံခန့်ရှိသည့် ကမ္ဘာ့မသန်စွမ်းသူများကို မီးမောင်းထိုးရွေးချယ်သတ်မှတ်ခဲ့ခြင်းဖြစ်ပါကြောင်း။

ယနေ့ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများ၏ ဆိုးကျိုးသက်ရောက်မှုများကို တွေ့ကြုံခံစားနေရပါကြောင်း၊ ၂၀၁၂ ခုနှစ်အတွင်းက ကမ္ဘာတစ်လွှားဘေးအန္တရာယ်ဖြစ်ပွားမှု အကြိမ်ပေါင်း ၃၁၀ ရှိခဲ့ပြီး လူပေါင်း ၉၃၃၀ အသက်ဆုံးရှုံးခဲ့ရပါကြောင်း၊ ပျက်စီးဆုံးရှုံးမှုမှာ အမေရိကန်ဒေါ်လာ ၁၃၈ ဘီလီယံရှိသည်ဟု ဖော်ပြထားပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ၂၀၁၂-၂၀၁၃ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ် ၄၁၈ ကြိမ်ဖြစ်ပွားခဲ့ပြီး ဘေးသင့်သူဦးရေ ၂၃၄၅၈၄ ဦးရှိခဲ့ပါကြောင်း၊ ပျက်စီးဆုံးရှုံးမှုတန်ဖိုး ကျပ်သန်းပေါင်း ၆၆၄၁ ဒသမ ၉၇ သန်းရှိခဲ့ပါကြောင်း၊ ယင်းကို ကြည့်ခြင်းအားဖြင့်သဘာဝဘေးကြောင့်ပျက်စီးဆုံးရှုံးမှုသည် ဖွံ့ဖြိုးတိုးတက်မှုကို မည်မျှအဟန့်အတားဖြစ်စေသည်ဆိုခြင်းကို ခန့်မှန်း၍ ရနိုင်ပါကြောင်း။

၂၀၁၃ ခုနှစ် ဇူလိုင်လ ၃၁ ရက်တွင် မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းဥပဒေတွင် ဘေးအန္တရာယ်အများဆုံးခံစားရသူများဖြစ်ကြသည့် ကလေးသူငယ်၊ သက်ကြီးရွယ်အို၊ မသန်စွမ်းသူနှင့်အမျိုးသမီးများအား ဦးစားပေးကူညီစောင့်ရှောက်ရမည်ဟု ပါရှိပါကြောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ဖြစ်ပွားချိန်တွင် ဖြစ်ပွားရာဒေသရှိ ဒေသခံပြည်သူနှင့် ဒေသခံအစိုးရတို့သည်သာပထမဦးဆုံး ရင်ဆိုင်ဖြေရှင်းရမည့်သူများဖြစ်ကြပြီး စီမံတုံ့ပြန်ဆောင်ရွက်ရမည်မှာ ဒေသခံအစိုးရများဖြစ်ပါကြောင်း၊ ဘေးဒဏ်ကျရောက်နိုင်သည့်ဒေသရှိ ပြည်သူလူထုနှင့် ဒေသခံအစိုးရတို့၏ ရင်ဆိုင်ဖြေရှင်းနိုင်သည့် စွမ်းရည်တိုးတက်မြင့်မားလာစေရန်အတွက် သဘာဝဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာသင်တန်း၊ ပညာပေးဆွေးနွေးမှုများ၊ ဇာတ်တိုက်လေ့ကျင့်ခြင်းလုပ်ငန်းများကို ကုလသမဂ္ဂအဖွဲ့၊ ပြည်တွင်း ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထိုဘာသာရပ်ကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိလုပ်ဆောင်နိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်းကို ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် တည်ထောင်ဖွင့်လှစ်နိုင်ရေးကိုလည်း စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့ကမ္ဘာတွင် ကြုံတွေ့နေကြရသည့် သဘာဝဘေးအန္တရာယ်များ၏ ဖြစ်ပွားမှု၊ အကြိမ်အရေအတွက်များလာမှုနှင့် ပိုမိုပြင်းထန်လာမှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် နိုင်ငံတစ်နိုင်ငံတည်း၊ ဒေသတစ်ခုတည်းဖြင့်ဆောင်ရွက်၍ မရတော့သည်ကို တွေ့ရပါကြောင်း၊ ထို့အတွက် အတွေ့အကြုံဖလှယ်ခြင်း၊ လျော့ပါးရေးစီမံချက်ရေးဆွဲခြင်းများကို နိုင်ငံတကာနည်းတူ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ အာဆီယံနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် နိုင်ငံတကာစံနှုန်းများနှင့်အညီ ယိုဂိုမူဘောင်လုပ်ငန်းစဉ်များနှင့် သဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ အာဆီယံသဘောတူညီချက်လုပ်ငန်းစဉ်များအတိုင်း အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် တည်ထောင်ထားသည့် အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ၊ လူသားချင်းစာနာမှုအကူအညီပေးရေးညှိနှိုင်းမှုဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယခုနှစ်ဆောင်ပုဒ်ပါအတိုင်းမသန်စွမ်းသူများကို ချန်လှပ်မထားဘဲ ပူးပေါင်းပါဝင်ဆွေးနွေးစေခြင်း၊ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးခြင်းအားဖြင့် မြန်မာနိုင်ငံအား သဘာဝဘေးဒဏ်များမှ ကြံ့ကြံ့ခံရင်ဆိုင်ဖြေရှင်းပေးနိုင်သည့် နိုင်ငံဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထို့အတွက် ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းများ ဆောင်ရွက်ရာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးစီမံချက်များ ထည့်သွင်းဆောင်ရွက်ကြရေးကို သက်ဆိုင်ရာအစိုးရဌာနအသီးသီးနှင့် လူမှုရေးအသင်းအဖွဲ့များက လုပ်ငန်းစဉ်တစ်ရပ်အဖြစ် မှတ်ယူဆောင်ရွက်သွားကြစေရန် ပြည်သူလူထုတစ်ရပ်လုံးကပါ တက်ကြွစွာ ပါဝင်လာစေရေးအတွက် ပညာပေးစည်းရုံးသွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ခေတ္တဌာနေကိုယ်စားလှယ်က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကိုဖတ်ကြားသည်။

ယင်းနောက် မသန်စွမ်းအနုပညာရှင်များက တွဲလက်အမည်ရှိ ဆောင်ပုဒ်သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်ကုလသမဂ္ဂမှ ခေတ္တဌာနေကိုယ်စားလှယ်တို့က အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့အထိမ်းအမှတ် ပန်းချီ၊ စာစီစာကုံး၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များသည် အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့အထိမ်းအမှတ် ဗီဒီယိုမှတ်တမ်းအား ကြည့်ရှုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြပြီး အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံပြခန်းအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

ကွင်းလယ်မကစားနိုင်၍ အသင်းမှထွက်ရန် စဉ်းစားခဲ့ရကြောင်း ရွှန်းနေထုတ်ဖော်ပြောကြား

ပြီးခဲ့သော နွေရာသီတွင် နည်းပြဖာဂူဆန်က ရွှန်းနေအား ကွင်းလယ် နေရာကစားရမည်ဆိုခြင်းကြောင့် အသင်းမှထွက်ခွာရန် စဉ်းစားခဲ့ရကြောင်း ရွှန်းနေကပြောကြားသည်။ နည်းပြမိုယက်စ် လက်ထက်တွင် မန်ယူအတွက် ငါးဂိုးသွင်းယူပေးခဲ့သည်။ မိမိအားနည်းပြဖာဂူဆန်က ကွင်းလယ် တာဝန်ကစားပေးရန်ပြောကြားခဲ့ကြောင်း၊ မိမိအနေဖြင့် ဆန္ဒမရှိခဲ့ကြောင်း ရွှန်းနေကပြောသည်။ ၄င်းက အသင်းမှထွက်ခွာရန် အကြောင်းနှင့်ပတ်သက်ပြီး ပထဆုံးအကြိမ် ထုတ်ဖော်ပြောဆိုလိုက်ခြင်းဖြစ်သည်။ မည်သည့်ကစားသမားမဆို မိမိကစားနေသည့် အသင်းအတွက်ကစားပေးချင်ကြကြောင်း၊ သို့သော်နည်းပြ ဖာဂူဆန်တိုက်တွန်းချက်ကြောင့် စိတ်ပျက်ခဲ့ရကြောင်း ရွှန်းနေက ပြောသည်။ **ကောင်းမြတ်သူ-ရေးသည်**

မန်ယူတိုက်စစ်မှူး ရွှန်းနေ

ကမ္ဘာ့ဖလားခြေစစ်ပွဲနှင့် လိဂ်ရုပ်တည်မှု

သီဟ

ကမ္ဘာ့ဖလားခြေစစ်ပွဲ အာဖရိကဇုန်

အောက်တိုဘာ ၁၂ရက်

ဘာကီနာဖာဆို	-	အယ်လ်ဂျီးရီးယား	ည ၁၀း၃၀
အိုင်ဗရီကို့စ်	-	ဆီနီဂေါ	ည ၁၁း၃၀

အိုင်ဗရီကို့စ် Vs ဆီနီဂေါ

Play-Off ပထမအကျော့မှာ ရလဒ်ကောင်းကို ဘယ်သူရမလဲလို့ သုံးသပ်ကြည့်ရင် ဆီနီဂေါ အဝေးကွင်းမှာ အိုင်ဗရီကို့စ်ကို နောက်ဆုံးတွေ့ဆုံပွဲမှာ နှစ်ပွဲရှုံး၊ တစ်ပွဲသရေနဲ့ပါ။ ဆီနီဂေါ အသင်းဟာ အာဖရိကဇုန်မှာ မာကျောမှုရှိတဲ့ အသင်းစာရင်းဝင်ပေမယ့် ကာလူး၊ ဂါဗင်ညို၊ ဘိုနီ၊ ဒရော့ဘာတို့လို တိုက်စစ်မှူးတွေရှိတဲ့ အိုင်ဗရီကို့စ်အသင်းကို ဧည့်သည်အနေနဲ့ အနိုင်ယူဖို့ဆိုတာ မမျှော်လင့်နိုင်ပါဘူး။ အိမ်ရှင်အနေနဲ့ ဒီပွဲမှာ ရလဒ်ကောင်းကို အပြည့်ယူပြီး တိုက်စစ်မှူးတွေ ဂိုးပြတ်အောင် ဖန်တီးနိုင်မလားဆိုတာကတော့ စောင့်ကြည့်ရမှာပဲ။

ဘာကီနာဖာဆို Vs အယ်လ်ဂျီးရီးယား

ဘာကီနာဖာဆိုအနေနဲ့ အိမ်ကွင်း နောက်ဆုံးနှစ်ကြိမ် တွေ့ဆုံမှုမှာ နှစ်ပွဲလုံး နိုင်ထားပါတယ်။ လက်ရှိ အသင်းရဲ့တောင့်တင်းမှုကတော့ အယ်လ်ဂျီးရီးယားအသင်းမှာ ဥရောပ နိုင်ငံတကာလိဂ်မှာ ကစားနေတဲ့ အတွေ့အကြုံရင့် ကစားသမား အများအပြားရှိပါတယ်။ ခြေစွမ်းကလည်း ဘာကီနာဖာဆိုထက် သာလွန်ပါတယ်။ အဝေးကွင်းညံ့တဲ့ အယ်လ်ဂျီးရီးယားဟာ ဒီပွဲမှာတော့ သရေလောက်တော့ ကစားမှာပါ။

ပြင်သစ်လိဂ်ပွဲစဉ်-၉ အပြီး ရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
၁	မိုနာကို	၉	၆	၃	၀	၁၆	၅	၂၁
၂	ပီအက်စ်ဂျီ	၉	၆	၃	၀	၁၄	၅	၂၁
၃	လိုင်လီ	၉	၅	၂	၂	၁၁	၄	၁၇
၄	မာဆေး	၉	၅	၂	၂	၁၃	၇	၁၇
၅	နန့်တက်စ်	၉	၅	၁	၃	၁၄	၈	၁၆
၆	နိုက်	၉	၄	၂	၃	၁၁	၁၀	၁၄
၇	စိန့်အက်တီယန်	၉	၄	၁	၄	၁၂	၁၁	၁၃
၈	မောင့်ပယ်လီယာ	၉	၂	၆	၁	၁၄	၁၂	၁၂
၉	ရိမ်း	၉	၂	၆	၁	၇	၆	၁၂
၁၀	ဘက်စတီယာ	၉	၃	၃	၃	၁၁	၁၁	၁၂
၁၁	ရန်းနက်စ်	၉	၃	၃	၃	၈	၉	၁၂
၁၂	တူးလော့	၉	၃	၃	၃	၇	၁၀	၁၂
၁၃	ဂူအင်ဂမ့်	၉	၃	၂	၄	၁၂	၁၀	၁၁
၁၄	လိုင်ယွန်	၉	၃	၂	၄	၁၃	၁၂	၁၁
၁၅	ဘော်ဒိုး	၉	၂	၄	၃	၁၁	၁၂	၁၀
၁၆	အီဗီယန်	၉	၂	၃	၄	၁၀	၁၇	၉
၁၇	အဂျာစီယို	၉	၁	၄	၄	၆	၁၂	၇
၁၈	လော်ရီရန့်	၉	၂	၁	၆	၇	၁၅	၇
၁၉	ဆိုးချော့	၉	၁	၂	၆	၇	၁၈	၅
၂၀	ဗလင်စီနက်	၉	၁	၁	၇	၅	၁၅	၄

ဖယ်လ်ကာအို	(မိုနာကို)	၇ဂိုး
ဒီဂျော့ဂျေအီဗစ်	(နန့်တက်စ်)	၆ဂိုး
အမ်မန်နူအယ်ရီဗီယာ	(မိုနာကို)	၆ဂိုး

ဆောင်းပါး

မြေးများနှင့်အဘိုး စကားဝိုင်း(၄)

လှိုင်သင်း

ညစာစားပြီးချိန်တွင် ခြေခင်းလက်ခင်းသာသဖြင့် မြေးအဘိုးတစ်စု 'dream chair' ကိုယ်စီနှင့် ခြံထဲက မြက်ခင်းတွင်ထွက်ထိုင်ကြသည်။ အဘွားဖြစ်သူက လက်ဖက်သုပ်နှင့်ရေနွေးကြမ်းလာချပေးသည်။ အစားအသောက် အင်မတန်ကြေးထူသူ ထိပ်တင်လတ်က လက်ဖက်သုပ်ကို အားပါးတရစားရင်း "ဘွားဘွားသုပ်တဲ့ လက်ဖက်သုပ်က မေမေသုပ်တဲ့ လက်ဖက်သုပ်ထက် ပိုပြီးစားကောင်းတယ်။ ဘွားဘွားက ဟင်းချက်တင်ကောင်းတာမဟုတ်ဘူး။ လက်ဖက်သုပ်တဲ့နေရာမှာလည်း ရှယ်ပဲ"ဟု ချီးမွမ်းသည်။ အဘွားလုပ်သူက 'အေးပါတော်. . . တော်တို့တစ်တွေ ဒီလိုပဲ ကျပ်ကိုညာပြီးခိုင်းစားနေကြတာမဟုတ်လား"ဟု မကျေနပ်သလိုလိုနဲ့ အင်မတန်ကျေနပ်နေသည့် အသံဖြင့် ပြောရင်းထွက်သွားသည်။ သူတို့ အဖေအမေက တပ်တာဝန်နှင့်နယ်စွန်နယ်ဖျားရောက်နေ၍ သူတို့တစ်တွေကို အဘိုးအဘွားနှင့်ထားခဲ့ခြင်းဖြစ်သည်။ သူတို့အဖေအမေတွေ ငယ်စဉ်ကလည်း အဘိုးဖြစ်သူသည် ဒီလိုပဲ နယ်စွန်နယ်ဖျားမှာပဲ အချိန်ကုန်ခဲ့ရာ သားသမီးများနှင့် သိုက်သိုက်ဝန်းဝန်းမနေခဲ့ရပေ။ တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် ၃၅ နှစ်တာကာလအတွင်း မြေပြန့်ဒေသတွင် ခြောက်နှစ်သာ တာဝန်ထမ်းဆောင်ရပြီး ကျန်သည့် ၂၉ နှစ်သည် တောင်ပေါ်ဒေသများမှာ ကုန်လွန်ခဲ့ခြင်းဖြစ်သည်။ ဘာပဲပြောပြော၊ မြေးများနှင့် ယခုလို နေရသည့်အတွက် မိမိကံ၏အကျိုးပေးသည် ထင်သလောက်မဆိုးသေးဟု အောက်မေ့ရသည်။

အဘိုး။ "ဟိုမှာတွေ့လား။ အဲဒါခုနစ်စဉ်ကြယ်ပဲ။ အင်္ဂလိပ်လို အာဆာမေးဂျာ 'Ursa Major'လို့ ခေါ်တယ်။ ခေါင်က ကြယ်နှစ်လုံးကို ဆက်ဆွဲကြည့်။ ဟော. . . တွေ့လား။ အဲဒါ ဓူဝံကြယ်ပဲ။ ဓူဝံကြယ်ရဲ့အမြင့်ကို စိတ်မှန်းနဲ့မှန်းကြည့်ရင် ရေပြင်ညီကနေ ၂၀ ဒီဂရီလောက်ဆိုတော့ တို့နေရာရဲ့ လတ္တီကျူဟာ ၂၀ ဒီဂရီပဲပေါ့"

ထိပ်တင်ကြီး။ "ဘိုးဘိုး ရှင်းပြလို့ တောထဲသွားရင်း မျက်စိလည်ရင်တောင် လမ်းဘယ်လိုပြန်ရှာရမလဲ သဘောပေါက်လာပြီ"

အဘိုး။ "အမှန်တော့ ဒီနက္ခတ္တဗေဒပညာဟာ သမိုင်းဦးက ရှေးခေတ်သင်္ဘောသားတွေ ပင်လယ်ပြင်ထဲ ရေကြောင်းခရီးသွားလာတဲ့နေရာမှာ အသုံးချရင်း စတင်ထွန်းကားလာတဲ့ပညာပဲ။ နောက်ပိုင်းကျ ပြက္ခဒိန်တွေ ထွင်လာနိုင်တယ်။ စိုက်ပျိုးရမယ့် အချိန်တွေ၊ ရိတ်သိမ်းရမယ့်အချိန်တွေ အတိအကျသိလာတယ်။ ရာသီဥတုတွေ ခန့်မှန်းတတ်လာတယ်။ နောက်ဆုံး ဗေဒင်ပညာပါ ထွန်းကားလာတာပဲ။ အခုတော့ နက္ခတ္တဗေဒကနေ ရရှိနေတဲ့ အကျိုးကျေးဇူးတွေများလွန်းလို့ ဖော်ပြဖို့တောင် ခပ်ခက်ခက်ဖြစ်လာတယ်။ ဥပမာပေးရရင် အကြောင်းအမျိုးမျိုးကြောင့် တို့ရဲ့မြေကမ္ဘာဟာ လူသားတွေ ဆက်နေထိုင်ဖို့ မဖြစ်လောက်အောင် ပတ်ဝန်းကျင်အခြေအနေ ပျက်စီးယိုယွင်းသွားရင် အင်္ဂါဂြိုဟ်မှာသွားပြီးအခြေချနေထိုင်ဖို့အထိတောင် စဉ်းစားလာတဲ့အဆင့်ရောက်နေပြီ"

ထိပ်တင်ဦး။ "ဘိုးဘိုး တစ်နေ့ကပြောတဲ့ 'Milky Way'ဆိုတာကြီး သားတို့ကိုပြပါဦး. . . ဘိုးဘိုး"

အဘိုး။ "အခုကောင်းကင်ပြင်မှာ ကန့်လန့်ကြီးပေါ်နေတဲ့ မှုန်ပျပျ အလင်းတန်းကြီးကို တွေ့တယ်မဟုတ်လား။ အဲ့ဒီမှုန်ပျပျအလင်းတန်းကြီးဟာ ကြယ်တွေစုပြီး ပွတ်သိပ်နေလို့ တစ်လုံးချင်းမတွေ့ရတော့ဘဲ အလင်းရောင်တန်းကြီးအဖြစ် မြင်နေရတာ။ အဲဒါတို့ရဲ့မိခင် ဂဲလက်ဆီ 'Milky Way' ပဲ"

ထိပ်တင်ဦး။ "မိုးကုပ်စက်ဝိုင်း ဟိုဘက်ထိပ် ဒီဘက်ထိပ် ပြည့်နေတာနော်. . ဘိုးဘိုး။ ဘယ်လောက်တောင်ကြီးသလဲ မသိဘူး"

အဘိုး။ "ဘိုးဘိုးတို့ နေအဖွဲ့အစည်းလေးကိုယ်တိုင်က သူ့အထဲကဆိုတော့ သူ့ကို အနီးကပ်ဆုံး၊ အကျယ်ပြန့်ဆုံး တွေ့နေရတာ။ သူ့အပြင်ဘက်မှာ ကျန်တဲ့ ဂဲလက်ဆီတွေက ဘိုးဘိုးပြောခဲ့သလို သန်းပေါင်းနှစ်သိန်းရှိသေးတယ်။ 'Milky Way' ဂဲလက်ဆီကြီးဟာ ဟိုဘက်ထိပ်ဒီဘက်ထိပ် အကွာအဝေးက အလင်းနှစ် ၁၂၀၀၀၀ဖြစ်ပြီး ပျမ်းမျှထုအထူက အလင်းနှစ် ၁၀၀၀ ရှိတယ်။ ဘိုးဘိုးတို့ရဲ့နေက ဒီဂဲလက်ဆီကြီးရဲ့ ဗဟိုကနေ အလင်းနှစ် ၂၇၀၀၀ အကွာမှာရှိတယ်။ တို့ရဲ့နေဟာ ဂဲလက်ဆီကြီးရဲ့ ဗဟိုချက်မကို တစ်စက္ကန့်မှာ (၂၂၀km)အမြန်နှုန်းနဲ့ ပတ်နေတယ်။ တစ်ပတ်အပြည့် ပတ်မိဖို့ နှစ်ပေါင်း ၂၄၀ သန်းကြာတယ်။ ဒီဂဲလက်ဆီကြီး ကိုယ်တိုင်ကလည်း ရပ်နေတာမဟုတ်ဘူး။ သူကိုယ်တိုင်ကလည်း တစ်စက္ကန့်ကို (၆၀၀km) အမြန်နှုန်းနဲ့ ရွေ့လျားနေတာဖြစ်တယ်။ ဂဲလက်ဆီကြီးကိုယ်တိုင်က ရွေ့လျားနေတော့ သူ့ကိုလှည့်ပတ်နေတဲ့ တို့ရဲ့နေကလည်း သူ့ကိုလှည့်ပတ်ရင်း သူ့ရွေ့တဲ့နောက် ပါနေတာပေါ့။ ဘိုးဘိုးတို့မြေကမ္ဘာကလည်း နေကို လှည့်ပတ်နေတာဆိုတော့ နေကဂဲလက်ဆီရဲ့ဗဟိုကို လှည့်ပတ်နေတာမှာရော၊ ဂဲလက်ဆီကြီးရွေ့သလို လိုက်ရွေ့နေတဲ့ နောက်ကိုပါ လိုက်ပါနေတယ်။ အမှန်တော့ ဘိုးဘိုးတို့ဟာ အင်မတန်အပြောကျယ်တဲ့ အာကာသကြီးထဲကို တို့ရဲ့မြေကမ္ဘာဆိုတဲ့ အာကာသယာဉ်ကြီးစီးပြီး မရပ်မနား တစ်သွားတည်းသွားနေကြတဲ့ သံသရာခရီးသည်တွေပဲ"

ထိပ်တင်လတ်။ "ဘိုးဘိုး. . . ဒါဆို အဲဒီလို သွားနေမှန်း သားတို့က ဘာလို့မသိတာလဲ"

အဘိုး။ "ငါ့မြေးတွေ ရထားနဲ့ ခရီးသွားတဲ့အခါ လေးယောက်အိပ်ခန်းမှာ တံခါးတွေ၊ ပြတင်းတွေ အားလုံးပိတ်ပြီးသွားမယ်။ ရထားကလည်း မခုန်ဘူး၊ မလှုပ်ဘူး၊ အရှိန်မတိုးဘူး၊ မလျှော့ဘူး၊ အမြန်နှုန်း တစ်သမတ်တည်းဆိုရင် ရထားသွားနေတာ သိပ့်မလား။ ဘိုးဘိုးတို့ မြေကမ္ဘာပေါ်မှာ(၁၀၀km) ထုထူတဲ့ လေထုကြီးရှိတယ်။ အဲ့ဒီလေထုကြီးဟာ ကမ္ဘာကြီးက သူ့ဝင်ရိုးပေါ်မှာ သူလည်နေတော့လည်း လိုက်လည်တယ်။ ကမ္ဘာက နေကိုနေပတ်လမ်းအတိုင်း ပတ်နေတော့လည်း အတူလိုက်ပါနေတယ်။ နောက်ပြီး ကမ္ဘာလည်တဲ့နှုန်းရော၊ နေကိုပတ်တဲ့နှုန်းရောကလည်း အတိုးအလျှော့မရှိဘဲ တစ်သမတ်တည်းပဲရှိနေတယ်။ ဒီတော့ ဘိုးဘိုးတို့ လူသားတွေက မီးရထားအိပ်ခန်းထဲက ခရီးသည်လိုပဲ သွားနေပါလားဆိုတဲ့ ခံစားချက်မျိုးမခံစားရတော့ဘူး။ ကဲ. . ဒီမှာကြည့် (W)ပုံစံလေးတွေ့ရတယ်မဟုတ်လား။ အဲဒါ 'ကယ်ဆီအာပီးအာ' (Cassiopeia)ပဲ။ မြန်မာလို ဖျိုင်းတာရာလို့ ခေါ်တယ်။ ဘေးမှာတွေ့နေရတာက 'အဲန်ဒရော်န်းမီဒါ' (Andromeda)၊ 'ဆီးဖျူ့စ်' (Cepheus) နဲ့ 'ပါးဆီအက်စ်' (Perseus)(ကျီးတာရာ)ဆိုတဲ့ ကြယ်တာရာအစုအဝေး (Constellation)တွေဖြစ်တယ်။ တကယ်တော့ သူတို့ဟာလည်း ဂဲလက်ဆီတွေပဲ။ တို့လူသားတွေက တို့မြင်တဲ့အမြင်နဲ့ ရုပ်ပုံတွေဖော်ကြည့်ပြီး နာမည်တွေ ပေးထားတာဖြစ်တယ်။ နာမည်အများစုကတော့ ဂရိဒဏ္ဍာရီမှာပါတဲ့ ဇာတ်ကောင်တွေရဲ့ နာမည်တွေဖြစ်တယ်"

ထိပ်တင်မလေး။ "ဘိုးဘိုး၊ သမီးက တခြားဟာတွေတော့ သိပ်နားမလည်ဘူး။ ဒါပေမယ့် အဲဒီဒဏ္ဍာရီတွေသမီးကိုပြောပြပါလား"

အဘိုး။ "ဒဏ္ဍာရီဆိုတာ စိတ်ကူးယဉ်ပုံပြင်ပဲ။ ဒါပေမယ့် ကမ္ဘာပေါ်မှာရှိတဲ့ လူမျိုးတိုင်း ဒဏ္ဍာရီနဲ့ကင်းတဲ့လူမျိုးတစ်မျိုးမှ မရှိဘူး။ လူ့ဘဝဆိုတာလည်း ဒဏ္ဍာရီမရှိရင် ခြောက်သွေ့သွေ့ကြီးနေမှာ။ တခြားမကြည့်နဲ့။ ဒီလမင်းကြီးကိုကြည့်။ ဒီလမင်းကြီးသာနေတာ ဘယ်လောက်ကြည်နူးစရာကောင်းသလဲ။ ဘယ်လောက်စိတ်ကူးယဉ်ချင်စရာ ကောင်းသလဲ။ တကယ့်လက်တွေ့လောကမှာတော့ လဆိုတာလေထုမရှိလို့ ဥက္ကာခဲတွေ မကြာခဏ ဝင်ဆောင့်တာခံရပြီး ကျောက်ပေါက်မာလို ချိုင့်တွေ၊ ခွက်တွေ၊ ကျင်းတွေနဲ့ အင်မတန်အရုပ်ဆိုးအကျည်းတန်တဲ့ အရံဂြိုဟ်လေးတစ်လုံးပဲ။ ဒီလပေါ်မှာ ယုန်လည်း မဝပ်ဘူး။ ဆန်ဖွပ်တဲ့ အဘိုးအိုလည်းမရှိဘူး၊ ဒါပေမယ့် ဒဏ္ဍာရီက သဘာဝတရားကြီးရဲ့ မျက်နှာမလိုက်တဲ့၊ ရက်စက်ပြင်းထန်တဲ့ တကယ့်အရှိတရားကို လူသားတွေရဲ့ စိတ်နှလုံးကို ညှို့ယူဖမ်းစားနိုင်တဲ့ စိတ်ကူးယဉ်ဇာတ်လမ်းလေးတွေအဖြစ် ဖန်တီးပေးတယ်။ တို့ရဲ့ ကနေ့ခေတ်မီ နက္ခတ္တဗေဒရဲ့ ရှေးဦးတီထွင်သူတွေဟာ ဂရိလူမျိုးတွေဖြစ်တော့ ကောင်းကင်တစ်ခွင်တစ်ပြင်လုံးမှာရှိတဲ့ ကြယ်တာရာနက္ခတ်တွေက ဂရိဒဏ္ဍာရီမှာပါတဲ့ နတ်ဘုရားတွေ၊ နတ်တစ်ပိုင်းလူတစ်ပိုင်းတွေ၊ လူသားတွေရဲ့ နာမည်တွေ ဖြစ်ကုန်တယ်။ 'အဲန်ဒရော်န်းမီဒါ' ဆိုတာ အီသီယိုးပီးယားဘုရင် 'ဆီးဖျူ့စ်'နဲ့ ကြင်ရာတော် 'ကက်ဆီအာပီးအာ' ရဲ့ သမီးတော်ဖြစ်ပြီး 'ပါးဆီအက်စ်'ရဲ့ ကြင်ရာတော်ဖြစ်တယ်။ 'ပါးဆီအက်စ်' က နတ်မင်းကြီး'ဇူစ်' (Zeus)နဲ့ ဒိန်းနအီ (Danae)ကနေ မွေးတဲ့ သားတော်ဖြစ်ပြီး 'အဲန်ဒရော်န်းမီဒါ'ကို ကြောက်မက်ဖွယ်ရေနဂါးကြီးလက်ကနေ ကယ်တင်ပေးခဲ့သူဖြစ်တယ်။ ဂရိဒဏ္ဍာရီမှာ စိတ်နှလုံးကြည်နူးနှစ်သက်ဖွယ်ရာ ဇာတ်လမ်းလေးတွေ အများကြီးရှိတယ်။ နောက် ဘိုးဘိုးဖြည်းဖြည်းချင်း ပြောပြမယ်"

ထိပ်တင်ကြီး။ "ဘိုးဘိုး ခုနက လမှာ လေထုမရှိလို့ ဥက္ကာခဲတွေ ခဏခဏဝင်ဆောင့်လို့ ချိုင့်တွေ၊ ခွက်တွေဖြစ်နေတာလို့ ပြောသွားတယ်။ သားတို့ ကမ္ဘာကြီးမှာ လေထုရှိပြီး လမှာကျ ဘာလို့လေထုမရှိတာလဲ ဘိုးဘိုး"

ဘိုးဘိုး။ "ဟုတ်တယ်။ လမှာလေထုရှိရင် အာကာသထဲက ဥက္ကာခဲတွေ ကျလာတဲ့အခါ လေထုနဲ့ ပွတ်တိုက်ပြီး မီးလောင်ပျက်စီးသွားမှာဖြစ်တယ်။ အခုတော့ လေထုမရှိတော့ လမျက်နှာပြင်တစ်ခုလုံးဟာ ကျောက်ပေါက်မာအပြည့်နဲ့ ဖြစ်နေတာပဲ။ အမှန်တော့ လဖြစ်တည်စက လမှာ လေထုရှိခဲ့တယ်။ ဒါပေမယ့် လဟာဒြပ်ထုအရွယ်အစားသေးငယ်တော့ လေထုမှာပါဝင်တဲ့ ဓာတ်ငွေ့တွေကို ဆွဲယူထားနိုင်လောက်အောင် သူ့မှာဒြပ်ဆွဲအား အလုံအလောက်မရှိဘူး။ ဒါနဲ့ သူ့လေထုထဲက အောက်ဆီဂျင်တို့၊ ဟိုက်ဒရိုဂျင်တို့၊ နိုက်ထရိုဂျင်တို့ဆိုတဲ့ ဓာတ်ငွေ့တွေဟာ သူ့ဆွဲငင်အားကနေ ရုန်းပြီး အာကာသထဲလွင့်ထွက်ကုန်ကြတော့ လေထုပျောက်ကွယ်သွားတာပဲ ဖြစ်တယ်"

ထိပ်တင်ဦး။ "လရဲ့ မြေဆွဲအားဟာ ကမ္ဘာ့မြေဆွဲအားထက် ခြောက်ဆ ငယ်တယ်။ ဒါကြောင့် ဒီကမ္ဘာပေါ်မှာ ငါးပေခုန်နိုင်တဲ့သူဟာ လပေါ်မှာ ပေ ၃၀ ခုန်နိုင်တယ်လို့ ဖတ်ဖူးတယ်။ အဲဒါဟုတ်သလား ဘိုးဘိုး"

ဘိုးဘိုး။ "ဟုတ်တယ်။ မြေဆွဲအားခေါ်ခေါ် ဒြပ်ဆွဲအားခေါ်ခေါ် ဒီဆွဲအား (gravitation)ဆိုတာ ဒြပ်ထုနဲ့ဆိုင်တယ်။ အရာဝတ္ထုနှစ်ခုရှိရင် တစ်ခုကတစ်ခုကို ဆွဲနေတာပဲ။ အခု ဘိုးဘိုးတို့ကို ကမ္ဘာကြီးကဆွဲနေသလို ဘိုးဘိုးတို့ကလည်း ကမ္ဘာကြီးကို ပြန်ဆွဲနေတယ်။ ဒါပေမယ့် ဘိုးဘိုးတို့ရဲ့ ဆွဲအားက ဘာမှမပြောပလောက်ဘူး။ လကိုယ်တိုင်က ကမ္ဘာရဲ့ ဆွဲငင်အားကြောင့် ကမ္ဘာကိုပတ်နေရတယ်။ တို့ကမ္ဘာကလည်း နေရဲ့ဆွဲငင်အားကြောင့် နေကိုပတ်နေရတယ်။ တို့ရဲ့ နေမင်းကြီးကလည်း'Milky Way' ဂဲလက်ဆီကြီးရဲ့ ဗဟိုမှာရှိလိမ့်မယ်လို့ ယူဆရတဲ့ ဧရာမတွင်းနက် (Black Hole)ကြီးရဲ့ ဆွဲငင်အားကြောင့် အဲ့ဒီဗဟိုချက်မကို ပတ်နေရတယ်။ တစ်ခါတို့ရဲ့မိခင် ဂဲလက်ဆီကြီး ကိုယ်တိုင်ကလည်း အခုထိတော့ ဘယ်မှာမှန်းရေရေရာရာ မပြောနိုင်သေးတဲ့ ဗဟိုချက်မတစ်ခုခုဆီကဆွဲနေလို့ သွားနေရတဲ့ပုံပဲ"

ထိပ်တင်ကြီး။ "တွင်းနက်ကြီးဆိုတာ ဘာလဲ ဘိုးဘိုး"

အဘိုး။ "တွင်းနက်ဆိုတာ သိပ္ပံလောကမှာတောင်သိတာ ဘာမှ မကြာသေးတဲ့ နောက်ဆုံးပေါ်တွေ့ရှိချက်လို့ ပြောရမှာပဲ။ ကမ္ဘာ့ဆွဲငင်အားကို ဖော်ထုတ်သွားတဲ့ ဆာအိုက်ဇက်နျူ့တင်ကိုယ်တိုင်တောင် ကြားဖူးမသွားတဲ့ သိပ္ပံဝေါဟာရပဲ။ ဘိုးဘိုးဖြည်းဖြည်းတော့ရှင်းပြသွားမယ်။ တွင်းနက်ကို နားလည်ဖို့ နျူ့တင်ဖော်ထုတ်သွားတဲ့ ဒြပ်ဆွဲအားအကြောင်း အရင်သိဖို့လိုတယ်။ နျူ့တင်ဟာ တက္ကသိုလ်ကနေ ကျောင်းပိတ်လို့အိမ်အပြန်မှာ သူ့ခြံထဲက ပန်းသီးပင်အောက်မှာ ထိုင်နေရင်း ပန်းသီးကြွေကျတာကိုမြင်ပြီး ဒြပ်ဆွဲအားအကြောင်း စဉ်းစားမိသွားတာဖြစ်တယ်ဆိုတဲ့ အစဉ်အလာဆိုရိုးစကားရှိတယ်။ မှန်မမှန်တော့ ဘိုးဘိုးလည်း မပြောတတ်ဘူး။ ဘိုးဘိုးတို့ လူသားတွေ သစ်သီးတွေကြွေကျနေတာကို တွေ့မြင်နေရတာ နှစ်ပေါင်းရာထောင် ကြာခဲ့ရောပေါ့။ ဘယ်သူမှ နျူ့တင်လို အတွေးမပေါက်ခဲ့ကြဘူး။ သစ်သီးကြွေကျတာပဲ ဖြစ်ရိုးဖြစ်စဉ်ပဲ။ ဒါသဘာဝပဲနဲ့ ပြီးသွားခဲ့တာပဲ။ နျူ့တင်လိုဉာဏ်ကြီးရှင်နဲ့တွေ့တော့မှ စကြဝဠာရဲ့ တကယ့်အရေးအပါဆုံး 'အား'ကြီးဖြစ်တဲ့ ဒြပ်ဆွဲအားဆိုတာကို လူသားတွေ ကြားဖူးကြရတယ်"

ထိပ်တင်ဦး။ "ဘိုးဘိုးပြောတာ ကမ္ဘာပေါ်မှာ သင်္ချာအတော်ဆုံးဆိုတာ သူလား ဘိုးဘိုး"

အဘိုး။ "ဟုတ်တယ်. . . ငါ့မြေး။ သူ သင်္ချာဘယ်လောက်တော်သလဲဆိုတော့ သူကျောင်းတက်ခဲ့တဲ့ ကိန်းဗရစ်ချ်တက္ကသိုလ်က သင်္ချာပါမောက္ခ အိုက်ဇက်ဘဲရိုး(Isaac Barrow)က သူ့တပည့်ဟာ သူ့ထက်တော်ပါပေတယ်ဆိုပြီး ရာထူးကနေ ဖယ်ပေးလို့ နျူ့တင်ဟာ လူကေးရှန် (Lucasian)သင်္ချာပါမောက္ခရာထူးရသွားတဲ့အထိပဲ။ ၁၆၈၇ ခုနှစ်မှာ 'Principia Mathematica' ဆိုတဲ့ ကျမ်းကြီးကို ပြုလိုက်တာမှာ ကမ္ဘာကြီးဟာ အဲ့ဒီကျမ်းကြောင့် ပြောင်းလဲသွားတယ်လို့ပြောရင် မလွန်ဘူး။ ဘာလို့လဲဆိုတော့ 'ဒြပ်ဆွဲအား' အကြောင်း ပထမဆုံး ဖော်ထုတ်ပြသခဲ့လို့ပဲ။ ဒီနေရာမှာ တစ်နေ့က ပြောခဲ့တဲ့ 'အာရုံစူးစိုက်မှု'နဲ့ပတ်သက်တဲ့ နျူ့တင်ရဲ့ တကယ့်ဖြစ်ရပ်မှန်တစ်ခု ဘိုးဘိုးပြောပြမယ်။ နျူ့တင်ဟာ အိမ်ထောင်မရှိတဲ့ လူပျိုကြီးဖြစ်တယ်။ တစ်ရက်ကျတော့ ထမင်းမစား၊ ဟင်းမစားနဲ့ သူ့အလုပ်မှာပဲသူတအားအာရုံစိုက်နေတော့ သူငှားနေတဲ့အိမ်ရဲ့ အိမ်ရှင်မိန်းမကြီး(Landlady)က သူ့ဆီ ရေနွေးဇလုံတစ်ခု၊ ကြက်ဥတစ်လုံးနဲ့ အိတ်ဆောင်နာရီတစ်လုံးယူလာပြီး 'ဒီကြက်ဥကို ဒီရေနွေးထဲမှာစိမ်၊ ၁၀ မိနစ်ပြည့်ရင် ဆယ်ပြီးစား'ဆိုပြီး လာပေးသွားတယ်။ နောက်အချိန်စေ့တဲ့အခါ သိမ်းဖို့ဆည်းဖို့ အဲ့ဒီအိမ်ရှင်မိန်းမကြီး တစ်ခေါက်ပြန်ရောက်လာတော့ နျူ့တင်က ဇလုံထဲမှာအိတ်ဆောင်နာရီထည့်ပြီး သူ့လက်ထဲက ကြက်ဥကို စိုက်ကြည့်နေတာတွေ့ရတယ်။ ဆိုလိုတာက သူ့ကို စားစေချင်တဲ့ စေတနာနဲ့လာပေးလို့သာ သူလက်ခံထားတာ။ သူ့မှာ ဒီကြက်ဥကိုပြုတ်ပြီးစားဖို့ စိတ်ကူးမရှိဘူး။ သူအာရုံစူးစိုက်ချင်နေတာက တခြားကိစ္စတစ်ခုမှာဆိုတော့ ကြက်ဥကိုပြုတ်ပြီး နာရီကြည့်ရမယ့်အစား၊ နာရီကိုပြုတ်ပြီး ကြက်ဥကိုကြည့်တာဖြစ်သွားတာပဲ။ ဒါပေမယ့် ကြက်ဥကို ကြည့်သာကြည့်နေတာ မြင်မှာမဟုတ်ဘူး။ ဒါဘာကိုပြသလဲဆိုတော့ သူ့ပြဿနာပေါ် သူစူးစိုက်ထားတဲ့ အာရုံဟာ ဘယ်လောက်အထိ လေးနက်သလဲဆိုတာပဲ"

ထိပ်တင်လတ်။ "ဟား. . . ဟား. . . ရယ်ရတယ်နော်။ နာရီကြီး ပြုတ်ပြီး ကြက်ဥကြီးကြည့်နေတယ်တဲ့"

ထိပ်တင်ကြီး။ "လတ်လတ်. . . မင်းမရယ်နဲ့။ ဒါရယ်စရာပြောနေတာ မဟုတ်ဘူး။ ကမ္ဘာကျော် သိပ္ပံပညာရှင်ကြီး အကြောင်းပြောနေတာ။ မင်းပဲသိပ္ပံပညာရှင်ဖြစ်ချင်တာဆို။ မင်းနျူ့တင်လို လုပ်နိုင်လို့လား"

ထိပ်တင်လတ်။ "ဒါတော့ ကိုကိုရယ်။ သားလည်း သူ့အရွယ်ရောက်ရင် သူ့လိုဖြစ်လာမှာပေါ့။ အခုသူ့အရွယ်မှ မရောက်သေးတာ။ မဟုတ်ဘူးလား. . . ဘိုးဘိုး"

အဘိုး။ "အေး. . . အေး၊ ဟုတ်ပါတယ်ကွယ်။ ငါ့မြေးက အခုမှ ငယ်ငယ်လေးရှိသေးတာ။ သူ့အချိန်ကျ သူ့ဟာသူဖြစ်လာမှာပေါ့။ ကိုကိုကလည်း သားကို ကောင်းစေချင်လို့ ဆုံးမတာပါ။"

ထိပ်တင်ဦး။ "ဒြပ်ဆွဲအားအကြောင်း ဆက်ပြောပြပါဦး. . . ဘိုးဘိုး"

အဘိုး။ "နျူ့တင်က ဒြပ်ဆွဲအားအကြောင်းရော၊ မက္ကင်းနစ်ဆိုတဲ့ သင်္ချာပညာရပ်ရော၊ ဒစ်ဖရင်ရှယ်ကဲလ်ကလာ့စ်လို့ခေါ်တဲ့ သင်္ချာပညာရပ်ရော၊ အကုန်သူထွင်ခဲ့တာချည်းပဲ။ သူ့သင်္ချာပညာတွေနဲ့ ဂြိုဟ်သွားလမ်းကြောင်းတွေ တွက်ကြည့်တဲ့အခါမှာလည်း အားလုံးကွက်တိကိုက်တာတွေ့ရတော့ သိပ္ပံပညာလောကတစ်ခုလုံးက သူ့ကို ဘုရားလောက်နီးနီး ကိုးကွယ်ကြတယ်။ နျူ့တင်ကတော့ ပြောပါတယ်။ သူအခုလို တွေ့ရှိတာတွေဟာ သူ့ရှေ့က ကြီးကျယ်တဲ့ပုဂ္ဂိုလ်ကြီးတွေ (သူ့အသုံးအနှုန်းအရဆိုရင် giants တွေ)ရဲ့ ပခုံးပေါ်ကနေ တက်ကြည့်လို့မြင်ရတာပါလို့ ပြောတယ်။ သူတော်လှလို့ မဟုတ်ဘူးလို့ ပြောချင်တာပေါ့။ နောက်ပြီး 'အခြားလူတွေရဲ့ အမြင်မှာ ကျွန်ုပ်မည်ကဲ့သို့ ဖြစ်နေမည်ကိုတော့ ကျွန်ုပ်မသိပါ။ ကျွန်ုပ်ကိုယ်ပိုင်အမြင်တွင်မူ ကျွန်ုပ်သည် ပိုမိုလုံးချောသော ကျောက်စရစ်ခဲ၊ သို့မဟုတ် ပိုမိုလှပသော ခရုခွံလေးများလိုက်ရှာရင်း ပင်လယ်ကမ်းခြေတွင် ပြေးလွှားဆော့ကစားနေသော ကလေးသူငယ်တစ်ယောက်သာဖြစ်သည်။ ထိုအချိန်တွင် ရှာဖွေဖော်ထုတ်ခြင်းငှာ မစွမ်းနိုင်သေးသော ကြီးမားကျယ်ပြောသည့် သစ္စာတရား ပင်လယ်ကြီးက ကျွန်ုပ်၏ရှေ့မှောက်တွင် တည်ရှိနေပေသည်'လို့ သူ့ကိုယ်ရေးမှတ်တမ်းမှာ ရေးသားသွားတယ်။ ဆိုလိုတာက သူသိတာ နည်းနည်းလေးပဲရှိပြီး သူမသိသေးတာတွေ အများကြီးကျန်သေးတယ်လို့ ပြောချင်တာပဲ။ ပညာရှိ တကယ်ပီသပါပေတယ်။ ဒါပေမယ့် ဒီလောက်တော်တဲ့ နျူ့တင်ကို စိန်ခေါ်မယ့်သူက သူကွယ်လွန်ပြီး နှစ် ၁၅၀ အကြာမှာ ပေါ်လာတယ်။ အဲ့ဒီသူက အခြားမဟုတ်ဘူး။ အဲလ်ဘတ်အိုင်းစတိုင်းပဲ"

ထိပ်တင်ဦး။ "အိုင်းစတိုင်းကကော နျူ့တင်လို ဒြပ်ဆွဲအားအကြောင်းဖော်ထုတ်တာပဲလား. . . ဘိုးဘိုး"

အဘိုး။ "ဒြပ်ဆွဲအားတော့ ဒြပ်ဆွဲအားပဲ။ ဒါပေမယ့် အိုင်းစတိုင်းက ဒြပ်ဆွဲအားကို နျူ့တင်မြင်သလို 'အား'တစ်ခုအနေနဲ့ မမြင်ဘူး။ သူ့အပြောနဲ့ပြောရရင် ဒြပ်ဆွဲအားကို အားအနေနဲ့ မကြည့်ပါနဲ့။

စာမျက်နှာ ၇ သို့

လွှတ်တော်ရေးရာကဏ္ဍ

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဆွစ်ဇာလန်နိုင်ငံ ဘန်းမြို့နှင့် ဇူးရစ်မြို့များ၌ လွှတ်တော်ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၁

ဆွစ်ဇာလန်နိုင်ငံ Federal Assembly ဥက္ကဋ္ဌ H.E. Mrs. Maya Graf နှင့် အထက်လွှတ်တော် (Council of States) ဥက္ကဋ္ဌ H.E.Mr. Fillippo Lombardi တို့၏ဖိတ်ကြားချက်အရ ဆွစ်ဇာလန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အောက်တိုဘာ ၁၀ ရက် မွန်းလွဲပိုင်းတွင် ဘန်းမြို့ရှိ ဆွစ်ဇာလန်နိုင်ငံ ပါလီမန်၌ Federal Assembly ဥက္ကဋ္ဌ H.E. Mrs. Maya Graf နှင့် တွေ့ဆုံခဲ့သည်။ ယင်းနောက် Federal Assembly ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော်နာယကနှင့် မြန်မာလွှတ်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဘန်းမြို့ရှိ Bellevue Palace Hotel ၌ အလုပ်သဘော နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ ပြည်ထောင်စုလွှတ်တော်နာယကသည် ဆွစ်ဇာလန်နိုင်ငံ ပါလီမန်ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့သည်။

ပြည်ထောင်စုလွှတ်တော်နာယကသည် ညပိုင်းတွင် ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့ရှိ Renaissance Hotel ၌ အထက်လွှတ်တော် (Council of States) ဥက္ကဋ္ဌ H.E. Mr. Fillippo Lombardi နှင့် တွေ့ဆုံခဲ့သည်။ **(ယာပုံ)** ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့ဝင်များအား အထက်လွှတ်တော် (Council of States) ဥက္ကဋ္ဌက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ပြည်ထောင်စုလွှတ်တော်နာယကသည် နံနက်ပိုင်းက ဘန်းမြို့၌ ဆွစ်ဇာလန်နိုင်ငံ Federal Chancellor, H.E. Mrs. Corina Casanova နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ယင်းနောက် ဘန်းမြို့ရှိ ဆွစ်ဇာလန်နိုင်ငံ လွှတ်တော်

အတွင်းနှင့် ဆွစ်ဇာလန်နိုင်ငံ House of Cantons တို့ကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကသည် ဆွစ်ဇာလန်နိုင်ငံ လွှတ်တော်အဆောက်အအုံ၌ ဆွစ်ဇာလန်နိုင်ငံ အထက်လွှတ်တော် (Council of Stats)၊ နိုင်ငံခြားရေးရာကော်မတီဥက္ကဋ္ဌ H.E.Mr. Germann Hannes နှင့် အဖွဲ့ဝင်များအား တွေ့ဆုံဆွေးနွေးသည်။

ထို့အပြင် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့ဝင်များအား နံနက် ၉ နာရီခွဲက ဆွစ်ဇာလန်နိုင်ငံ ပါလီမန်အဆောက်အအုံ၌ Chief of the Political Department, Mr. Roland SALVISBERG နှင့် ကျွမ်းကျင်ပညာရှင် Ms. Nicole Topperwien တို့မှ ဆွစ်ဇာလန်နိုင်ငံတွင် ကျင့်သုံးလျက်ရှိသည့်စနစ်များနှင့်ပတ်သက်၍ ရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

နောင်တိုးပွားလာမည့် လူဦးရေအတွက် လယ်ယာမြေကို အနည်းဆုံးထိခိုက်စေမည့် နှစ် (၃၀) မြို့ပြစီမံကိန်း ရေးဆွဲဆောင်ရွက်သွားမည်

နေပြည်တော် အောက်တိုဘာ ၁၁

နိုင်ငံတော်မှသတ်မှတ်ထားသော ရှေးဟောင်းဇုန်များနှင့်လယ်ယာမြေများပေါ်သို့ မတိုးချဲ့စေရေးအတွက် ရှေးဟောင်းဇုန် နယ်နိမိတ်သတ်မှတ်ချက်အား တိကျစွာလိုက်နာစေခြင်း၊ ၎င်းနယ်နိမိတ်အတွင်းကျူးကျော်ခြင်း မရှိစေရန်၊ သက်ဆိုင်ရာခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးများက ရပ်ကွက်/ကျေးရွာများအထိ ကွင်းဆင်း၍ အသိပညာပေး ဟောပြောခြင်း၊ စည်းကမ်းမဲ့ ကျူးကျော်ဝင်ရောက် နေထိုင်လုပ်ကိုင်သူများအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး အဋ္ဌမနေ့တွင် ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင်၏ **“နိုင်ငံတော်မှ သတ်မှတ်ထားသော ရှေးဟောင်းဇုန်များနှင့် လယ်ယာမြေများပေါ်သို့ မတိုးချဲ့ရေးအတွက် Future Plan ရှိ/ မရှိ”** မေးခွန်းနှင့် စပ်လျဉ်း၍ ဖြေကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးက မြို့ရွာများတိုးချဲ့ရန် မြို့ပြစီမံကိန်းရေးဆွဲခြင်းများရှိလာပါက ၁၉၉၈ ခုနှစ် ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၁၇ တွင်ပါသည့် ပြဋ္ဌာန်းချက်များ အတိုင်းအခြေခံစိစစ်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ မြို့၊ ရွာများ၊ တိုးချဲ့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများနှင့်အညီ နိုင်ငံတော်မှ သတ်မှတ်ထားသော ရှေးဟောင်းဇုန်များနှင့် လယ်ယာမြေများ အပေါ် ကျူးကျော်ခြင်းမရှိစေရန် အတွက် နောင်တိုးပွားလာမည့် လူဦးရေအတွက် လယ်ယာမြေကို အနည်းဆုံးထိခိုက်စေမည့် Town Plan, Village Plan နှစ် (၃၀) မြို့ပြစီမံကိန်းရေးဆွဲခြင်း၊ မြေသုံးစွဲမှုသက်သာစေရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

မေးခွန်းရှင် ဦးအောင်ကြိုင်က “ဒုတိယဝန်ကြီး ဖြေသွားတာကောင်းပါတယ်။ လန/၃၉ တို့လုပ်ပြီး တိုးချဲ့တာတွေ မရှိနိုင်တော့ပါဘူး။ တိုးချဲ့မယ်ဆိုရင်လည်း စည်းမျဉ်းစည်းကမ်းအရ လျှောက်ထားရမှာ ဖြစ်တယ်လို့ ဖြေသွားတယ်။ ရှေးဟောင်းဒေသတွေ၊ ဇုန်တွေသတ်မှတ်ထားတာလည်း မတိုးပါဘူး။ စည်းမျဉ်းစည်းကမ်းနဲ့အညီ ဆောင်ရွက်နေတယ်လို့လည်း ပြောသွားပါတယ်။ ဒါကြောင့် ကျေနပ်ပါတယ်” ဟု ပြောပြခဲ့သည်။

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း ဖြေကြားစဉ်။ (သတင်းစဉ်)

ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင် မေးမြန်းစဉ်။ (သတင်းစဉ်)

မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏ **“အောင်ဘာလေသိန်းဆု လက်မှတ်ပြင်ပရောင်းဈေးမှာ (၅၀)ရာခိုင်နှုန်း ခန့် ကြီးမြင့်နေသည့်ကို ပြုပြင်ရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၀ ကျပ်တန် အောင်ဘာလေထီလက်မှတ်များကို ရန်ကုန်တိုင်းဒေသကြီးမှအပ ကျန်မြို့နယ်များအတွက် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများမှတစ်ဆင့် ထီရောင်းချလိုသူ လုပ်ငန်းရှင်များကို ရောင်းချပေးလျက် ရှိပါကြောင်း၊ ထီရောင်း ရငွေ၏ ၄၀ ရာခိုင်နှုန်းကို နိုင်ငံတော်က အခွန်အဖြစ်ရယူပြီး ကျန် ၆၀ ရာခိုင်နှုန်းကို ဆုမဲအဖြစ် ခွဲပေးသည့်စနစ်ကို ကျင့်သုံးဆောင်ရွက်နေပါကြောင်း၊ ထီလက်မှတ် (၁၁)စောင်ပါ ထီတစ်အုပ်လျှင် ကျပ် ၂၀၀၀ ဖြင့် ရောင်းချပေးလျက်ရှိရာ လုပ်ငန်းရှင်များအနေဖြင့် ထီစာအုပ်တစ်အုပ် ကုန်စင်အောင် ရောင်းချနိုင်ပါက ကျပ် ၂၂၀၀ ရရှိမည်ဖြစ်၍ ထီတစ်အုပ်လျှင် ကျပ် ၂၀၀ မြတ်စွန်းငွေရရှိမည်ဖြစ်ပါကြောင်း၊ ထီလုပ်ငန်းရှင်များအနေဖြင့် ထီစာအုပ်များ ဖြန့်ချိပေးပို့နိုင်ရေးအတွက် ကုန်ကျစရိတ်များနှင့် ရောင်းမကုန်သည့် ထီလက်မှတ်အရှုံးများကို ပြန်လည်ကာမိစေရန်အတွက်ပါ တွက်ချက်ပြီး ရောင်းချခြင်းဖြစ်၍ ထီလက်မှတ်တစ်စောင်လျှင် ကျပ် ၂၀၀ ထက်ပိုမိုရောင်းချနေခြင်း ဖြစ်ပါကြောင်း။

ယင်းအခြေအနေများကို ပြင်ဆင်နိုင်ရန် နိုင်ငံတကာတွင်ဆောင်ရွက်နေသည့် ကွန်ပျူတာသုံးထီစနစ်နှင့် ပတ်သက်၍ လေ့လာမှုများဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ စနစ်ပေါ်ပေါက်လာပါက ပြင်ပရောင်းဈေးများ ၅၀ ရာခိုင်နှုန်းခန့်ကြီးမြင့်နေမှုများအား ပြုပြင်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

မေးခွန်းရှင် ဦးဝင်းမြင့်က “ပြည်သူတွေကတော့ ဝယ်ရင်းဈေး ၂၀၀ နဲ့ ထီထိုးချင်တာပေါ့ဗျာ။ ကျွန်တော်တို့ ကော်မတီကလည်း ဘဏ္ဍာငွေကြေးကော်မတီ ဖြစ်နေတော့ မေးမြန်းရတာပေါ့။ တကယ်တော့ ၂၀၀ ကျပ်ပဲ နိုင်ငံတော်ဘတ်ဂျက်ထဲရောက်တယ်။ ၂၀၀ ထက်ပိုတဲ့ငွေကို ပုဂ္ဂလိကလက်ထဲ ရောက်သွားတဲ့အတွက် ဒါကိုပြည်သူတွေက မပေးချင်ပါဘူး။ ဒါတွေကို လေ့လာပြီး ပြုပြင်သင့်တာကို ပြုပြင်ရမှာ ဖြစ်ပါတယ်။ ဒါတွေကို ပြုပြင်မှုမရှိရင်တော့ ကျွန်တော့်အနေနဲ့ ထပ်ပြီးတင်ပြဆောင်ရွက်သွားမယ်” ဟု ပြောပြခဲ့သည်။

ဆက်လက်ကျင်းပမည်

ယနေ့အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေးနဝမနေ့ကို အောက်တိုဘာ ၁၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စာမျက်နှာ ၆ မှ

ဂျိအော်န်းမထရီပုံပန်းသဏ္ဌာန်နဲ့ ကြည့်ပါလို့ပြောတယ်”

ထိပ်တင်ဦး။ “အဲဒါဘာကိုပြောတာလဲ. . . ဘိုးဘိုး။ သားတော့ နားမလည်ဘူး။”

အဘိုး။ “သားတို့နားလည်အောင် ဘိုးဘိုးရှင်းပြမယ်။ ဥပမာပေးရရင်တော့ နေမင်းကြီးနဲ့ဘိုးဘိုးတို့ရဲ့ ကမ္ဘာမြေကို ပြရမှာပဲ။ ဘိုးဘိုးတို့ နားလည်ထားတာက ဘိုးဘိုးတို့ရဲ့ ကမ္ဘာကြီးဟာ နေမင်းကြီးရဲ့ ဆွဲငင်အားကြောင့် ဘယ်မှထွက်မသွားနိုင်ဘဲ နေမင်းကြီးကိုပဲတစ်ပတ်ပြီးတစ်ပတ် မနေမနားပတ်နေရတယ်လို့ နားလည်ထားတာ။ ဒါကို အိုင်းစတိုင်းက ဘယ်လိုရှင်းပြသလဲဆိုတော့ ကမ္ဘာကြီးဟာ အာကာသထဲမှာ တစ်သမတ်တည်းသော အလျင်နဲ့ရှေ့ကိုတည့်တည့်သွားနေတာပဲတဲ့။ ဒါပေမယ့် ကမ္ဘာကြီးသွားနေတဲ့ အာကာသထဲက လမ်းကြောင်းက ‘ကွေး’နေတယ်။ အဲဒီ့ အကွေးအတိုင်း သွားရင်း ကမ္ဘာက နေကိုပတ်မိသွားတာဖြစ်တယ်။ ဘာနဲ့ အလားသဏ္ဌာန်တူသလဲဆိုတော့ ထိပ်ဝမှာရော်ဘာပြားနဲ့ကျပ်ထားတဲ့ ခြင်းတောင်းတစ်ခုမှာ အဲဒီ့ထိပ်ဝရော်ဘာပြားအပေါ် အလေးတစ်ခုတင်လိုက်ရင် ရော်ဘာပြားဟာ ခွက်ဝင်သွားမယ်။ ခွက်နေတဲ့ ရော်ဘာပြားမျက်နှာပြင်ပေါ်မှာ ဂေါ်လီလုံး တစ်လုံးကို ဘေးတိုက်လှိမ့်လိုက်ရင် ဂေါ်လီလုံးဟာ စက်ဝိုင်းပုံအတိုင်း လိမ့်သွားတဲ့သဘောမျိုးပဲ။ ဂေါ်လီလုံးဟာ သူသွားရမယ့်လမ်းကြောင်းက ကွေးနေလို့ အကွေးအတိုင်းလိမ့်သွားတာဖြစ်တယ်။ တောင်းအလယ်က အလေးတုံးကဆွဲလို့ စက်ဝိုင်းပုံပတ်တာမဟုတ်ဘူး။ နောက်တစ်မျိုးပြောရရင် ပုရွက်ဆိတ်တစ်ကောင်ဟာ ဘောလုံးတစ်လုံးပေါ်မှာ ရှေ့ကို တည့်တည့်သွားနေတယ်ဆိုပါတော့။ ပုရွက်ဆိတ်အတွက်တော့ သူဟာ အဖြောင့်အတိုင်း ရှေ့ကိုပဲ တည့်တည့်သွားနေတယ်လို့ထင်မှာပဲ။ ဒါပေမယ့် ဘောလုံးမျက်နှာပြင်က ခုံးနေတော့သူသွားနေတဲ့ လမ်းကြောင်းဟာ အဖြောင့်မဟုတ်ဘဲ ကွေးနေမှန်း သူမသိဘူး။ သွားရင်းသွားရင်း ဘောလုံးပေါ်မှာ ဘာအမှတ်အသားမှမရှိတော့ စထွက်တဲ့နေရာပြန်ရောက်ပြီး တစ်ပတ်ပတ်မိသွားမှန်းလည်း သူမသိဘူး။ သူကတော့ သွားပြီးရင်းသွားရင်း၊ တစ်သွားတည်း သွားနေမှာပဲ။ ဒီပုရွက်ဆိတ်လေး အဲဒီလိုပတ်နေတာဟာ ဘောလုံးရဲ့ အလယ်ဗဟိုက ဆွဲနေတဲ့ဆွဲငင်အားကြောင့်မဟုတ်ဘူး။ ဘောလုံးမျက်နှာပြင်ရဲ့ ပုံပန်းသဏ္ဌာန်ကြောင့်ပဲ။ မျဉ်းဖြောင့်အတိုင်း ရွေ့လျားနေတဲ့အရာဝတ္ထုတစ်ခုဟာ သူ့အပေါ် အားမသက်ရောက်ရင် ရွေ့လျားမြဲရွေ့လျားနေမယ်ဆိုတဲ့ နျူတင်ရဲ့ ရွေ့လျားမှု ပထမနိယာမ အတိုင်းပါပဲ။ အိုင်းစတိုင်းရဲ့ သီဝရီမှာကျတော့ နျူတင်ရဲ့‘မျဉ်းဖြောင့်’ဆိုတာမရှိတော့ဘူး။ အာကာသအချိန်ကိုယ်တိုင်က သူ့အထဲမှာရှိနေတဲ့ ရုပ်ဝတ္ထုတွေ၊ စွမ်းအင်တွေကြောင့် လိမ်ကောက်နေတယ်။ အရင်က ဘိုးဘိုးတို့က အာကာသဟင်းလင်းပြင်ကို အဖြောင့်အတိုင်း စဉ်းစားကြတယ်။ အလင်းရောင်ဟာလည်း အဖြောင့်အတိုင်းသွားတယ်လို့ ထင်ခဲ့ကြတယ်။ အခုတော့ အလင်းရောင်ကိုယ်တိုင်ကလည်း လိမ်ကောက်နေတဲ့ အာကာသဟင်းလင်းပြင်ထဲမှာ လိမ်ကောက်သွားနေရတာလို့ ပြောင်းပြီးနားလည်လာရတယ်။ အချိန်ကိုလည်း ပကတိသဘောတရားလို့ နားလည်ခဲ့တယ်။ အခုတော့ အချိန်ကိုယ်တိုင်ကလည်း နှိုင်းရသဘောပဲလို့ ပြောင်းပြီးနားလည်ရတယ်”

ထိပ်တင်ကြီး။ “ဒါဆို နျူတင်နဲ့အိုင်းစတိုင်း ဘယ်သူကမှန်သလဲ. . . ဘိုးဘိုး”

အဘိုး။ “အိုင်းစတိုင်းက သူ့ရဲ့အထွေထွေနှိုင်းရ သီဝရီကို ဖော်ထုတ်တဲ့အချိန် ၁၉၁၅ ခုနှစ်မှာ ပထမကမ္ဘာစစ်ကြီးဖြစ်နေတယ်။ ပထမကမ္ဘာစစ်ကြီးပြီးတဲ့ ၁၉၁၉ ခုနှစ် မေလ ၂၉ ရက်နေ့ နေကြတ်ချိန်မှာ သာမန်အားဖြင့် နေရဲ့နောက်ကျောဘက်မှာရှိတဲ့ ကြယ်တစ်လုံးကို မတွေ့မြင်နိုင်ဘူးလို့ ယူဆထားပေမယ့် အလင်းရောင်ဟာ ကွေးလာတဲ့အတွက် အဲ့ဒီကြယ်ကို တွေ့မြင်ရကြောင်း စမ်းသပ်တွေ့ရှိတဲ့အခါ အိုင်းစတိုင်းရဲ့သီဝရီမှန်ကန်ကြောင်း သက်သေပြနိုင်ခဲ့တယ်။ နျူတင်ရဲ့ရူပဗေဒကတော့ မျဉ်းဖြောင့်တွေ၊ ထောင့်မှန်တွေ၊ ပကတိအချိန်တွေနဲ့ဖွဲ့စည်းထားတာဖြစ်တယ်။ အခု အိုင်းစတိုင်းက ရုပ်ဝတ္ထုတွေနဲ့စွမ်းအင်တွေကြောင့် အာကာသအချိန်ဟာ ကွေးနေတယ်လို့ ပြောပြီး ဒြပ်ဆွဲအားဆိုတာ စကြဝဠာရဲ့ ပုံပန်းသဏ္ဌာန်ပဲဖြစ်တယ်လို့ ပြောခဲ့တယ်။ နောက်တစ်ခုက နျူတင်သီဝရီက ရှင်းမပြနိုင်တဲ့ ဗုဒ္ဓဟူးဂြိုဟ်ရဲ့ နေနဲ့အနီးဆုံးအမှတ်ဟာ အနှစ်တစ်ရာမှာ (43 arc sec) နှုန်းနဲ့ ရှေ့တိုးလာနေတဲ့ ပြဿနာကိုအိုင်းစတိုင်းသီဝရီက ရှင်းပြနိုင်ခဲ့တယ်။ ဒါဆို နျူတင်နဲ့အိုင်းစတိုင်း ဘယ်သူမှန်သလဲရှင်းလောက်ပြီ။ ဒါပေမယ့် ကနေ့ကမ္ဘာမြေပြင်ပေါ်မှာ ဘိုးဘိုးတို့တစ်တွေ အသုံးပြုနေတဲ့ မော်တော်ကား၊ မီးရထား၊ လေယာဉ်ပျံကအစ လကမ္ဘာကို လူသားတွေ ခြေချနိုင်တဲ့အထိ စွမ်းဆောင်နိုင်မှုတွေဟာ နျူတင်တီထွင်ခဲ့တဲ့ မက္ကင်းနစ်ပညာရဲ့ ကျေးဇူးနဲ့မကင်းဘူးဆိုတာကို မေ့ပစ်လို့တော့မရဘူး”။

ပြည်တွင်းသတင်း

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လန်ဒန်မြို့တော်ဝန်အား လက်ခံတွေ့ဆုံ

ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၁၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်ဝန် Mr. Roger Gifford ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ပညာရေး၊ ကျန်းမာရေးနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးနိုင်မည့် အခွင့်အလမ်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး လန်ဒန်မြို့တော်ဝန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး တက်ရောက်သည်။

(သတင်းစဉ်)

လက်ခံတွေ့ဆုံ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်ဝန် Mr. Roger Gifford ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

စီမံကိန်းလုပ်ငန်းများ ပြန်လည်စတင်နိုင်မှသာ ဒေသခံပြည်သူများကို အလုပ်အကိုင်များ ခန့်ထားပေးနိုင်မည်

နေပြည်တော် အောက်တိုဘာ ၁၁

လက်ပံတောင်းတောင်ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်၏အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ လက်ပံတောင်းတောင်ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီဥက္ကဋ္ဌ၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှထွန်း တက်ရောက်အမှာစကား ပြောကြားသည်။ (ယာပုံ)

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် ဒေါက်တာမြင့်အောင်၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဇာနည်ဝင်း၊ အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးနှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ မြန်မာ-ဝမ်ပေါင်ကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကော်မတီဥက္ကဋ္ဌ၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်အမှာစကား ပြောကြားရာတွင် လက်ပံတောင်းတောင် ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့်ကော်မတီသည် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအရ စာချုပ်သစ် ပြန်လည်ချုပ်ဆိုနိုင်ခဲ့ပြီး လုပ်ငန်းများ အချိတ်အဆက်မိမိ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မတီအနေဖြင့် အကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာတွင် ပြည်သူလူထုနှင့် ပိုမိုထိတွေ့ဆက်ဆံမှု ပိုမိုရရှိစေရန် ဆက်ဆံရေးရုံးဖွင့်လှစ် ဆောင်ရွက်ခဲ့ပါကြောင်း၊ စီမံကိန်းလုပ်ငန်းများ ပြန်လည်စတင်နိုင်မှသာ ဒေသခံပြည်သူများကို အလုပ်အကိုင်များ ခန့်ထားပေးနိုင်မည်ဖြစ်ပြီး မြေယာသိမ်းဆည်းခံရသူများ၏ စားဝတ်နေရေးအခက်အခဲများ ပြေလည်နိုင်မည် ဖြစ်ပါကြောင်း၊ တစ်ဖက်တွင်လည်း ဒေသဖွံ့ဖြိုးရေးအတွက် လူမှုစီးပွားဆိုင်ရာအကောင်အထည်ဖော် ဆောင်ရွက်ပေးနေမှုများကို ဒေသခံပြည်သူများ ပိုမိုသိရှိစေရေးအတွက် အသိပေးဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးကို အလေးထား၍ လက်ပံတောင်းတောင်ဒေသအား ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းတာဝန်များကို အဆင့်ဆင့်တာဝန်ယူဆောင်ရွက်နိုင်ရန် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးထားပြီးဖြစ်ရာ ခေတ်စနစ်ဟောင်း အမူအကျင့်များဖြစ်သည့် "အထက်သို့ တင်ပြထားဆဲ" ဟူသည့် ခေါင်းရှောင်မှုများကို ပြုပြင်ရန်လိုအပ်ကြောင်း၊ လုပ်ငန်းအဖွဲ့လေးဖွဲ့၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများမှာလည်း အရှိန်အဟုန်ကျမသွားရန် လိုအပ်ပြီး လတ်တလော ဆောင်ရွက်ပေးနိုင်သည်များကို ချက်ချင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ ရေရှည်ဆောင်ရွက်သွားရမည့်လုပ်ငန်းများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံချက်များဖြင့် စနစ်တကျလုပ်ကိုင်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကော်မတီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက စီမံကိန်းဒေသအတွင်း တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ကော်မတီအဖွဲ့ဝင် သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က စီမံကိန်းဒေသအတွင်း သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ လုပ်ငန်းအဖွဲ့လေးဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးတို့က မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် အသီးသီးရှင်းလင်းတင်ပြဆွေးနွေးပြီး တက်ရောက်လာကြသူများက အထွေထွေ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌက သက်ဆိုင်ရာဆွေးနွေးချက်ကဏ္ဍများအလိုက် လိုအပ်ချက်များကို ပြန်လည် ဖြည့်စွက်ရှင်းလင်းဆွေးနွေး၍ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားစေမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရုပ်သံထုတ်လွှင့်မှုကို Analogue စနစ်မှ Digital စနစ်သို့ ပြောင်းလဲထုတ်လွှင့်မည့် စီမံချက်အား မိဘပြည်သူများသို့ အသိပေးတင်ပြခြင်း

နေပြည်တော် အောက်တိုဘာ ၁၁

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ၁၉၈၀ ခုနှစ်မှစ၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို Analogue စနစ်ဖြင့် စတင်ထုတ်လွှင့်ခဲ့ပါသည်။ ယခုအခါ တိုးတက်ပြောင်းလဲလာသော ရုပ်သံထုတ်လွှင့်မှု နည်းပညာများအရ Analogue မှ ASEAN Digital Standard ဖြစ်သော Digital ရုပ်မြင်သံကြားထုတ်လွှင့်မှုစနစ် Digital Video Broadcasting-Terrestrial -2 (DVB-T2) သို့ပြောင်းလဲပြီး အခမဲ့ရုပ်သံထုတ်လွှင့်မှုစနစ် Free to Air (FTA) စနစ်ဖြင့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။ ပြောင်းလဲထုတ်လွှင့်မှုစီမံချက် ပထမအဆင့်အနေဖြင့် ရန်ကုန်၊ မန္တလေး(စစ်ကိုင်း)၊ နေပြည်တော်(ပျဉ်းမနား)၊ နေပြည်တော်(တပ်ကုန်း)ရှိ စက်ရုံ လေးရုံမှ အောက်တိုဘာ ၁၅ ရက်မှစ၍ ပုံမှန်ထုတ်လွှင့်မည်ဖြစ်သည်။ ဒုတိယအဆင့်အဖြစ် ၂၀၁၃ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၄ ခုနှစ် မေလအတွင်း မြစ်ကြီးနား၊ တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုး၊ စစ်တွေ၊ မင်းဘူး၊ ကလေး(ကနေဒီ)၊ ဖလမ်း၊ ပုပ္ပား၊ မိတ္ထီလာ၊ တောင်ငူ၊ ညောင်လေးပင်၊ ပဲခူး၊ ပြည်၊ လှိုင်ကော်၊ မော်လမြိုင်၊ ဘားအံ၊ ကျောင်းကုန်း၊ ပုသိမ်၊ ဟသ်ာတနှင့်ထားဝယ်မြို့များရှိ စက်ရုံ ၂၁ ရုံတွင် Digital လွှင့်စက်များ ဆက်လက်တပ်ဆင်ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။ တတိယအဆင့်အဖြစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း စက်ရုံ ၅၆ ရုံကိုလည်းကောင်း၊ စတုတ္ထအဆင့်အဖြစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း စက်ရုံ ၁၁၀ ကိုလည်းကောင်း၊ ပဉ္စမအဆင့်အဖြစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း စက်ရုံ ၆၆ ရုံကိုလည်းကောင်း Digital စနစ်ဖြင့် ပြောင်းလဲတပ်ဆင်ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

အဆိုပါ Digital (DVB-T2) ရုပ်သံထုတ်လွှင့်မှုစနစ်ကို ဖမ်းယူကြည့်ရှုနိုင်ရန် DVB-T2, MPEG-4 Tuner စနစ်ပါသော Digital TV များဖြင့်လည်းကောင်း၊ လက်ရှိ Analogue ရုပ်မြင်သံကြားစက်များတွင် DVB-T2, MPEG-4 Set-top Box များတပ်ဆင်၍ လည်းကောင်း မိဘပြည်သူများအနေဖြင့် ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်သည်။ နေ့စဉ် နံနက် ၆ နာရီမှ ည ၁၁ နာရီအထိ ထုတ်လွှင့်သွားမည်ဖြစ်ပြီး မြန်မာ့ရုပ်မြင်သံကြား (MRTV Channel) ၊ Myanmar International (MI Channel)၊ လွှတ်တော် (Channel)၊ တိုင်းရင်းသားရုပ်သံလိုင်း (National Races Channel)၊ တောင်သူလယ်သမားရုပ်သံလိုင်း (Farmers Channel) စသည်ဖြင့် ရုပ်သံလိုင်း ငါးလိုင်းကို Free to Air စနစ်ဖြင့် ကနဦး ထည့်သွင်းထုတ်လွှင့်သွားမည်ဖြစ်ပါသည်။ ဆက်လက်၍လည်း ကျန်တိုင်းရင်းသားရုပ်သံလိုင်းများအပါအဝင် ချန်နယ်ရှစ်ခုအထိ တိုးချဲ့ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ရန်ကုန်စက်ရုံမှ လွှင့်အား (3 KW)၊ လှိုင်းနှုန်း (CH-23)ဖြင့် ထုတ်လွှင့်မှုကို မြောက်ဘက် မှော်ဘီမြို့နယ်၊ လှည်းကူးမြို့နယ်အထိ လည်းကောင်း၊ တောင်ဘက်ကွမ်းခြံကုန်း၊ ကော့မှူးမြို့နယ်များအထိ လည်းကောင်း၊ အရှေ့ဘက်တွင် သုံးခွမြို့နယ်၊ ခရမ်းမြို့နယ်အထိ လည်းကောင်း၊ အနောက်ဘက်တွင် တွံတေးမြို့အထိ လည်းကောင်း ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါသည်။ စစ်ကိုင်းစက်ရုံမှ လွှင့်အား (3 KW)၊ လှိုင်းနှုန်း (CH-31) ဖြင့် ထုတ်လွှင့်မှုကို မြောက်ဘက် မတ္တရာမြို့အထိ လည်းကောင်း၊ တောင်ဘက် ဝမ်းတွင်းမြို့အထိ လည်းကောင်း၊ အရှေ့ဘက်တွင် ပုသိမ်ကြီးမြို့အထိ လည်းကောင်း၊ အနောက်ဘက်တွင် မြောင်မြို့အထိ လည်းကောင်း ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါသည်။ နေပြည်တော်(ပျဉ်းမနား)ရုပ်သံစက်ရုံမှ လွှင့်အား (3 KW)၊ လှိုင်းနှုန်း (CH-30) ဖြင့် ထုတ်လွှင့်မှုကို မြောက်ဘက် တပ်ကုန်းမြို့နယ်ရှိ ရွှေမြို့အထိ လည်းကောင်း၊ တောင်ဘက်သာဂရမြို့အထိ လည်းကောင်း၊ အရှေ့ဘက်တွင် ရေဆင်း၊ သိုက်ချောင်းအထိ လည်းကောင်း၊ အနောက်ဘက်တွင် တောင်ညိုအထိ လည်းကောင်း ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါသည်။ နေပြည်တော်(တပ်ကုန်း)ရှိ လွှင့်စက်ရုံမှ လွှင့်အား (1 KW) ၊ လှိုင်းနှုန်း (CH-23) ဖြင့် ထုတ်လွှင့်မှုကို မြောက်ဘက် ပျော်ဘွယ်မြို့အဝင်လမ်းဆုံအထိ လည်းကောင်း၊ တောင်ဘက် ကျည်တောင်ကန်အထိလည်းကောင်း၊ အရှေ့ဘက် သပြေကုန်းကျေးရွာ၊ နောက်ဘို့အိုးကျေးရွာအထိ လည်းကောင်း၊ အနောက်ဘက်တွင် မြောင်းမြိုက်၊ သရက်ကွင်းကျေးရွာအထိ လည်းကောင်း ဖမ်းယူကြည့်ရှုနိုင်မည် ဖြစ်ပါသည်။ ၎င်းအပြင် နေပြည်တော်ရှိ Cable TV လိုင်းတွင်လည်း ထည့်သွင်းထုတ်လွှင့်ပေးသွားမည်ဖြစ်ပါသည်။

DVB-T2, MPEG-4 Tuner ပါသော Digital TV များဖြင့် လည်းကောင်း၊ DVB-T2, MPEG-4 Set-top Box များဖြင့် လည်းကောင်း ဖမ်းယူကြည့်ရှုသူများအနေဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်သော ရုပ်သံလိုင်းငါးခုသာမက မြဝတီမှထုတ်လွှင့်သော ရုပ်သံလိုင်း ခုနစ်လိုင်းကိုလည်းကောင်း၊ Forever မှ ထုတ်လွှင့်သော ရုပ်သံလိုင်း လေးလိုင်းကို လည်းကောင်း ဖမ်းယူကြည့်ရှုနိုင်နိုင်မည်ဖြစ်ရာ စုစုပေါင်းရုပ်သံလိုင်း ၁၆ လိုင်းကို လစဉ်ကြေးပေးသွင်းရန်မလိုဘဲ အခမဲ့ကြည့်ရှုနိုင်မည်ဖြစ်ပါသည်။

ဤကဲ့သို့ Digital စနစ်ဖြင့် ပြောင်းလဲထုတ်လွှင့်ရာတွင် လက်ရှိ Analogue TV ပိုင်ဆိုင်ထားသော ပြည်သူလူထုများ၏အကျိုးစီးပွားအတွက် လက်ရှိထုတ်လွှင့်နေသော Analogue စနစ် ရုပ်သံထုတ်လွှင့်မှုကိုလည်း သုံးနှစ် ဆက်လက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

လာမည့် ၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲအဖြစ် ဥပဒေနှင့်အညီ ကျင်းပပေးမည်

ပြည်တွင်းသတင်း

ရန်ကုန် အောက်တိုဘာ ၁၁

"ကမ္ဘာပေါ်တွင် ယခုအချိန်အထိ ဒီမိုကရေစီစနစ်သည်သာ အကောင်းဆုံး ဖြစ်နေသေးကြောင်း၊ လာမည့် ၂၀၁၅ ခုနှစ် ပါတီစုံ အထွေထွေ ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲအဖြစ် ဥပဒေနှင့်အညီ ကျင်းပပေးမည်ဖြစ်ကြောင်း၊ ကျင်းပမည့်နေ့ရက်ကို အချိန်မီ ကြေညာပေးသွားမည်ဖြစ်ကြောင်း၊ ဥပဒေနှင့်မညီညွတ်သည်များကို လက်ခံမည်မဟုတ်ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲအဖြစ် ဆောင်ရွက်ရာတွင် အားလုံးပူးပေါင်းဆောင်ရွက်ရန် လိုကြောင်း" ဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး**(ယာပုံ)**က ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံညှိနှိုင်းပွဲတွင် ထည့်သွင်းပြောကြားသွားသည်။

ဆက်လက်၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက "ဘယ်အရာမဆို တစ်ဦးတစ်ယောက်တည်း လုပ်ကိုင်သည်ထက် စုစည်းလုပ်ကိုင်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ 'စုပေါင်းညီညာ အောင်ကြောင်းဖြာ' ဆိုသည့် ဆောင်ပုဒ်အတိုင်း ပူးပေါင်း၍ ဆွေးနွေးတိုင်ပင်မှုဖြင့် ဆောင်ရွက်ချင်ပါကြောင်း၊ နိုင်ငံရေးပါတီများ ဆိုသည်မှာ နိုင်ငံတော်ကို ကောင်းအောင်လုပ်ကြမည့်သူများဖြင့် စုဖွဲ့ထားခြင်းပင် ဖြစ်သည်ဟု ယူဆကြောင်း၊ ပြည်သူလူထုကို စည်းရုံးပြီး နိုင်ငံတော်ကိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရမည့် အဖွဲ့ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် အနိုင်ရဖို့ ဆိုသည်မှာ ပြည်သူက လက်ခံထောက်ခံမှ ပြည်သူ့အကျိုးကို ဆောင်ရွက်မှ လူထုက ယုံကြည်အားကိုးကာ မဲရနိုင်မည်ဖြစ်ကြောင်း၊ သို့သော် ရွေးကောက်ပွဲဆိုသည်မှာ Win Win မရနိုင်ကြောင်း၊ အားလုံးနိုင်တာမျိုး မရှိကြောင်း၊ အတူတကွ ပူးပေါင်းလက်တွဲကာ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် အားလုံး ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ လွှတ်တော်ပြင်ပနိုင်ငံရေးဖြင့်လည်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ယနေ့ မြန်မာနိုင်ငံသည် ပွင့်လင်းလာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်ရန် အခြေအနေကောင်းများ ရရှိနေပြီဖြစ်ကြောင်း၊ စည်းစည်းလုံးလုံး ဆောင်ရွက်ကြရန်လိုကြောင်း၊ တိုင်ပင်ဆွေးနွေးညှိနှိုင်းမှုဖြင့် ဆောင်ရွက်ကြရန် အကြံပြုပြောကြားလိုကြောင်း" ဖြင့် ပဏာမပြောကြားသည်။

ထို့နောက် ကြားဖြတ်ရွေးကောက်ပွဲကိစ္စနှင့်စပ်လျဉ်း၍ "ပြည်သူ့လွှတ်တော်တွင် ၃ ဒသမ ဝ၇ ရာခိုင်နှုန်း၊ အမျိုးသားလွှတ်တော်တွင် ၂ ဒသမ ၃၈ ရာခိုင်နှုန်းနှင့် တိုင်းဒေသကြီး လွှတ်တော်များတွင် ၁ ဒသမ ၂၁ ရာခိုင်နှုန်း စသည်ဖြင့် လစ်လပ်မှုအနည်းအကျဉ်းသာ ဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ယခုနှစ်အတွင်း ကျင်းပမည့် 27th Sea Games ပြိုင်ပွဲနှင့် ၂၀၁၄ ခုနှစ်တွင် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း၊ အိမ်ရှင်အဖြစ် ကျင်းပမည့် အာဆီယံ ထိပ်သီးဆွေးနွေးပွဲများ၊ အာဆီယံ ဥက္ကဋ္ဌနေရာ တာဝန်ထမ်းဆောင်ရမည့်အတွက် နိုင်ငံတော်တွင် အလုပ်တွေများနေတာတစ်ကြောင်း၊ မိမိတို့၏ နိုင်ငံရေးစနစ်မှာ သုံးလွှန်းတင်စနစ်ဖြစ်သည်နှင့်အညီ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များတွင် မြို့နယ်တစ်ခုစီမှ လွှတ်တော်ကိုယ်စားလှယ် သုံးဦးစီ ရှိနေပြီး မြို့နယ်၏အကျိုးကို ဆောင်ရွက်လျက်ရှိကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် တစ်နေရာလစ်လပ်သွားသော်လည်း ကျန်လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက ဒေသ၏အကျိုးကို ဆောင်ရွက်နိုင်ကြောင်း" ဖြင့် ၎င်းက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြီးခဲ့သည့် ၂၀၁၀ ပါတီစုံအထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် မဲစာရင်းကောက်ယူရာ၌ ကြုံတွေ့ခဲ့ရသည့် အခက်အခဲများနှင့်စပ်လျဉ်း၍ "ပြီးခဲ့သည့် ၂၀၁၀ ပါတီစုံ အထွေထွေရွေးကောက်ပွဲ ကျင်းပရာတွင် ၈၉ ရက်အတွင်း အလျင်အမြန်အပြီး ဆောင်ရွက်ခဲ့ရ၍ မဲစာရင်းကဏ္ဍ၌ အချိန်ကန့်သတ်ချက်ကြောင့် တိကျမှန်ကန်မှုအားနည်းခဲ့ကြောင်း၊ ပုံစံ(၁၀)နှင့် အိမ်ထောင်စုစာရင်းအပေါ် မူတည်ပြီး မဲစာရင်းကောက်ခံရခြင်းဖြစ်ပြီး အဆိုပါစာရင်းဇယားများသည် မှန်ကန်မှုအားနည်းခြင်း၊ နောက်ဆုံးအခြေအနေနှင့် မကိုက်ညီ၊ မဲစာရင်းမှန်ကန်ရေးတွင် အားနည်းခဲ့ရကြောင်း၊ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် အဆိုပါမဲစာရင်းကို အခြေခံဆောင်ရွက်ခဲ့သဖြင့် မဲစာရင်းတွင် ထပ်မံ၍ မဲစာရင်း မပြည့်စုံမှု၊ မမှန်ကန်မှုတွေ တွေ့ကြုံခဲ့ရကြောင်း၊ တိကျမှန်ကန်သော မဲစာရင်းကို မိမိတို့မကောက်နိုင်သေးကြောင်း၊ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူပြီးချိန်တွင် တိကျမှန်ကန်သော မဲစာရင်းပြုစုရရှိနိုင်မည်ဖြစ်ကြောင်း၊ နောင်တွင် မဲစာရင်းစာအုပ်များကို ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် ထားရှိကာ အခါအားလျော်စွာ နောက်ဆုံးအနေနှင့် ကိုက်ညီအောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ သေဆုံးစာရင်းကိုပယ်၊ (၁၈)နှစ်ပြည့် စာရင်းပြန်ဖြည့်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကို ချင့်ချိန်ပြီး ကြားဖြတ်ရွေးကောက်ပွဲကိုမကျင်းပရခြင်းဖြစ်ကြောင်း"ဖြင့် ရှင်းလင်းခဲ့သည်။

ယင်းနောက် ၂၀၁၅ ခုနှစ် ပါတီစုံ အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ "လာမည့် ၂၀၁၅ ခုနှစ် ပါတီစုံ အထွေထွေရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲအဖြစ် ကျင်းပနိုင်ရန် မဟာဗျူဟာစီမံကိန်းတစ်ရပ် ရေးဆွဲနေကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲအဖြစ် ဆောင်ရွက်ရာတွင် ပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများပါ ပူးပေါင်းပါဝင်ပြီး ဆောင်ရွက်ကြရန် လိုကြောင်း၊ မီဒီယာအဖွဲ့အစည်းများကလည်း မီဒီယာမှတစ်ဆင့် ပြည်သူလူထုကို အသိပညာပေးဆောင်ရွက်ကြရန်လိုကြောင်း" ဖြင့် ၎င်းက ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက လာမည့်ပါတီစုံ အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများနှင့် မီဒီယာများ၏ အခန်းကဏ္ဍ၊ ပါတီကိုယ်စားလှယ်များ၏ ရွေးကောက်ပွဲ မှတ်ပုံတင်ကြေးစရိတ်နှင့် ပါတီများ၏ ငွေကြေးဆိုင်ရာကဏ္ဍ၊ လာမည့်ရွေးကောက်ပွဲတွင် ပြင်ဆင်ဆောင်ရွက်သင့်သည့် အချက်များအပေါ် ပြန်လည်သုံးသပ်အကြံပြုတင်ပြချက်များ အခန်းကဏ္ဍနှင့် လာမည့်ပါတီစုံ အထွေထွေ ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲအဖြစ် ကျင်းပနိုင်ရန်အတွက် အထွေထွေ အကြံပြု တင်ပြချက်များ အခန်းကဏ္ဍတို့နှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် အလှည့်ကျ ဆွေးနွေးတင်ပြကြသည်။

တင်ပြဆွေးနွေးချက်များအပေါ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ တွေ့ဆုံညှိနှိုင်းပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံညှိနှိုင်းပွဲ အပြီးတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည် သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

အဆိုပါ တွေ့ဆုံညှိနှိုင်းပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်း၊ တိုင်းဒေသကြီးနှင့် ခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ (၃၂)တို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ကချင်ပြည်နယ်အတွင်း ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ပြီးစီး ချီဖွေငယ်ဓာတ်အားပေးစက်ရုံမှ ယခုနှစ်အတွင်း ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၁

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၉ ရက် ညနေ ၄ နာရီခွဲတွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်ရှိ (132/ 66/11)KV(60) MVA ပင်မဓာတ်အားခွဲရုံကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးအား ဓာတ်အားခွဲရုံ အစည်းအဝေးခန်းမတွင် ဓာတ်အားခွဲရုံမှူးက ဓာတ်အားခွဲရုံနှင့် သက်ဆိုင်သော အချက်အလက်များကို ရှင်းလင်းတင်ပြပြီး မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အား ပို့လွှတ်ရေးစီမံကိန်း ညွှန်ကြားရေးမှူးက ဓာတ်အားလိုင်းများ တည်ဆောက်ထားရှိမှုအားလည်းကောင်း၊ ဓာတ်အားလိုင်းအတွင်း ဓာတ်အားစတင်ပို့လွှတ်ရန် ဆောင်ရွက်ထားရှိမှုအား လည်းကောင်း ရှင်းလင်းတင်ပြပြီး လိုအပ်သည်များကို အင်ဂျင်နီယာချုပ်က ဖြည့်စွက် ရှင်းလင်းတင်ပြခဲ့သည်။ ပြည်ထောင်စုဝန်ကြီးက ချီဖွေငယ် ရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ဓာတ်အားကို ဝါရှောင်-ဝိုင်းမော်၊ မြစ်ကြီးနား၊ မိုးကောင်း၊ မိုးညှင်း၊ ဟိုပင် စသည့်မြို့များသို့ ဦးစားပေးဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြစ်ကြီးနားမြို့သည် ယခင်ထက် လျှပ်စစ်ဓာတ်အား ပိုမိုရရှိသုံးစွဲလာနိုင်တော့မည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားကို အမြန်ပို့လွှတ်နိုင်ရန် ဆောင်ရွက်ရေး၊ ကချင်ပြည်နယ်တွင် အသုံးပြုပြီး ပိုလျှံလျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ဓာတ်အားစနစ်နှင့် ချိတ်ဆက်၍ ဖြန့်ဖြူးနိုင်ရေး မှာကြားခဲ့ပြီး Control Room, Battery Room, Switch Yard တို့အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြစ်ကြီးနားမြို့အတွင်း၌ တည်ဆောက်လျက်ရှိသော မြစ်ကြီးနားမြို့ ဓာတ်အားခွဲရုံ(၁)သို့ ရောက်ရှိစစ်ဆေးပြီး ခွဲရုံသုံးပစ္စည်းများ အမြန်ဆုံးရောက်ရှိ တပ်ဆင်တည်ဆောက်ရေးအတွက် မှာကြားခဲ့သည်။

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေဖြင့် ကချင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူလူထုများ လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဗန်းမော်၊ ရွှေကူ၊ မန်စီ၊ မိုးမောက်မြို့နယ်များသို့ တာပိန်(၁) ရေအားလျှပ်စစ်စက်ရုံမှ လျှပ်စစ်ဓာတ်အားဖြင့် ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးထားပြီးဖြစ်ကြောင်း သိရှိရသည်။ နိုင်ငံတော်ဓာတ်အားစနစ်မှလည်း ဓာတ်အားလိုင်းများ အဆင့်ဆင့်ဆက်သွယ်ပြီး မိုးညှင်း၊ နမ္မား၊ မိုးကောင်း၊ ဟိုပင်မြို့များသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိသည်။ ကျန်မြို့နယ်များအားလည်း ဘူးဂါး၊ ဂလိုင်ချောင်၊ နမ့်ထွမ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ အခြားအသေးစား ရေအား လျှပ်စစ်ဓာတ်အားပေး စက်ရုံများမှ ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးနေသကဲ့သို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း အင်ဂျင်နီယာ (ထောက်ကူ)ဌာနမှ ဒီဇယ်ဓာတ်အားပေးစက်ကြီးများဖြင့် မောင်းနှင်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသည်။

ထို့အပြင် ကချင်ပြည်နယ်အတွင်းရှိ ပြည်သူလူထုများ လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ရရှိရေးအတွက်(132)KVဝါရှောင်-ဝိုင်းမော် ဓာတ်အားလိုင်း ၁၀ ဒသမ ၃၈ မိုင်၊ (66)KV မိုးကောင်း-မြစ်ကြီးနားဓာတ်အားလိုင်း ၃၂ ဒသမ ၁၃၃ မိုင်၊ (66)KV ဝိုင်းမော်-မြစ်ကြီးနား (၁)/(၂)/(၃) ဓာတ်အားလိုင်း ၁၇ ဒသမ ၄၈၃ မိုင်၊ (132/66/11)KV (60)MVA ဝိုင်းမော် ဓာတ်အားခွဲရုံ၊ (66/11)KV (20) MVA မြစ်ကြီးနား(၃) ဓာတ်အားခွဲရုံများအား တိုးချဲ့တည်ဆောက်ပြီးစီးခဲ့ပြီးဖြစ်၍ ချီဖွေငယ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ဓာတ်အားရရှိမည့် ၂၀၁၃ ခုနှစ်အတွင်း ဓာတ်အား စတင်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကချင်ပြည်နယ်အတွင်း ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးနိုင်ရေးအတွက် (66)KV ဗန်းမော်-မြို့သစ်-ဒေါ့ဖုန်းယန် ဓာတ်အားလိုင်း (၄၅)မိုင်အား ၂၀၁၄ ခုနှစ်တွင်လည်းကောင်း၊ (66/11)KV (2)MVA မြို့သစ်ဓာတ်အားခွဲရုံနှင့် ဒေါ့ဖုန်းယန် ခွဲရုံနှစ်ရုံအား (66/11)KV(10) MVA မြစ်ကြီးနား ဓာတ်အားခွဲရုံ(၁)နှင့်(၂)တို့အား ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း၌လည်းကောင်း ပြီးစီးအောင် ဆောင်ရွက်ရေးစီမံချက် စနစ်တကျရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်ပါ၍ ကချင်ပြည်နယ်အတွင်းရှိ ပြည်သူလူထုအနေဖြင့် မကြာမီကာလအတွင်း လျှပ်စစ်ဓာတ်အားကို ပိုမိုရရှိသုံးစွဲနိုင်တော့မည် ဖြစ်ကြောင်း လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

❐ *ရှေ့ဖုံးမှ*

အဆိုပါ တင်ဒါခေါ်ယူရာတွင် ပြည်တွင်းလုပ်ငန်းရှင်ငါးဦး အပြိုင်လေလံဆွဲဝယ်ယူခဲ့ရာ ယခုအခါတွင် ဒေါ်ယုယုဝင်း(Myanmar Aqarium) ကတစ်နှစ်ငွေကျပ် သိန်းပေါင်း ၁၂၀၀ ဖြင့် ၁၀ နှစ်စီမံကိန်းကို လေလံဆွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

အသစ်ထပ်မံတည်ဆောက်မည့် ကမ္ဘာ့အဆင့်မီ ရေချိုငါးဥယျာဉ်ကြီးတွင် ရေအောက်ကမ္ဘာငါးပြကွက်များ၊ ငါးမျိုးစိတ်ပြခန်းပြကွက်များ၊ ရေသတ္တဝါပညာပေးနေရာများ၊ အလှပြရေတံခွန်ကြီးများ၊ ကလေးအပန်းဖြေအားကစားကွင်းများ၊ အပန်းဖြေအဆောက်အအုံ၊ စားသောက်တန်းများ၊ အလှမွေးငါး နှင့် လက်ဆောင်ပစ္စည်းဆိုင်ခန်း၊ ကန်ပတ်လည် အပန်းဖြေဥယျာဉ်၊ အပန်းဖြေ စားသောက်ခန်းများ စသည်ဖြင့် ထည့်သွင်းပါဝင်မည်ဖြစ် ပြီး အဆိုပါ ကမ္ဘာ့အဆင့်အတန်းမီ ရေချိုငါး ဥယျာဉ်အသစ်ကြီးကို ရေအောက်ငါးဥယျာဉ်ဒီဇိုင်းရေး ဆွဲရာတွင် ကမ္ဘာကျော်နာမည်ကြီး ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် ဩစတြေးလျနိုင်ငံ အခြေစိုက် (Advanced Aquarium Technologies Pty) နှင့် ပူးပေါင်း၍ အမေရိကန်ဒေါ်လာ ၁၅ သန်း အကုန်အကျခံပြီး နှစ်နှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်သည်။ ယင်းအသစ်ထပ်မံတည်ဆောက်မည့် ရေချိုငါးဥယျာဉ်ကြီးအတွင်း၌ ရေချိုငါးမျိုးစိတ်များသာမက ကမ္ဘာ့နာမည်ကြီး ရေငန်ငါးမျိုးစိတ်များကိုပါ အသစ်ထပ်မံထည့်သွင်းပြသပေးသွားမည် ဖြစ်ကြောင်း သိရသည်။

၎င်းရေချိုငါးဥယျာဉ်ကြီးသည် ဧရိယာ ငါးဧက ကျယ်ဝန်းပြီး ယခုအခါ ဥယျာဉ်အတွင်း၌ ရေတံခွန် (Water Fall) နှစ်ခု၊ ငါးပြကန် (မှန်ကန်) ၁၂ ကန်၊ ငါးပြကန် (အုတ်ကန်)နှစ်ကန်၊ ပင်မရေသိုလှောင်ကန် တစ်ကန်၊ စမ်းချောင်း၊ လိုဏ်ဂူနှင့် နားနေဆောင်ခန်းမကျယ်၊ လက်မှတ်ရုံ စသည်တို့အပြင် ပြခန်းအတွင်း၌ ငါးမျိုးစိတ် ၂၃ မျိုးရှိပြီး ကောင်ရေ ၁၀၈၃၂ ကောင်ဖြင့် ဖွင့်လှစ်လျက်ရှိသည်။ ယခုဝင်ကြေးမှာ လူကြီး တစ်ဦး ငွေကျပ် ၁၀၀၀နှင့် ကလေး တစ်ဦး ငွေကျပ် ၅၀၀ နှုန်းတို့ဖြင့် ဝင်ရောက်ကြည့်ရှုခွင့် ပြုလျက်ရှိသည်။

(မြန်မာ့အလင်း)

◆ *ရှေ့ဖုံးမှ*

ဆွေးနွေးသည့်အခါ စိုးရိမ်ပူပန်မှုများကိုသာ ပြောကြားခဲ့ရပါကြောင်း၊ သမ္မတကြီး၏ အစိုးရသစ်လက်ထက်တွင် မြန်မာနိုင်ငံအကြောင်း ဆွေးနွေးသည့်အခါ အနာဂတ် မျှော်လင့်ချက်များနှင့် ပတ်သက်၍ တက်ကြွစွာ ဆွေးနွေးနိုင်ကြပြီဖြစ်ပါကြောင်း၊ အနာဂတ်တွင် ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံနှင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထပ်လောင်းအတည်ပြု ပြောကြားခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့် ဦးရဲထွဋ်တို့ တက်ရောက်ကြပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့်အတူ ကုလသမဂ္ဂ အကြီးတန်း အကြံပေးပုဂ္ဂိုလ် Mr. Jeffrey Feldman နှင့် Ms.Noeleen Heyzer၊ ပြောရေးဆိုခွင့်ရှိသူ Mr. Martin Nesirky၊ မလေးရှား၊ စင်ကာပူ၊ ဘရူနိုင်းနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး Ms. Michelle Gyles-Mc Donnough တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

မုန်တိုင်းအန္တရာယ်မှ ရှောင်ရှားကာကွယ်နိုင်ရန် သတိပေးချက်ထုတ်ပြန်

နေပြည်တော် အောက်တိုဘာ ၁၁

အောက်တိုဘာ ၁၁ ရက် ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသော အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း ဖိုင်လင်း (PHAILIN) သည် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းသို့ ရောက်ရှိခဲ့ပြီး ပုသိမ်မြို့၏ အနောက်တောင်ဘက်မိုင် ၃၉၀ ခန့်၊ ဂွမြို့၏ အနောက်တောင်ဘက် ၃၈၅ မိုင်ခန့်၊ ကိုကိုးကျွန်းမြို့၏ အနောက်မြောက်ဘက် မိုင် ၃၅၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းသည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး ဗဟိုချက်အနီးတွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင်မိုင် ၁၀၀ မှ မိုင် ၁၂၀ အထိရှိနိုင်သည်။ ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်။

အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံကမ်းခြေသို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိဟုသတ်မှတ်သော်လည်း မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် မုန်တိုင်းအန္တရာယ်ရှောင်ရှားရန် လိုအပ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

သို့ဖြစ်၍ မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော ကမ်းနီး ငါးဖမ်းလှေများ၊ ပြည်တွင်း/ပြည်ပ ကမ်းဝေးငါးဖမ်းရေယာဉ်များအနေဖြင့် အဆိုပါ မုန်တိုင်းအန္တရာယ်မှ ရှောင်ရှားကာကွယ်နိုင်ရန်အတွက် အောက်ဖော်ပြပါ တည်နေရာများတွင် အချိန်မီ ခိုလှုံကြပါရန် လိုအပ်ပါသည်-

(က) ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဖရုံဂါကျွန်း (မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်)

(ခ) ရခိုင်ပြည်နယ် သံတွဲမြို့နယ် သပြုချိုင် (ANDREW BAY) (မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်)

(ဂ) ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ငလပွေ့ချောင်း (မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်)

(ဃ) ရခိုင်ပြည်နယ် သံတွဲမြို့နယ် ဆင်ခေါင်းဆိပ်ကမ်း (မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်)

(င) ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် သင်္ဘောဆိပ် (မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်)

(စ) ရခိုင်ပြည်နယ် ဂွမြို့နယ် တင်းတောကျေးရွာအုပ်စု အမော်ချိုင် (မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄မိနစ်)

(ဆ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်း (HAINGYI ISLAND) (မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀မိနစ်)

(ဇ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပြင်ခရိုင် ချောင်းဝကျေးရွာ (မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ်၉၄ ဒီဂရီ ၂၄ ဒသမ ၄၀ မိနစ်)

(ဈ) ဧရာဝတီတိုင်းဒေသကြီး ကဒုံကနိကျေးရွာ (မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆မိနစ်)

ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးရှိ ကမ်းနီးငါးဖမ်းရေယာဉ်များသည် ငါးဖမ်းဆီးထွက်ခွာခြင်း မပြုကြရန်နှင့် နီးစပ်ရာလုံခြုံသည့် ကျွန်းများတွင် ကျွန်းခိုကြရန် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ကြေညာထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ငူမြို့ တည်းခိုခန်းတစ်ခုတွင် ပေါက်ကွဲမှုဖြစ်ပွား နှစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

တောင်ငူ အောက်တိုဘာ ၁၁

တောင်ငူမြို့ (၁၇)ရပ်ကွက် ကန်လမ်းရှိ ချမ်းမြေ့ဧည့်ရိပ်သာတွင် ယနေ့ည ၈ နာရီ မိနစ် ၅၀ က ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဧည့်ရိပ်သာ၏အပေါ်ထပ် အခန်းနံပါတ် (၆)မှ ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ယင်းအခန်းတွင် တည်းခိုနေသူ နေမျိုးကျော်(၂၉ နှစ်) ငှက်ပျောတောကျေးရွာ လယ်ဝေးမြို့နေသူမှာ ပေါက်ကွဲမှုကြောင့် နေရာတွင် ပွဲချင်းပြီး သေဆုံးခဲ့သည်။ နေမျိုးကျော်နှင့်အတူနေသူ မယုခိုင် (၂၄နှစ်) မြို့မ (၄)ရပ်ကွက် ညောင်လေးပင်မြို့နေသူမှာလည်း ဒဏ်ရာများရရှိပြီးနောက် တောင်ငူပြည်သူ့ဆေးရုံသို့တင်ပို့ခဲ့ရာ ဆေးရုံ၌ သေဆုံးသွားသည်။ အခန်း(၆)နှင့်ကပ်လျက် အခန်း(ဘီ)တွင် တည်းခိုသူ မငြိမ်းသီတာ မြို့မ(၄)ရပ်ကွက် ညောင်လေးပင်မြို့မှာ (စိုးရိမ်ရ) ဒဏ်ရာရရှိပြီး ဆေးရုံ၌ ဆေးကုသမှုခံယူနေကြောင်းသိရှိရသည်။

သူရ(တောင်ငူ)

ပေါက်ကွဲမှုဖြစ်ပွားသည့် ဧည့်ရိပ်သာမှ အခန်း။

သတိပေးချက်

၁။ မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့်။ ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။
၂။ မီးစတင်လောင်ကျွမ်းသောအချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှု မများနိုင်ပါ။
၃။ အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ယာဉ်တိုင်းတွင် D.C.P(Dry Chemical Powder Extingulsher) ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးများဆောင်ထားခြင်းဖြင့် အလျင်အမြန်မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။

မီးသတ်ဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)
ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ကျေးလက်လမ်း၊ တံတားများ၊ ရေပေးရေး၊ ကျေးလက်မီးလင်းရေး၊ ကျေးလက်အိမ်ရာ ယင်လုံအိမ်သာလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ရှမ်းပြည်နယ်/ရှမ်းပြည်နယ်ရုံးခွဲများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်းများတွင် ကျေးလက်လမ်း၊ တံတား၊ ရေပေးရေး၊ ကျေးလက်မီးလင်းရေး၊ ကျေးလက်အိမ်ရာ၊ ယင်လုံအိမ်သာလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန်ဖိတ်ခေါ်ပါသည်-

စဉ်	လုပ်ငန်းတည်နေရာ	လုပ်ငန်းများ									
		လမ်း			တံတား		ရေပေးရေး	ကျေးလက်မီးလင်းရေး		ကျေးလက် အိမ်ရာ	ယင်လုံ အိမ်သာ
		ကတ္တရာ	ကျောက်	မြေ	သစ်သား(ပေ)	ရေပြွန်(ပေ)		ရေအားလျှပ်စစ်	ဆိုလာစနစ်		
၁။	ရှမ်း(တောင်)	၁၂/၀	၂၃/၅.၆	၆၀/၀	၃၄၄	၅၀၀	၁၃	၆	၈၉၁	၃၄	၁၀၀
၂။	ရှမ်း(မြောက်)	၁၂/၀	၁၈/၂	၅၄/၀	၁၉၈၄	၈၄၅	၁၃	၃	၁၁၉၁	၃၄	၁၀၀
၃။	ရှမ်း(ရှေ့)	၆/၀	၁၂/၀.၄	၃၀/၀	၆၇၂	၇၅၅	၉	၆	၈၀၈	-	-
	ပေါင်း	**၃၀/၀**	**၅၄/၀**	**၁၄၄/၀**	**၃၀၀၀**	**၉၀၀**	**၃၅**	**၁၅**	**၂၈၉၀**	**၆၈**	**၂၀၀**
	ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်းများ										
၄။	ပအိုဝ်း	၅/၀	၁၀/၀	၂၅/၀	၅၀၀	၃၅၀	၃၅	၈	-	၈	၆၀
၅။	ပလောင်	၅/၀	၁၀/၀	၂၅/၀	၅၀၀	၃၅၀	၃၅	၈	-	၈	၆၀
၆။	ဓနု	၅/၀	၁၀/၀	၃၀/၂	၅၀၀	၃၅၀	၃၅	၈	-	၈	၆၀
၇။	ကိုးကန့်	၅/၀	၁၀/၀	၂၅/၀	၅၀၀	၃၅၀	၃၅	၇	-	၈	၆၀
၈။	ဝ	၅/၀	၁၀/၀	၂၅/၀	၅၀၀	၃၅၀	၂၄	၈	-	၈	၆၀
	ပေါင်း	**၂၅/၀**	**၅၀/၀**	**၁၃၀/၂**	**၂၅၀၀**	**၁၇၅၀**	**၁၆၄**	**၃၉**	**-**	**၄၀**	**၃၀၀**
	စုစုပေါင်း	**၅၅/၀**	**၁၀၄/၀**	**၂၇၄/၂**	**၅၅၀၀**	**၂၆၅၀**	**၁၉၉**	**၅၄**	**၂၈၉၀**	**၁၀၈**	**၅၀၀**

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၃-၁၀-၂၀၁၃ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၂-၁၀-၂၀၁၃ရက် ၁၆း၃၀နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။ တင်ဒါလုပ်ငန်းတစ်ခုထက်ပို၍တင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် သက်ဆိုင်ရာလုပ်ငန်းတစ်ခုချင်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတစ်ခုချင်း တင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါပေးသွင်းရမည့်လိပ်စာမှာ ရှမ်းပြည်နယ် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၊ သပြေလမ်း၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုသည့်အချက်များကို ဤဦးစီးဌာန၏ ဖုန်း-၀၉-၆၅၂၀၃၃၃၊ ၀၉-၃၆၀၅၅၉၄၆၊ ၀၉-၅၂၈၃၂၆၀၊ ၀၉-၄၉၂၃၄၄၇၅၊ ၀၉-၅၀၈၀၉၄၁တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
ရှမ်းပြည်နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
တောင်ကြီးမြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားအထူးအဖွဲ့(၁၀)၊ ကျောက်တော်မြို့မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တာဝန်ယူတည်ဆောက်မည့် တောင်ကုတ်-မအီလမ်းပေါ်ရှိ ထောင့်ချိုင့်တံတား၊ မာန်အောင်ကျွန်းပတ်လမ်းပေါ်ရှိ တံတားများနှင့် တလိုင်းတောင်တံတားလုပ်ငန်းများအတွက် လိုအပ်သောတည်ဆောက်ရေးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်	ရေတွက်ပုံ
ထောင့်ချိုင့်တံတား၊ တံတားအမှတ်စဉ်(၁/၁၁)			
၁။	ဘိလပ်မြေ	၉၂.၃၇	တန်
၂။	သံချောင်းလုံး(ရွယ်စုံ)	၁၆.၉၆	တန်
၃။	မြစ်ကျောက်စရစ်	၁၁၆.၄	ကျင်း
၄။	မြစ်သဲကြမ်း	၆၁.၁၉	ကျင်း
၅။	အခြားသား(ရွယ်စုံ)	၁၈.၅၇	တန်
မာန်အောင်ကျွန်းပတ်လမ်းတံတားများ			
၆။	12"x6" 1 beam (4m)	၈၄	ချောင်း
၇။	8"x4" C chanel beam (3m)	၃၂၂	ချောင်း
၈။	3"x3" Angle	၂၂၄၀	ပေ
တလိုင်းတောင်တံတား၊ တံတားအမှတ် ၁/၃၀			
၉။	မြစ်သဲကြမ်း	၅၀	ကျင်း

တင်ဒါပေးသွင်းရမည့်ရက် - ၁၀-၁၀-၂၀၁၃ ရက်မှ ၂၇-၁၀-၂၀၁၃ ရက်
အချိန် - ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီ
တင်ဒါစိစစ်ရွေးချယ်မည့် နေ့ရက်နှင့်အချိန် - ၂၈-၁၀-၂၀၁၃ ရက် နံနက် ၁၀း၀၀နာရီ
တင်ဒါစိစစ်ရွေးချယ်မည့်နေရာ - ဒု-အင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့(၁၀)၊ ကျောက်တော်မြို့၊ ဖုန်း-၀၄၃-၇၀၂၅၈

၁။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားအထူးအဖွဲ့(၁၀)၊ ကျောက်တော်မြို့၊ ဒု-အင်ဂျင်နီယာမှူးကြီးရုံးတွင် ၁၀-၁၀-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

ရခိုင်ပြည်နယ် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ စစ်တွေမြို့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရခိုင်ပြည်နယ် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် စစ်တွေမြို့တွင် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် တည်ဆောက်မည့် ပြည်နယ်ဦးစီးမှူးရုံးနှင့် အိမ်ရာများအားရေးဆွဲထားသော ဗိသုကာပုံစံများအတိုင်းဆောက်လုပ်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

အဆောက်အအုံများ

(က) ပြည်နယ်ဦးစီးမှူးရုံး ၁ လုံး ၂၃၃၃ စ/ပေ
(ခ) နှစ်ခန်းတွဲနှစ်ထပ်(၁) ၁ လုံး ၂၆၈၀ စ/ပေ
(ဂ) နှစ်ခန်းတွဲနှစ်ထပ်(၂) ၁ လုံး ၂၆၈၀ စ/ပေ
(ဃ) လေးခန်းတွဲနှစ်ထပ် ၁ လုံး ၅၃၆၀ စ/ပေ

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၁၄-၁၀-၂၀၁၃ ရက်
တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၃၁-၁၀-၂၀၁၃ ရက်
တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - ၁၆း၀၀ နာရီ

၃။ တင်ဒါလျှောက်လွှာများကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၊စစ်တွေမြို့၊ ရုံးဖုန်း-၀၄၃-၂၂၇၅၂သို့ ၁၄-၁၀-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါကြီးကြပ်ရေးအဖွဲ့

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ယာဉ်မောင်းလိုင်စင်နှင့် မော်တော်ယာဉ်လိုင်စင်များ သက်တမ်းတိုးပေးမည်

နေပြည်တော် အောက်တိုဘာ ၁၁

မြို့ပြများတွင်သာမက ကျေးလက်ဒေသများအထိပါ တစ်နေ့ထက်တစ်နေ့ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များနှင့် သုံးဘီးဆိုင်ကယ်များ အသုံးပြုစီးနင်းမှု ပိုမိုလာသည်ကို တွေ့ရသည်။ သို့သော်လည်း ယာဉ်အသုံးပြုသူများသည် ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်လိုင်စင်များ သက်တမ်းတိုးဆောင်ရွက်ရန် အားနည်းနေသေးသည်ကို တွေ့ရသည်။

နေပြည်တော်ရှိ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ယာဉ်အသုံးပြုသူများ လွယ်ကူချောမွေ့စွာ လိုင်စင်ပြုလုပ်နိုင်စေရေးအတွက် နေပြည်တော်ကောင်စီ နယ်မြေများဖြစ်သည့် တပ်ကုန်းမြို့၊ ပျဉ်းမနားမြို့နှင့် လယ်ဝေးမြို့တို့တွင် အလှည့်ကျလိုက်လံဆောင်ရွက်ပေးလျက်ရှိသည်။ အောက်တိုဘာ ၁၂၊ ၁၃ ရက် တွင်လည်း လယ်ဝေးမြို့တွင် မော်တော်ယာဉ်များ၊ မော်တော် ဆိုင်ကယ်များနှင့် ယာဉ်မောင်းလိုင်စင်များ ပြုလုပ်ပေးမည်ဖြစ်ကြောင်း၊ နေပြည်တော်ရှိ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူ ဦးလှမျိုးက ပြောကြားသည်။

"နယ်ကလူတွေက ယာဉ်လိုင်စင်၊ ဆိုင်ကယ်လိုင်စင်တွေနဲ့ ယာဉ်မောင်းလိုင်စင်တွေ သက်တမ်းကုန်လို့ ကုန်မှန်းမသိ၊ သိတော့လည်း သက်တမ်းတိုးဖို့မလုပ်ကြဘူး။ တကယ်လို့ ဆိုင်ကယ်စီးရင်း ယာဉ်ထိန်းရဲတွေကဖမ်းရင် ဒဏ်ကြေးငွေကျပ် ငါးသောင်းကျော်တောင် ပေးဆောင်ကြရတယ်။ အဲဒီလိုအဖြစ်မျိုးနဲ့မကြုံချင်ရင် ကိုယ့်လိုင်စင်တွေရဲ့သက်တမ်းကို မှတ်သားထားပြီး သက်တမ်းကုန်တာနဲ့ ချက်ချင်း သက်တမ်းတိုး ဆောင်ရွက်သင့်ပါတယ်။ အခု ကျွန်တော်တို့ နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မြို့နယ်တစ်ခုချင်းအလိုက် လိုင်စင်သက်တမ်းတိုးတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အခု အောက်တိုဘာ ၁၂၊ ၁၃ ရက်မှာ လယ်ဝေးမြို့နယ်တွင် ဆောင်ရွက်ပေးပြီး နောက်အပတ်တွေမှာ တပ်ကုန်းမြို့နယ်မှာ ပြုလုပ်ပေးဖို့ စီစဉ်ထားပါတယ်။ တချို့က ယာဉ်သာဝယ်စီးတာ သက်တမ်းကုန်လို့ ဘယ်မှာ သက်တမ်းတိုးရမှန်းမသိ ဖြစ်နေကြတယ်။ ဒါကြောင့် ဒီလိုအခက်အခဲရှိသူတွေကို ကျွန်တော်တို့ဌာနအနေနဲ့ သွားရောက်ပြီး လိုင်စင်တွေရဲ့ သက်တမ်းကို တိုးမြှင့်ပေးခြင်းတွေ ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု ဆက်လက်ပြောကြားခဲ့သည်။

နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အနေဖြင့် နေပြည်တော် လယ်ဝေးမြို့နယ်တွင် လိုင်စင်သက်တမ်းတိုး၊ ယာဉ်မောင်းလိုင်စင်များ ပြည်သူကိုဗဟိုပြု၍ One Stop Service အဖြစ် ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျော်သူဝင်း(မြန်မာ့အလင်း)

ပြီးခဲ့သည့်လကတပ်ကုန်းမြို့၌ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်များ ပြုလုပ်ပေးစဉ်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေအိမ်နှင့် လယ်မြေများ ရေနစ်မြုပ်

မင်းကင်း အောက်တိုဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် စက်တင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်တွင်းချောင်းနှင့် ပထိုးလုံးချောင်းများ ရေလျှံကာ ကျေးရွာ ၁၉ ရွာမှ လယ်မြေဧက ၁၇၈၀ ကျော် ရေနစ်မြုပ်ခဲ့ပြီး နွားလေးကောင်နှင့် ဝက် ၁၀ ကောင် သေဆုံး၊ ပျောက်ဆုံးကာ ချောင်းဝကျေးရွာတွင် သွပ်မိုး၊ ထရံကာလူနေအိမ်သုံးလုံး ပျက်စီးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

မင်းကင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီ၊ အထောက်အကူပြုကော်မတီသည် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာ၌ ကြီးကြပ်ကွပ်ကဲရေးမှူးရုံး ဖွင့်လှစ်ကာ ဌာနဆိုင်ရာများသည် လူမှုအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၃၅၀၊ လူဦးရေ ၁၄၂၀ တို့ကို ခေါက်ဆွဲခြောက်ထုပ် ၄၈၀ နှင့် မုန့်ထုပ်များ၊ ရပ်ကွက်နေပြည်သူများနှင့် နီးစပ်ရာ ကျေးရွာနေပြည်သူများက ထမင်းထုပ်များ ပေးဝေခဲ့ကြောင်း သိရသည်။

နေစု(ချင်းရိုးမ)

စဉ့်ကူးမြို့တွင် ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေး

စဉ့်ကူး အောက်တိုဘာ ၁၁

ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့တွင် အောက်တိုဘာ ၇ ရက်က ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးပေးခဲ့ကြောင်းသိရသည်။

အခမဲ့ထိုးနှံပေး

စဉ့်ကူးမြို့နယ်အတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ခွေးရူးပြန်ရောဂါကာကွယ်ဆေး ခွေးကောင်ရေ ၁၀၀၀ အတွက် ထိုးဆေး ၁၀၀၀ အခမဲ့ရရှိရာ မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာအောင်ဝင်းနှင့် သင်တန်းသားများသည် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် စဉ့်ကူးမြို့ အမှတ်(၁) ရပ်ကွက်နှင့် အမှတ်(၂) ရပ်ကွက်တို့တွင် ခွေးကောင်ရေ ၁၀၀ ကျော်ကို အခမဲ့ထိုးနှံပေးခဲ့သည်။ တစ်ဆက်တည်းမှာပင် ကျေးရွာအုပ်စုများသို့လည်း ကွင်းဆင်း၍အခမဲ့ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၃၃)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ

အားကစားဝန်ကြီးဌာန

၁။ ၁၆-၈-၂၀၁၃ရက်တွင် တင်ဒါခေါ်ယူတင်သွင်းပြီးသော Social Zone များရှိ လူသုံးကုန်နှင့် Foot Court ဆိုင်ခန်းများအား အောက်ပါအပိုဒ်(က)မှ (ဃ)ရှိ (၁)ယူနစ် အခန်းအရွယ်အစားနှင့် ဈေးနှုန်းများအတိုင်း သတ်မှတ်ငှားရမ်းခဲ့ပြီးဖြစ်ပါသည်။ တင်ဒါခေါ်ယူပြီး လက်ကျန်ဆိုင်ခန်းများမှာ အားကစားရွာ Social Zone တွင်လူသုံးကုန်ဆိုင်ခန်း(၂၄' ×၂၈')၊ ကျပ်သိန်း၂၀တန် (၂)ယူနစ်၊ ဝဏ္ဏသိဒ္ဓိ Social Zone တွင် (၂၈' ×၂၈')၊ ကျပ်၂၅သိန်းတန် (၂၀)ယူနစ်နှင့် ဇေယျာသီရိ Social Zone တွင် လူသုံးကုန်ဆိုင်ခန်း (၁၄' ×၂၀')၊ ကျပ်၁၅သိန်းတန် (၉)ယူနစ်၊ စားသောက်ဆိုင် Foot Court(၁၄' ×၂၀')၊ ကျပ်၁၀သိန်းတန် (၂၀)ယူနစ် ကျန်ရှိနေပါသဖြင့် ငှားရမ်းလိုသူများသည် ရုံးအမှတ်(၃၁)၊ အားကစားဝန်ကြီးဌာန၊ ဘဏ္ဍာရေးဌာနသို့ ဆက်သွယ် ငှားရမ်းနိုင်ပါသည်-

(က) ဝဏ္ဏသိဒ္ဓိ Social Zone (၂၈' ×၂၈') လူသုံးကုန်နှင့် ဝန်ဆောင်မှုဆိုင်ခန်း (၁)ယူနစ် - ၂၅ သိန်း

(ခ) အားကစားရွာ Social Zone(၂၄' ×၂၈') လူသုံးကုန်နှင့် ဝန်ဆောင်မှုဆိုင်ခန်း (၁)ယူနစ် - ၂၀ သိန်း

(ဂ) ဇေယျာသီရိ Social Zone(၁၄' ×၂၀') လူသုံးကုန်နှင့် ဝန်ဆောင်မှုဆိုင်ခန်း (၁)ယူနစ် - ၁၅ သိန်း

(ဃ) ဇေယျာသီရိ Social Zone(၁၄' ×၂၀') စားသောက်ဆိုင်ခန်း(Foot Court) (၁)ယူနစ် - ၁၀ သိန်း

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

ဖုန်း-၀၆၇-၄၀၆၂၁၈၊ ၀၉-၄၂၀၇၂၃၇၄၅

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်အတွင်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါဌာနများမှ လုပ်ငန်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(က) ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၁) ကတ္တရာ	၂/၀	မိုင်/ဖာလုံ
(၂) မြေသားလမ်းသစ်	၁၆၉/၄	မိုင်/ဖာလုံ
(၃) ၁၈ပေ အကျယ်မြေသားလမ်းတိုးချဲ့ခြင်း	၉၃/၀	မိုင်/ဖာလုံ
(၄) ဘေလီသံဘောင်တံတား	၇၅	ပေ
(၅) မြေသားရေကန်	၁	ကန်
(၆) ဂါလန် (၁၀၀၀၀)ဆံ့ အုတ်ရေကန်	၄	ကန်
(၇) စိမ့်စမ်းရေသွယ်	၃၀	လုပ်ငန်း
(၈) နေရောင်ခြည်စွမ်းအင်	၆၃၉	လုပ်ငန်း

(ခ) ပြည်နယ်နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၁) မြေသားလမ်းသစ်	၈၃/၀	မိုင်/ဖာလုံ
(၂) ကျောက်လမ်း	၂၆/၀	မိုင်/ဖာလုံ
(၃) စိမ့်စမ်းရေသွယ်	၉	လုပ်ငန်း
(၄) နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာ	၉	လုံး

(ဂ) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

(၁) မြေသားလမ်း	၄၉	မိုင်/ဖာလုံ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၀-၁၀-၂၀၁၃ရက်တွင် စတင်ရောင်းချမည်ဖြစ်ပြီး ၃၁-၁၀-၂၀၁၃ ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို ရောင်းချမည့်လိပ်စာနှင့် တင်ဒါတင်သွင်းရမည့်လိပ်စာမှာ တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၊ ဟားခါး-ဂန့်ဂေါလမ်း၊ ပြည်တော်သာရပ်ကွက်၊ ဟားခါးမြို့ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၀-၂၁၃၂၅၊ ၀၉-၂၄၅၀၃၈၅၊ ၀၉-၆၅၀၀၁၄၅၊ ၀၉-၂၄၅၀၀၂၁၊ ၀၉-၄၇၁၇၀၀၉တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

အမှတ် ၅၆၊ ဓမ္မိကဝတီလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ အိမ်မြေနှင့်ပတ်သက်၍ အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ မြေတိုင်းရက်ကွက်အမှတ် ၂၈(စီ)၊ မြေကွက်အမှတ် ၉၇၈၊ မြေပိုင်မြေအမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ရင်မြ ၁၂/ရကန(နိုင်)၀၄၄၁၉၅မှ ၁၉၅၉ခုနှစ်ကတည်းက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၂၁၂/၅၉ဖြင့် တရားဝင်အမည်ပေါက်ပိုင်ဆိုင်ခဲ့သော အိမ်မြေဖြစ်ပြီး ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်ရင်မြသည် အဆိုပါအိမ်မြေအား စတင်ပိုင်ဆိုင်ခဲ့သော ၁၉၅၉ခုနှစ်မှစတင်၍ ယနေ့တိုင် အဆိုပါအိမ်မြေအား မည်သူတစ်ဦးတစ်ယောက် ကိုမှ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ ပေးကမ်းခဲ့ခြင်းလည်းမရှိခဲ့ပါ။

ထို့ကြောင့် ပိုင်ရှင် ဒေါ်ခင်ရင်မြ၏ တရားဝင်ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ အချင်းဖြစ်အိမ်မြေနှင့်ပတ်သက်သည့် စီမံခန့်ခွဲမှုမှန်သမျှသည်လည်း တရားမဝင်သောနည်းလမ်းဖြင့် ဆောင်ရွက်ခြင်းသာဖြစ်သည့်အတွက် ယင်းကိစ္စနှင့်ပတ်သက်၍ ဒေါ်ခင်ရင်မြမှ ဥပဒေနှင့်အညီ ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။

သို့ဖြစ်၍ ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်ရင်မြ၏ တရားဝင်ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ အချင်းဖြစ်အိမ်မြေအား ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အိမ်ဆောက်လုပ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့အပြင် နည်းလမ်းတစ်ရပ်ရပ်အားဖြင့် စီမံခန့်ခွဲခြင်းတို့ကိုလည်း မပြုလုပ်ကြပါရန် နစ်နာသူများ မပေါ်ပေါက်စေရေးအတွက် ကြိုတင်သတိပေးတားမြစ်အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ) (စဉ်-၆၇၀၂)
အမှတ် ၅၆၁၊ (M.A.C Tower)၊ အခန်း ၃၀၂၊
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

မောင်နှမအဖြစ်မှ မသက်ဆိုင်ပါကြောင်း

ကျွန်တော်၏ညီမ နီလာမြင့်မိုရ်(ခ)လက်ချ်မီး ၁၃/လလန(ဧည့်)၀၀၀၁၅၂သည် အစ်ကို၊ အစ်မ၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ မောင်နှမအဖြစ်မှ မသက်ဆိုင်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ကိုဂနက်(စ်)၊ ဒေါ်ရာမနား

ပြည်တွင်းသတင်း

နယုန်လနှင့် ဝါဆိုလ မိုးခေါင်သော်လည်း မြေပဲစိုက်တောင်သူများ တင်းကိုက်ထက် ကျော်လွန်ထွက်ရှိ

ညောင်ဦး အောက်တိုဘာ ၁၁

ညောင်ဦးမြို့နယ်သည် ပင်မမြစ်ရေတင် ငါးခုရှိပြီး လယ်များတွင်လည်း စပါးများ စိုက်ပျိုးလျက်ရှိသည်။ လယ်စပါးစိုက်သည့် လယ်မြေများမှာ မြစ်ရေတင်နှင့်အနီးပတ်ဝန်းကျင်သာ စိုက်နိုင်ပြီး ကျန်မြေဧကများမှာ မိုးကောင်းကြိုက်သီးနှံများ စိုက်ပျိုးကြရသည်။

မိုးကောင်းကြိုက် စိုက်ပျိုးပြီဆိုသော်လည်း သုံးလပဲခေါ် ပဲလေးနှင့် ခြောက်လပဲခေါ် ပဲကြီး၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ဖရဲ စသည့် သီးနှံများကို စိုက်ပျိုးကြရသည်။ ထိုသို့ စိုက်ပျိုးရာတွင် ယခုနှစ်မှာဆိုလျှင် ကဆုန်လမှာ တစ်မိုးသာရွာပြီး မိုးဦးသီးနှံအဖြစ် ပဲကြီး၊ ပဲလေးကို စိုက်ပျိုးခဲ့ကြသည်။ ကဆုန်တစ်မိုးရွာပြီး နောက်ထပ် နယုန်နှင့် ဝါဆိုတွင် မိုးခေါင်ခဲ့သည်။ တောင်သူများပင် ယခုနှစ် ဘယ်သီးနှံမှ မျှော်လင့်ချက်မရှိဟု ဖြစ်ခဲ့ရသည်။ မမျှော်လင့်ဘဲ ဝါခေါင်လဆန်းပိုင်းရောက်မှ မိုးအနည်းငယ်ကျပြီး ဝါခေါင်လပြည့်ကျော်မှ မိုးရွာလာသည့်အတွက် မြေပဲကြီး၊ မြေပဲလေးများ အပွင့်တွေပွင့်ပြီး ဥများအောင်မြင်လာခဲ့သည်။

တောင်သူများလည်းဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ပြီး ယခုသီတင်းကျွတ်လဆန်းပိုင်းမှာ သုံးလပဲခေါ်မြေပဲကြီးပေါ်သည်ဖြစ်သည်။ ဖော်ပြီးကြသည့် တောင်သူများ၏ မြေပဲလေးမှာ တစ်တင်းကျလျှင် အတောင့် တင်းနှစ်ဆယ်နှုန်းထွက်သည်။ တချို့လည်း ၂၅ တင်းနှုန်းမှ တင်း ၅၀ အထိထွက်ရှိသည်ဟု ကံသာယာရွာ တောင်သူများထံမှ သိရသည်။ ပဲလေးထွက်ရှိမှု အနည်းအများကွာဟချက်မှာ အချို့နေရာမှာ မိုးနည်းပြီး အချို့နေရာမှာ မိုးကောင်းသည်။ အချို့တောင်သူများမှာ နွားချေးကိုသုံးပြီး ပေါင်းနှိမ်နင်းနိုင်အောင် နှိမ်နင်းနိုင်လျှင် ပဲများပိုမိုထွက်ရှိကြောင်း၊ ဓာတ်မြေသြဇာသုံးပေးနိုင်လျှင်လည်း ပိုမိုထွက်ရှိကြောင်း၊ စည်သာရွာ သုံးလပဲစိုက်တောင်သူများထံမှ သိရသည်။

သို့အတွက်ကြောင့် ညောင်ဦးမြို့နယ်တွင် မမျှော်လင့်ဘဲနှင့် သုံးလပဲခေါ် မြေပဲလေးများကို တင်းကိုက်ထက် ကျော်လွန်ထွက်ရှိသည့်အတွက်ကြောင့် မြစ်ရေတင်နှင့် နီးသည့်တောင်သူများက ဆောင်းမြေပဲလေးကိုလည်း စိုက်ရန် အားခဲနေကြကြောင်း သူကောင်းတည် မြစ်ရေတင်နှင့် လောကနန္ဒာ မြစ်ရေတင်တောင်သူများထံမှ သိရသည်။

ကျော်ဌေး

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၁-၁၀-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၈၆၅၀၀-၆၄၆၁၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၈၅၅၀၀-၆၄၅၂၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၆၈-၉၇၈	ကျပ်
ဥရောပ	တစ်ယူရို	၁၃၀၃-၁၃၂၅	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၀-၇၈၀	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၅-၃၀.၉	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅-၁၅.၇	ကျပ်
တရုတ်	တစ်ယွမ်	၁၅၉-၁၆၅	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၉-၃၀၅	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၂၀ ကျပ်
ဒီဇယ်	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၂၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၅၀၀-၆၀၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၅၀၀-၄၀၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၈၀၀-၆၈၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၅၀၀-၆၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၂၀၀၀-၃၀၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၅၅၀၀-၂၀၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၅၀၀-၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၅၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နှမ်းဆန်	တစ်အိတ်	၁၈၂၀၀
၂။ ပေါ်ကွဲ	တစ်အိတ်	၂၀၅၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၄၀၀၀-၂၈၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၄၈၃
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၆၃၀-၈၅၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၀၀-၁၈၅၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၇၅-၁၂၀၀
၉။ အာလူး (အောင်ပန်း)	တစ်ပိဿာ	၄၃၀-၅၀၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၁၅၀-၂၂၀၀
၁၁။ ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၂၆၀၀-၃၂၀၀
၁၂။ သကြား	တစ်ပိဿာ	၉၇၀-၁၀၇၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ဝက်မွေးမြူသူများပြား၍ ဝက်စာဖွဲ့ဈေးတက်

မိတ္ထီလာ အောက်တိုဘာ ၁၁

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ကျေးလက်ဒေသများတွင် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိရာ ဝက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ များပြားလာခြင်းကြောင့် ဝက်စာအတွက် ဖွဲ့ဈေးကောင်းလျက်ရှိကြောင်း သိရသည်။

ဝက်မွေးမြူရေး လုပ်ငန်းသည် အိမ်ရှင်မများ မိမိနေအိမ်တွင် အိမ်မှုကိစ္စများဆောင်ရွက်ရင်းဖြင့် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိသောလုပ်ငန်းဖြစ်၍ ကျေးရွာများတွင် တစ်ပိုင်တစ်နိုင် ဝက်မွေးမြူသူများပြားလာတာပါ။ ဝက်ကျင်းတက်တစ်ကောင်ကို ငွေကျပ် ၄၅၀၀၀ မှ ၅၀၀၀၀ အထိပေး၍ ဝယ်ယူရပြီး ခြောက်လမှ ခုနစ်လ မွေးမြူကျွေးမွေးခြင်းဖြင့် ငွေကျပ် ၂၀၀၀၀၀ မှ ၃၀၀၀၀၀ အကြား ဈေးရရှိပါတယ်။ ဝက်ကို တစ်နေ့သုံးကြိမ်ကျွေးမွေးရပြီး ဝက်စာအဖြစ် ဖွဲ့တစ်ပိဿာ ငွေကျပ် ၄၀၀ မှ ၄၅၀ ပေးဝယ်ရပါတယ်။ ဝက်မွေးမြူသူများပြားခြင်းကြောင့် ဖွဲ့ဈေးတက်လာခြင်းဖြစ်ပြီး ယခင်က ဖွဲ့တစ်ပိဿာလျှင် ငွေကျပ် ၃၅၀ သာဈေးပေးဝယ်ယူရပါတယ်။ စိုက်ပျိုးစရိတ်ချေးငွေချေးယူပြီး အိမ်မှာ ဝက်ကျင်းတက်တစ်ကောင် မွေးမြူထားပါတယ်။ စိုက်ပျိုးစရိတ်ချေးငွေ (စိုက်ဘဏ်) ပြန်ဆပ်ချိန်တွင် မွေးမြူထားသောဝက်ကို ရောင်းချခြင်းဖြင့် စိုက်ပျိုးစရိတ်ပြန်ဆပ်ရာတွင် အခက်အခဲမရှိရန် မွေးမြူခြင်းဖြစ်ကြောင်း သာစည်မြို့နယ် ကျီတိုင်ကုန်းကျေးရွာ ဒေသခံတစ်ဦးက ပြောကြားကြောင်း သိရသည်။

မျိုးမင်း

ဥတုရာသီတောကိုမှီ

ဗုဒ္ဓဂယာမြေမြတ်မဟာရှိ မဟာဗောဓိစေတီတော် ဗောဓိပင်ရင်း၌ (၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ပိဋကသုံးပုံရွတ်ဖတ်ပူဇော်ပွဲကျင်းပမည်

မြတ်ဗုဒ္ဓသဗ္ဗညုတဉာဏ်တော်မြတ်ကိုရရှိတော်မူရာ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ မဟာဗောဓိစေတီတော်ဝင်း အတွင်း၌ အပြည်ပြည်ဆိုင်ရာတိပိဋကဘာဏကကောင်စီမှ နှစ်စဉ်ကျင်းပလျက်ရှိသော (၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ပိဋကတ်တော် ရွတ်ဖတ်ပူဇော်ပွဲကြီးကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂ ရက်မှ ၁၂ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပါသည်။ ယင်းပွဲတော်ကြီးကို မြန်မာနိုင်ငံသားဗုဒ္ဓဂယာဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပရဒေသီသံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တဉာဏိန္ဒဆရာတော်ကြီး ဦးဆောင်၍ မြန်မာနိုင်ငံသားအလှူရှင်များနှင့် ပူးပေါင်းကာ ခမ်းခမ်းနားနားကျင်းပမည်ဖြစ်ပါသည်။ မြတ်ဗုဒ္ဓ၏ နှုတ်ထွက်တော် ဓမ္မပိဋကတ်တော်များကို မြေမြတ်မဟာဖြစ်သည့် မဟာဗောဓိပင်ရင်း၌ အထူးပူဇော်မည့်ပွဲတော်ကြီးဖြစ်သောကြောင့် ကြုံတောင့်ကြုံခဲ ထူးကဲလှသည့် ဓမ္မဒါနအလှူတော်ကြီးအတွက် ပါရမီကုသိုလ်ထူးများဆည်းပူး၍ လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

ဆက်သွယ်လှူဒါန်းနိုင်သောဌာနများ

မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်းတော် ကျောင်းလမ်း မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ဖုန်း-၀၁-၅၃၇၅၉၇၊ ဦးခင်မောင်ရီ(ဥက္ကဋ္ဌ) ဖုန်း-၀၉-၇၃၂၄၄၁၂၀၊ ဦးဌေးအောင်(ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၅၁၀၁၅၈၄၊ ဦးသိန်းဇော်(ဘဏ္ဍာရေးမှူး) ရွှေနန်းရိပ်သာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ဖုန်း-၀၉-၇၃၂၀၃၉၇၂၊ မဟာတိုးဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ဖုန်း-၀၁-၂၁၁၇၀၃၊ ဒါနဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ဖုန်း-၀၁-၅၃၆၃၄၈၊ မဇ္ဈိမဂုဏ်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ဖုန်း-၀၁-၂၉၆၄၄၆၊ ရွှေတော်ဝင်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ဖုန်း-၀၁-၂၉၀၂၅၃၊ ဓမ္မပီတိဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ဖုန်း-၀၉-၂၀၃၉၈၈၃၊ ခင်နန္ဒာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ဖုန်း-၀၁-၆၅၅၅၂၀၊ ရွှေမင်္ဂင်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ဖုန်း-၀၁-၅၁၆၇၁၄၊ ရွှေဗောဓိဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ဖုန်း-၀၉-၅၁၁၆၃၆၃၊ မဇ္ဈိမတံခွန်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ဖုန်း-၀၁-၂၀၀၀၁၆၊ မဇ္ဈိမအလင်းဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ဖုန်း-၀၁-၂၅၅၆၉၉၊ ပေါ်ပြူလာစတားဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ဖုန်း-၀၁-၂၀၄၅၂၆၊ ဂင်္ဂါနီဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ဖုန်း-၀၁-၂၉၃၀၁၃တို့နှင့်အတူ မိမိတို့နှင့်နီးစပ်ရာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့များနှင့်လည်း လိုက်ပါ၍ ကုသိုလ်ယူနိုင်ကြပါသည်။

၂၈-၉-၂၀၁၃ရက် ကြေးမုံသတင်းစာ အချပ်ပို(င)နှင့်
၂၅-၉-၂၀၁၃ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၉)ပါ
ဦးသိန်းထိုက်နှင့် တရားလွှတ်တော်ရှေ့နေကြီးဦးကိုကိုတို့၏
အများသိစေရန်ကြေညာခြင်းအပေါ် အများသိစေရန်

ပြန်လည်ရှင်းလင်းအသိပေးကြေညာခြင်း

၂၈-၉-၂၀၁၃ရက်ထုတ်ကြေးမုံသတင်းစာအချပ်ပို (င)နှင့်၂၅-၉-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာစာမျက်နှာ(၁၉)ပါ ဦးသိန်းထိုက်နှင့်တရားလွှတ်တော်ရှေ့နေကြီးဦးကိုကိုတို့၏ အများသိစေရန် ကြေညာခြင်းပါ အကြောင်းအရာများသည် အမှန်တကယ်ရှိသော အကြောင်းအရာများနှင့်ကွဲလွဲနေကြောင်း ကျွန်ုပ်၏မိတ်ဆွေဒေါ်ဝင်းပပ၏ ညွှန်ကြားချက်အရ သိရှိရပါသည်။ ဦးသိန်းထိုက်နှင့်ကျွန်ုပ်၏မိတ်ဆွေဒေါ်ဝင်းပပတို့နှစ်ဦး အမှန်တကယ်ပြုလုပ်ဆောင်ရွက်ခဲ့သည့် ကိစ္စရပ်များသည် ဦးသိန်းထိုက်နှင့်တရားလွှတ်တော်ရှေ့နေကြီးဦးကိုကိုတို့၏ သတင်းစာကြော်ငြာပါအချက်အလက်များနှင့်တူညီမှုမရှိဘဲ လွဲမှားနေပါသည်။ ထို့ကြောင့် လွဲမှားနေသော အချက်အလက်များပါရှိနေသည့် လူကြီးမင်းတို့၏ ကြော်ငြာပါတောင်းဆိုမှုများကို ကျွန်ုပ်၏မိတ်ဆွေမှ လိုက်နာရန် တာဝန်မရှိပါ။ ၎င်းကြော်ငြာပါကိစ္စနှင့်ပတ်သက်၍ ဦးသိန်းထိုက်မှ ကျွန်ုပ်အမှုသည် ဒေါ်ဝင်းပပနှင့် မျက်နှာချင်းဆိုင်လာရောက်၍ ခုနစ်ရက်အတွင်း ဖြေရှင်းပေးရန်အသိပေးအပ်ပါသည်။ အကယ်၍ လူကြီးမင်းတို့ဘက်မှ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်မည်ဆိုပါကလည်း ကျွန်ုပ်၏မိတ်ဆွေဘက်မှ မလွဲမရှောင်သောအားဖြင့် ဥပဒေအရ ပြန်လည်ရင်ဆိုင်ဖြေရှင်းသွားမည်ဖြစ်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းအသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်မင်းနိုင် LL.B, C.B.L , WIPO-DL-101 (GENEVA)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၉၂၇)
အမှတ် ၅၆၁၊ ပထမထပ်၊ M.A.C Tower ၊
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ဒဂုံအထက(၁)၊ ဆဋ္ဌမတန်း(ခ)မှ မဆုဝတီနွယ်၏ဖခင်အမည်မှန်မှာဦးတင်အေး ၁၂/ပတန(နိုင်)၀၀၈၂၂၄ ဖြစ်ပါသည်။

ဦးတင်အေး ၁၂/ပတန(နိုင်)၀၀၈၂၂၄

စာအုပ်စာပေ လူ့မိတ်ဆွေ

၁၁-၉-၂၀၁၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၂၁၌
အထက်တန်းရှေ့နေ ဦးသိန်းဝင်း (စဉ်-၂၀၈၈၇)၏ အများသိစေရန်
အသိပေးကြေညာခြင်း အပေါ် ကန့်ကွက်ခြင်းနှင့် အများသိစေရန်

ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ ဆေးဝါးစက်ရုံလမ်းနှင့် ဇေယျာလမ်းထောင့်၊ အမှတ် ၈၄ဟုခေါ်တွင်သောအိမ်နှင့်တကွ ယင်းအိမ်တည်ရှိရာ မြေပိုင်မြေ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ၂၇-၁၂-၂၀၀၂ ရက်စွဲပါ **မြေကွက်နှင့်အဆောက်အအုံ အပြီးအပိုင်အရောင်းအဝယ်ပြုလုပ်သည့်နှစ်ဦးသဘောတူစရန်ပေးကတိစာချုပ်ဖြင့်** တရားဝင်လက်ရှိပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုသူ ဦးသန်းထွန်းပါ (၉)ဦးထံမှဝယ်ယူ၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ အပြီးအပိုင်အရောင်းအဝယ်ပြုလုပ်ရန်ဆောင်ရွက်နေသည့်မြေနှင့်အိမ်ဖြစ်ပါ၍ အဆိုပါမြေနှင့်အိမ်ကို ဝယ်ယူပါက ဝယ်ယူသူ၏တာဝန်သာဖြစ်ပါကြောင်း၊ အထက်တန်းရှေ့နေ ဦးသိန်းဝင်း(စဉ်-၂၀၈၈၇)၏ သတင်းစာကြော်ငြာအပေါ် ကန့်ကွက်ကြောင်းနှင့်အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းမြင့် LL.B, LL.M တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၁၄)
အခန်း (A-11/12)၊ ပထမထပ်၊ အမှတ် ၅၀၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၀၆၃၅၁

ရက်ပေါင်း ၅၉ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

တိုင်းရောဂုဏ်ဆောင်မည့် ဆီးဂိမ်းမောင်မယ်များ

နေပြည်တော် အောက်တိုဘာ ၁၁

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး (ဆီးဂိမ်း)ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ လှေလှော်အားကစားမောင်မယ်များသည် ရွှေတံဆိပ်ဆုအများဆုံး မျှော်မှန်းထားသည့် ရိုးရာလှေလှော်အားကစားနှင့် အခြားသော အနောက်တိုင်းလှေလှော်အားကစားနည်းများတွင် ပါဝင်ယှဉ်ပြိုင်ကြလိမ့်မည်ဖြစ်ကြောင်း အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ကျွန်မတို့ ဒီဆီးဂိမ်းပြိုင်ပွဲကြီးမှာ လှေလှော် အားကစားနည်းအတွက် ရွေးချယ်လေ့ကျင့်ထားတဲ့ ကလေးတွေကတော့ ဧရာဝတီတိုင်းဒေသကြီးမှဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ ခါးဆက်မပြတ်ဘဲ ကျန်ရှိနေတဲ့ အားကစားကတော့ လှေလှော်နဲ့ ခြင်းလုံးပဲ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဧရာဝတီတိုင်းဒေသကြီးက လူငယ်လေးတွေက လှေနဲ့မစိမ်းကြပါဘူး။ နေ့စဉ်နဲ့အမျှ လှေနဲ့သွားလာနေရတာဆိုတော့ အဲဒီအားကစားနည်းက အမြဲတမ်းလေ့ကျင့်နေသလိုဖြစ်နေလို့ပါပဲ။ ခြင်းလုံးဆိုလည်း ဒီလိုပါပဲ။ ရပ်ကွက်တွေ လမ်းတွေမှာလည်း ခြင်းလုံးက ခတ်နေကြပါတယ်။ လာမယ့် ဆီးဂိမ်းမှာတော့ ဒီကလေးတွေက နိုင်ငံ့ဂုဏ်ကို ဆောင်ကြပါလိမ့်မယ်"ဟု ဆီးဂိမ်းပြိုင်ပွဲ ဆေးဘက်ဆိုင်ရာကော်မတီမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်မြလေးစိန်က ပြောကြားသည်။

"ဆီးဂိမ်းပြိုင်ပွဲ လှေလှော်အားကစားနည်းမှာ ရွှေတံဆိပ်အများဆုံး ဆွတ်ခူးပေးနိုင်မယ်လို့ မျှော်လင့်ထားတာကတော့ ရိုးရာလှေလှော်အားကစားနည်းပဲ ဖြစ်ပါတယ်။ ဒီအားကစားနည်းက ရွှေတံဆိပ် ၁၇ ဆုပေးမှာဖြစ်ပါတယ်။ အိမ်ရှင်မြန်မာအတွက်တော့ အားအရဆုံးအားကစားနည်းဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံရိုးရာလှေလှော်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဖေဝင်းက ပြောကြားသည်။

ငလိုက်ဆည်ကန်ပေါင်တွင် လှေလှော်အားကစားသမားများကို တွေ့ရစဉ်။

အဆိုပါ ရိုးရာလှေလှော်အားကစားပြိုင်ပွဲတွင် စခန်းသွင်းလေ့ကျင့်လျက်ရှိသော အားကစားမောင်မယ်များသည် ဧရာဝတီတိုင်းဒေသကြီး မအူပင်၊ မလက်တို၊ ဒေးဒရဲ အစရှိသော မြစ်ဝကျွန်းပေါ်ဒေသမှ ဖြစ်သည်။ ယင်းတို့သည် မကြာသေးမီက ငလိုက်ဆည်၌ ကျင်းပသော ဆီးဂိမ်းအကြိုပြိုင်ပွဲတွင် ကမ္ဘောဒီးယား၊ ထိုင်းတို့နှင့် ယှဉ်ပြိုင်စဉ် ရွှေတံဆိပ် အများဆုံး ဆွတ်ခူးပေးထားကြောင်း သိရသည်။ **မောင်ရွှေရိုး**

ဆီးဂိမ်းပွဲတော်ဂုဏ်ပြု တစ်ကိုယ်တော် ခရီးရှည်လမ်းလျှောက်

မြိတ် အောက်တိုဘာ ၁၁

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပွဲတော်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြိတ်မြို့ ကန်ဖျားရပ်ကွက်နေထိုင်သူ ဦးအောင်သူ (၄၅ နှစ်) သည် ကော့သောင်း-နေပြည်တော်အထိ တစ်ကိုယ်တော်ခရီးစဉ်ကို အောက်တိုဘာ ၁ ရက် နံနက် ၆ နာရီက မြန်မာနိုင်ငံတောင်ဘက်စွန်း တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ရှိ ဘုရင့်နောင်အငူ(ဝိတိုရိယအငူ)အရှေ့မှ စတင်ထွက်ခွာခဲ့ရာ အောက်တိုဘာ ၉ ရက် နံနက် ၈ နာရီ မိနစ် ၂၀ တွင် မြိတ်မြို့အဝင် ကျောက်ဖြူတောင်ကျေးရွာသို့ ရောက်ရှိခဲ့ပြီး မြိတ်မြို့/ဆိပ်ငယ်ရပ်ကွက်ရှိ လွတ်လပ်ရေးကျောက်တိုင်သို့ ၁၀ နာရီ ၄၅ မိနစ်တွင် ပန်းဝင်ခဲ့ပြီး ညအိပ်ရပ်နားခဲ့ကြောင်း သိရသည်။ ထို့နောက် အောက်တိုဘာ ၁၀ ရက် နံနက် ၇ နာရီတွင် မြိတ်မြို့ ဆိပ်ငယ်ရပ်ကွက်ရှိ လွတ်လပ်ရေးကျောက်တိုင်ခြသေ့်သုံးကောင်ရုပ်တုရှေ့မှ ခရီးရက်ရှည်ကို ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါ ဆီးဂိမ်းပွဲတော်ဂုဏ်ပြု လမ်းလျှောက်သူအား မြိတ်ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းရှိန်နှင့် တာဝန်ရှိသူများ၏ ကူညီပံ့ပိုးမှုဖြင့် မြို့မိ မြို့ဖများ၊ ကျောင်းသား ကျောင်းသူများက တစ်ခဲနက်အားပေးကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက အားပေးစကားပြောကြားကာ မြို့နယ်အား/ကာနှင့် ပံ့ပိုးကူညီသူများ ကိုယ်စား လက်ဆောင်အဖြစ် ရွှေတစ်မတ်သားလက်စွပ်တစ်ကွင်းကို ချီးမြှင့်ပေးအပ်ခဲ့သည်။ ဦးအောင်သူသည် မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံပြီး ကျင်းပမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပွဲတော်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တစ်ကိုယ်တော်ခရီးရှည် လမ်းလျှောက်ခြင်းသည် ဒုတိယအကြိမ်ဖြစ်ပြီး ကော့သောင်းမြို့မှ နေပြည်တော်အထိ မိုင်ပေါင်း ၁၁၈၂ မိုင်ကို ၅၅ ရက်ကြာ လမ်းလျှောက်မည်ဖြစ်ကြောင်း သိရသည်။ **မိုးဟိန်း(မြိတ်)**

တီးတိန်မြို့တွင် ရပ်ကွက် ကျေးရွာဇုန်အလိုက် ဘောလုံးပြိုင်ပွဲကျင်းပ

တီးတိန် အောက်တိုဘာ ၁၁

ချင်းပြည်နယ် တီးတိန်မြို့နယ်တွင် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်၊ ကျေးရွာဇုန်အလိုက် ဘောလုံးပြိုင်ပွဲကို စကောလမ်းရပ်ကွက် ကမ်းပောက်အားကစားကွင်း၌ အောက်တိုဘာ ၂ ရက်က စတင်ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်သက်မောင်က အမှာစကားပြောကြားသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲတွင် ရပ်ကွက်၊ ကျေးရွာဘောလုံးအသင်း ၁၅ သင်း ပါဝင်ပြီး ပွဲဦးထွက်အဖြစ် မြို့မအသင်းနှင့် မွာလ်ဘင်းဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြို့မအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ယင်းပြိုင်ပွဲကို အောက်တိုဘာ ၁၉ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

နေစု(ချင်းရိုးမ)

မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်း အလုပ်ရုံဆွေးနွေးပွဲနှင့် စာအုပ်ဈေးပွဲတော်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၁

မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၀ ရက်မှ ၂၂ ရက်အထိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အစည်းအဝေးခန်းမတွင် စာအုပ်စာပေ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲနှင့် စာအုပ်ဈေးပွဲတော်ကို ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၄၈)၊ ၁ လမ်း၊ (၁)ရပ်ကွက်၊ မြေကွက်အမှတ် ၂၁၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁)၊ အကျယ်အဝန်းအလျား ၃၉ပေ×အနံပေ ၁၃၀ ရှိ မြေနှင့်မြေကွက်ပေါ်ရှိ အိမ်နှစ်လုံး၊ ဆိုင်ခန်းတစ်ခန်းနှင့်ကိုယ်ပိုင်မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ လက်ရှိပိုင်ဆိုင်ထားပါသည်ဟု အဆိုပြုသူ ဒေါ်သန်းဝင်း ၁၂/မရက(နိုင်)၁၅၈၇၁၇နှင့်သားသမီးဖြစ်ကြသော (၁)ဦးမျိုးကျော်ဦး ၁၂/မရက(နိုင်)၀၁၅၁၁၈၊ (၂)မောင်အောင်မျိုးဦး ၁၂/မရက(နိုင်)၀၀၃၈၀၂၊ (၃)မောင်စိုးမျိုးအောင် ၁၂/မရက(နိုင်)၀၂၅၇၆၁၊ (၄)မမေဝင်းအေး ၁၂/မရက(နိုင်)၁၃၂၅၆၅တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးအောင်မင်းထွန်း ၁၂/မရက(နိုင်)၁၁၄၇၁၂၊ ဒေါ်ဝင်းမြင့် ၁၂/မရက(နိုင်)၀၁၅၀၆၀၊ ဒေါ်သန်းသန်းတင် ၁၂/မရက(နိုင်)၀၂၀၈၄၃တို့မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းထိုက်အောင်
အထက်တန်းရှေ့နေ
(စဉ်-၂၆၃၄၉)

ဦးစိုးအောင် (စဉ်-၇၃၄၉)
B.Sc, HGP, EBL, DBL, Dil
DML, DAPsy, GBL, DOS, DSW
အထက်တန်းရှေ့နေနှင့်ဥပဒေအကြံပေး
အမှတ် ၈၄၊ ဂန္ဓမာလမ်း (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့၊ ဖုန်း-၀၉-၅၀၆၂၀၁၅

ပျောက်ဆုံးကြောင်း

ကျွန်တော် မျိုးမြင့်သောင်း ၁၂/လမန(နိုင်)၁၃၈၅၉၁ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၀၀၉၄၉၈

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးတိုးလွင် ၁၂/ဥကတ(နိုင်)၀၂၃၉၄၇ ၏ မြန်မာနိုင်ငံကူးလက်မှတ် ၁၂၆၈၀၀ သည် ခရီးသွားရင်းပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၉၅၈၉၅၆၀

ကြော်ငြာ


C B BANK
EASi Travel
C B BANK
5126 0000 0000 0000
5126
VALID FROM 07/13
GOOD THRU 07/18
EASI TRAVEL CASH
MasterCard
"EASi Travel Around the World"
EASi Travel
Help Desk : (95)-1-378 905
Call Center : 1874
E-mail: contact@cbbankmm.com
Website: www.cbbankmm.com
https://www.facebook.com/CBBankmyanmar

ဆောင်းပါးနှင့်နယ်သတင်း

ပါမစ်မလို အင်ဂျင်ပါဝါနည်းကားများ အရောင်းသွက် စလစ်ဈေးကြီးမြင့်နေ၍ အင်ဂျင်ပါဝါကြီးကားများ ဈေးတက်

နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် နိုင်ငံတော်မှ ဖြေလျှော့မှုများစွာပေး၍ မော်တော်ယာဉ်အမျိုးမျိုးကို ပြည်သူများအား လွတ်လပ်စွာ တင်သွင်းခွင့်ပြုခဲ့သည်။ ယခင်က ကားတင်သွင်းခွင့်ကို ကျပ်တည်းသော စည်းမျဉ်းများဖြင့် ဘောင်ခတ်ထားခဲ့သဖြင့် နှစ် ၂၀ ကျော် ၃၀ ကျော် ကားအိုကားဟောင်းများကို အမျိုးမျိုးအဆင့်ဆင့်ပြုလုပ်ပြီး တစ်လက်မှ တစ်လက်သို့ ရောင်းကြဝယ်ကြပြုလုပ်ခဲ့ကြသည်။ နိုင်ငံခြား မှ တင်သွင်းခွင့် ပြုရာတွင်လည်း အသုံးပြုပြီး ကားဟောင်းများသာ တင်သွင်းခွင့်ရခဲ့ကြသည်။ ကားရှားပါးမှုပြဿနာ၊ ခက်ခက်ခဲခဲတင်သွင်းရသောအကြောင်း ကိစ္စများကြောင့် ကားဈေးနှုန်းမှာ ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံသည် အမြင့်မားဆုံး ဖြစ်ခဲ့ရသည်။ ယခုအခါခေတ်လည်း ပြောင်းပြီ၊ စနစ်လည်း ပြောင်းလဲခဲ့ပြီ၊ ပြည်သူကိုဗဟိုပြုသော စနစ်များလည်း ချမှတ်နိုင်ခဲ့ပြီမို့ ခေတ်နှင့်အညီ ပြည်သူများအတွက် လိုအပ်သော မော်တော်ယာဉ် တင်သွင်းခွင့်ပြုခြင်းများကို အဆင့်ဆင့်ဖြင့် ဖြေလျှော့ပေးခဲ့ခြင်းပင်ဖြစ်ပေသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တရားဝင်အသိအမှတ်ပြု နံပါတ်ပြား မတပ်ဆင်ရသေးသော ကားသစ်များ အပါအဝင် သစ်လွင်တောက်ပ အရောင်မျိုးစုံလင်လှသော မော်ဒယ်လ်မြင့် ကားကြီး၊ ကားလတ်၊ ကားငယ်မျိုးစုံရာ ချီ၍ အောက်တိုဘာ ၉ ရက်က ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ယာယီ ကားရောင်းဝယ်ရေး စခန်းတွင် တွေ့မြင်ခဲ့ရသည်။ ကားအရောင်းအဝယ် အေးနေသည်။ သံရည်ကျိုရမည့်အပ်ကား (စလစ်ဈေး)များ သိန်းရာကျော်နေသည်ဆိုသော သတင်းများကြားသိရ၍ ကိုယ်တိုင်မျက်မြင်တွေ့ရှိကြားသိနိုင်ရန် ကွင်းဆင်းစေ့ငုခြင်းဖြစ်သည်။

"အခုမှတ်ပုံတင်သက် အနှစ် ၂၀ ကျော် 'သ' အက္ခရာကားတွေပဲ အပ်ခွင့်ပြုထားတယ်။ အပ်ကားတွေ တဖြည်းဖြည်းနည်းနည်းသွားတော့ စလစ်ဈေးက ပိုကြီးလာတယ်။ ခုဆို စလစ်ဈေးက သိန်း ၁၂၀ လောက် ဖြစ်နေပြီ။ ဈေးကွက်စီးပွားရေးစနစ်ဆိုတော့ ကြိုက်ရောင်းကြိုက်ဝယ်ပေါ့၊ စလစ်ရှိမှ အင်ဂျင်ပါဝါအားကောင်းကောင်းတွေ တင်သွင်းခွင့်ရမှာကိုး၊ စလစ်ဈေးကြီးတော့ ကားတန်ဖိုးလည်း ကြီးလာတာပေါ့၊ ကားဈေးတက်တာမဟုတ်ဘူး၊ စလစ်ဈေးကြီးလာတာ။ 'အ' အက္ခရာကားတွေ အအပ်လက်ခံတော့မယ်ဆိုရင်တော့ စလစ်ဈေးတွေကျသွားမှာ ကျိန်းသေတယ်။ ဒီတော့ ကားဈေးပြန်ကျသွားပြီး အရောင်းအဝယ်ပိုဖြစ်လာတော့မှာပေါ့" ဟု နှစ် ၂၀ ကျော်ကြာ ကားဝယ်ရောင်းလုပ်ငန်း လုပ်ကိုင်လာသူ ဦးကျော်မင်းသိန်းက အပ်ကားစလစ်ဈေး မြင့်လာပုံကို ရှင်းပြသည်။

ကားရောင်းဝယ်ရေး အကျိုးတော်ဆောင်မင်္ဂလာဒုံကို ဖိုးဇော်ကလည်း "အခု အရောင်းအဝယ်ဖြစ်နေတာက ပါမစ်မလိုဘဲ မည်သူမဆို တင်သွင်းလို့ရတဲ့ အင်ဂျင်ပါဝါနိမ့် 1.0 (၁၀၀၀ စီစီ)တို့၊ 1.3(၁၃၀၀ စီစီ)တို့ ကားတွေပဲလေ။ Honda Fit၊ Toyotavitz၊ Suzuki Swift၊ MAZDA Demio တို့ပဲပေါ့။ ဆီစားလည်းသက်သာတယ်။မော်ဒယ်လည်းမြင့်တယ်။၂၀၀၈အထက်တွေ။ စီးလို့လည်းကောင်းတော့ ရန်ကုန်ပရိသတ်အကြိုက်ပဲ။ ဒီကားပွဲစားတန်းမှာဆိုရင် တစ်ရက်ငါးစီးကနေ ၁၀ စီးလောက်ပုံမှန် အရောင်းအဝယ်ဖြစ်တယ်၊ ကားဟောင်းအပ် စလစ်မလိုဘဲ တင်သွင်းရောင်းချခွင့်ပြုတဲ့အတွက် ဈေးအတက်အကျ သိသိသာသာမရှိဘူးလေ။ စလစ်ရှိမှ တင်သွင်းလို့ရတဲ့ အင်ဂျင်ပါဝါမြင့် ကားတွေသာ စလစ်ဝယ်ရတဲ့ ဈေးပေါ်မူတည်ပြီး ဈေးအတက်အကျရှိတာပါ။ သီတင်းကျွတ်ပြီးရင် ပိုပြီးအရောင်းအဝယ်ကောင်းလာတော့မှာပါ" ဟု သူ့ထင်မြင်ချက်ကိုပြောသည်။ လှိုင်သာယာမှကားပွဲစားဦးဝင်းထွန်းက"ကားအသေးလေးတွေက ဒီမှာ နေ့တိုင်းအရောင်းအဝယ်ဖြစ်တယ်၊ ငါးစီးကနေ ၁၀ စီးအထိပေါ့။ Four Wheelကိုတော့ နယ်က အလွန်ကြိုက်တယ်။ နယ်တွေမှာ ရေကြီးလို့ ဖိုးဒိုးတွေ အလုပ်ဖြစ်နေတယ်။ အင်ဂျင်ပါဝါအားကလည်း ကောင်းတယ်။ အခုတလော အင်ဂျင်ပါဝါ ၁ ဒသမ ၅ (၁၅၀၀စီစီ)ရှိတဲ့ Nissan Wing Road ဆလွန်းကားလေးတွေ တစ်ရက်ကို ၃၊ ၄ စီးလောက် အရောင်းအဝယ် ဖြစ်နေတယ်။ အပိုပစ္စည်းအပြည့်အစုံအပါအဝင်ဆို သိန်း ၁၄၀နဲ့ ၁၆၀အကြားဈေးရှိတော့ စီးပျော်တာပေါ့" ဟု ရယ်ရယ်မောမော ပြောသည်။ မင်္ဂလာတောင်ညွန့်မှ ကားဝယ်ရောင်းဦးသန်းကြွယ်က "ပရိဘောဂစ်တွေ နယ်တွေမှာ အင်ဂျင်မီးလောင်တယ်ဆိုတာက 1.3 အင်ဂျင်အားနည်းတဲ့ ကားတွေ။ ကုန်ပစ္စည်းတွေ မတန်တဆတင်၊ လူလည်းအပြည့်တင်ပြီး တောင်တက်ခရီးရှန်းရတော့ အင်ဂျင်ဘယ်ခံနိုင်တော့မလဲ၊ လောင်တော့တာပေါ့။ 1.5 ဆိုရင်တော့ ရတယ်၊ ကုန်နဲ့လူကို အဆမတန်မတင်နဲ့ပေါ့။ နီဆန်းအေဒီဗင်တွေလည်း စီးပျော်ပါတယ်၊ သိန်း ၁၁၀ လောက်ပဲရှိတာ။ အရင်က သိန်း ၂၀၀ ကျော်တဲ့ကားတွေလေ"ဟု သူ့အမြင်ကို ပြောပြသည်။ စုံစမ်း မေးမြန်းနေဆဲမှာပင် တိုယိုတာကယ်ဒီးနား(ကြက်တူရွေး) အငှားယာဉ် စီစီနံပါတ်ထွက်ပြီး ကားကို ရောင်းဈေးထက် ၁၀ သိန်းလျှော့ပြီး ၁၂၃ သိန်းနှင့် ရောင်းလိုက်ရကြောင်း ဖုန်းသတင်း ဝင်လာသည်ကိုလည်း ကြားသိလိုက်ရသည်။

ဟွန်ဒါဖစ် GE-6(၂၀၀၈ မှ ၂၀၁၂)အထိ ၁၃၅ သိန်းဝန်းကျင်၊ တိုယိုတာဗစ် (၂၀၀၈ မော်ဒယ်နှင့်အထက်) ၁၁၅ သိန်းမှ ၁၁၈ သိန်း၊ ဆူဇူကီး(ဆွစ်ဖ်) သိန်း ၁၁၀ မှ ၁၁၅ သိန်း၊ မာဇဒါဒီမီယို ၁၀၆ သိန်းမှ ၁၀၇ သိန်း၊ တိုယိုတာဘဲလ်တာ(၂၀၀၈) သိန်း ၁၄၀ ဝန်းကျင်၊ (၂၀၀၉-၂၀၁၀) မိုဒယ် သိန်း၁၁၅ မှ သိန်း၁၆၀၊ တိုယိုတာမတ်တူးရှေ့ငါး(ပါးလ်ဝှိုက်) ၂၀၀၁-၂၀၀၂ ဆိုလျှင် သိန်း ၂၀၀၊ ၂၀၀၃-၂၀၀၄ ဆိုလျှင် ၂၃၅ သိန်း၊ မတ်တူး 99 ၁၈၀ သိန်း၊ ပရာဒို T.Z 97 မိုဒယ်(ပါးလ်ဝှိုက်)သိန်း ၃၆၀၊ ဆပ်ဖ် 99.G(အပေါက်စုံ) သိန်း ၃၆၀၊ လင်ခရူဇာ 99. ဒီဇယ် (4.2) သိန်း ၆၈၀၊ အယ်လ်ဖတ် (2.4) သိန်း ၂၈၀၊ 3.0 ဆိုလျှင် သိန်း ၃၁၀ တို့ ဖြစ်ကြောင်း မင်းရဲကျော်စွာ ယာဉ်ရောင်းဝယ်ရေးစခန်း (ယာယီ)သို့ ကိုယ်တိုင် ကွင်းဆင်းစုံစမ်းမေးမြန်းစေ့ငုတင်ပြလိုက်ရပါကြောင်း။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

ရဝမ်တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ပြည်သူများ ပူတာအိုဋ္ဌတွေ့ဆုံ

ပူတာအို အောက်တိုဘာ ၁၁

ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် ရဝမ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးထွမ်ရိန်ဒီးနှင့် ပူတာအိုမြို့နယ်ရှိပြည်သူများ တွေ့ဆုံပွဲအခမ်းအနားကို အောက်တိုဘာ ၁၀ ရက် နံနက် ၁၀ နာရီက ဖုန်ကန်ရာဇီခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီမှ ကိုယ်စားလှယ်များ၊ ရဝမ်၊ လီဆူ၊ ခန္တီး၊ ရှမ်း၊ ဂျိမ်းဖော့တိုင်းရင်းသားကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် ရဝမ်တိုင်းရင်းသားရေးရာဝန်ကြီးက ပြည်နယ်လွှတ်တော်အတွေ့အကြုံနှင့် ပြည်နယ်အစိုးရလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြီး ဒေသခံပြည်သူများ၏ အသံနားထောင်ရန် လာရောက်ခြင်းဖြစ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်မှုအခြေအနေသိရှိနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် အခမ်းအနားသို့တက်ရောက်သော လုံးစွတ်ရပ်ကွက်အုပ်ချုပ်ရေးမှူးက တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ ပူတာအိုဒေသတွင် အဝေးသင်ဖြေဆိုခွင့်ကို ဖန်တီးပေးရန်၊ လူငယ်များအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ အခါအားလျော်စွာဖွင့်လှစ်ပေးရန်၊ တန်ဖိုးနည်းဖုန်းများ ဆက်သွယ်ရေးလိုင်းကောင်းမွန်အောင်ပြုလုပ်ပေးရန်တို့ကိုတင်ပြရာ ရဝမ်တိုင်းရင်းသားရေးရာဝန်ကြီးက ပြန်လည်ဖြေကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မျက်မမြင်လမ်းလျှောက်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၁

နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့အထိမ်းအမှတ် ရန်ကုန်မြို့တော်ဝန်ဖလား (၂၂) ကြိမ်မြောက် မျက်မမြင်လမ်းလျှောက်ပွဲကို အောက်တိုဘာ ၁၅ရက် (အင်္ဂါနေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ အဆိုပါ မျက်မမြင်လမ်းလျှောက်ပွဲသို့ အလှူငွေနှင့်ပစ္စည်းများ ပါဝင်လှူဒါန်းလိုသူများသည် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဖုန်း-၀၁-၂၅၄၇၁၀၊ ကျင်းပရေးကော်မတီအတွင်းရေးမှူး စီမံရေးရာဌာန ဌာနမှူး ဖုန်း-၀၁-၃၈၂၅၆၅၊ တွဲဖက်အတွင်းရေးမှူး အင်ဂျင်နီယာဌာန(အဆောက်အအုံ) ဌာနမှူး ဖုန်း-၀၁-၂၄၉၅၂၅၊ အဖွဲ့ဝင် ဘတ်ဂျက်နှင့် ငွေစာရင်းဌာန ဌာနမှူး ဖုန်း-၀၁-၂၅၁၄၁၇တို့ကို ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆီးဂိမ်းတွင် အသုံးပြုရန် သဘာဝအလှရှုခင်းများရိုက်ကူး

ပင်းတယ အောက်တိုဘာ ၁၁

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့၏ ထင်ရှားသော ရှေးဟောင်းဘုရားနှင့် စေတီတော်များ၊ သဘာဝအလှရှုခင်းများ၊ ဓနုယဉ်ကျေးမှုအကနှင့် ရိုးရာလက်ဖက်စို၊ လက်ဖက်ခြောက်လုပ်ငန်းများကို ဒါရိုက်တာ စင်ရော်မောင်မောင် ဦးစီးသော ဗီဒီယိုရိုက်ကူးရေးအဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံဓာတ်ပုံပညာရှင်များအသင်းမှ ဓာတ်ပုံပညာရှင်များသည် အောက်တိုဘာ ၄ ရက်နှင့် ၅ ရက်တို့တွင် လာရောက်ရိုက်ကူးခဲ့ကြပြီး အဆိုပါပုံများကို (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

မိုးမိုးထွေး(ပင်းတယ)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန

ရခိုင်ပြည်နယ်ဦးစီးမှူးရုံး

တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ ပြည်နယ်ဦးစီးမှူးရုံး၊ စစ်တွေမြို့၊ ကျောက်ဖြူမြို့နှင့် သံတွဲမြို့နယ်များတွင် အောက်ဖော်ပြပါ အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်း မြန်မာနိုင်ငံသား ပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	လုပ်ငန်းအမည်	တည်ဆောက်မည့်နေရာ
(က)	RC တစ်ထပ်လုံးချင်း အရာရှိနေအိမ်ဆောက်လုပ်ခြင်းလုပ်ငန်း	ရခိုင်ပြည်နယ်၊ စစ်တွေမြို့
(ခ)	RC တစ်ထပ်နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်း	ရခိုင်ပြည်နယ်၊ စစ်တွေမြို့
(ဂ)	RC တစ်ထပ်နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်း	ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ ကျောက်ဖြူမြို့
(ဃ)	RC တစ်ထပ်နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်း	ရခိုင်ပြည်နယ်၊သံတွဲခရိုင်၊ သံတွဲမြို့

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူ ပြည်တွင်းနိုင်ငံသားကုမ္ပဏီလုပ်ငန်းရှင်များသည် ဖော်ပြပါလုပ်ငန်းများအတွက် တင်ဒါအဆိုပြုလွှာကို ၁၅-၁၀-၂၀၁၃ရက်မှစတင်၍ ဝယ်ယူနိုင်ပြီး ၃၁-၁၀-၂၀၁၃ရက် ညနေ ၁၆း၃၀နာရီနောက်ဆုံးထား ပေးပို့တင်သွင်းရန် ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းချက်များနှင့် အဆိုပြုလွှာတွင်ပါဝင်ရမည့်အချက်အလက်များကို စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်ဦးစီးမှူးရုံး၊ စစ်တွေမြို့တွင်ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ တင်သွင်းရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၄၃-၂၂၁၈၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကြီးကြပ်ရေးကော်မတီ

တင်ဒါခေါ်ယူခြင်း

Myanmar ICT Development Corp., Ltd. (MICT Park) တွင် (စ)ထပ် အဆောက်အအုံ တည်ဆောက်ခြင်းနှင့်ပတ်သက်၍ တင်ဒါခေါ်ယူလိုပါသည်။

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

Main Building, Myanmar ICT Development Corp., Ltd.(MICT Park)

တက္ကသိုလ်များလှိုင်နယ်မြေ ရန်ကုန်မြို့။

ဖုန်း ၀၁-၆၅၂၂၅၂-၇၄-၇၈-၇၉ Fax: ၀၁-၆၅၂၂၅၅

တင်ဒါခေါ်ယူခြင်း

Myanmar ICT Development Corp., Ltd. (MICT Park) တွင် (စ)ထပ် အဆောက်အအုံ တည်ဆောက်ခြင်းနှင့်ပတ်သက်၍ ပိုင်းရိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တင်ဒါခေါ်ယူလိုပါသည်။

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

Main Building, Myanmar ICT Development Corp., Ltd.(MICT Park)

တက္ကသိုလ်များလှိုင်နယ်မြေ ရန်ကုန်မြို့။

ဖုန်း ၀၁-၆၅၂၂၅၂-၇၄-၇၈-၇၉ Fax: ၀၁-၆၅၂၂၅၅

ဖခင်အမည်မှန်

တောင်သာ၊ အထကတွင် ပညာသင်ကြားနေသော တက္ကသိုလ်ဝင်တန်းမှ မောင်အောင်ကိုမင်း၏ ဖခင်အမည်မှန်မှာ ဦးလင်းလင်းလက် ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

တောင်သာ၊ အထကတွင် ပညာသင်ကြားနေသော တက္ကသိုလ်ဝင်တန်းမှ မငုဝါလှိုင်၏ဖခင်အမည်မှန်မှာ ဦးကံထွန်း ဖြစ်ပါကြောင်း။

လူပျောက်ကြော်ငြာ

အထက်ပါဓာတ်ပုံရှင် ဒေါ်မူမူသည် ၅-၁၀-၂၀၁၃ ရက်တွင် နေအိမ်မှ ဆင်းသွားပါသဖြင့် တွေ့ရှိပါက အမြန်ဆုံး ဆက်သွယ်ပေးပါရန် လေးစားစွာဖြင့် မေတ္တာရပ်ခံပါသည်။

ဖြိုးဖြိုးလွင်-ဖုန်း-၀၉-၇၃၁၇၂၇၂၃
ခိုင်ဇာသူ-ဖုန်း-၀၉-၄၂၀၀၈၅၅၂၄
ဖြိုးသက်မောင်-ဖုန်း-၀၉-၃၁၆၃၉၆၆၃

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဆိုင်ကယ်များအတွက် အရေးကြီးသော ဆိုင်ကယ်ဦးထုပ်

မြန်မာနိုင်ငံသည် လူဦးရေသန်းပေါင်းများစွာ နေထိုင်လျက်ရှိပြီး တောင်ပေါ်၊ မြေပြန့်အသီးသီးတွင် လုပ်ကိုင်စားသောက်သွားလာကြရာ ကုန်းလမ်းတွင် ခြေကျင်၊ စက်ဘီး၊ ဆိုင်ကယ်၊ ကား အစရှိသည့် သွားလာမှုမျိုးဖြင့် သွားလာလှုပ်ရှားကြသည်။ ယခုအခါ မြို့ရွာအနှံ့အပြားတွင် ကုန်သည်၊ ပွဲစား၊ လက်လုပ်လက်စား၊ အလုပ်သမား၊ လယ်သမား၊ ကျောင်းသား ကျောင်းသူများသည် ဆိုင်ကယ်ဖြင့် သွားလာမှု များပြားလာကြသည်။ သက်ဆိုင်ရာက အန္တရာယ်မရှိစေရေးအတွက် ဆိုင်ကယ်ဦးထုပ်ဆောင်း၍ စီးနင်းသွားလာကြရန် အသိပညာပေးဟောပြော၍ တစ်နည်း၊ ပိုစတာများဖြင့် လှုံ့ဆော်၍တစ်မျိုး၊ စစ်ဆေးပညာပေး၍တစ်ဖုံ ဆောင်ရွက်ကြသော်လည်း အနယ်နယ်အရပ်ရပ်ရှိ ဆိုင်ကယ်စီးမောင်းနှင်သူများသည် ဦးထုပ်ဆောင်းရန် ဝန်လေးနေကြသည်လားမသိ၊ မဆောင်းချင်ကြပေ။ “စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်” ဆိုသည်ကို လက်မခံ၍လား။ သို့တည်းမဟုတ် စည်းကမ်းကိုလိုက်နာလိုသော ဆန္ဒမရှိ၍လား မဆိုနိုင်။ နိုင်ငံတိုင်း လူမျိုးတိုင်းတွင် စည်းမျဉ်း၊ စည်းကမ်းရှိကြသည်။ ထို့ကြောင့် နိုင်ငံကြီးသားများ ပီသစွာဖြင့် စည်းကမ်းလိုက်နာကြစေလိုသောဆန္ဒဖြင့် ရေးသားတင်ပြလိုက်ရပါသည်။

“ဟိုဘက်လမ်းကသွားရင် ဦးထုပ်မဆောင်းလည်းရတယ်၊ အဲဒီမှာ ယာဉ်ထိန်းတွေမရှိဘူး”

“ဒီနေ့ မစစ်ဘူး၊ ဦးထုပ်ဆောင်းစရာမလိုဘူး”

“ဦးထုပ်စစ်တဲ့နေရာ ကျော်လာပြီ ဦးထုပ်ချွတ်တော့မယ်”

“ဆိုင်ကယ်ဦးထုပ် မဆောင်းချင်ပါဘူး၊ ဆံပင်ကို ရှိုင်းထားတာ ပုံစံပျက်ဦးမယ်”

အမြဲတမ်းကြားနေရတတ်သော ဆိုင်ကယ်စီးသူတို့၏ စကားသံများဖြစ်၏။ ထိုကဲ့သို့ စိတ်ထားမျိုး အတော်များများတွင်ရှိနေကြသည်။ ဆိုင်ကယ်ဦးထုပ်ဆောင်း၍ ဆိုင်ကယ်စီးခြင်းအားဖြင့် မည်သို့သော အကျိုးအပြစ်ရှိနိုင်သနည်း။ ပြန်လည်ဆန်းစစ်လေ့လာကြည့်လျှင် ဆိုးကျိုးမပေးဘဲ ကောင်းကျိုးသာ ပေးနေသည်ကို

တွေ့ရှိရသည်။ အကယ်၍ ဆိုင်ကယ်ဦးထုပ်ကိုမဆောင်းဘဲ ဆိုင်ကယ်စီးပါက ရရှိသော ကောင်းကျိုး၊ ဆိုးကျိုးကို သုံးသပ်ကြည့်လျှင် ဆိုးကျိုးကိုသာ ရရှိပါသည်ဟု ပြောလိုပါသည်။

မတော်တဆ ယာဉ်တိုက်မှုဖြစ်ပွားကြသောအခါ ဆိုင်ကယ်ဦးထုပ်ဆောင်းခြင်းအားဖြင့် ကိုယ်ခန္ဓာ၊ ခြေလက်များသာ ထိခိုက်ဒဏ်ရာရနိုင်ပြီး ဦးထုပ်အကာအကွယ်ကြောင့် ခေါင်းမှာ ထိခိုက်မှုနည်းပါးပေမည်။ ထိုအခါ အသက်အန္တရာယ်နှင့်လည်း ဝေးကြရသည်။ ဦးထုပ်ဆောင်းထားလို့ တော်သေးတာပေါ့။ မဟုတ်ရင်တော့ မတွေးရဲစရာပဲဆိုသော ရင်တမမနှင့် စိုးရိမ်သောဝေဖန်သံများ ကြားရတတ်၏။ အချို့မှာ ဆိုင်ကယ်ဦးထုပ်ကိုမဆောင်းဘဲ ဆိုင်ကယ်ပေါ်တွင်လည်း သုံးယောက်စီးသည့်အပြင် ဆိုင်ကယ်၏ အမြန်နှုန်းကလည်း များ၊ သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကိုလည်း မလိုက်နာ တိုက်လိုက်ပြန်သည်၊ အသည်းအသန်၊ ပိုးစိုးပက်စက်၊ မြင်မကောင်း ရှုမကောင်း၊ ကိုယ်ခန္ဓာအစိတ်အပိုင်းအားလုံး ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရတော့သည်။ ဦးထုပ်မဆောင်း၍ အကာအကွယ်မရှိသော ဦးခေါင်းမှာရစရာမရှိဘဲ အသက်ဘေးနှင့် ကြုံတွေ့ရတော့သည်။

“အဲဒါပြောတာပေါ့ ဆိုင်ကယ်ဦးထုပ်မှ မဆောင်းတာ၊ ဆောင်းရင် ဒီလိုဖြစ်မှာမဟုတ်ဘူး” စသည်ဖြင့် ပြစ်တင်ပြောဆိုခြင်း ခံရတတ်ကြသည်။ ထိုစကားသံများကို အသက်ပေးသွားရလေသူမှာ မကြားနိုင်တော့ပေ။ အကယ်၍များ ကြားနိုင်မည်ဆိုပါက “နောက်တစ်ခါဆိုင်ကယ်စီးရင် ဆောင်းပါ့မည်”ဟု ပြောလိမ့်မည်လားမသိ။ သို့သော် နောက်တစ်ခါဆိုတာ သူ့အတွက်မရှိနိုင်တော့ပေ။ မြင်ရတွေ့ရသူများလည်း မိမိရှေ့မှောက်တွင် ဆိုင်ကယ်မတော်တဆတိုက်မိ၍ ပိုးစိုးပက်စက်ဖြစ်နေပုံကို ကြုံတွေ့ရသည့်အချိန်တွင် တုန်လှုပ်ကြရသည်။ သို့သော် မြင်တွေ့ကြရသည့် အခိုက်အတန့်တွင်သာ စိုးရိမ်ထိတ်လန့် နေတတ်ကြသော်လည်း အချိန်ကြာလာသောအခါ မေ့ပျောက်သွားကြကာ စိုးရိမ်ကြောက်လန့်မှု မရှိကြတော့ပေ။

ဆိုင်ကယ်ဦးထုပ်မဆောင်းပါက တာဝန်ရှိသူများက အရေးယူဆောင်ရွက်၍သာ ဦးထုပ်ဆောင်းနေကြရသည်။ မိမိတို့၏ စိတ်ဆန္ဒအရဆောင်းလိုစိတ်မရှိကြပေ။ ဤကဲ့သို့ မှားယွင်းသောအတွေးအခေါ် အယူအဆမျိုး မထားသင့်ပေ။ ဆိုင်ကယ်စီးနင်းမောင်းနှင်သူများ ဆိုင်ကယ်ဦးထုပ်ဆောင်းခြင်းသည် ဆိုင်ကယ်စီးသူ၏ အကျိုးအတွက်လား၊ စစ်ဆေးအရေးယူသည့် တာဝန်ရှိသူများ၏ အကျိုးအတွက်လား၊ မည်သူ့အတွက်၊ မည်သည့်အတွက်ဖြစ်သည်ကို စဉ်းစားဆင်ခြင် သုံးသပ်သင့်ကြပေသည်။ ဦးထုပ်ဆောင်းခြင်းသည် ဝန်မလေးပါ၊ အလုပ်လည်းမပိုပါ။ ရာသီဥတုအပူအအေးဒဏ်ကို ကာကွယ်ရုံမျှမက မိမိ၏အသက်အန္တရာယ်ကိုပင် ကာကွယ်ပေးနိုင်သည် မဟုတ်ပါလား။ ဥစ္စာကို ကံကစောင့်သည်။ အသက်ကို ဉာဏ်ကစောင့်သည်ဆိုသည့်အတိုင်း မိမိ၏ အတွေးအခေါ် ဆင်ခြင်တုံတရားဖြင့် သွားလာနေထိုင်ခြင်းဖြင့် အသက်ရှည်အန္တရာယ်ကင်းပေမည်။

ဆိုင်ကယ်ဦးထုပ် ဆောင်း၍ ဆိုင်ကယ်စီးခြင်းသည် စီးနင်းသူအတွက်ပင်ဖြစ်၏။ အခြားမည်သူ့အတွက်မျှမဟုတ်ပေ။ မိဘများသည် မိမိ၏ သားသမီးများကိုလည်းကောင်း၊ ဆရာ ဆရာမများသည် မိမိတို့၏ တပည့်များကိုလည်းကောင်း၊ ဆိုင်ကယ်စီးနင်းမောင်းနှင်သွားလာသည့် အခါများတွင် ဆိုင်ကယ်ဦးထုပ်ဆောင်းကြစေလိုကြောင်း အသိပေးရန် လိုအပ်ပါသည်။ ထို့ကြောင့် ဥပဒေကိုလေးစားသူများဖြစ်သကဲ့သို့ စည်းကမ်းကို လိုက်နာသူများ ဖြစ်ကြရန် လိုအပ်လှပါသည်။ ဆိုင်ကယ်စီးနင်းမောင်းနှင်သူမှန်သမျှ အသိတရားကို သတိတရားဖြင့်ယှဉ်ပြီး နှလုံးသွင်းလျက် ဦးနှောက်ဖြင့် သုံးသပ်ဆင်ခြင်ကာ အမြော်အမြင်တရားဖြင့် တွေးခေါ်ရင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လိုက်နာပြီးဦးထုပ်ဆောင်း၍ဆိုင်ကယ်စီးကြပါရန် တိုက်တွန်းလိုက်ရပါသည်။ ။

ဉာဏ်မင်း(နမ့်ခမ်း)

နောင်ချိုမြို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကျင်းပ

နောင်ချို အောက်တိုဘာ ၁၁

(၄၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၇ နာရီက နောင်ချိုမြို့နယ်မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ မြို့ပေါ်ဟော်တော်ကျောင်းတိုက်မှ ဆရာတော်ငါးပါးတို့ကို အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ အောက်တိုဘာ ၁ ရက်တွင်ကျရောက်သည့် (၄၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဇော်ဝင်းထံမှ ပေးပို့သည့်သဝဏ်လွှာကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစောနောင်က ဖတ်ကြားသည်။ အခမ်းအနားသို့ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးထက်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြောင်းသိရသည်။ **(ဝဇိ၁)**

မူလတန်းကြိုကျောင်းပန္နက်တင်

ရန်ကုန် အောက်တိုဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၀) ရပ်ကွက်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူလတန်းကြိုကျောင်း အဆောက်အအုံအသစ်တည်ဆောက်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၈ ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်းပိုင်မြေ၌ ကျင်းပသည်။

အစီအစဉ်အရ ပန္နက်တင်မင်္ဂလာအချိန်တွင် တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့နာယက ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များသည် သတ်မှတ်နေရာ၌ ရတနာပန္နက်တိုင်များကို စိုက်ထူပေးခဲ့ကြပြီး **(အောက်ပုံ)** အမွှေးနံ့သာများပက်ဖျန်းကာ ရွှေမိုးငွေမိုးရွာသွန်းဖြိုးခဲ့ကြသည်။ အဆိုပါ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူလတန်းကြိုကျောင်းသည် အလျား ၃၆ ပေ၊ အနံ ၂၆ ပေ တစ်ထပ်(Steel Structure)အဆောက်အအုံအမျိုးအစားဖြစ်ကြောင်း သိရသည်။ **(၁၆၆)**

နှစ်လုံးထီလောင်းကစားသူ ဖမ်းဆီးအရေးယူထား

နေပြည်တော် အောက်တိုဘာ ၁၁

နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် လောင်းကစားသတင်းအရ အောက်တိုဘာ ၇ ရက် ညနေ ၃ နာရီ ၄၅ မိနစ်က နေပြည်တော် ပျဉ်းမနားမြို့ ရန်အောင်(၂)ရပ်ကွက် အောင်မင်္ဂလာ(၁)လမ်းနေ ဦးလှထွန်း(ခ)ကိုပု (၄၂နှစ်)၏ နေအိမ်ကို သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေရာ နေအိမ်မီးဖိုခန်းအတွင်း နှစ်လုံးထီလောင်းကစားရာတွင် အသုံးပြုသော စာရွက်စာတမ်းများနှင့် ငွေကျပ်များသိမ်းဆည်းရမိခဲ့သဖြင့် လှထွန်း(ခ)ကိုပုအား ပျဉ်းမနားမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ **(ကိုရဲ)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသ၊ ရွှေမဇ္ဈူဘုရားအဝင်လမ်း၊ ခန့်မှန်း(၁½)မိုင်ခန့်အား (၁၂)ပေနှင့် (၁၆)ပေအကျယ် ကွန်ကရစ်လမ်းဖောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၃-၁၀-၂၀၁၃ရက်မှ ၂၆-၁၀-၂၀၁၃ရက်အထိ ရုံးချိန်အတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိုးညှင်းမြို့တွင် လာရောက်ထုတ်ယူပြီး ၂၇-၁၀-၂၀၁၃ရက် (၁၆း၃၀)နာရီ နောက်ဆုံးထား၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိုးညှင်းမြို့တွင် တင်ဒါများ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိုးညှင်းမြို့၊ ဖုန်း-၀၇၄-၆၀၀၀၉၊ ၀၇၄-၆၀၂၆၁၊ ၀၇၄-၆၀၀၃၂တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
မိုးညှင်းမြို့

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပစ္စည်းဌာနမှ အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ် လုပ်ငန်းဆောင်ရွက်မည့်မြို့အမည် — လုပ်ငန်းအမျိုးအစား

၁။ ရန်ကုန်တိုင်းဒေသကြီး၊
သဃ်န်းကျွန်းမြို့နယ် - သဃ်န်းကျွန်းစာတိုက်၊ ရှေ့မျက်နှာစာ ပေ ၇၀၊ အမြင့် ၆ပေ၊ ခြံစည်းရိုးကာရံခြင်း (၆ပေ×၆ပေ) ချိန်းလင့်ဂိတ်တံခါးနှင့် (၆ပေ×၆ပေ) လူဝင်ပေါက်ပြုလုပ်ခြင်း၊ ဘယ်ဘက်မျက်နှာစာ ခြံစည်းရိုးကာရံခြင်း

၂။ ရန်ကုန်တိုင်းဒေသကြီး၊
ပုဇွန်တောင်မြို့နယ် - သင်တန်းကျောင်းဝင်း အရာရှိနေအိမ် သုံးထပ်ဆောင်အတွက် ရေလှောင်ကန်ဆောက်လုပ်ခြင်း၊ ဂါလန် ၁၂၅၀၀ ဆံ့ (ပေ၂၀×၁၀ပေ×၁၀ပေ)

၂။ တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို တစ်စောင်လျှင် ၁၀၀၀ိ/နှုန်းဖြင့် အောက်ဖော်ပြပါလိပ်စာတွင် ၁၅-၁၀-၂၀၁၃ ရက်မှ ၂၈-၁၀-၂၀၁၃ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

တည်ဆောက်ရေးလုပ်ငန်း၊ စိစစ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ် ၄၃၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၅၀၁၁၀၊ ၃၈၅၈၅၉၊ ၂၅၆၇၆၁

ဖိတ်ကြားခြင်း

တေဇကျောင်းဆင်း ညီအစ်ကိုများ၏ (၂၃)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကျောင်းဆင်းညီအစ်ကိုများအားလုံး စုံစုံညီညီ တက်ရောက်ချီးမြှင့်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်-

(က) **နေ့ရက်** - ၂၀-၁၀-၂၀၁၃ ရက် (တနင်္ဂနွေနေ့)
(ခ) **အချိန်** - နံနက် ၆း၀၀ နာရီ
(ဂ) **နေရာ** - တပ်မတော်ဂေါက်ကွင်း (မင်္ဂလာဒုံ)

ပြိုင်ပွဲကျင်းပရေးကော်မတီ

ထေရီရိပ်သာ သီတင်းကျွတ်လ (၇)ရက် အထူးတရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘန့်ဘွေးကုန်းကျေးရွာ၊ ကျိုက်ဒေးဒလွန်ဘုရားကြီးအနီးရှိ မိုးကုတ်ဝိပဿနာထေရီဓမ္မရိပ်သာကြီးအတွင်း၌ မြတ်စွာဘုရား၏ အလိုတော်ကျ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ (၅၁)နှစ်ပြည့် ခန္ဓာဝန်ချပွဲအထိမ်းအမှတ်အဖြစ် (၇)ရက် အထူးတရားစခန်းပွဲကြီးကို ၂၃-၁၀-၂၀၁၃ရက်မှ ၂၉-၁၀-၂၀၁၃ရက်ထိ ကျင်းပဖွင့်လှစ်သွားမည်ဖြစ်ပါ၍ ကြိုတင်စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း ဖိတ်ကြားအပ်ပါသည်။

အကျိုးတော်ဆောင်အဖွဲ့
ထေရီဓမ္မရိပ်သာ
ဖုန်း-၀၉-၅၄၀၄၃၉၄၊ ၀၉-၄၂၂၁၉၈၈၁၇

သဲအင်းဂူ ခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းပွဲ

ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားဝင်းအတွင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ ၂၀၁၃ခုနှစ် အောက်တိုဘာ ၂၀ရက်မှ ၂၇ရက်အထိ ခုနစ်ရက်အဓိဋ္ဌာန်တရားစခန်းပွဲကို မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ ကျင်းပသွားမည်ဖြစ်ပါသည်။ တရားစခန်းပွဲတွင် အဖွဲ့၏ ဩဝါဒါစရိယကမ္မဋ္ဌာနာစရိယဆရာတော် ဦးသီဟ(ပုသိမ်)အရှင်သူမြတ်က သမထဝိပဿနာတရားတော်များကို ချီးမြှင့်ဟောကြားပြသမည်ဖြစ်ရာ တရားစခန်း ဝင်လိုသူများ အောက်တိုဘာ ၁၉ရက် (စနေနေ့) ညနေ ၅ နာရီအရောက် မှတ်ပုံတင်ကတ်ပြားဖြင့် စာရင်းသွင်းရန်နှင့် နေ့ဆွမ်း၊ အရုဏ်ဆွမ်း လှူဒါန်းလိုသူများနှင့်ဆွမ်းစားဆောင်ပြုပြင်ရန် အလှူရှင်များ ဖုန်း-၀၉-၈၆၂၃၉၉၇ သို့ ဆက်သွယ်ပါရန် နှိုးဆော်အပ်ပါသည်။

ကျိုက်ထီးရိုးတောင်တက် မော်တော်ယာဉ်အသင်း ဝန်ထမ်းများ၏ရိုးသားမှု

ကျိုက်ထီးရိုးဘုရားဖူး မရောက်သည်မှာ ကြာပြီဖြစ်သောကြောင့် အလုပ်တာဝန်များ မအားလပ်သည့်ကြားကပင် အင်းစိန်မြို့ သီရိစန္ဒာကုမ္ပဏီလီမိတက် (သီရိစန္ဒာအထူးကုဆေးရုံ)မှ အမှုဆောင်အရာရှိချုပ် ဦးတင်မြင့်နှင့် မိသားစုတို့သည် စက်တင်ဘာ ၂၈ ရက်က ဘုရားဖူးသွားရောက်ခဲ့သည်။

မိုးကာလဖြစ်၍ မိုးမကုန်သေးသော်လည်း ဘုရားဖူးအဖွဲ့သည် မိုးလေလွတ်ကင်းပြီး ရာသီဥတုသာယာသောကြောင့် ကျိုက်ထီးရိုးဒေသတောတောင်သဘာဝရှုခင်းများ၏ သာယာမှုကို တွေ့ကြုံခံစားခဲ့ရသည်။ ထို့အပြင် တောင်တက်မော်တော်ယာဉ်လမ်းကြောင်းသည်လည်း သန့်ရှင်းပြီး ပြေပြစ်မှုရှိခြင်း၊ လမ်းချော်မှုမရှိခြင်းနှင့် အထူးသဖြင့် ရသေ့တောင်စခန်းမှ ရင်ပြင်တော်ရောက် နဂါးပတ်တောင်ကိုပတ်၍ အသစ်ဖောက်ထားသော ကားလမ်းသည် ချောမွေ့ကျယ်ပြန့်လှသည်။ လမ်းဘေးရှိ ချောက်ဘက်၌ လမ်းအတားများကလည်း ခိုင်ခံ့ပြီး ရေဆင်းမြောင်းများ၏ စနစ်ကျနမှုတို့ကြောင့် ဘေးအန္တရာယ်ကင်းစွာဖြင့် ဘုရားကြီးရင်ပြင်တော်ပေါ်သို့ ၄၅ မိနစ်အတွင်း စိတ်ချမ်းမြေ့စွာ ရောက်ရှိခဲ့ရသည်။

မိုးတွင်းကာလ ဖြစ်သော်လည်း ထမင်းဆိုင်အပါအဝင် စားသောက်ဆိုင်အချို့ကလည်း ဘုရားဖူးများအား ကြိုဆိုလျက်ရှိကြသည်။ နေ့လယ်စာကို ရင်ပြင်တော်ဈေးတန်းမှာပင် စားသောက်ကြပြီး ကျသင့်ငွေရှင်းရန် ဦးတင်မြင့်က ပိုက်ဆံအိတ်ကို ရှာဖွေရာ မတွေ့သဖြင့် ၎င်း၏ ဇနီးက ရှင်းပေးခဲ့သည်။

ပိုက်ဆံအိတ် မည်သည့်နေရာတွင် ကျန်ခဲ့သည်၊ မည်သို့ပျောက်ဆုံးသည်ကို အစရှာ၍မရတော့သဖြင့် စဉ်းစားမနေတော့ဘဲ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်အား ရွှင်လန်းအားရစွာ ဖူးမြော်ကန်တော့ခြင်း၊ ကျောက်လုံးတော်ကြီးအား ရွှေသက်န်း ဆက်ကပ်ခြင်းနှင့် တရားဘာဝနာပွားများခြင်းတို့ကိုသာ အာရုံပြောင်း၍ စိတ်အာရုံနှစ်ပြီး ကုသိုလ်စိတ်ဖြင့် ကျေနပ်မှုပြုခဲ့သည်။

ညနေ ၅ နာရီတွင် ရင်ပြင်တော်ပေါ်ရှိဆေးခန်း၌ ဆေးမျိုးစုံ စုစုပေါင်း ၁၀ မျိုး တန်ဖိုးငွေအားဖြင့် ငွေကျပ် ၅၃၀၀၀ ကျော်ကို ဂေါပကအဖွဲ့၏ စီစဉ်မှုဖြင့် သီရိစန္ဒာကုမ္ပဏီ၏ ဒါနအဖြစ် လှူဒါန်းခြင်းနှင့် ဘုရားကြီးအား ယင်းကုမ္ပဏီက အလှူငွေကျပ် တစ်သိန်းနှင့် ဦးတင်မြင့်မိသားစုက ငွေကျပ် ၃၀၀၀၀ တို့ကို လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ညနေ ၆ နာရီခန့်တွင် ပျောက်ဆုံးနေသော ပိုက်ဆံအိတ်သည် ကျိုက်ထီးရိုးဘုရား တောင်တက်မော်တော်ယာဉ်အသင်း၌ ရောက်ရှိနေကြောင်း အင်းစိန်မြို့ သီရိစန္ဒာကုမ္ပဏီ မြို့ဝန်ထမ်းတစ်ဦးက ဖုန်းဖြင့် အသိပေးသတင်းပို့သည်။

ပိုက်ဆံအိတ်အတွင်း၌ ငွေကျပ် ၅၀၀၀၀ ကျော်၊ ဦးတင်မြင့်၏ နိုင်ငံသားအသိအမှတ်ပြုလက်မှတ်၊ ယာဉ်မောင်းလိုင်စင်နှင့် သီရိစန္ဒာကုမ္ပဏီ၏ လိပ်စာကတ်ပြားများပါရှိသဖြင့် ပိုက်ဆံအိတ်ကောက်ရသူက ဖုန်းဆက်အကြောင်းကြားခြင်းကြောင့် သတင်းအပြည့်အစုံကို သိရှိရခြင်းဖြစ်သည်။

ပြန်လည်ရရှိ

ဖြစ်စဉ်မှာ ရင်ပြင်တော်ကားဂိတ်ကားပေါ်မှအဆင်းတွင် ပိုက်ဆံအိတ်ကျခဲ့ခြင်းကို မော်တော်ယာဉ်အသင်းမှ ဝန်ထမ်းကတွေ့ရှိသဖြင့် သက်ဆိုင်ရာသို့ ရိုးသားစွာ တာဝန်သိသိဖြင့် အပ်နှံခဲ့ခြင်းဖြစ်သည်။ စက်တင်ဘာ ၂၉ ရက် ဘုရားကြီးပေါ်မှအဆင်း ကင်ပွန်းစခန်း၌ မော်တော်ယာဉ်အသင်းရုံးနှင့် ဆက်သွယ်၍ ပိုက်ဆံအိတ်ကို တစ်စုံတစ်ရာလျော့နည်းမှုမရှိဘဲအပြည့်အဝပြန်လည်ရရှိခဲ့သည်။

ကျိုက်ထီးရိုးဘုရားကြီးအား အမှီပြု၍ တာဝန်ထမ်းဆောင်နေကြသော ကျိုက်ထီးရိုးဘုရားတောင်တက် မော်တော်ယာဉ်အသင်းမှ ဝန်ထမ်းများ၏ ရိုးသားမှုကို ဝမ်းမြောက်စွာ သာဓုခေါ်ပါကြောင်း၊ ကျိုက်ထီးရိုးဘုရားဖူး အတွေ့အကြုံကောင်းတစ်ခုအဖြစ် ဂုဏ်ယူပီတိဖြစ်မိပါကြောင်း တင်ပြအပ်သည်။

ဦးဆန်း

ဆိပ်ကမ်းသာတံတားပြုပြင်ရန် ကမ္ဘောဇဘဏ်မှ ငွေလှူဒါန်း

ကလေး အောက်တိုဘာ ၁၁

ကလေးမြို့တွင် စက်တင်ဘာနောက်ဆုံးပတ်က ရွာသွန်းခဲ့သောမိုးကြောင့် လယ် ၂၁၄၉ ဧက၊ အဆောက်အအုံ ၃၅ လုံးခန့်၊ တံတား ၁၁ စင်းကျော် ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ဆုံးရှုံးပျက်စီးမှုတန်ဖိုး ခန့်မှန်းခြေ ငွေကျပ်သိန်း ၄၀၀၀ ကျော် ရှိမည်ဖြစ်ကြောင်းကို အောက်တိုဘာ ၉ ရက်က ကျင်းပသောတိုင်းဒေသကြီးဝန်ကြီး ဦးစိန်မောင်းနှင့် တွေ့ဆုံပွဲတွင် တာဝန်ရှိသူတို့က ပြောကြားသည်။

အဆိုပါ ပျက်စီးဆုံးရှုံးမှုထဲတွင် ပင်လုံလမ်းမတော်လမ်းနှင့် ဗိုလ်ချုပ်လမ်းတို့ကို ဆက်သွယ်ပေးထားသည့် ဆိပ်ကမ်းသာ တံတား၏ မြောက်ဘက်ခြမ်းမှာ တစ်ဝက်နီးပါး ရေထဲမျောပါပျက်စီးခဲ့ရသည်။

"ဒီဆိပ်ကမ်းသာတံတားကိုအားကိုးပြီး အထက(၃)ကျောင်းမှ ကျောင်းသား ကျောင်းသူတွေက ကျောင်းသွားကျောင်းပြန် ပြုလုပ်နေရတာပါ။ ဒီတံတားမရှိတော့ ကျောင်းကိုသွားဖို့အရေး စံပြလမ်းနှင့် ဆေးရုံအရှေ့ဘက်လမ်းအတိုင်း အဝေးကြီးပတ်ကာ သွားနေရပါတယ်။ ကျောင်းသား ကျောင်းသူတွေအတွက် ယာဉ်အန္တရာယ်စိုးရိမ်ရပါတယ်" ဟု ကျောင်းသားမိဘတစ်ဦးက ပြောကြားသည်။

"မြစ်ကူးချောင်းကူးတံတားတွေ ရေရှည်တည်တံ့ဖို့ဆိုရင် ကမ်းကပ်ခုံတွေ ခိုင်ခံ့ဖို့လိုတယ်၊ ဖောင်ဒေးရှင်းတွေ နက်နက်တူးပြီး ဘိလပ်မြေမခိုဖို့လိုပါတယ်၊ တံတား၏ အထက်ဘက်ကမ်းကပ်ခုံတွေကို ရေတိုက်စားမှုကနေ ကာကွယ်ရန် ရေကာများဆောင်ရွက်ထားဖို့လိုပါတယ်" ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည်။

ဒေသတွင်းရှိ ပြည်သူများအားလုံးဆက်သွယ်သွားလာရေး ပုံမှန်ပြန်ဖြစ်စေရေးအတွက် ဆိပ်ကမ်းသာတံတားကို အင်ဂျင်နီယာတွက်ချက်မှုပြုလုပ်သည့်အခါ ငွေကျပ် ၅၃ သိန်း ကုန်မှာဖြစ်ကြောင်း၊ ထို့ကြောင့် မြို့နယ်အထောက်အကူပြုအဖွဲ့နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့တိုင်ပင်ပြီး ကမ္ဘောဇဘဏ်ကို အလှူခံသည့်အခါ ကုန်ကျငွေကျပ် ၅၃ သိန်းကို ကမ္ဘောဇဘဏ်က လှူပေးကြောင်း မြို့နယ်အထောက်အကူပြုအဖွဲ့ထံမှ သိရသည်။ **(အောက်ပုံ)**

ကလေးမြို့ရေကြီးမှုသည် ယခုအခါပျက်စီးဆုံးရှုံးမှုအများဆုံးဖြစ်ပြီး ငွေကြေးတတ်နိုင်သူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ဆောင်နိုင်ရန်အတွက် အလှူငွေများထည့်ဝင်လျက်ရှိကြကြောင်း၊ အလှူငွေလည်း ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

သျှင်နေမင်း

မန္တလေးမြို့ အမှတ်(၁၄)အထက၌ လူကုန်ကူးမှုအကြောင်း သိကောင်းစရာများ ဟောပြော

မန္တလေး အောက်တိုဘာ ၁၁

လူကုန်ကူးမှုအကြောင်း သိကောင်းစရာနှင့် တရားမဝင်ရွှေ့ပြောင်းသွားလာခြင်းကြောင့် ရရှိသည့်ဆိုးကျိုးနှင့် တရားဝင် ရွှေ့ပြောင်းသွားလာခြင်းကြောင့် ရရှိသည့် အကျိုးကျေးဇူးများအကြောင်း ဟောပြောပွဲကို အောက်တိုဘာ ၈ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း ၈၀၊ ၃၂ လမ်းနှင့် ၃၃ လမ်းကြားရှိ အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၏ တပ်ဖွဲ့စု (မန္တလေး)မှ ချမ်းအေးသာစံမြို့နယ်တာဝန်ခံ ဒုရဲအုပ်ထွန်းထွန်းနိုင်က လူကုန်ကူးမှုအကြောင်း သိကောင်းစရာများ၊ လူကုန်ကူးမှုပြစ်မှုနှင့် ပြစ်ဒဏ်များအကြောင်း၊ တိုင်းပြည်နဲ့ လူမျိုးရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်သည့်အနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် အားလုံးပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းဟောပြောခဲ့သည်။

ဟောပြောပွဲကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ထွေးနှင့် ဆရာ ဆရာမများက ကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။

ကျော်ထူး

လူကုန်ကူးသူ

တို့ရန်သူ

တိုက်ဖျက်ကြမည်

တို့ပြည်သူ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားစနစ်ဌာနမှ Equipment for Substation Maintenance အတွက် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်-

(၁) Testing Instrument
(၂) Accessories for Transformer
(၃) Control Cable
(၄) SF6 gas bottle
(၅) Steel Ferrule & rope for kWh meter sealing
(၆) Testing Instrument for Communication

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၁-၁၀-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၁၁-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄:၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊
ရုံးအမှတ် ၂၇၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

မိခင်အမည်မှန်

နေပြည်တော်၊ ပျဉ်းမနား အမက-၁၁၊ မူလွန်ကန်ဦး(အနောက်) စတုတ္ထတန်း(C) တွင် ပညာသင်ကြားနေသော မရွှေစင်ငြိမ်း၏မိခင်အမည်မှန်မှာ ဒေါ်ငြိမ်းထွေး ၉/လဝန(နိုင်)၂၃၇၂၀၈ ဖြစ်ပါကြောင်း။ **ဒေါ်ငြိမ်းထွေး**

သတ္တုတွင်းဝန်ကြီးဌာန
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါပစ္စည်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဂိုဒေါင်အရောက်တန်ဖိုး(DDP နေပြည်တော်/ရန်ကုန်)မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က)	ရုံးသုံးပရိဘောဂပစ္စည်း	၈ မျိုး
(ခ)	Air Conditioner အပါအဝင် ရုံးသုံးလျှပ်စစ်ပစ္စည်း	၄ မျိုး
(ဂ)	စာရေးကိရိယာ	၆ မျိုး
(ဃ)	Copier Toner & Printer Toner Catridge	၉ မျိုး
(င)	သန့်ရှင်းရေးလုပ်ငန်းသုံးပစ္စည်း	၉ မျိုး
(စ)	မြို့ပြရေသွယ်ပစ္စည်း	၇ မျိုး
(ဆ)	X-Ray Tube(For XRD-6000 Shimudzu)	၁ မျိုး

၂။ တင်ဒါတင်သွင်းခြင်းကို ၇-၁၀-၂၀၁၃ ရက် မှ ၆-၁၁-၂၀၁၃ ရက် ၁၂:၀၀နာရီအတွင်း မည်သူမဆိုလွတ်လပ်စွာတင်သွင်းနိုင်ပါသည်။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်။

ဝယ်ယူရေးနှင့်ထောက်ပံ့ရေးဌာနစု
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဂဟလမ်း၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၄၀၇၉

နိုင်ငံသားစိစစ်ရေးကတ်အမှန်

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ အိမ်အမှတ်(၄/၅၅)နေ ကျွန်မ ဒေါ်သန်းသန်းမြင့်၏ နိုင်ငံသားစိစစ်ရေးကတ်အမှန်မှာ ၉/ပမန(နိုင်)၂၇၆၁၇၁ ဖြစ်ပါသည်။

ဖခင်အမည်မှန်

ကွန်ဟိန်းမြို့၊ အမှတ်(၂)ရပ်ကွက်၊ အားကစားကွင်းလမ်း၊ အိမ်အမှတ်(၂/၇၆)နေ မထူးသဇ္ဇာထက် ၁၃/ကဟန(နိုင်)၀၃၅၅၇၇ ၏ဖခင်မှာ ဦးကျော်မျိုးဆန်း(ခ) ဦးကျော်ဝင်းမောင် ဖြစ်ပါကြောင်း။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား ဂိုဒေါင်အရောက်တန်ဖိုး DDP (ပေါင်းလောင်း) မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No. 16/HPGE/2013-2014
(က) Micom Relay (P 643) — (4) Nos
Tender No. 17/HPGE/2013-2014
(ခ) စက်ရုံများအတွက် Digital Meter — (61) Nos
Tender No. 18/HPGE/2013-2014
(ဂ) ကင်းတားနှင့်ဆည်တော်ကြီးစက်ရုံအတွက် 132 kV LA — (2) Sets
Tender No. 19/HPGE/2013-2014
(ဃ) ရုံးချုပ်နှင့်စက်ရုံများအတွက် ဘက်ထရီအမျိုးအစား(၅)မျိုး — (280) Nos

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၇ရက် မွန်းတည့် ၁၂ နာရီဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ် ၃၈၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၆၈ နှင့် ၄၁၁၀၇၆

အမွေပြတ်စွန့်လွှတ်ခြင်းအား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာချက်

ဦးသိန်းထွန်းဝင်း-ဒေါ်မာမာသိန်းတို့၏သမီးဖြစ်သူ မယုဇနထွန်းဝင်း ၁၃/မဖန(နိုင်)၀၁၇၄၆၆အား ၂၄-၃-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် အမွေပြတ်စွန့်လွှတ်ခြင်းအား ပြန်လည်ရုပ်သိမ်းပါကြောင်း ကြေညာအပ်ပါသည်။

ဦးသိန်းထွန်းဝင်း ၁၀/သထန(နိုင်)၀၁၃၁၉၁
ဒေါ်မာမာသိန်း ၁၀/သထန(နိုင်)၀၁၃၁၉၂

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

၁-၉-၂၀၁၃ ရက်နေ့မှ ၃၀-၉-၂၀၁၃ ရက်နေ့အထိ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် လောင်းကစားမှုများ ဖမ်းဆီးရမိမှုအခြေအနေ

စဉ်	လောင်းကစား အမျိုးအစား	အမှု အရေအတွက်	တရားခံ ဦးရေ	လောင်းကြေး ငွေ(ကျပ်)
၁	နှစ်လုံးထီ	၁၆၃	၁၉၈	၁၀၁၉၅၆၅၀
၂	ချဲထီ	၄၇	၅၁	၇၆၅၈၂၅၀
၃	ဖဲ	၅၂	၂၃၇	၃၇၂၁၃၅၀
၄	ဂျင်	-	-	-
၅	အခြား	၅၃	၁၂၁	၄၆၁၈၅၃၀
	စုစုပေါင်း	၃၁၅	၆၀၇	၂၆၁၉၃၇၈၀

၁-၉-၂၀၁၃ ရက်နေ့မှ ၃၀-၉-၂၀၁၃ ရက်နေ့အထိ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် လောင်းကစားမှုများ ဖမ်းဆီးရမိမှုအခြေအနေ

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	ဖမ်းဆီးရမိမှုအရေအတွက်
၁။	နေပြည်တော်	၁၁
၂။	ကချင်	၁
၃။	ကယား	၂
၄။	ကရင်	၅
၅။	ချင်း	-
၆။	စစ်ကိုင်း	၂၁
၇။	တနင်္သာရီ	၄
၈။	ပဲခူး	၆၀
၉။	မကွေး	၁၀
၁၀။	မန္တလေး	၆၇
၁၁။	မွန်	၁၅
၁၂။	ရခိုင်	၂
၁၃။	ရန်ကုန်	၉၁
၁၄။	ရှမ်း	၉
၁၅။	ဧရာဝတီ	၁၇
	စုစုပေါင်း	၃၁၅

မူးယစ်ဆေးဝါးများ လွယ်ဂျယ်၌သိမ်းဆည်းဆီးရမိ

လွယ်ဂျယ် အောက်တိုဘာ ၁၁

ကချင်ပြည်နယ် မိုးမောက်မြို့နယ် လွယ်ဂျယ်မြို့နယ်(ခွဲ)သည် တရုတ်နိုင်ငံ နယ်စပ်မြို့နယ်နှင့်နယ်စပ်ချင်းထိစပ်နေပြီး တာဝန်ရှိသူများက မိမိတို့၏ဒေသလုံခြုံရေး၊ ဒေသအေးချမ်းသာယာရေး၊ ဒုစရိုက် ကင်းရှင်းရေးကို အစဉ်တစိုက် ဆောင်ရွက်လျက်ရှိသည်။ ထိုကဲ့သို့ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၆ ရက် ည ၁၀ နာရီခွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ လွယ်ဂျယ် နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင်ဒုရဲအုပ်မင်းမျိုးမြတ် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ရဲစခန်း၏ မြောက်ဘက် ခုနစ်ဖာလုံခန့်အကွာ အောင်မင်္ဂလာရပ်ကွက်နေ ဒေါ်မွန်စိ၏ နေအိမ်ကို မူးယစ်ဆေးဝါးရှာဖွေဖမ်းဆီးခွင့်အမိန့်ဖြင့် ဝင်ရောက်ရှာဖွေကြသည်။

နေအိမ်အတွင်း ဒေါ်မွန်စိနှင့်အတူ မူးယစ်ဆေးဝါး လာရောက်ပို့အပ်သူနှင့် ဝယ်ယူသူများအား ကြိုပို့လုပ်ကိုင်ပေးသူ ဦးပေါင်းအောင်ကို တွေ့ရှိရပြီး ရှာဖွေစစ်ဆေးရာ ဒေါ်မွန်စိ၏ နေအိမ်အိပ်ခန်းအတွင်း စားပွဲပေါ်တွင် တစ်ထုပ်လျှင် သုံးဒသမ ကိုးဂရမ်ခန့်ပါ ခပ်ပုံ ၅၁ ထုပ်၊ စုစုပေါင်းအလေးချိန် ၁၉၈ ဂရမ်ခန့်၊ ထန်းခေါက်ဖာအတွင်းရှိ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၊ 88 နှင့် တစ်ဖက်တွင် (I) စာတန်းပါနီညိုရောင် စိတ်ကြွရူးသွပ်ဆေးပြား၊ မြန်မာငွေနှင့် တရုတ်ယွမ်ငွေရောရာများကို သက်သေများရှေ့တွင် ဒုရဲအုပ်မင်းမျိုးမြတ်က ရှာဖွေပုံစံဖြင့် ချိပ်ပိတ်သိမ်းဆည်းခဲ့သည်။ ဒေါ်မွန်စိနှင့် ဦးပေါင်းအောင်တို့ကို လွယ်ဂျယ်နယ်မြေရဲစခန်းမှ အမှုဖွင့်၍ စခန်းမှူးရဲအုပ်သက်နိုင်ဦး၊ ဒုရဲအုပ်ကျော်ကျော်ဦးတို့က စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၀၁၇)

ကျောက်စိမ်းတုံးများ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၁၁

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် စင်းခန်းရွာ ချောင်းကူးတံတားအနီးတွင် စင်းခန်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် စင်းခန်းကျေးရွာ အုပ်ချုပ်ရေးမှူးတို့သည် အောက်တိုဘာ ၇ ရက် ညနေ ၅ နာရီက မန္တလေးမှ ဗန်းမော်သို့ သတင်းအရ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကွန်ကရစ်အုတ်စက်ရပ်ကွက်နေ နော်အောင်(၂၆နှစ်) မောင်းနှင်လာသည့် ၅C/. . . ဂျစ်ယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ ပီနံအိတ်ဖြင့် ထုပ်ထားသည့် ကျောက်စိမ်းဟု ယူဆရသော တစ်ထုပ်လျှင်အလေးချိန် ၁၀ ပိဿာခန့်ပါ ၂၅ ထုပ်ကို သိမ်းဆည်းရမိခဲ့သဖြင့် နော်အောင်ကို စင်းခန်းနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်းသိရသည်။

ကိုရဲ

သိန်း ၅၀၀နီးပါးရှိ ရွှေထည်များ မုံရွာမြို့၌ အခိုးခံရ

မုံရွာ အောက်တိုဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဗိုလ်ချုပ်လမ်းပေါ်တွင် တည်ရှိသော မြို့လယ်ရှိ ပေါ်ဦးရွှေဆိုင်တွင် အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက ငွေကျပ် ၄၉၈ သိန်းကျော်တန်ဖိုးရှိ ရွှေထည်လက်ဝတ်ရတနာများ ဖောက်ထွင်းခိုးခံရမှုဖြစ်ပွားကြောင်း မုံရွာမြို့ မြို့မရဲစခန်း၏ အတည်ပြုချက်နှင့် ရွှေဆိုင်ပိုင်ရှင် ဦးမြင့်ဝေတို့၏ ပြောကြားချက်များအရ သိရသည်။

ပေါ်ဦးရွှေဆိုင်၏ အောက်ထပ် ရွှေကောင်တာများ အမိုးတွင် ချိတ်ဆွဲထားခဲ့သော ရွှေဆွဲကြိုး၊ ကျောက်ကြိုးများ၊ ခိုးယူခံခဲ့ရခြင်းဖြစ်ပြီး အိမ်သာအပေါ်မှ နောက်ဖေးနံရံရှိ အလင်းပေါက်တွင် ပိတ်ထားသော အင်္ဂတေတုံးကို ဓားဖြင့် ကလော်ထုတ်ထားသည့် သဲလွန်စများကို ရရှိထားကြောင်း မုံရွာမြို့မရဲစခန်းတာဝန်ရှိသူထံမှ သိရသည်။

ဆောင်ရွက်

အဆိုပါ ခိုးယူမှုကို မုံရွာမြို့ မြို့မရဲစခန်း နယ်ထိန်းခေါင်းဆောင် ရဲအုပ်ခင်ဇော်လတ်က အမှုဖွင့်ကာ ရွှေထည်များခိုးယူသွားသူအား အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချာန်ထူးကို

လမ်းဖြတ်ကူးသူအား တိုက်မိ၍ အရေးယူ

နေပြည်တော် အောက်တိုဘာ ၁၁

အောက်တိုဘာ ၇ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မိတ္ထီလာမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၂၉၁/၆-၇)ကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သီးကုန်းအမြန်လမ်းရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် အမြန်လမ်း မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်(၄) ရပ်ကွက်နေ နေလင်းကျော် (၃၅နှစ်)မောင်းနှင်လာသော ၁ဃ/--- တိုယိုတာဗင် အနက်ရောင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲလမ်း၏ အရှေ့မှအနောက်သို့ လမ်းဖြတ်ကူးလာသည့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျောက်ပုံကျေးရွာနေ ဦးဖိုးသာ (၈၆နှစ်)ကို ဝင်တိုက်မိခဲ့ရာ ဦးဖိုးသာတွင် ဝဲမျက်ခုံးညိုမည်း၊ ဝဲလက်ဖျံကျိုး၊ ယာတံတောင်/ယာဒူးပွန်းပဲ့ဒဏ်ရာများရရှိခဲ့သောကြောင့် ယာဉ်မဆင်မခြင် မောင်းနှင်သူ နေလင်းကျော်ကို သီးကုန်းအမြန်လမ်းရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုရဲ

ဘီယာစက်ရုံဝင်းအတွင်း ဆိုင်ကယ်ဖြင့်ဝင်ရောက် ဆိုင်ကယ် မီးရှို့မှုဖြစ်ပွား

ရန်ကုန် အောက်တိုဘာ ၁၁

အောက်တိုဘာ ၉ ရက်နံနက် ၉ နာရီ ၁၅ မိနစ်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ကုန်းတလဘောင်ကျေးရွာ အမှတ် (၃) လမ်းမဘေး ပျဉ်းမပင်စက်မှုဇုန် မြန်မာဘရူဝါရီကုမ္ပဏီပိုင် တိုက်ဂါးဘီယာစက်ရုံတွင် မှော်ဘီမြို့နယ် ကိုးလုံးကွင်းကျေးရွာ မှော်ဘီတိုးဂိတ် အနီးနေ ကိုဇော်မင်းထွန်း(ပြင်ပတွင်စိတ်ရောဂါကုသနေသူ)(၂၉နှစ်)သည် မော်တော်ဆိုင်ကယ်ဖြင့် တိုက်ဂါးဘီယာစက်ရုံထဲဝင်၍ ဘီယာသံဘူးခွံများထားသော ဂိုဒေါင်ထိပ်တွင်ရပ်ကာ မော်တော်ဆိုင်ကယ်မှ ဆီပိုက်ဖြုတ်ပြီး ဂက်စ်မီးခြစ်ဖြင့် မီးရှို့မှုဖြစ်ပွားခဲ့ရာ စက်ရုံဝန်ထမ်းများက မီးသတ်ဆေးဘူးများဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်သဖြင့် နံနက် ၉ နာရီ ၁၈ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးရှို့မှုကြောင့် မော်တော်ဆိုင်ကယ်၏ ဒူးကာဘာနှင့် ဝိုင်ယာကြိုးများ မီးလောင်ခံရကြောင်း သိရသည်။

စစ်ဆေး

အခင်းဖြစ်ပွားရာသို့ ထောက်ကြန့်မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးမြင့်ခိုင် ဦးဆောင်သည့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်နှစ်ဦးဖြင့် သွားရောက်စစ်ဆေးပြီး ကိုဇော်မင်းထွန်းကို ထောက်ကြန့်ရဲစခန်းက အရေးယူထားကြောင်း သိရသည်။

အောင်သူရ

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကျ စိတ်ချမ်းသာ

ရေယာဉ်နစ်မြုပ်၍ နှစ်ဦးပျောက်ဆုံး

နေပြည်တော် အောက်တိုဘာ ၁၁

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ မြို့မေတ္တာသမအသင်းလီမိတက်မှ ကော့သောင်းမြို့ ရွှေပြည်သာရပ်နေ ဦးကျော်သက်(၄၂ နှစ်)ပါ ခုနစ်ဦးသည် ၄င်းပိုင် အောင်ကျော်ကျော်(၂)ကမ်းနီး ကင်းမွန်ငါးဖမ်း ရေယာဉ်ဖြင့် ပင်လယ်ပြင်ငါးဖမ်းကွက်သို့ ငါးဖမ်းရန်ထွက်ခွာသွားခဲ့ပြီး အောက်တိုဘာ ၇ ရက် နံနက် ၃ နာရီက ငါးမန်းကျွန်းအနီးတစ်ဝိုက် ပင်လယ်ပြင်၌ ငါးဖမ်းနေစဉ် ရာသီဥတုဆိုးရွားပြီး လေပြင်းတိုက်ခတ်မှုကြောင့် လှိုင်းကြီးကာ ရေယာဉ်နစ်မြုပ်သွားခဲ့သည်။

ထိုသို့နစ်မြုပ်ခဲ့သဖြင့် လောင်းလုံမြို့နယ် ရေဖြူကျေးရွာနေ သန်းထိုက်ဇော်(၂၈ နှစ်)ပါငါးဦးကို သီတာကုမ္ပဏီပိုင် သန်းထွန်းအောင်(၁၈) ငါးဖမ်းရေယာဉ်က ဆယ်ယူရရှိခဲ့ပြီး ဦးကျော်သက်ပါနှစ်ဦးမှာ ပျောက်ဆုံးလျက်ရှိသဖြင့် ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

ကိုရဲ

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါအမှတ်
(က)	Component Parts for 3 Wheel Motorcycle	၃၈ မျိုး	HIE-1/022
(ခ)	Raw Material for 3 Wheel Motorcycle	၁၃ မျိုး	HIE-1/023
(ဂ)	Cummins Engine for Bulldozer (217 HP, 1800 rpm)	၁၀ လုံး	HIE-1/024
(ဃ)	Paint နှင့် ဆက်စပ်ပစ္စည်း	၁၈ မျိုး	HIE-1/025
(င)	Oil & Lubricant	၁၁ မျိုး	HIE-1/026

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍ ၁၄-၁၀-၂၀၁၃ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်-

၃။ တင်ဒါများ နောက်ဆုံးထားပေးသွင်းရမည့်ရက်မှာ ၂၈-၁၀-၂၀၁၃ရက် ၁၆း၀၀နာရီဖြစ်ပါသည်။

ထုတ်လုပ်မှုစီမံရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၀၅၆၊ ၀၆၇-၄၀၅၁၇၁

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၂၆၅၁၆၅ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်မိုး ၇/ဇကန(နိုင်)၀၃၀၅၅၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ်(တောင်ကြီး)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ်(တောင်ကြီး)အတွက် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁	ကုလားထိုင်(ဘွဲ့နှင်းသဘင်)	၁၀ လုံး
၂	မှန်ဗီရို (6' × 3' × 1'.6")	၂ လုံး
၃	ဖိုင်တင်စင် (3' × 1' × 3')	၅ လုံး
၄	Computer Table	၂၀ လုံး
၅	Aluminium Ladder (14 Feet, 2 Way Combination)	၁ ခု
၆	Notic board (6' × 4')	၄ ခု
၇	ပလတ်စတစ်ထိုင်ခုံ(လက်တန်းပါ)	၅၀ လုံး
၈	ဖိုင်တင်စင် (3' × 6') (Leeco)	၃ ခု

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၅-၁၀-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ် ငွေစာရင်းဌာနတွင် လာရောက်ထုတ်ယူနိုင်ပြီး ၂၂-၁၀-၂၀၁၃ရက် ၁၆း၃၀နာရီနောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

နည်းပညာတက္ကသိုလ်(တောင်ကြီး)
ဖုန်း-၀၉-၅၂၁၄၃၇၆၊ ၀၈၁-၂၁၂၇၆၈၅၊ ၀၈၁-၂၁၂၇၆၇၆

ထားဝယ်အသင်း
(၅၆)ကြိမ်မြောက် သီတင်းကျွတ် ဆွမ်းတော်ကြီးကပ်လှူပွဲ ဖိတ်ကြားလွှာ

ထားဝယ်အသင်း၏ (၅၆)ကြိမ်မြောက် သီတင်းကျွတ် ဆွမ်းတော်ကြီးကပ်လှူပွဲကို သီတင်းကျွတ်လဆန်း ၁၄ရက်၊ ၁၈-၁၀-၂၀၁၃ရက် (သောကြာနေ့) ညနေ ၃နာရီမှ ည ၇နာရီအထိ အမှတ် ၈၂၈၊ မဟာဗန္ဓုလလမ်း၊ လမ်းမတော်မြို့နယ်ရှိ ထားဝယ်အသင်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အသင်းသူ အသင်းသားများ၊ ထားဝယ်သူ ထားဝယ်သားများ မိတ်ဆွေသင်္ဂဟများ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ (ထားဝယ်မုန့်ဟင်းခါး၊ မုန့် အချိုဖြင့် ဧည့်ခံပါမည်။) **အမှုဆောင်ကော်မတီ၊ ထားဝယ်အသင်း**

ပြင်ဆင်ဖတ်ရှုပါရန်ကြေညာချက်

၃၀-၉-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၉)ပါ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅စီ)၊ မြေကွက်အမှတ်(၁၇)၊ ဇရိယာ ၀ ဒသမ၀၁၃ ဧကအနက်မှ ပေ(၂၀×၄၀) ဟု မှားယွင်းဖော်ပြခဲ့ခြင်းအပေါ် ပေ(၁၂×၄၀)ဟု ပြောင်းလဲပြင်ဆင်ဖတ်ရှုပါရန် ကြေညာအပ်ပါသည်။

နယ်သတင်းနှင့်ဆောင်းပါး

မလွန်မြို့ဟောင်းမှ မင်းပုန်းဂူ (၁)ဓမ္မဓရလိုဏ်ဂူ

မကွေး အောက်တိုဘာ ၁၁

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နှင့် မလွန်မြို့ဟောင်းမှာ (၅)မိုင်ခန့်သာဝေးပြီး သမိုင်းအဆိုအရ မင်းလှတည်စ မလွန်ကဟု အဆိုရှိခဲ့ကြောင်း မှတ်သားခဲ့ရသည်။

ယခုအခါကျေးရွာ တစ်ဖြစ်လဲ မလွန်မြို့ဟောင်းကား တစ်ခေတ်တစ်ခါဆီက ဘာသာ၊ သာသနာ ထွန်းကားခဲ့ကြောင်း ယနေ့မြင်တွေ့ရသော မလွန်မြို့ဟောင်းက ဘုရားကျောင်းကန်စေတီပုထိုး ဂူကျောင်း ဇရပ်များက သက်သေခံလျက်ရှိသည်။ အုတ်သားနီကွက်၊ စေတီပျက်များ ချုံနွယ်ပိတ်ပေါင်းများကြား၌ အရောင်မှိန်လျက်ရှိသည်။ ဓမ္မိကတောရမြကင်းတောင်ဆရာတော်ကြီးသည် မလွန်မြို့ဟောင်း မြသပိတ်စေတီ၏ အနီးဝန်းကျင်ပတ်လည်ရှိ စေတီပုထိုးများကို ပြန်လည်ပြုပြင်မွမ်းမံရင်း ရှေးပဝေသဏီကရှိခဲ့သော လိုဏ်ဂူများကို ပြန်လည်တွေ့ရှိခဲ့သည်။

မလွန်-မင်းလှ ကားလမ်းဘေးတောင်ကြောအစွန်၌ ၁၈၇ပေရှိ တောကြီးထဲ၌တည်ရှိသော လိုဏ်ဂူတစ်ခုအား ရှာဖွေတွေ့ရှိခဲ့သည်။ ထိုဂူမှာ သရေခေတ္တရာမှ စစ်ရှုံး၍ ထွက်ပြေးလာသော ပျူမင်းတစ်ပါး ပုန်းအောင်းသောဂူဟူ၍ သမိုင်းမှာ အဆိုရှိသည်။ မင်းပုန်းဂူဟူ၍ ဒေသခံများက ခေါ်သည်။ ထိုဂူတွင် ရှေးအစဉ်အဆက် အရိယာသူတော်စင်တို့ ကမ္မဋ္ဌာန်းဘာဝနာပွားများ ကျင့်ကြံသော ဘုမ္မိမြေလိုဏ်ဂူဖြစ်သည်ဟု ဆရာတော်ကြီး ကမိန့်ကြားသည်။ **(အပေါ်ပုံ)**

ထိုဂူအား ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် စတင်ဖော်ထုတ်ခဲ့သည်။ လိုဏ်ဂူသည် နှစ်ဂူယှဉ်၍ ကပ်လျက်ရှိသည်။ ၂၀၀၇ခုနှစ်တွင် ဒုတိယလိုဏ်ဂူအားဖော်ထုတ်ခဲ့သည်။ ပထမလိုဏ်ဂူသည် ဒုတိယလိုဏ်ဂူ ထက်ပို၍ကျယ်သည်။ ၁၂ပေကွာ ဂူနှစ်ဂူတွင် လျှောက်လမ်း ဆက်ကိုတူး၍ နှစ်ဂူဆက်သွယ်ကာ ပေါင်းစည်းထားသည်။ လိုဏ်ဂူများမှာ ဥမင်လိုဏ်ခေါင်းများ မဟုတ်ဘဲ ဝင်္ကဘာဆန်ဆန် တူးဖော်ထားခြင်းဖြစ်သည်။ လိုဏ်ဂူလမ်းကြောင်းနှင့် ဂူတွင်း အခန်းငယ်များရှင်းလင်းပြီး နောက်နှစ်ရှည်တည်တံ့စေရန် ဂူလမ်းကြောင်းတစ်လျှောက်၊ ကျောက်ကြီးကာနံရံများနှင့် သံကူကွန်ကရစ်အမိုးခုံးများဖုံးအုပ်တည်ဆောက်ထားသည်။

ဂူအတွင်း၌ ယွန်းဘုရားအစစ်တစ်ဆူနှင့် ရုပ်ပွားတော်များရှိပြီး လေဝင်ပေါက်နှင့် အလင်းရောင်ဝင်ပေါက်များလည်းတွေ့ရသည်။ ထို့ပြင် ဂူတွင်းနံရံများတွင် သံဝေဇနီယလေးဌာနဖြစ်သည့် ဂေါတမမြတ်စွာဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗဏီဥယျာဉ်သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိတော်မြေ ဓမ္မစကြာတရားဦး ဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာကုသိနာရုံအင်ကြင်းတောစသည့် ပန်းချီလက်ရာများကို ဖူးတွေ့နိုင်ကြောင်း သိရသည်။ **(မကွေးလှမြင့်)**

နေပြည်တော် သီရိ(၅)မြို့နယ် သဘင်ပညာရှင်များအစည်းအရုံး ပြန်လည်ဖွဲ့စည်းရွေးချယ်ပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၁

နေပြည်တော် ကောင်စီနယ်မြေရှိ သီရိ (၅)မြို့နယ် ပုဗ္ဗသီရိ၊ ဇမ္ဗူသီရိ၊ ဇေယျာသီရိ၊ ဥတ္တရသီရိနှင့် ဒက္ခိဏသီရိ (၅)မြို့နယ်ကို အခြေခံ၍ သဘင်ပညာရှင်များ အစည်းအရုံး ပြန်လည်ရွေးချယ်ဖြည့်စွက်ခန့်အပ်ပွဲ အခမ်းအနားကို နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရာဇဌာနီလမ်းမကြီးဘေး အောင်သာယာရပ်ကွက်၌ အောက်တိုဘာ ၄ရက် နံနက်၁၀နာရီက ကျင်းပသည်။ **(အပေါ်ယာပုံ)**

အဆိုပါ နေပြည်တော်သီရိ (၅)မြို့နယ် သဘင်ပညာရှင်များ အစည်းအရုံး ပြန်လည်ရွေးချယ်ပွဲသို့ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး(ဗဟို)မှ ဥက္ကဋ္ဌ ပန်တျာဦးမြကြည်နှင့် အလုပ်အမှုဆောင်ငါးဦး တက်ရောက်ခဲ့ကြသည်။

ယင်းသဘင်ပညာရှင်များ အစည်းအရုံး ပြန်လည်ဖွဲ့စည်းရာတွင် သီရိ(၅)မြို့နယ်မှ တက်ရောက်လာကြသော သဘင်အစည်းအရုံးဝင်အင်အား ၃၀ ဦးခန့်တို့မှ အပြန်အလှန် ဆွေးနွေးပြီး အစည်းအရုံးဝင်တို့၏သဘောဆန္ဒအရ နာယက ငါးဦးနှင့် အလုပ်အမှုဆောင်ကိုးဦး ပါဝင်သော နေပြည်တော်သီရိ (၅)မြို့နယ် သဘင်ပညာရှင်များ အစည်းအရုံးအား ပြန်လည်ဖွဲ့စည်းခဲ့သည်။ သဘင်ပညာရှင်များ အစည်းအရုံး ဥက္ကဋ္ဌအဖြစ် ဦးရာတင်၊ အတွင်းရေးမှူး ဦးမြဝင်းတို့အား ဖွဲ့စည်းခန့်အပ်ခဲ့သည်။

နေပြည်တော်သီရိ(၅) မြို့နယ် သဘင်ပညာရှင်များ အစည်းအရုံးသည် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး (ဗဟို)နှင့် သီရိ(၅)မြို့နယ်မှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၏ ပေးအပ်စေခိုင်းသော တာဝန်များအား ကျေပွန်စွာ ဆောင်ရွက်သွားမည်ဖြစ်ပြီး သီရိ(၅)မြို့နယ်အတွင်းရှိ သဘင်ပညာရှင်များ၏ တိုးတက်ပြောင်းလဲမှုကိုအစည်းအရုံးမှ လေ့လာဆန်းစစ်လျက်ရှိပြီး မိမိတို့တတ်ကျွမ်းသည့် အနုပညာဖြင့် ရေရှည်တည်တံ့ခိုင်မြဲစွာ စည်းကမ်းရှိရှိတာဝန်သိသိဖြင့် သဘင်ပညာရှင်များအချင်းချင်း အစဉ်တစိုက်စည်းရုံးရေးအသွင်နှင့် စည်းစည်းလုံးလုံး တက်ကြွစွာ ဆက်လက်ဆောင်ရွက်သွားကြမည်ဟု ဥက္ကဋ္ဌဦးရာတင်က ပြောကြားခဲ့သည်။

ဇော်မျိုးနိုင်

အရေးပေါ်လူနာ အသက်ကယ်တင်ကုသ ပို့ဆောင်ရေးလုပ်ငန်းသို့ ကမ္ဘောဇဘဏ်မှလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၁

အရေးပေါ်လူနာအသက်ကယ်တင်ကုသ ပို့ဆောင်ရေးလုပ်ငန်းသို့ ကမ္ဘောဇဘဏ်ဥက္ကဋ္ဌမှ အရေးပေါ်လူနာတင်ယာဉ်တစ်စီးနှင့် အရေးပေါ် ဆေးကုသရေးပစ္စည်း အရေအတွက် အမေရိကန်ဒေါ်လာ ၁၄၈၀၀ လှူဒါန်းခဲ့ကြောင်းသိရသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌ ဒေါက်တာကျော်မြင့်နိုင်က နှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ လှူဒါန်းခြင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာပေးအပ်ခြင်းနှင့် အရေးပေါ်လူနာအသက်ကယ်တင် ကုသပို့ဆောင်ရေးလုပ်ငန်း ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာတင်ဇော်မောင်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်းသိရသည်။

ကျင်းပ

"ဒီလုပ်ငန်းကို မနှစ်က အောက်တိုဘာ ၁ ရက်မှာ တည်ထောင်ခဲ့တာဆိုတော့တစ်နှစ်ပြည့်ခဲ့ပြီ။ ဒီအတောအတွင်း ထိခိုက်ဒဏ်ရာရသူတွေ၊ ဝေဒနာရောဂါကြောင့် အရေးပေါ်အခြေအနေရှိတဲ့ လူနာတွေဆီကို အမြန်သွားရောက်ပြီး ကယ်တင်နိုင်ခဲ့တယ်။ လူမျိုး၊ ဘာသာ၊ ဆင်းရဲချမ်းသာမရွေး၊ အထူးသဖြင့် ဆင်းရဲနွမ်းပါးသူတွေ ပိုပြီးအလေးထားဆောင်ရွက်ခဲ့တယ်။ တစ်နိုင်ငံလုံးအထိ ပျံ့နှံ့အောင်မြင်သွားဖို့ ကြိုးစားမှာပါ။ ရန်ကုန်မှာတော့ လူနာသယ်ယူရာမှ ယာဉ်ကြောပိတ်ဆို့မှုက အခက်အခဲရှိတယ်။ အလှူရှင်၊ စေတနာရှင်တွေလှူဒါန်းမှုတွေကို လက်ခံနေပါတယ်"ဟု အရေးပေါ်လူနာ အသက်ကယ်တင် ကုသပို့ဆောင်ရေးလုပ်ငန်း ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာတင်ဇော်မောင်က ပြောကြားသည်။

အဆိုပါအခမ်းအနားကို သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း၌ အောက်တိုဘာ ၂ ရက် မွန်းလွဲပိုင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်

ဇလွန်မြို့နယ်တွင် လယ်သမားများအတွက် နစ်နာကြေးငွေများ ပေးအပ်ပွဲကျင်းပ

ဇလွန် အောက်တိုဘာ ၁၁

ဇလွန်မြို့နယ် အိုးဘိုသဲကုန်းကျေးရွာ ဖြတ်တာတည်ဆောက်မှုလုပ်ငန်းဧရိယာအတွင်း ပါဝင်သော လယ်မြေများအတွက် ဆည်မြောင်းဦးစီးဌာနမှ နစ်နာကြေးအတွက် ပေးအပ်သည့် အခမ်းအနားကို အောက်တိုဘာ ၇ရက် နံနက် ၉နာရီက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီးပွားရေးနှင့်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှခိုင်နှင့်ဟင်္သာတခရိုင် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလွင်တို့က အမှာစကားပြောကြားသည်။

ပေးအပ်

ထို့နောက် နစ်နာကြေးရရှိသော တောင်သူ လေးဦးအား ဇလွန်မြို့နယ် ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဆွေက စုစုပေါင်းလယ်မြေ ၈ ဒသမ၃၈ဧကအတွက် တန်ဖိုးငွေကျပ်၁၂၄၅၆၀၀၀ကို လယ်သမားလေးဦးတို့အား နစ်နာကြေးငွေအဖြစ် ပေးအပ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

သန်းခေါင်စာရင်းကောက်ယူရေးရှင်းလင်း

ပြည် အောက်တိုဘာ ၁၁

ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် စက်တင်ဘာ ၂၈ ရက် နံနက် ၉နာရီက ၂၀၁၄ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းရှင်းလင်းပွဲ အခမ်းအနားကို သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်ကပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာ ဆည်သည်တော်များနှင့် ဒေသခံ သတင်းမီဒီယာများမှ မေးမြန်းသည်များကို ဒုတိယဝန်ကြီးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးမြင့်ကြိုင်တို့က ပြန်လည်ဖြေကြား ရှင်းလင်းရာ အခမ်းအနားသို့ စုစုပေါင်းအင်အား ၆၁၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ကျော်ကျော်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်မြို့၏ မြောက်ဘက် (၁၂) မိုင်ခန့်အကွာ၊ ရွှေလီ (၃) ရေအားလျှပ်စစ်စီမံကိန်း၏ Conventional Vibrated Concrete(CVC) ကွန်ကရစ်ဖျော်စပ်၊ သယ်ပို့သွန်းလောင်းခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံအရောင်းပိတ်ရက်** - ၂၁-၁၀-၂၀၁၃ ရက်၊ ၁၆း၃၀ နာရီ

Company Profile အပါအဝင် Technical Proposal နောက်ဆုံးထား၍ တင်သွင်းရမည့်ရက် - ၇-၁၁-၂၀၁၃ ရက်၊ ၁၆း၃၀ နာရီ

၃။ Technical အောင်မြင်သည့်လုပ်ငန်းရှင်များအား Price Proposal တင်သွင်းရန်ဌာနမှ အကြောင်းကြားပေးမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်၊ သံတွဲမြို့၏ အရှေ့မြောက်ဘက်၊ (၁၂)မိုင်ခန့်အကွာ၊ သူဋွေး ရေအားလျှပ်စစ်စီမံကိန်း၏ Secant Pile/Diaphragm Wall လုပ်ငန်းအတွက် မြန်မာကျပ်ငွေဖြင့် လုပ်ငန်း အပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံအရောင်းပိတ်ရက်** - ၂၁-၁၀-၂၀၁၃ ရက်၊ ၁၆း၃၀ နာရီ

Company Profile အပါအဝင် Technical Proposal နောက်ဆုံးထား၍ တင်သွင်းရမည့်ရက် - ၇-၁၁-၂၀၁၃ ရက်၊ ၁၆း၃၀ နာရီ

၃။ Technical အောင်မြင်သည့်လုပ်ငန်းရှင်များအား Price Proposal တင်သွင်းရန် ဌာနမှ အကြောင်းကြားပေးမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

ရွှေမင်းဝန်တောရကမ္မဋ္ဌာန်းကျောင်းတိုက်
သီတင်းကျွတ် ၅ရက် တရားစခန်းပွဲ

အင်းလေးဖောင်တော်ဦး(ရင်ငွေ့လှုံ) ဗုဒ္ဓရုပ်ပွားတော်မြတ်များပူဇော်ပွဲနှင့် မဟာပဝါရဏာပြုပွဲကျင်းပပူဇော်မည်။

ကျေးဇူးတော်ရှင်မူလ ကသစ်ဝိုင်ဆရာတော်ကြီး၏ လမ်းစဉ်နှင့်အညီ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇာနေယျ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ကမ္မဋ္ဌာနာစရိယ)မှ ဦးစီး၍ အောက်ပါအစီအစဉ်အတိုင်း ဝိပဿနာအလုပ်ပေးတရားများကို ဟောကြားပြသပေးသွားမည်ဖြစ်ပါသည်။

ထို့အပြင် တရားစခန်းပြီးဆုံးသောနေ့တွင် အင်းလေးဖောင်တော်ဦး (ရင်ငွေ့လှုံ) ဗုဒ္ဓရုပ်ပွားတော်မြတ်များနှင့် ရွှေဟောင်းရုပ်ပွားတော်မြတ်ကိုးဆူအား ဗုဒ္ဓါဘိသေက ပူဇော်ပွဲ၊ သီတင်းကျွတ်လပြည့် သံဃာ့ပဝါရဏာပွဲ၌ သံဃာတော်အပါး ၁၀၀တို့အား ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပူဇော်နိုင်ကြရန် ရပ်နီးရပ်ဝေးအသီးသီးမှ ဒါယကာ ဒါယိကာမအပေါင်းတို့အား လေးစားစွာဖိတ်ကြားအပ်ပါသည်။

သီတင်းကျွတ် (၅)ရက် တရားစခန်းပွဲ

သီတင်းကျွတ်လဆန်း ၁၁ရက် (၁၅-၁၀-၂၀၁၃ရက်) မှ
သီတင်းကျွတ်လပြည့်နေ့ (၁၉-၁၀-၂၀၁၃ရက်) အထိ

မှတ်ချက်။ ။ တရားစခန်းဝင်ရောက်မည့် ယောဂီများသည် ၁၅-၁၀-၂၀၁၃ရက် ညနေ ၅နာရီအရောက်တစ်ကိုယ်ရေ အသုံးအဆောင်များယူဆောင်၍ လာရောက်ကြပါရန်။

ဗုဒ္ဓါဘိသေကပူဇော်ပွဲနှင့် ပဝါရဏာပြုပွဲ

၁၃၇၅ခုနှစ် သီတင်းကျွတ်လပြည့်နေ့ (၁၉-၁၀-၂၀၁၃ရက်) စနေနေ့ နံနက် ၈နာရီတွင် ဗုဒ္ဓါဘိသေကမင်္ဂလာသဘင်ကျင်းပခြင်း၊ နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ကျွေးမွေးခြင်း၊ မွန်းလွဲ ၁ နာရီတွင် ပဝါရဏာပြု၍ သံဃာအပါး ၁၀၀တို့အား သိမ်ဆင်းလောင်းလှူခြင်း။

သာသနာနုဂ္ဂဟအကျိုးတော်ဆောင်အဖွဲ့
ရွှေမင်းဝန်တောရကမ္မဋ္ဌာန်းကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဆက်သွယ်ရန်ဖုန်း-၀၉-၅၀၁၁၂၇၉၊ ၀၁-၆၃၈၀၈၇၊ ၀၁-၉၆၉၉၁၆၃

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၁၆၀-ခ၊ သူရ ၅ လမ်း၊ အကျယ်အဝန်းပေ(၂၀×၆၀)ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့်ပတ်သက်၍ အမွေဆက်ခံပိုင်ဆိုင်သူ ဦးတင်စိုးထံမှ ကျွန်မ၏မိတ်ဆွေသည်အပြီးအပိုင် အရောင်းအဝယ်ပြုလုပ်ရန်အတွက် ရောင်းချသည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေ၍ အရောင်းအဝယ်ကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်၍ သက်ဆိုင်သူ၊ အကျိုးခံစားခွင့်ရှိသူများရှိပါက ခိုင်လုံသောတရားဝင်အထောက်အထား၊ စာချုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့်တကွ ဤကြေညာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်မထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်လှတင် LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၄)
အမှတ်-၈၅(မြေညီထပ်)၊ ၃၇ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၉၂၀၉၀၊ ၀၁-၅၇၂၆၈၁၊ ၀၉-၅၀၂၂၄၄

တစ်တည်းဖြစ်ပါကြောင်း

သုံးခွမြို့နယ် ဘုရားကြီးစံပြကျေးရွာ အထကမှ မောင်ကျော်ဇောဝင်း၏ ဖခင် ဦးအောင်မျိုးဝင်း ၁၂/သခန(နိုင်)၀၄၀၁၈၈ နှင့်ဦးမျိုးဝင်း သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

တစ်တည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်နေ မစုစုလှိုင်၏ဖခင် ဦးအောင်ဆာ(ခ)မောင်ညို ၉/မရမ(နိုင်)၀၇၁၄၅၅နှင့် ဦးကျင်ထွန်းသည် တစ်ဦးတည်းဖြစ်ပါသည်။

ဦးအောင်ဆာ(ခ)မောင်ညို (ခ) ကျင်ထွန်း

ဌာနဆိုင်ရာ၊ လူမှုရေးစီးပွားရေးကြော်ငြာ

ချစ်သမီးလေး တည်ကြည်ခင်အတွက် မွေးနေ့မင်္ဂလာဆုတောင်း

ဖေဖေ မေမေတို့၏ချစ်လှစွာသောသမီးငယ်လေး တည်ကြည်ခင်(Dip in Business Temasek Polytechnic Junior Officer United Overseas Bank Ltd-Singapore)၏ ၁၂-၁၀-၂၀၁၃ရက်တွင် ကျရောက်သော ၂၁ နှစ်ပြည့်မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ပညာပြည့်ဝ၊ နှလုံးလှလျက် ကိုယ်ကျန်းမာစိတ်ချမ်းသာစွာဖြင့် အမျိုးဘာသာ သာသနာအကျိုးကို ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းဆုပြုပါသည်။

ချစ်ဖေကြီး- ဦးသန်းဦးဝေ၊ ညွှန်ကြားရေးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန၊ နေပြည်တော်
ချစ်မေကြီး- ဒေါ်ခင်ခင်လတ်၊ လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ ငါးလုပ်ငန်းဦးစီးဌာန
ချစ်ကိုကို - ကိုလင်းစိုးထွန်း၊ Dip in Nautical Science CD 36,IMT 2nd Intake of Myanmar Mercantile Marine College M/V Ocean Prometeus JSM Int'l Shipping Co.,Ltd.

ဝန်ထမ်း (အမြန်)အလိုရှိသည်
မြတ်အိန္ဒြေ Group of Companies
(နယ်ဆိုဒ်များ၌ ခန့်ထားရန်)

အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသောဝန်ထမ်းများ အလိုရှိသည်

၁။	B.E (Civil)/(Mining)	ကျား	၁၅	ဦး
၂။	B.Tech (Civil)/(Mining)	ကျား	၁၅	ဦး
၃။	AGTI (Civil)/(Mining)	ကျား	၁၅	ဦး
၄။	B.E (Mechanical)-(Beckhoe, Dozer)	ကျား	၁၅	ဦး
၅။	AGTI (Mechanical)-(Beckhoe, Dozer)	ကျား	၁၅	ဦး
၆။	ယန္တရားမှူး	ကျား	၁၅	ဦး
၇။	မော်တော်ယာဉ်မှူး	ကျား	၅	ဦး
၈။	မော်တော်ယာဉ်(စက်ပြင်)(Transporter, Tipper)	ကျား	၁၀	ဦး
၉။	ယာဉ်/စက် (Spare Parts ပစ္စည်း) စတိုစာရင်းကိုင်	ကျား	၁၅	ဦး
၁၀။	စိုက်ပျိုးရေးကျွမ်းကျင် (B.Arg/ဒီပလိုမာ)	ကျား/မ	၂၀	ဦး
၁၁။	Checker/စိစစ်ရေးဝန်ထမ်း(၁၀တန်းအောင်/ဘွဲ့ရ)	ကျား	၂၀	ဦး
၁၂။	Computer စာစီစာရိုက် (DTP), A+(Networking)(ကျွမ်းကျင်)	ကျား/မ	၁၅	ဦး
၁၃။	B.Com CPA	ကျား/မ	၁၀	ဦး
၁၄။	LCCI (Level-1,2,3)ACCA	ကျား/မ	၅	ဦး
၁၅။	စာရင်းကိုင်ဘွဲ့ရ	ကျား/မ	၂၀	ဦး
၁၆။	စားဖိုမှူး	ကျား	၅	ဦး
၁၇။	Driver (ရုံးကား) မြို့တွင်းကျွမ်းကျင်ရမည်။	ကျား	၅	ဦး

- အထက်ပါရာထူးများအတွက် လုပ်ငန်းအတွေ့အကြုံ သုံးနှစ်ရှိရပါမည်။
- အမှတ်စဉ် (4,5)(Hydraulic Excavator နှင့် Dozer)များကို ကျွမ်းကျင်စွာ ပြုပြင်နိုင်ရမည်။
- အမှတ်စဉ် (6)(ဆိုဒ်ရှိယာဉ်/စက်များနှင့် အုပ်ချုပ်ရေးအပိုင်းကို လုပ်ဆောင်နိုင်ရမည်။) (Excavator, Dozer, Dump Truck)
- အမှတ်စဉ် (7)(Transporter နှင့် Tipper)များ အတွေ့အကြုံရှိသူကို ဦးစားပေးမည်။
- အမှတ်စဉ်(9)အတွက် (ယာဉ်/စက် Spare Parts)ပစ္စည်းများ တတ်ကျွမ်းနားလည်သူ ဦးစားပေးမည်။
- ၃၁-၁၀-၂၀၁၃ ရက် နောက်ဆုံးထား လျှောက်ထားရပါမည်။
- အလုပ်သမား မှတ်ပုံတင်မိတ္တူပါရှိရပါမည်။
- **ဆက်သွယ်ရန်လိပ်စာ-အမှတ် ၃၅၈/ဘီ၊ ဇေယျာခေမာလမ်း၊ (၆)ရပ်ကွက်၊ (၈)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၆၁၅၅၂၊ ၆၅၆၂၄၁၊ ၆၅၆၈၀၅၊ ၀၉-၅၁၅၄၀၀၄**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဆ/၉၁၁၀၊ KABA KYAN L/T , P/U ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝတ်မှုံစိုး ၁၀/မလမ(နိုင်)၁၆၆၁၃၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃/အီး၊ မြေကွက်အမှတ် ၈၅၊ အဆောက်အအုံအမှတ် (၈၈)ပေါ်တွင် တည်ဆောက်ထားသော အမှတ် (၈၈)၊ (ပထမထပ်)၊ ခြေရင်းခန်း၊ အောင်ဇေယျလမ်း၊ လွတ်လပ်ရေးရပ်ကွက်၊ (၁၂½'×၆၀')အကျယ်အဝန်းရှိတိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ကြေညာသူ ဒေါ်ယဉ်စိန် ၁၄/လပတ(နိုင်)၀၂၈၇၅၇ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်စပ်လျဉ်း၍ ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံတွင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထွန်းလင်းအောင် LL.B,D.B.L,D.M.L ဒေါ်ဖြူဖြူခိုင် LL.B, D.B.L,D.M.L
တရားလွှတ်တော်ရှေ့နေများ
ဒေါ်ငြိမ်းချမ်းစုရည် LL.B
အထက်တန်းရှေ့နေ
အမှတ် ၂၇(ဘီ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

စစ်တွေမြို့၊ အိုးတန်းရပ်ကွက်၊ သာဇံလှလမ်း၊ အမှတ် ၁၈-၇၄နေ ဦးဝင်းဟန်နှင့် အများသိစေရန်ကြေညာချက်

Singapore နိုင်ငံ Blk 41 Teban Gardens Road # 02-351 နေ ဦးကျင်မောင်၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးကျင်မောင်သည် ဦးဝင်းဟန်၊ ကွယ်လွန်သူ ဒေါ်မေငုတ်တို့နှင့် မောင်နှမအရင်းတော်စပ်သူ တစ်ဦးဖြစ်ပါသည်။ စစ်တွေမြို့၊ အိုးတန်းရပ်ကွက်၊ အကွက်အမှတ် ၃၆၊ မီးဇံအကွက်၊ ဦးပိုင်အမှတ် ၁၅၉၊ ဧရိယာ ၀.၁၁၅၆၊ ဦးပိုင်အမှတ် ၁၆၀၊ ဧရိယာ ၀.၁၁၁၂ စစ်တွေ RD/ No 100/ 1975 ရှိ မြေနှင့်အိမ်တို့သည် မြို့မြေစာရင်းတွင် ဦးဝင်းဟန်နှင့်ဒေါ်မေငုတ်တို့နှစ်ဦးအမည်ပေါက်ပူးတွဲပိုင်ဆိုင်ကြပါသည်။ ယခုအခါတွင် ဦးဝင်းဟန်နှင့်ပူးတွဲအမည်ပေါက်ပိုင်ဆိုင်သည့် ဒေါ်မေငုတ်မှာ ကွယ်လွန်သွားပြီဖြစ်၍ ဒေါ်မေငုတ်၏ ပိုင်ဆိုင်မှုများမှာ ဦးကျင်မောင်သည်လည်း အမွေဆက်ခံခွင့်ရှိသူဖြစ်ပါ၍ အထက်ဖော်ပြပါ မြေနှင့်အိမ်တို့အား ဦးကျင်မောင်၏ သဘောတူခွင့်ပြုချက်မပါရှိဘဲ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အငှားချထားခြင်း လှူဒါန်းခြင်း၊ အမည်ပြောင်းခြင်းများ မပြုလုပ်ကြပါရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
(ဒေါ်စန္ဒာမြင့်) အထက်တန်းရှေ့နေ(စဉ်-၇၅၂၆)
အမှတ် ၁၁၁၊ ၇ လမ်း၊ ၃ ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၈၆၁၄၂၇၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သမဝါယမဝန်ကြီးဌာန
အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
လျှောက်လွှာခေါ်ယူခြင်း

၁။ သမဝါယမဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)နှင့် ယွန်းပညာကောလိပ်(ပုဂံ)တွင် အောက်ဖော်ပြပါရာထူးနေရာများလစ်လပ်လျက်ရှိပါသဖြင့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

စဉ် ရာထူးအမည်	လစာနှုန်း	ခန့်ထားမည့်ဦးရေ
(က) ကွန်ပျူတာစီစဉ်ရေးမှူး	၇၉၀၀၀-၁၀၀၀-၈၄၀၀၀	(၁) ဦး
(ခ) နည်းပြ	၇၉၀၀၀-၁၀၀၀-၈၄၀၀၀	(၄) ဦး

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် အသက် ၃၀ ထက်၊ လက်ရှိဝန်ထမ်းဖြစ်ပါက အသက်၃၅နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) ကွန်ပျူတာစီစဉ်ရေးမှူးရာထူးအတွက် M.C.Sc ဘွဲ့ရပြီးသူ ဖြစ်ရမည်။
(ဃ) နည်းပြရာထူးအတွက် M.C.Sc/M.A(Geog)/M.A(English)/ M.Com နှင့် M.Econ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။
(င) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-
(က) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ၊ဘွဲ့လက်မှတ်မိတ္တူ၊ အမျိုးသားမှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ သုံးပုံ
(ခ) ဝန်ထမ်းဖြစ်ပါကသက်ဆိုင်ရာဌာနအကြီးအကဲမှတစ်ဆင့် လျှောက်ထားသည့် ကြိုတင်လျှောက်လွှာမိတ္တူတစ်စောင်
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်း၏ထောက်ခံချက်မူရင်း

၄။ လျှောက်လွှာများကို သမဝါယမဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၁၆)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၃၉၇၊ အောက်မြန်မာပြည်ရုံးခွဲ(မြောက်ဥက္ကလာပ)၊ ဖုန်း-၀၁-၆၆၁၃၅၃၊ အထက်မြန်မာပြည်(ရုံးခွဲ) (၂၈လမ်း×၂၅ လမ်းထောင့်၊ မန္တလေး)၊ ဖုန်း ၀၂-၃၉၆၀၉၊ ယွန်းပညာကောလိပ် (ပုဂံ) ဖုန်း-၀၆၁-၆၀၂၆၇ တို့သို့ ၂၁-၁၀-၂၀၁၃ ရက် နောက်ဆုံးထားပြီး လျှောက်ထားရမည်။

ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ်(ဓဓ-၄)ဦးပိုင်အမှတ်(၇၄၊ ၇၅၊ ၇၆)ဧရိယာ ၀.၁၁၁၁၅၁၊ (၄၀×၆၀)မြေကွက်သုံးကွက်အား ဦးထွန်းအောင် ဂရန်အမည်ပေါက် သုံးကွက်တွဲ မြေပေါ်ရှိ အဆောက်အအုံအကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဦးမောင်လှ ၅/ခတန(နိုင်)၀၁၄၂၅၃က မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ မြေဂရန်နှင့်ဆက်စပ်စာရွက်စာတမ်းများပျောက်ဆုံး၍ အမည်ပြောင်း ဂရန်သစ်လျှောက်ထားမည် ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းများ၊ တရားရုံးမှဒီကရီများဖြင့် အောက်ပါလိပ်စာသို့ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဦးမောင်လှ
(G-102)၅၇×၅၈ လမ်းကြား၊ သိဒ္ဓိလမ်း၊ ကံသာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ် မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်အုပ်စု၊ ကွင်းအမှတ်(၅၁၁-ခ)နှင့်(၅၁၉-က)တွင် တည်ရှိသော ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးနှင့်ကြက်မွေးမြူရေး အထူးဇုန်(၁)မြေကွက်အမှတ်(ဘီ-၉၉)၊(၅)ဧက(၁)ယူနစ်အား ပိုင်ရှင် ဦးစောသန်းမြ AG-၂၃၃၈၇၁ထံမှ ဝယ်ယူ၍ အမည်ပြောင်းလဲလုပ်ကိုင်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အမည်ပြောင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နန်းဌေးဌေးမင်းဇင် ၃/ကဆက(နိုင်)၀၁၂၆၃၆
အမှတ်(၃၈၁)ဘုရင့်နောင်လမ်း၊ ရတနာဒီပ အမှတ်(၉)ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်

ဣဿရမူလီအရွက်၊ အပင်များရနိုင်ပါသည်

အခန်း ၅၊ တိုက် ၁၃၃၊ မီးဒုံးလမ်းသွယ်၃၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏမြို့။
ဖုန်း-၀၁-၅၆၃၉၆၀၊၀၉-၄၉၂၁၁၀၅၀

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄ ရန်နိုင်ရပ်၊ မြေကွက်/ဦးပိုင်အမှတ် ၁၁၊ ဧရိယာ ၀.၁၁၁၁၂၀၈ကရှိ ဒေါ်မြင့်ကြည်အမည်ဖြင့်ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဒေါ်မြင့်ကြည် ၉/လဝန(နိုင်)၀၅၂၁၄၆ (ဘ) ဦးပုက ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာ တင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၅၊ မြေကွက်အမှတ် ၁၀၈၀/ခ၊ မြေကွက်တည်နေရာအမှတ် (၁၀၈၀/ခ)၊ ရွှေဘို ၁၃လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးရှုကို အမည် ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးရှုကိုကွယ်လွန်သဖြင့် ဒေါ်သီ ၁၂/ဥကတ (နိုင်)၀၉၈၆၃၀၊ ဦးစိန်ဝင်း S/ OKA -၀၅၃၃၅၆၊ ဒေါ်တင်တင်သန်း ISN-၅၅၂၁၈၅၊ ဒေါ်လှလှရီ ၁၂/ဥကတ(နိုင်) ၀၃၇၆၃၀၊ ဒေါ်လှလှမြင့် ၁၂/ဥကတ(နိုင်) ၀၇၈၅၂၄၊ ဒေါ်လှလှသန်း ၁၂/ဥကတ(နိုင်) ၀၉၈၄၄၅တို့က ဇနီးနှင့်သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ကိုယ်စားလှယ်လွှဲစာအမှတ်၁၀၃၅၄ (၂၆-၆-၂၀၁၃)၊ ၁၄၂၉၇ (၁၄-၈-၂၀၁၃)၊ ၁၄၀၁၅(၁၂-၈-၂၀၁၃)ဖြင့် အထွေထွေကိုယ်စားလှယ် ဦးမြတ်မင်းစိုး ၇/သကန(နိုင်) ၀၈၃၁၅၇က ပါဝါပေးသူများ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ၁၄၅၂ (၂၃-၈-၂၀၁၃)ကို တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့်အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နည်းပညာသုတေသနဌာန-ပြင်ဦးလွင်
ပရိဘောဂပစ္စည်းများ ဝယ်ယူခြင်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာသုတေသနဌာန (ပြင်ဦးလွင်)တွင် အသုံးပြုရန် လိုအပ်လျက်ရှိသော ပရိဘောဂပစ္စည်းများကို ဌာနအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ပလတ်စတစ်ထိုင်ခုံ (လက်တန်းပါ)	၁၀၀ လုံး
(ခ) Notic Board (6'x4')	၅ ခု
(ဂ) Computer Table	၅၀ ခု

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၂-၁၀-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာသုတေသနဌာန (ပြင်ဦးလွင်)တွင် လာရောက်ထုတ်ယူနိုင်ပြီး ၁၇-၁၀-၂၀၁၃ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်ဖြစ်ပါသည်။
၃။ အသေးစိတ်သိလိုသော အချက်များကို နည်းပညာသုတေသနဌာန (ပြင်ဦးလွင်)တွင် ရုံးချိန်အတွင်း ဖုန်း-၀၈၅-၂၂၁၄၀သို့ စုံစမ်းနိုင်ပါသည်။

နည်းပညာသုတေသနဌာန-ပြင်ဦးလွင်
အဆောက်အအုံ ပြင်ဆင်ခြင်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာသုတေသနဌာန (ပြင်ဦးလွင်)တွင် ပြင်ဆင်ရန် လိုအပ်လျက်ရှိသော အဆောက်အအုံများ ပြင်ဆင်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။
(က) 5 Plywood Partition work (မင်းဝံဆောင်)
(ခ) 5 Plywood Partition work (ရန်ကင်းဆောင်)
(ဂ) 3 Plywood Partition work
(ဃ) 5 mm မှန်အကြည်တပ် ယိုးဒယားကပ်ရှင်ဘောင်အသစ် တပ်ဆင်ခြင်း
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၂-၁၀-၂၀၁၃ ရက်မှ၍ ရုံးချိန်အတွင်း နည်းပညာသုတေသနဌာန (ပြင်ဦးလွင်)တွင် လာရောက်ထုတ်ယူနိုင်ပြီး ၁၇-၁၀-၂၀၁၃ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်ဖြစ်ပါသည်။
၃။ အသေးစိတ်သိလိုသော အချက်များကို နည်းပညာသုတေသနဌာန (ပြင်ဦးလွင်)တွင် ရုံးချိန်အတွင်း ဖုန်း-၀၈၅-၂၂၁၄၀သို့ စုံစမ်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဝေဇယန္တာတာဝါ(ကွန်ဒို)၊ ခုနစ်လွှာ၊ အမှတ်၇၀၅၊ အကျယ် ၁၃၆၀စတုရန်းပေရှိ တိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးသန်းဇော်ဦး ၁၂/ပဇတ(နိုင်)၀၀၂၂၃၃ က မိမိတစ်ဦးတည်းလက်ဝယ်ထားရှိ ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းဦး	**ဦးသန့်ဇော်**
အထက်တန်းရှေ့နေ (စဉ်-၃၂၃၅)	**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**

အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သက်သီရိစိုး ၁၃/လရန(နိုင်)၀၇၈၉၆၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

အကြောင်းမှာ ကျွန်ုပ်၏မိတ်ဆွေသည် ပဲခူးတိုင်းဒေသကြီး၊အနောက်ဘက်ခြမ်း၊ ပြည်မြို့နယ်၊ အကွက်အမှတ်(၁၄/ဖြူကုန်း)၊ ဦးပိုင်အမှတ်၁၂၅၊ အကျယ်အဝန်း ($\frac{၅၀}{၅၀}$× $\frac{၄၀}{၄၀}$) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်နှင့်သီးပင်စားပင် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးခင်ဆွေ ၇/ပမန(နိုင်)၀၇၀၄၃၄ ထံမှ ၃၁-၁၀-၂၀၁၃ရက်တွင် ငွေအပြီးပေးချေ၍ လက်ရောက်ရယူမည်ဖြစ်ပါသဖြင့် အဆိုပါမြေ၊ အဆောက်အအုံနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့ဤသတင်းစာကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက် ခုနစ်ရက်ကျော်လွန်ပါက အဆိုပါမြေနှင့်အဆောက်အအုံအား ငွေပေးချေပြီး အပြီးအပိုင် အရောင်းအဝယ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဖြူဖြူလှိုင် LL.B(၃၀၄၈၅)	**ဒေါ်ခင်သန်းမြင့် B.A(Law), LL.B(၁၅၄၉)**
ဒေါ်ဆုစ်အောင် LL.B(၃၇၀၃၁)	**ဒေါ်ခင်စန်းမူ B.A(Law), LL.B(၈၂၅၇)**
ဒေါ်ခင်လှမျိုးထွန်း LL.B(၃၇၉၄၄)	**ဒေါ်အေးစုကြည် LL.B(၈၅၈၆)**
ဒေါ်မေစံပယ်ဝင်းLL.B(၃၈၀၆၂)	**တရားလွှတ်တော်ရှေ့နေများ**
ဒေါ်ကြည်ကြည်နိုင်LL.B(၄၀၂၉၄)	**အမေနှင့်သမီးများ Law Firm**
အထက်တန်းရှေ့နေများ	**အမှတ် ၅၆၅၊ အခန်း ၆/၁၀၄၊ ပထမထပ်၊ MAC Tower ကုန်သည်လမ်းနှင့် ဘားလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ်၁၇၊ မြေကွက်တည်နေရာအမှတ်-၁၇၊ မင်းရဲကျော်စွာလမ်း၊ ၃ ရပ်ကွက်၊ လှိုင်သာယာမြို့နယ် ဦးတင်ထွေး အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးတင်ထွေးထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ (၁) ဒေါ်ကြည်လှ LPN-၀၇၆၉၅၅မှ လည်းကောင်း ခင်ပွန်းဦးတင်ထွေး ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ဝင်းတင်HTYA-၀၂၃၅၁၃မှ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ လည်းကောင်း ယခုနှစ်ဦးပေါင်း၍ ပါမစ်ပျောက်ဆုံးကြောင်းကျမ်းကျိန်လွှာ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ဝန်ခံကတိတို့တင်ပြပြီး ဂရန်သစ် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃/၄၊မြေကွက်အမှတ်၁၇၁၃၊ မြေကွက်တည်နေရာအမှတ်-၁၇၁၃၊ ပညာလမ်း၊ ၆ ရပ်ကွက်၊ လှိုင်သာယာမြို့နယ် ဦးစိုးမောင် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ခင်ပွန်းဦးစိုးမောင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်မာကြူ ၇/ပတန(နိုင်)၁၀၀၆၁၆က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လူပျောက်

မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၄၈)၊ ဗာဒံကုန်း ၆လမ်း၊ကန်/တောင်နေ အာဒမ်(ဘ)ဦးလူးကတ်(စ်)၏ ဇနီးဖြစ်သူ မကြူကြူအောင် အသက်(၄၂)နှစ် (ဘ) ဦးလှအောင် ၁၂/ကမတ(နိုင်)၀၄၂၇၂၀သည် ၃၁-၇-၂၀၁၃ရက်တွင် နေအိမ်မှထွက်ခွာသွားရာ ယနေ့အချိန်ထိပြန်လည်မရောက်လာပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန် လက်ခံထားသူများကိုလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ခင်ပွန်း -အာဒမ်
၁၂/မဂတ(နိုင်)၀၆၃၀၃၀
ဖုန်း-၀၉-၃၁၂၇၉၇၃၁

သားအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်တွင်နေထိုင်သူ ဒေါ်အေးအေးခိုင်(ခ) ဘီလ်ကစ်ဘီဘီ၁၂/ကတတ(နိုင်)၀၂၁၇၁၄၏ သားဖြစ်သူ မောင်ကျော်စိုးဝင်း(ခ)ကျော်စိုး ၁၂/ကတတ(နိုင်)၀၀၁၄၅၁အား ပေးသင့်ပေးထိုက်သောအမွေအားပေးပြီး၍ သားအဖြစ်မှ စွန့်လွှတ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စရပ်များအား တာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။

မိဘ/အုပ်ထိန်းသူ
ဒေါ်အေးအေးခိုင်(ခ)ဘီလ်ကစ်ဘီဘီ
၁၂/ကတတ(နိုင်)၀၂၁၇၁၄

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

Fashion Euphoria (Junction Square)
သီတင်းကျွတ်အထူးဈေးရောင်းပွဲ

၁၂-၁၀-၂၀၁၃ရက် (စနေနေ့)မှ ၁၄-၁၀-၂၀၁၃ရက် (တနင်္လာနေ့)အထိ Fashion Euphoria (Junction Square) ၏ သီတင်းကျွတ်အထူးဈေးရောင်းပွဲတွင် လူကြီးမိဘများ၊ ဆရာသမားများအား သီတင်းကျွတ်ဂါရဝပြုကန်တော့ရန်နှင့် မိတ်ဆွေများအား လက်ဆောင်အဖြစ်ပေးရန်အတွက် ဆန်းသစ်လှပသော ပွဲထိုင်ဇာအမျိုးမျိုးကို အရောင်အသွေးလိုက်ဖက်ညီသော ပိုးထည်များနှင့်တွဲဖက်ပြီးလည်းကောင်း၊ Fashion Euphoria မှ ဖန်တီးတီထွင်ထုတ်လုပ်ထားသော ကွန်ပျူတာပန်းထိုး၊ ချိတ်ဒီဇိုင်း၊ ပန်းဒီဇိုင်းများကိုလည်းကောင်း 30% မှ 70% ထိ အထူးလျှော့ဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း မိတ်ဆွေဟောင်း၊ မိတ်ဆွေသစ်များအား လေးစားချစ်ခင်စွာဖြင့် သတင်းကောင်းပါးအပ်ပါသည်။

Fashion Euphoria (Junction Square)

Ph:09-5105471, 09-43031520

စိုက်ပျိုးရေးတက္ကသိုလ်သို့ ၁၉၈၈ခုနှစ်တွင် စတင်တက်ရောက်၍ ၁၉၉၄ခုနှစ် (အငယ်တန်း)တွင် ကျောင်းဆင်းခဲ့ကြသည့်

သူငယ်ချင်းများ၏ မြတ်ဆရာပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲ ဖိတ်ကြားလွှာ

၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် စိုက်ပျိုးရေးတက္ကသိုလ်၊ ရေဆင်း၌သူငယ်ချင်းများ ပြန်လည်တွေ့ဆုံပြီး ကျေးဇူးရှင် ဆရာ ဆရာမများအား အတူတကွကန်တော့လိုပါ၍ သူငယ်ချင်းအားလုံးအင်တိုက်အားတိုက် ပါဝင်ဆင်နွှဲကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အလှူငွေထည့်မည့်သူများအနေဖြင့် ငြိမ်းငြိမ်းထွေး-နီနီတင့် အမည်ဖြင့်ဖွင့်လှစ်ထားသည့် ဘဏ်စာရင်းအမှတ် SH-၀၃၈၄၅၄ မြန်မာ့စီးပွားရေးဘဏ်၊ ပျဉ်းမနားဘဏ်ခွဲနှင့် ကျော်လင်းတူး+ကျော်ဇင်အမည်ဖြင့် ဖွင့်လှစ်ထားသည့် ဘဏ်စာရင်းအမှတ် ST-၀၁၆၅၂၀ မြန်မာ့စီးပွားရေးဘဏ်(၃)၊ မန္တလေးဘဏ်ခွဲသို့ တိုက်ရိုက်ဖြစ်စေ၊ အောက်ဖော်ပြပါသူငယ်ချင်းများထံ ဆက်သွယ်၍ဖြစ်စေ အလှူငွေထည့်ဝင်ကြပါရန် လေးစားစွာအသိပေးအပ်ပါသည်။

ဆက်သွယ်ရမည့်သူငယ်ချင်း ၁၂ယောက်စာရင်း

၁။ ငြိမ်းငြိမ်းထွေး ဖုန်း-၀၉-၄၉၂၈၉၀၅၄၊ ၂။ နီနီတင့် ဖုန်း-၀၉-၅၃၀၁၆၇၅၊ ၃။ အေးအေးသန်း ဖုန်း-၀၉-၅၂၁၅၇၂၉၊ ၄။ အေးအေးသွဲ့ ဖုန်း-၀၉-၄၂၀၇၃၀၈၂၅၊ ၅။ ယုမွန် ဖုန်း-၀၉-၄၂၀၇၁၄၀၄၆၊ ၆။ ရွှေရေဖူး ဖုန်း-၀၉-၃၁၂၇၈၄၈၂၊ ၇။ ခင်မောင်စိုး Khinmaungsoester@gmail.com. ဖုန်း-၀၉-၂၀၃၇၇၂၄၊ ၀၉-၃၃၃၆၅၀၀၁၊ ၈။ ကျော်လင်းတူး ဖုန်း-၀၉-၅၁၁၅၄၁၈၊ ၉။ ကျော်ဇင် ဖုန်း-၀၉-၂၀၃၁၉၀၀၊ ၁၀။ ပေါင်ရှင်ကမ်း ဖုန်း-၀၉-၄၉၂၀၃၈၉၇၊ ၁၁။ နိုင်ဝင်းလွင် ဖုန်း-၀၉-၂၅၉၀၁၃၃၄၉၊ ၁၂။ ညီမျိုးသော် nyithaw@gmail.com. ဖုန်း-၀၉-၃၁၂၇၈၄၈၂

၈၈/၉၄ (အငယ်တန်း) စိုက်ပျိုးရေးတက္ကသိုလ် ကျောင်းသားကျောင်းသူဟောင်းများ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ဟ/၇၄၀၀ Race Horse(YRH-7) ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဆန်း ၈/မကန(နိုင်)၁၁၅၄၁၁က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ တိုင်းဒေသကြီးရုံး (မကွေး)**

ဆေးဘက်/မန်း၏ Physiotherapy ဆရာကန်တော့ပွဲ ဖိတ်ကြားလွှာ

ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(မန္တလေး) 1st Batch မှ 11st Batch အထိ Physiotherapy ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲ အခမ်းအနားကို ၄-၁-၂၀၁၄ရက် (စနေနေ့)တွင် မန္တလေးမြို့ Oriental House ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ သူငယ်ချင်းများ မိမိတို့၏ကျောင်းသားကိုယ်စားလှယ်များနှင့် ဆက်သွယ်ပြီး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အလှူငွေများကို ကမ္ဘောဇဘဏ်တွင် ငွေစာရင်းနံပါတ် 0281220018734 သို့ ထည့်သွင်းလှူဒါန်းနိုင်ပါသည်။

ဆက်သွယ်ရန်

ကိုသန့်ဇော် ဖုန်း-၀၉-၂၀၁၇၄၂၅၊ ကိုစိုင်းရာဇာထွန်း ဖုန်း-၀၉-၄၃၁၃၄၆၈၉၊

ကိုဇော်ဝင်းထွန်း ဖုန်း-၀၉-၂၀၂၂၇၆၈၊ ကိုချမ်းမင်းလွင် ဖုန်း-၀၉-၄၄၄၀၁၆၉၄၇

သုံးရက်တာ အလုပ်ပေးတရားစခန်းပွဲ

စင်ကာပူနိုင်ငံ၊ သစ္စာပါရမီဆရာတော်၏ သုံးရက်တာ ဝိပဿနာတရားစခန်းပွဲ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း စင်ကာပူနိုင်ငံ၊ သစ္စာပါရမီကျောင်း ဆရာတော် ဒေါက်တာ အရှင်ဇယတိဿကိုယ်တိုင် သာသနာ့အလင်းရောင်ဓမ္မာရုံ (အလုံမြို့နယ်၊ စောရန်ပိုင်ရပ်ကွက်၊ စကားစိမ်းလမ်းနှင့် ကမ်းနားလမ်းထောင့်)၌ နေ့အလုပ်ပေးဝိပဿနာတရားတော်ကို ၃၀-၁၀-၂၀၁၃ ရက်မှ ၂-၁၁-၂၀၁၃ ရက်အထိ မွန်းလွဲ ၁ နာရီမှ ညနေ ၅:၃၀ နာရီအထိ ဟောကြားပြသမည်ဖြစ်ပါ၍ မည်သူမဆိုလာရောက်အားထုတ်နိုင်ပါသည်။

တရားဖြစ်မြောက်ရေးအဖွဲ့

ဦးအောင်သိန်း-ဒေါ်ခင်ခင်ရွှေ	**ဦးစန္ဒာဝရ (စာချ)**
ဖုန်း-၀၁-၅၁၁၄၃၃၊	**မင်္ဂလာရာမပါဠိတက္ကသိုလ်**
၀၉-၄၂၃၆၈၈၈၈၄ တို့သို့	**သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊**
ဆက်သွယ်စုံစမ်းနိုင်ပါသည်။	**ဖုန်း-၀၉-၅၄၀၁၃၈၄**

အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

ချောက်မြို့ သခင်ဖိုးလှကြီး စက်မှုသိပ္ပံ ကျောင်းသားကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် ဘုရားအနေကဇာတင်နှင့် အသက်(၆၀)ပြည့်နှင့်အထက် ဆရာကြီး ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို ၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၃ရက်တွင် ချောက်မြို့၌ ကျင်းပမည်ဖြစ်ပါသည်။ ကိုယ်တိုင်တက်ရောက်နိုင်ရန်နှင့် အောက်ပါကျောင်းသားကျောင်းသူဟောင်းများအား ဆက်သွယ်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

၁။	ဒေါ်နုနုယဉ်	78,Civil	ဖုန်း-၀၉-၄၉၂၂၁၅၁၆	၇။	ဒေါ်မြမြသင်း	86,Civil	ဖုန်း-၀၉-၂၃၀၅၂၆၄
၂။	ဦးကျော်ကျော်	79,E.P	ဖုန်း-၀၉-၂၃၀၅၁၁၇	၈။	ဒေါ်ဝင်းဝင်းဆင့်	86,Civil	ဖုန်း-၀၉-၂၃၀၅၇၆၅
၃။	ဦးတင်သောင်း	80,M.P	ဖုန်း-၀၉-၂၂၀၀၇၃၀	၉။	ဦးစိန်မင်း	87,Civil	ဖုန်း-၀၉-၂၃၀၂၃၅၃
၄။	ဦးကိုကိုကြီး	81,E.P	ဖုန်း-၀၉-၂၂၁၆၄၉၀	၁၀။	ဒေါ်ခင်ထားထား	87,Civil	ဖုန်း-၀၉-၂၃၀၅၅၆၂
၅။	ဒေါ်ချိုချိုခင်	81,Civil	ဖုန်း-၀၉-၂၀၄၂၇၅၉	၁၁။	ဦးသိန်းစိုး	94,E.P	ဖုန်း-၀၉-၄၀၁၅၉၇၄၂၇
၆။	ဒေါ်စန်းစန်းလွင်	82,Civil	ဖုန်း-၀၉-၇၃၁၈၄၇၇၆	၁၂။	ဦးဟန်အောင်	95,M.P	ဖုန်း-၀၆၁-၂၀၀၁၉၆/ ၀၉-၄၀၂၅၄၀၇၁၂

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

တောင်ဥက္ကလာပမြို့နယ်တရားရုံး

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၃၃

ဦးအောင်ဇော်ထူး **နှင့်** ဒေါ်တင်တင်ဝင်း ပါ(၆)

တရားလို **တရားပြိုင်များ**

အထက်ပါအမှုမှ တရားပြိုင်(၄) ဒေါ်မြင့်မြင့်ဌေး၊ (၅)ဒေါ်သင်းသင်းမိုး (အမှတ် ၁၁၉၊ အနော်မာ၂လမ်း၊ ၁၃ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်(ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအောင်ဇော်ထူးက ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၅ ရက် (၁၃၇၅ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင်တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ချစ်ကိုကို)
မြို့နယ်တရားသူကြီး
တောင်ဥက္ကလာပမြို့နယ်တရားရုံး

အမွေဆက်ခံခွင့် လက်မှတ်လျှောက်ထားခြင်းနှင့်စပ်လျဉ်းသည့် အကြောင်းကြားစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၇၃)

ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်တရားရုံး၌

၂၀၁၃ခုနှစ် တရားမအထွေထွေမှုအမှတ်-၈

ကွယ်လွန်သူ ဒေါ်နုနုရီ ကျန်ရှိရစ်သောပစ္စည်းနှင့် စပ်လျဉ်းသည့်အမှု။

စစ်တွေမြို့၊ ဆင်ကူးလမ်းရပ်ကွက်နေ ဦးအောင်ထွန်းဦး [၄င်း၏ အခွင့်ရကိုယ်စားလှယ် ဦးခိုင်စိုးထွန်း (ဘ) ဦးအောင်ထွန်းဦး]က ကွယ်လွန်သူ၏ခင်ပွန်းဖြစ်သည်ဟူ၍ စစ်တွေမြို့၊ ဆင်ကူးလမ်းရပ်ကွက်တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်နုနုရီ၏ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ အမွေဆက်ခံခွင့်လက်မှတ်ရလိုကြောင်း ဤတရားရုံး၌ လျှောက်ထားလာသည်ဖြစ်၍ ကွယ်လွန်သူ ဒေါ်နုနုရီ၌ ကျန်ရှိရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူမည်သူမဆို ဤတရားရုံးသို့ ၂၀၁၃ခုနှစ် အောက်တိုဘာ ၂၁ရက် (၁၃၇၅ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၂ရက်) တွင် လာရောက်၍ အမှုဆိုင်နိုင်ကြောင်း ကြော်ငြာလိုက်သည်။ ယင်းရက်တွင် လျှောက်ထားသူ ဦးအောင်ထွန်းဦး၏လျှောက်လွှာကို ကြားနာ၍ အမွေဆက်ခံခွင့်လက်မှတ် ရသင့် မရသင့် စစ်ဆေးကြားနာဆုံးဖြတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၁၃ခုနှစ် စက်တင်ဘာ ၂၃ရက်တွင် ဤတရားရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဒေါ်အေးသိန်း)
ခရိုင်တရားသူကြီး
စစ်တွေခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

၂၀၁၃ ခုနှစ် တရားမကြီးအမှုအမှတ်-၁၄၄

ဒေါ်စိမ်းစိမ်းနွယ် **နှင့်** ၁။ ဦးသိန်းဦး

(၄င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်လှညွန့်) ၂။ ဒေါ်ရီရီဆွေ

တရားလို **တရားပြိုင်များ**

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့၊ ရန်ကုန်-မန္တလေးလမ်းမကြီး၊ ညီနောင်ရပ်ကွက်နေ ဦးသိန်းဦးနှင့် ဒေါ်ရီရီဆွေ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ်သိန်းတစ်ရာ့နှစ်ဆယ်တိတိရလိုကြောင်းနှင့်လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် အောက်တိုဘာ ၂၂ရက် (၁၃၇၅ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင်တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ရင်ရင်သန်း)
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ လမ်း ၅၀၊ တိုက်အမှတ် ၁၇၊ အကျယ်အဝန်းပေ (၁၂½×၅၈)ခန့်ရှိ တတိယထပ်၊ လေးလွှာ(ဘီ)၊ တိုက်၏မျက်နှာချင်းဆိုင် ဘက်မှကြည့်လျှင် ညာဘက်အခြမ်း၊ ရေ၊ မီး အစုံအလင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ပိုင်ဆိုင် ရောင်းချခွင့်ရှိသူ ဒေါ်အေးသီတာ ၁၂/မဂဒ(နိုင်)၀၉၈၂၈၆ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိခဲ့ပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်ဟိန်းထိုက် LL.B(Q), D.M.L, D.B.L (Ygn University)
အထက်တန်းရှေ့နေ (စဉ်-၃၁၃၀၂)
အမှတ် ၅၈၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း)
အောက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၃၀၅၀၆၈၀

အများပြည်သူသိရှိရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေတစ်ဦးဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂၊ မြေကွက်အမှတ် ၁၀၄၉၊ မြေဧရိယာ(အလျားပေ ၄၀× အနံပေ၆၀) အကျယ်အဝန်းရှိ ဦးလှမြင့် ISN-၁၂၅၈၁၂ အမည်ဖြင့် ချထားပေးခြင်းခံရသော ပါမစ်မြေ အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၁၀၄၉၊ သိပ္ပံမောင်ဝလမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော တစ်ထပ်ပျဉ်ထောင်အိမ်တစ်လုံး အပါအဝင် ယင်းတို့နှင့်ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ထပ်ဆင့်လွှဲပြောင်းဝယ်ယူထားသူ ဒေါ်မိုးသူဇာ ၁၂/အစန(နိုင်)၀၆၀၅၁၃၊ အမှတ် ၁၁၄၊ သိပ္ပံမောင်ဝလမ်း၊ ၄၂ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့နေထိုင်သူထံမှဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ သို့ပါ၍ အဆိုပါမြေနှင့် အဆောက်အအုံအရောင်းအဝယ်ပြုလုပ်သည့်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးနေလမင်း LL.B
အထက်တန်းရှေ့နေ (စဉ်-၃၈၂၆၆)
အမှတ် ၆၅၃၊ မင်္ဂလာသီရိလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊
ဖုန်း-၀၉-၄၃၁၄၄၇၀၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဠ)ရပ်ကွက်၊ မြေကွက်အမှတ် ၅၇ရှိ နှစ် ၆၀ဂရန်မြေကွက်ကြီးအနက်မှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသည့် အဆိုပါမြေကွက်ကြီး၏(ယာ)ခေါင်းရင်းခြမ်း (အလျား ၁၃½ပေ× အနံပေ ၆၀)နှင့် မြေကွက်အမှတ် ၅၈ရှိ နှစ် ၆၀ဂရန်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသည့် မြေကွက်ကြီး၏ (ဝဲ) ခြေရင်းခြမ်း (အလျား ၁၃½ပေ × အနံပေ၆၀)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် ယင်းအိမ်နှင့် ပတ်သက်ဆက်နွှယ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရပ်စာချုပ် အဆက်စပ်ဖြင့် လက်ရှိတရားဝင်ပိုင်ဆိုင်ထားပြီး ထပ်ဆင့်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးတိုးဝင်း ၁၂/ဥကမ(နိုင်) ၁၂၄၅၈၁ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထွဋ်ခေါင်ကျော် N/OKA-၀၅၃၇၀၉က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်သော အိမ်မြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောသက်သေအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ တရားဝင်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်သူဇာငြိမ်း LL.B
အထက်တန်းရှေ့နေ
အမှတ် ၇၇၉၊ ဇာဂ ၁၇ လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၅၁၃၁၂၀၃၊ ၀၁-၈၅၀၀၃၂၃၊ ၀၁-၅၆၃၄၁၉

လူမှုရေးကြော်ငြာ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စိန်စိန်

အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မွန်မြတ်မေတ္တာအိမ်ရာ၊ အိမ်အမှတ် H.1နေ ဦးမောင်ကလေး (ကျောင်းအုပ်ဆရာကြီး-ငြိမ်း)၏ဇနီး၊ ဦးစည်သူအေးအောင်နှင့် ဒေါ်ဟေမာန်ကြည်သာတို့၏ ချစ်လှစွာသောဘွားဘွားကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်စိန်စိန် အသက်(၉၂)နှစ်သည် ၆-၁၀-၂၀၁၃ရက် နံနက် ၈း၄၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

United Pacific Construction Co.,Ltd. (သူငယ်ချင်းများ)

(၆)နှစ်ပြည့်မြောက်အမှျပေးဝေခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ

ဗိုလ်ချုပ်ကြီးမဟာသရေစည်သူစိုးဝင်း

(၁၂-၁၀-၂၀၀၇)မှ (၁၂-၁၀-၂၀၁၃)

အချိန် ဟူသောကာလပညတ် (၆)နှစ်သို့ တိုင်သော်လည်း
အကြောင်းအရာ တို့သည် **မဟောင်း**
သတိရခြင်း တို့သည် **မပြောင်း**

ရည်စူး၍လည်းကောင်း၊ **သတိကပ်**၍လည်းကောင်း၊ နေ့စဉ်၊ လစဉ်၊ နှစ်စဉ် **မမေ့မလျော့** ပြုမြဲပြုဆဲဖြစ်သော **ဒါနကောင်းမှုအစုစု**...ကောင်းသောစိတ်ထား၊ ကောင်းသောကိုယ်ကျင့်တရားတို့ကို ကြိုးစား၊ မွေးမြူ စောင့်ထိန်းခြင်းဟူသော **သီလကောင်းမှုအစုစု**... မြတ်ဘုရား၏အဆုံးအမများကို ကောင်းစွာနာယူ၊ သင်ကြားမှတ်သား၊ လိုက်နာကျင့်သုံးခြင်းဟူသော **ဘာဝနာမှုအစုစု**...တို့ကို ကျေးဇူးရှင်ခင်ပွန်း (ဖခင်ကြီး)နှင့်တကွ ကြားနိုင်၊ သိနိုင်၊ ခေါ်ဆိုနိုင်သော ပုဂ္ဂိုလ်အပေါင်းတို့အား အမြဲမပြတ် အမျှပေးဝေအပ်ပါသည်။

သာဓုခေါ်ဆိုနိုင်ကြပါစေ။ ။

ကျေးဇူးတရားရိပ်မှ
ဇနီး-ဒေါ်သန်းသန်းနွဲ့
သား၊ သမီး၊ မြေးများ မိသားစု

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၉၄၊ မြေကွက်အမှတ် ၁/ခ[B] ၏ တစ်စိတ်တစ်ဒေသ၊ မြေကွက်တည်နေရာအမှတ် ၇၄၉၊ မာဃလုလင်လမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ် ရှာမြေအမည်ပေါက် ရှာမြေအား အမည်ပေါက် ရှာမြေကို အရပ်ကတိ အရောင်းအဝယ်စာချုပ်တင်ပြ၍ ဒေါ်သန်းသန်းဌေး ၁၃/လရန(နိုင်)၀၀၈၄၄၇ က အထူးဝန်ဆောင်ခနှုန်းဖြင့် ဂရန်သစ်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(၁)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဦးသောင်းစိန် (ပခုက္ကူ) B.A (Law), LL.B

ရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူး (ငြိမ်း) တရားလွှတ်တော်ရှေ့နေ

အသက် (၆၂)နှစ်

၁၀-၁၀-၂၀၁၂ရက်တွင် ကွယ်လွန်သွားခဲ့သော ဦးသောင်းစိန်(ပခုက္ကူ)အား ရည်စူး၍ ကျန်ရစ်သူမိသားစု ပြုပြုသမျှကုသိုလ်အစုစုအတွက် အမြဲတမ်းအမျှပေးဝေနေပါသည်။ ရောက်ရှိရာဘဝမှ သာဓု-သာဓု-သာဓု-ခေါ်ဆိုနိုင်ပါစေ။

ဇနီး-ဒေါ်စန်းနှင့် သားသမီးများ

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကြီးမြင့်၏ C.D.C လက်မှတ် ၁၇၀၅၂ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၁၉၄၆၉၀**

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်စိန်စိန်

အသက် (၉၂)နှစ်

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး-ဒေါ်ဝေဝေခိုင်တို့၏ ကျေးဇူးရှင်မိခင်ကြီး အမေစိန် အသက်(၉၂)နှစ်သည် ၆-၁၀-၂၀၁၃ ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးသက်လွင်ဦး (စီးပွား/ကူးသန်း)
နန်နင်းမြို့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

ဝမ်းနည်းကြေကွဲခြင်း

ဦးကြီး

(မော်လမြိုင်၊ ဒိုင်းဝန်းကွင်း)

အသက် (၁၀၀)

ဒေါ်မိုးနှင်းဖြူ၏အဘိုး ဦးကြီး အသက်(၁၀၀)သည် ၇-၁၀-၂၀၁၃ရက်တွင် မော်လမြိုင်၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

Tin Tun Oo & Brothers Trading နှင့် Summit Plastic မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်စိန်စိန်

အသက် (၉၂)နှစ်

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး-ဒေါ်ဝေဝေခိုင်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်စိန်စိန် အသက်(၉၂)နှစ်သည် ၆-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့)နံနက် ၈း၄၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

ဦးစိုးဝင်း (Managing Director)-ဒေါ်မိုးမိုး
ဝန်ထမ်းမိသားစု
ထိုက်စင်ကုမ္ပဏီလီမိတက်

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်စိန်စိန်

အသက်(၉၂)နှစ်

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး-ဒေါ်ဝေဝေခိုင်တို့၏ကျေးဇူးရှင်မိခင်ကြီး ဒေါ်စိန်စိန် အသက်(၉၂)နှစ်သည် ၆-၁၀-၂၀၁၃ ရက်(တနင်္ဂနွေနေ့)နံနက် ၈း၄၈နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးနှင့် လွှတ်တော်ရုံးဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စိန်စိန် အသက် (၉၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မွန်မြတ်မေတ္တာအိမ်ရာ၊ အိမ်အမှတ် H.1 နေ ဦးမောင်ကလေး(ကျောင်းအုပ်ဆရာကြီး-ငြိမ်း)၏ဇနီး၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေး-ဒေါ်ဝေဝေခိုင်တို့၏ ချစ်လှစွာသောမိခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်စိန်စိန် အသက်(၉၂)နှစ်သည် ၆-၁၀-၂၀၁၃ရက် နံနက် ၈း၄၈ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စိန်စိန်

အသက်(၉၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မွန်မြတ်မေတ္တာအိမ်ရာ H-1 နေ ဦးမောင်ကလေး (ကျောင်းအုပ်ဆရာကြီး၊ ငြိမ်း)၏ဇနီး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် (စစ်ကိုင်းတိုင်းဒေသကြီးပါတီဥက္ကဋ္ဌ) စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေး-ဒေါ်ဝေဝေခိုင်တို့၏ ချစ်လှစွာသောမိခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်စိန်စိန် အသက်(၉၂)နှစ်သည် ၆-၁၀-၂၀၁၃ရက် နံနက် ၈း၄၈ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သီဟထွန်းကုမ္ပဏီလီမိတက်
ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ဒါရိုက်တာများ
စက်မှုဇုန်၊ မုံရွာမြို့

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်စိန်စိန်

အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပင်ရှေညောင်လမ်း၊ မွန်မြတ်မေတ္တာအိမ်ရာ၊ အမှတ်(H-1)နေ ဦးစည်သူအေးအောင်-ဒေါ်ဟေမာန်ကြည်သာ၊ ဒေါ်သန္တာအေးအောင်၊ ဒေါ်မေခိုင်စိုးတို့၏အဘွား ဒေါ်စိန်စိန်သည် ၆-၁၀-၂၀၁၃ ရက်(တနင်္ဂနွေနေ့)နံနက် ၈း၄၈ နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

SUNLOT Sanitary Wares မိသားစု

အထူးကျေးဇူးတင်ရှိခြင်း

ဦးထွန်းဦး

ကပရ(ငြိမ်း) COSMO (ငြိမ်း)

အသက် (၇၇)နှစ်

၂၈-၉-၂၀၁၃ ရက် (စနေနေ့)တွင် သည်းခြေအိတ်ကင်ဆာဝေဒနာဖြင့် ကွယ်လွန်သွားသော ဦးထွန်းဦး(ခ)ဦးမောင်မောင် နာမကျန်းဖြစ်စဉ်က ကုသပေးခဲ့ပါသော အသည်းအထူးကုဆရာဝန်ကြီး ဦးသံစစ်၊ စေတနာရှေ့ထား၍ ခွဲစိတ်ကုသပေးခဲ့ပါသော ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခွဲစိတ်ကုသဆောင် အမှတ် (၁၃)၊ (၁၄)မှ ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ၊ ဌာနမှူး ဆရာ ဦးသိန်းမြင့်နှင့်တကွ ဆရာဝန်များ၊ သူနာပြုဆရာမများ၊ ဆေးရုံဝန်ထမ်းများ၊ အောင်ရတနာဆေးရုံကြီးမှ ဆရာဝန်များ၊ သူနာပြုဆရာမများ၊ ဆေးရုံဝန်ထမ်းများ နေမကောင်းဖြစ်သည်မှစ၍ ရက်လည်ဆွမ်းကျွေးကိစ္စပြီးစီးသည်အထိ အဘက်ဘက်မှ ဝိုင်းဝန်းနှစ်သိမ့်ကူညီအားပေးကြသူ ညီအစ်ကိုမောင်နှမများ၊ အိမ်နီးချင်းများ၊ မိတ်ဆွေသင်္ဂဟများ၊ ရပ်ကွက်လူကြီးများ၊ လမ်းသူလမ်းသားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ နာရေးသို့ လိုက်ပါပို့ဆောင်ကြသူများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ရပ်နီး၊ ရပ်ဝေးမှ တယ်လီဖုန်းဖြင့် အားပေးနှစ်သိမ့်ကြသူများ၊ လှူဖွယ်ဝတ္ထုအစုစုပေးပို့လှူဒါန်းကြသူများ၊ နာရေးကူညီမှုအသင်း(ရန်ကုန်)နှင့် ကျေးဇူးတင်ထိုက်သူများအားလုံးအား အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ကျင်ရီ

အငြိမ်းစား၊ အထက်တန်းပြဆရာမ

အသက်(၈၇)နှစ်

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ပါမောက္ခ(ငြိမ်း) ပါမောက္ခ ဒေါက်တာအောင်ထွန်းခိုင်-ဒုတိယပါမောက္ခချုပ်-သင်ကြား(ငြိမ်း) ပါမောက္ခ ဒေါက်တာနွဲ့နွဲ့ထင်တို့၏မိခင် ဒေါ်ကျင်ရီ(အငြိမ်းစား၊ အထက်တန်းပြဆရာမ)သည် ၂၉-၉-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခချုပ်၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများ
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်

ဝမ်းနည်းကြေကွဲခြင်း

ဦးတင်ရွှေ (အငြိမ်းစားကျောင်းဆရာ) NLD ဝေါမြို့

အသက် (၇၃)နှစ်

မင်းမဟော်ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင် ကိုဝဏ္ဏ-မနှင်းဆီတို့၏ဖခင် ဦးတင်ရွှေသည် ၉-၁၀-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မင်းမဟော်ကုမ္ပဏီမိသားစု

အထူးကျေးဇူးတင်ရှိခြင်း

၁၅-၉-၂၀၁၃ရက်(တနင်္ဂနွေနေ့)တွင် မော်လမြိုင်မြို့၊ လှိုင်နယ်မြေ၊အုတ်ဖိုရပ်၊အမှတ်၄၂နေအိမ်တွင် အေးချမ်းစွာ ကွယ်လွန်သွားသော ဖခင်ကြီး ဦးထွန်းလွင်(ခ)ဦးဘလာဘူ (မော်လမြိုင်) အသက်(၈၅)နှစ်၏ နာရေးတွင် လာရောက်အားပေးနှစ်သိမ့်ပြီး လှူဖွယ်ပစ္စည်းများကို လှူဒါန်းပေးပါသော မွန်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာလှဦး၊ မကွယ်လွန်မီ တရားဓမ္မများ သတိပေး တိုက်တွန်းနှိုးဆော်ကျေးဇူးပြုပေးပါသော ဆရာဦးယုကြည်၊ မော်လမြိုင်တက္ကသိုလ် ကျောင်းသားရေးရာဌာနမှူး(ငြိမ်း)နှင့် ညီမဖြစ်သူ ဆရာမဒေါ်လှလှသန်းနှင့် မောင်နှမများ၊ တရားတော်များ ဟောကြားပေးပါသော လှိုင်ရပ်ကွက် မြတောင်ကျောင်းတိုက်မှ ဆရာတော်နှင့် သံဃာတော်များအားလည်းကောင်း၊ ဖိတ်စာနှင့် ယပ်တောင်များကို မေတ္တာဖြင့် ကူညီပေးပါသော မင်းရာဇာမိတ္တူနှင့် ကွန်ပျူတာ၊ မော်လမြိုင်တောင်ပေါ်လမ်းလျှောက်နာရေးကူညီမှုအသင်း၊ ဝမ်းနည်းကြောင်းသတင်းကို ဖုန်းဖြင့်လည်းကောင်း၊ လူကိုယ်တိုင်အားပေးနှစ်သိမ့်ခြင်းဖြင့်လည်းကောင်း၊ နာရေးသို့ လိုက်ပါပို့ဆောင်ပေးပါသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ လှူဖွယ်ပစ္စည်းအမျိုးမျိုးတို့ကို လှူဒါန်းသူများ၊ အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးကြသော ညီ၊ မောင်နှမ၊ တူ၊ တူမများကို အထူးပင်ကျေးဇူးတင်ရှိပါသည်။ ဧည့်ဝတ်မကျေမှုများရှိခဲ့ပါကလည်း မေတ္တာဖြင့်ခွင့်လွှတ်ပေးပါ။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးသိန်းအောင်

ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန

အသက် (၃၈)နှစ်

၈-၁၀-၂၀၁၃ ရက်တွင် ၉၆ ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

၂၀၀၁ ခုနှစ်၊ သစ်တောတက္ကသိုလ်ဘွဲ့ရကျောင်းဆင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးအောင်မြင့်(ငြိမ်း)(ပုသိမ်)

အသက် (၆၇)နှစ်

ပုသိမ်မြို့ အထက(၁) (ယခင်ဟိုက်စကူး)ကျောင်းမှ ကျောင်းသားဟောင်း ဗိုလ်ကြီးအောင်မြင့်(ငြိမ်း)သည် ၈-၁၀-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပုသိမ် အထက(၁) ကျောင်းသားဟောင်းများအဖွဲ့

လူကုန်ကူးမှု တိုက်ဖျက်ရေး လူတိုင်းကိုယ်စီ သတင်းပေး

ကြော်ငြာ

ရဟန်းဒါယိကာမကြီး

ဒေါ်အုန်းကြည် (မြောင်းတကာ)

အသက်(၈၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာကျေးရွာနေ(ဦးမောင်ဖေ-ဒေါ်မယ်ခက်)တို့၏သမီးထွေး၊ ဒေါ်တင်လှိုင်(ခ)ဒေါ်ပု၏ညီမ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ အမှတ် ၁၃၅၄၊ မဟော်သဓာလမ်းနှင့် အောင်ဆုပန်လမ်းထောင့်နေ ဦးလှထွန်း(ဘဏ်ခွဲမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ငြိမ်း)၏ဇနီး၊ ဦးငွေဝင်း (ဦးစီးအရာရှိ၊ လွှတ်တော်ရုံး၊ နေပြည်တော်)-ဒေါ်ခင်မာငွေ၊ ဦးတင်အောင်ငွေ(ကပစ၊ ဆိတ်ဖြူ)-ဒေါ်သန်းသန်းအေး (ကြီး/မှူး၊ မြန်မာ့အသေးစား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း၊ မြောက်ဥက္ကလာပ)၊ (ဦးအောင်မြင့်သိန်း)-ဒေါ်သန်းသန်းငွေတို့၏မိခင်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၁-၁၀-၂၀၁၃ရက် နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၃ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် နေအိမ်မှကားများ နံနက် ၁၁း၄၅နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

ဒေါ်အေးသန်း (မော်လမြိုင်)

အသက်(၉၁)နှစ်

မော်လမြိုင်မြို့နေ (ဦးစံသိန်း-ဒေါ်သိန်းတင်)တို့၏သမီး၊ ကျိုက်လတ်မြို့နေ(ဦးဘတူ-ဒေါ်ရှေ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ မင်းလမ်း၊ အမှတ် ၈နေ (ဗဟိုတရားရုံးရှေ့နေကြီး ဦးတင်ညွန့်)၏ဇနီး၊ (ဦးအုန်းသွင်-ဒေါ်ညွန့်ရီ)တို့၏ညီမ၊ (ဦးစန်းရှိန်-ဒေါ်နယ်ညို)၊ (ဦးသန်းထွန်း)-ဒေါ်ခင်မြစိန်၊ ဦးသိန်းညွန့်-ဒေါ်သီသီအောင်တို့၏အစ်မကြီး၊ ဦးအောင်ခိုင်ညွန့်-ဒေါက်တာတင်တင်အေး၊ ဦးမြင့်ရွှေ(ခ)ဦးဘဘူ-ဒေါ်ပဘာညွန့်(ခ)မချို၊ ဒေါက်တာလွင်ထွန်း-ဒေါ်ဥမ္မာညွန့်(USA)၊ ဦးအောင်မျိုးဦး-ဒေါ်နွယ်နီညွန့်(USA)တို့၏မိခင်၊ ဒေါက်တာနှင်းနန္ဒာလွင်ထွန်း(USA)၊ ကိုလှိုင်ပြည့်စုံဦး-မတိုးကျော်မြင့်၊ ဒေါက်တာတေဇာလွင်ထွန်း(USA)၊ ဒေါက်တာသီဟပြည့်စုံ၊ မကေခိုင်ညွန့်တို့၏အဘွား၊ ရွှေသုနန္ဒရီတို့၏ဘွားဘွားကြီးသည် ၁၁-၁၀-၂၀၁၃ရက် (သောကြာနေ့) နံနက် ၆း၄၆ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၀-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

မြိတ်မြို့နယ်အသင်း(ရန်ကုန်)
နာယက

ဦးချင်တိတ် (မြိတ်)

အသက်(၉၆)နှစ်

မြိတ်မြို့၊ မြစ်ငယ်ရပ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၈၁ (က)နေ ဒေါ်သန်းစိန်၏ခင်ပွန်း ဦးချင်တိတ် ရာသက်ပန်အသင်းဝင် အမှတ်(၃၉၁)သည် ၈-၁၀-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂-၁၀-၂၀၁၃ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ကရင်ပြည်နယ် သံဃနာယကအဖွဲ့ဝင်၊
ရန်ကုတ်နောင်နိုင်ကျောင်းဆရာတော်

ဘဒ္ဒန္တဝါယမ

သက်တော်(၆၀)၊ သိက္ခာတော်(၃၉)ဝါ

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ပြည်နယ်သံဃနာယကအဖွဲ့ဝင် ဆရာတော်ဖြစ်တော်မူသော ခမည်းတော် ဦးမန်းအောင်ငွေ-မယ်တော် ဒေါ်နန်းသင်းပျို့ တို့၏သားတော် ဘဒ္ဒန္တဝါယမသည် (၁၃၇၅ခုနှစ် သီတင်းကျွတ်လဆန်း ၅ရက်) ၉-၁၀-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၁၈နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ခုနှစ် သီတင်းကျွတ်လဆန်း ၈ရက်) ၁၂-၁၀-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ယာယီစံကျောင်းတော်သို့ပင့်ဆောင်ပါမည်။ (အန္တိမအဂ္ဂိစျာပန ပွဲတော်ရက်ကို ထပ်မံကြေညာပါမည်။)

စျာပနကျင်းပရေးကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယကာကြီး

ဦးထွန်းမြင့်

(တကက-ငြိမ်း)၊ တဆတ

အသက်(၇၄)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၂/က၊ စံပြရပ်ကွက်၊ ကာယသုခအပြင်လမ်း၊အမှတ် ၄၁နေ(ဦးချမ်းသာအောင်-ဒေါ်လှသာ)တို့၏သား၊ (ဦးလှအောင်-ဒေါ်လှရှင်ဖြူ)တို့၏ သားသမက်၊ တပ်ကြပ်ကြီးကျော်စိန်မြင့် (ဆကရ၊ မင်္ဂလာဒုံ)-ဒေါ်ခင်ရီ၊ ဦးကျော်ရွှေမြင့် (အုပ်ချုပ်ရေးမှူး၊ ၂/က၊ စံပြရပ်ကွက်)-ဒေါ်တင်တင်ငွေ၊ ဦးကျော်စွာမြင့်-ဒေါ်ဂင်မီရာ (ခေတ္တ-ကိုရီးယား)တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး၊ ဒေါ်စိန်နု၏ခင်ပွန်းသည် ၁၀-၁၀-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁း၃၀နာရီတွင်တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ)၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ) ငြိမ်းအေးဇရပ်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ဓမ္မာရုံ၊
မဟာတံတိုင်း ဒါယကာကြီး

ဦးမျိုးသက်

(ကုန်သွယ် ယာဉ်/စက်၊ ငြိမ်း)

အသက်(၅၇)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်ပိ-ပုတီးရိုးနေ (ဦးနီ-ဒေါ်စိန်ကြည်အေး)တို့၏တတိယသား၊ ဘိုကလေးမြို့နေ (ဦးသောင်းရွှေ-ဒေါ်တင်ညွန့်)တို့၏သားသမက်၊ ဘိုကလေးမြို့နေ ဦးမြင့်ငွေ-ဒေါ်သန်းသန်းရီ၊ ရန်ကုန်မြို့နေ ဦးမြင့်ဇော်-ဒေါ်ခင်မူ၊ ဦးအောင်ကျော်မိုး (ပျံလွှား၊ ငရုတ်ဆီ)တို့၏ညီ/မောင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄) ရပ်ကွက်၊ ပျဉ်းမမြိုင်လမ်း၊ အမှတ် ၇၃၂နေ ဒေါ်တင်အေးမူ၏ခင်ပွန်း၊ မရွှေရည်သွေး၊ မကေဇင်မျိုးထွန်း၊ မောင်ဇေယျာလင်းတို့၏ဖခင်သည် ၁၁-၁၀-၂၀၁၃ရက်(သောကြာနေ့)နံနက် ၈း၂၀နာရီတွင် ဆာကူရာအထူးကုဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးအောင်မြင့်သန်း(ဟင်္သာတ)

ရဲတံခွန်ပို့ဆောင်ရေးလုပ်ငန်း

အသက်(၄၃)နှစ်

ဟင်္သာတမြို့၊ ရွှေကူရပ်၊ အေးရိပ်သာလမ်းနေ ဦးကျော်ဟန် - ဒေါ်သိန်းမြင့်တို့၏သား၊ ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာ၊(၅)ရပ်ကွက်၊စပယ်မာဃလမ်း၊ တိုက် ၂၂၁နေ ဦးအေးကြူ (ဆကာကြီးအေးကြူ) - ဒေါ်ခင်မဝင်း (အထပြ-ငြိမ်း၊ ဆကာကြီး)တို့၏သားသမက်၊ ဒေါက်တာခင်မျိုးအေး(ကထိက၊ သချာဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)၏ခင်ပွန်း၊မောင်ရဲကျော်စွာ၊မောင်ရဲနန္ဒ(TTC)တို့၏ဖခင်၊ ဦးစိန်ပိုက်-ဒေါ်ညိုညိုဝင်းတို့၏မောင်၊ ကိုအောင်မျိုးသန်း-မဆွေဆွေ (ငွေဇင်ယော်ပို့ဆောင်ရေး)၊ မဝင်းဝင်းမော်၊ ကိုသန်းနိုင်-မခိုင်ခိုင်ဝင်းတို့၏အစ်ကို၊ တူ၊ တူမ ခြောက်ယောက်တို့၏ဘကြီးသည် ၁၀-၁၀-၂၀၁၃ရက် ည ၉း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၃ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၀-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ ကမာရွတ်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးအီးကုတ် (ဖျာပုံ)

အသက်(၇၈)နှစ်

ရန်ကုန်မြို့နေ ဦးအီးဟို၏ညီ၊ အမှတ် ၁၄၈၊ ပထမလမ်း၊(၄)ရပ်ကွက်၊ ဖျာပုံမြို့နေ ဒေါ်ကီး၊ဒေါ်ရှူ၊ဒေါ်မွီး၊ရန်ကုန်မြို့နေ ဦးဇော်နိုင်-ဒေါ်ခင်မျိုးနွယ်၊ ဒေါ်သက်သက်ခိုင်-ဦးစိန်ဝင်း၊ ဒေါ်ကွေ့တာ-ဦးစိုးနိုင်၊ ဦးမျိုးနိုင်-ဒေါ်အေးပု၊ ဦးသောင်းငွေ-ဒေါ်အေးအေးမြင့်၊ ဒေါ်ချယ်ရီတို့၏ဦးလေးသည် ၁၀-၁၀-၂၀၁၃ရက် ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၃ရက် (စနေနေ့)မွန်းလွဲ ၁ နာရီတွင် လိပ်စုကုန်းတရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်ကြည်ကြည် (ထားဝယ်)

အသက်(၇၆)နှစ်

ထားဝယ်မြို့နေ (ဦးအောင်သင်-ဒေါ်စိန်ပို)တို့၏သမီး၊ (ဦးထွန်းဖေ-ဒေါ်ခင်မေ)တို့၏သမီးချွေးမ၊ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ) ရပ်ကွက်၊ ၁၆၆လမ်း၊အမှတ် ၃၃၊ မြေညီထပ်(A)နေ(ဦးဖေသန်း)၏ဇနီး၊ ဦးမောင်သန်း-(ဒေါ်ထွေး)၊ ဦးကျော်သန်း-ဒေါ်မြကြည်၊ ဦးသန်းညွန့်-ဒေါ်အေးအေး၊ ဦးကျော်စိန်-ဒေါ်သန္တာတို့၏ အစ်မကြီး၊ ဦးအေးသန်း-ဒေါ်စမ်းစမ်းမာ(တိုင်းရင်းသားဒီဂရီကောလိပ်၊ရန်ကုန်)၊ ဒေါ်မာမာချို(အထက-၁၀၊တာမွေ)၊ ဦးခင်မောင်ချို (ခေတ္တ-ဘရူနိုင်း) - ဒေါ်ငွေငွေမြင့်၊ ဦးအောင်မင်းကျော် - ဒေါ်အေးအေးလှ၊ ဦးမျိုးနန်း - ဒေါ်မေမေထွေးတို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၀-၁၀-၂၀၁၃ရက်(ကြာသပတေးနေ့)ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ချိုချိုစန်း (ထားဝယ်)

အသက်(၄၈)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အနောက်ရပ်၊ ဦးဇို့လမ်း၊ အမှတ် ၁၉၄နေ ဦးဝင်းနိုင်၏ဇနီး၊ မမို့မို့စံ၊ မချယ်ရီစံ၊ မောင်ဝေယံအောင်တို့၏မိခင်သည် ရန်ကုန်တိုင်းဒေသကြီး၊ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်(အနောက်) အောင်မြေသာစည်အိမ်ရာ၊ တိုက် ၂၊ အခန်း ၅၀၄၌ ၁၁-၁၀-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၁၀-၂၀၁၃ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကမာရွတ်မြို့နယ်နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

မောင်ဟိန်းထက်သူ(ခ) ဖိုးသား

B.A (Eco)

အသက်(၂၉)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဗဟိုလမ်း၊ (၁)ရပ်ကွက်၊ အမှတ် ၈၁၇နေ (ဦးလှဖေ)-ဒေါ်ဆွေဆွေတို့၏မြေး၊ ဦးသီဟ-ဒေါ်ခင်မော်မော်တို့၏သား၊ ဦးအောင်ထွန်း(ဆောက်လုပ်ရေး) - ဒေါ်လှကေသီ (Shinsung Tongsang Imt'l Co., Ltd.)၊ ဦးလှမိုး(စက်မှု)-ဒေါ်ချိုမာသိန်း၊ (ဦးလှမင်း) - ဒေါ်နီနီလွင် (မေနှင်းဆီ Co.,)တို့၏တူ၊ မအေးသန္တာမိုး၊ မောင်ထက်လင်းမိုးတို့၏အစ်ကိုသည် ၁၁-၁၀-၂၀၁၃ရက် (သောကြာနေ့) နံနက် ၀၀း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃နာရီတွင်ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ညွန့်ရီ (ရေကြည်မြို့)

အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာ ၃လမ်း၊ အမှတ် ၄၅/ကနေ (ဦးစံရှား-ဒေါ်မမလေး)တို့၏သမီး၊ (ဦးစိန်ဝင်း၊ ငွေစာရင်းအရာရှိ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ငြိမ်း)၏ဇနီး၊ ဒေါ်ဘီ၊ ဒေါ်စီ၊ (ဗိုလ်ကြီးမြအေး)-ဒေါ်ဟန်ကြည်၊ (ဦးသောင်း-ဒေါ်ထွားရီ)တို့၏ညီမသည် ၇-၁၀-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၃း၀၅နာရီတွင် မြောက်ဥက္ကလာပမြို့နယ် ရွှေလမင်းအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၁၃ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအား ရည်စူး၍ ၁၃-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကွာဟင်လိုင်(ခ)ဒေါ်ကြင်မြင့်

အသက်(၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် ၈၉နေ (ဦးစူပန်း)၏ဇနီး၊ ဦးသန်းအောင်-ဒေါ်အေးအေးခိုင်၊ ဦးမောင်မောင်၊ ဦးမောင်မြင့်-ဒေါ်လှလှရီတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁၁-၁၀-၂၀၁၃ရက် (သောကြာနေ့) နံနက် ၆း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှမိတ်ဆွေများအား အကြောင်းကြားသိစေအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယိကာမကြီး

ဒေါ်ရင်စိန်(ခ)ဒေါ်ကျင်ပု

(တွံတေး)

အသက်(၉၉)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လမ်းမတော်လမ်း၊ (၂)ရပ်ကွက်၊ အမှတ် ၁၆၆ (ဒုတိယထပ်)နေ (ဦးခွန်ပေါ်-ဒေါ်နီ)တို့၏သမီးကြီး၊ [ဦးမောင်ကို(ခ)တြော်ကျိဂို]၏ဇနီး၊ ဦးအောင်မြင့်-ဒေါ်ခင်ဝင်း(ခေတ္တ-USA)၊ ဒေါ်ခင်တင့်(ခ)မအမ်းတူး(သံဈေး)၊ ဒေါ်ခင်ခင်အေး(အထက-၂၊လသာ၊အလယ်တန်းပြ၊ငြိမ်း)၊ (ကိုဝင်းလွင်(ခ)အစိမ်း)၊ ကိုအေးနိုင်-ဒေါ်ခင်စိုး(ခ)အန္တီးတို့၏မိခင်၊ မောင်လင်းမြတ်အောင်၊ မသဲစုနိုင်တို့၏အဘွားသည် ၁၁-၁၀-၂၀၁၃ရက် (သောကြာနေ့) နံနက် ၇း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၁၀-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်မိုးသွင်

အသက်(၄၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊၄၉/၈၀၉၊ ရွှေနှင်းဆီ(၂)လမ်းနေ ဦးစောသွင်-ဒေါ်တင်ရီတို့၏သမီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နေ ဦးမြတ်ကျော်-ဒေါ်ခင်ထွေးတို့၏သမီးချွေးမ၊ ဦးသွင်ဇော်ဦး(ကြယ်ငါးပွင့်)-ဒေါ်ကြည်ကြည်သန်း (စက်မှုဝန်ကြီးဌာန)၊ ဦးအောင်သွင်(ဖဒင်ကုမ္ပဏီအုပ်စု)၊ ဦးသွင်ဇော်မိုး (မန်နေဂျာ၊ ရွာတော်ကုမ္ပဏီ) - ဒေါ်နွယ်နွယ်ဝင်း (လက်ထောက်ညွှန်မှူး၊ စက်မှုဝန်ကြီးဌာန)တို့၏ညီမ၊ ဦးကျော်ကျော်စိုး-မလှမိုးသွင်၊ ဦးချမ်းအေး၊ ဦးစိုးမိုးကျော်(ရေကြောင်းကောလိပ်)တို့၏အစ်မ၊ဦးမျိုးဇော်ဇော်ဝင်း၏ဇနီး၊ မခင်ဂျူလိုင်ဇော်၊ မရွှေရူပါလင်း၊ မမြတ်ဖူးသစ်တို့၏မိခင်သည် ၁၁-၁၀-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၁၀-၂၀၁၃ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၀-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးလှမိုး

အထွေထွေမန်နေဂျာ(ငြိမ်း)

မြန်မာ့သစ်လုပ်ငန်း

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅) ရပ်ကွက်၊ ဗိုလ်ဉာဏလမ်း၊ အမှတ် ၂၂၂ (A)နေ (ဦးသန့်-ဒေါ်အေးကြည်)တို့၏ သား၊ စစ်ကိုင်းမြို့နေ(ဦးခင်မောင်လေး-ဒေါ်ရွှေမှတ်)တို့၏သားသမက်၊ ဒေါ်ခင်လေးညို၏ခင်ပွန်း၊ ဦးမြင့်သူမိုး-ဒေါ်ခင်မာချို၊ ဒေါ်ကျော့ကျော့မိုး-ဦးခင်မောင်ကြည်(ဒုတိယအထွေထွေမန်နေဂျာ၊ သစ်ထုတ်လုပ်ရေး၊ ကချင်ပြည်နယ်)၊ ဦးလှခိုင်မိုး(Elite tech Co.,Ltd.)၊ဦးအောင်ခိုင်မိုး၊ ဦးသန့်စင်မိုးတို့၏ဖခင်၊ မမီမီလွင်၊ မောင်ပြည့်နဒီမိုး၊ မယုယုမွန်၊ မထက်ဝတီမိုးတို့၏အဘိုးသည် ၁၀-၁၀-၂၀၁၃ရက်(ကြာသပတေးနေ့)ညနေ ၃း၃၀နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးရဲတင့်

အသက်(၅၅)နှစ်

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နေ (ဦးကျော်အေး - ဒေါ်စန်းလှ)တို့၏သား၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့နေ (ဦးအုန်းလှိုင်)-ဒေါ်သောင်းတို့၏သားသမက်၊ ဦးရဲမြင့်၏ညီ၊ ဒေါ်ခင်ကျော်စီ၊ ဦးဇော်ထွန်းချစ်-ဒေါ်ခင်ကျော်ရီ၊ ဒေါ်စန်းစန်းမြင့်တို့၏အစ်ကို၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အောင်ဇေယျာအိမ်ရာ၊ တိုက် ၃၈၊ အခန်း ၃၀၃နေ (ဒေါ်မူမူလှိုင်)၏ခင်ပွန်း၊ ကိုဝင်းဦး-မသဇင်၊ မသီရိတို့၏ဖခင်၊ မမေသူသက်ထား၏အဘိုးသည် ၁၁-၁၀-၂၀၁၃ရက် (သောကြာနေ့) နံနက် ၃း၂၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့)မွန်းလွဲ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၀-၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိအထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယကာကြီး
နန္ဒာဝန်မိုးကုတ်ဝိပဿနာ
နာယကကြီး

ဦးအောင်ရွှေ (ပဲခူး)

အသက်(၉၀)

ထားဝယ်မြို့၊ဆင်ဆိပ်ရပ် (ဦးသင်း-ဒေါ်မြခိုင်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးအောင်ဖေ-ဒေါ်အေးသင်)တို့၏ ညီ/မောင်၊ ထားဝယ်မြို့၊ ဆင်ဆိပ်ရပ်နေ (ဦးမိုး-ဒေါ်တင်ညွန့်)တို့၏အစ်ကို၊ ပဲခူးမြို့၊ ရုံးကြီးရပ်ကွက်၊ယုဇနလမ်း၊ အမှတ် ၉၉နေ (ဒေါ်အေးစိန်)၏ခင်ပွန်း၊ ပဲခူးမြို့နေ ဒေါ်တင်မြင့်(အထက-၂၊ငြိမ်း၊ပဲခူး)၊ ရန်ကုန်မြို့နေ ဦးထွန်းဝေ-ဒေါ်စန်းမြင့်၊ ကျိုက်ထိုမြို့နေ ဦးထွန်းမြင့်-ဒေါ်ထွေးထွေး၊ ပဲခူးမြို့နေ ဒေါ်ထူးထူးလွင်၊ ထားဝယ်မြို့နေ ဦးအုန်းမြင့် (Uniteam Marine)-ဒေါ်မြင့်မြင့်ဝင်း၊ ပဲခူးမြို့နေ ဒေါ်ရီရီငွေ၊ဦးဝင်းငွေ-ဒေါ်စန္ဒာအောင်၊ မရမ်းချောင်းကျေးရွာနေ ဦးယဉ်ထွေး-ဒေါ်သန်းသန်းငွေတို့၏ဖခင်၊ မြေး ၁၄ ယောက်တို့၏အဘိုးသည် ၁၀-၁၀-၂၀၁၃ရက်(ကြာသပတေးနေ့)ညနေ၃း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၁၀-၂၀၁၃ရက် (စနေနေ့)မွန်းတည့် ၁၂နာရီတွင် ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၀-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ဝင်းဘုချေ

(လေးတောင်၊ အရှေ့မော်ရွာ)

အသက်(၈၆)နှစ်

(ဦးပြုတုတ်-ဒေါ်မိလှဖြူ)တို့၏သမီး၊ (ဦးမောင်လွန်းသာ)၏ဇနီး၊ (ဦးမောင်ထွန်းစိန်)၊(ဒေါ်ခင်ကြည်)၊ ဦးထွန်းဖေ-ဒေါ်မသန်းရီ၊ ဦးဝေခင်မောင်-ဒေါ်ခင်စိန်၊ ဗိုလ်ကြီးထွန်းမြင့်(ငြိမ်း)-ဒေါ်ချိုချိုဝင်း၊ ဦးခင်သန်း-ဒေါ်ခင်မူတို့၏မိခင်၊ ဦးမိုးကျော်သူ၊ မဇေယျာမေ၊ ထွန်းဝင်း၊ ထွန်းထွန်းမင်း၊ မဇင်မာလှိုင်၊ မအေးမို့ဇင်၊ မောင်မျိုးသန့်ဇင်၊ မြတ်သော်ဇင်ဦး၊ မစုစုထက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁၀-၁၀-၂၀၁၃ရက် ညနေ ၃း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၁၀-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ် ၄၈၊ သံတံတားလမ်း၊ စမ်းချောင်းမြို့နယ် နေအိမ်မှကားများ နံနက်၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယကာကြီး

ဦးဝင်းမောင်

ကုန်သွယ်-ဆောက်/လျှပ်(ငြိမ်း)

အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ (၇)ရပ်ကွက်၊ ဗိုလ်ခန့် ၂လမ်း၊ အမှတ် ၃၁၄(က)နေ (ဦးဘဇင်-ဒေါ်ခင်ကြည်)တို့၏သားကြီး၊ (ဦးချစ်တီး-ဒေါ်ကျင်စိန်)တို့၏သားသမက်၊ ဒေါ်ယဉ်ကြည်(ကုန်သွယ်-ဆောက်/လျှပ်၊ ငြိမ်း)၏ခင်ပွန်း၊ ဦးမောင်မောင်မိုးမြင့်-ဒေါ်ခင်သူဇာဝင်း၊ ဦးညီထွဋ်ဝင်း-ဒေါ်သီတာအေး၊ ဦးသီဟအောင်-ဒေါ်သီရိဝင်းတို့၏ဖခင်ကြီး၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၁-၁၀-၂၀၁၃ရက် (သောကြာနေ့) နံနက် ၈း၅၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၃-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ်၊ နတ်လမ်း၊ ရေဆိပ် ဒါယကာကြီး

ဦးနိုင်အေး(ကျိုက်ထော်) (နိုင်လင်းအေး သံဆိုင်)

အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ် ၅၃-စီ၊ ၅၆လမ်းနေ ဒေါ်မြသောင်း၏ခင်ပွန်း၊ ဒေါ်ချိုချိုဝင်း(အထက-၂၊ တာမွေ၊ ငြိမ်း)၊ ဦးဝင်းဇော်-ဒေါ်သင်းသင်းအေး(နိုင်လင်းအေး၊ သံဆိုင်၊ တ/ဒဂုံစက်မှုဇုန်-၃)၊ ဦးအေးနိုင်စိုး-ဒေါ်စုစုလှိုင်(Winning Security Group Co.,Ltd.)၊ ဦးကျော်ရင်-ဒေါ်ခင်အေးကြိုင် (Happy Guest House၊ ကျိုက်ထို)၊ ဦးရန်လင်းအေး-ဒေါ်တင်ဇာဘုန်း(ခေတ္တ-UK)တို့၏ဖခင်၊ မြေးကိုးယောက်တို့၏ဘိုးဘိုးကြီးသည် ၁၁-၁၀-၂၀၁၃ရက် (သောကြာနေ့) နံနက် ၆း၂၅နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၃ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်မြတ်မြတ်ဇော် (ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း)

အထက(၂)ကြည့်မြင်တိုင်၊ အလက လမုတန်းကြီး၊

အလက(၈)လှိုင်၊ အလက(၆)သာကေတ

B.Sc, B.Ed.

အသက်(၆၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ သပြေညိုလမ်း၊ အမှတ် ၄(ပထမထပ်)နေ ဦးဇော်ဖေ(ရုပ်ရှင်ကော်ပိုရေးရှင်း၊ ငြိမ်း)-(ဒေါ်အေးကြည်)တို့၏သမီးကြီး၊ ဦးဝေလင်းအောင်-ဒေါ်ဝင်းဝင်းသန်း (Emperor အမျိုးသားအဆင့်မြင့်ဆံသဆိုင်)၊ ဦးဇော်ဆန်းအောင်တို့၏မိခင်၊ ဒေါ်အေးအေးဇော်၊ ဦးသိန်းဝင်းဇော်-ဒေါ်လှလှမြင့်၊ ဒေါ်သင်းသင်းဇော်-(ဦးခင်မောင်စိုး)၊ ဦးသိန်းလင်းဇော်-ဒေါ်ခိုင်ခိုင်ကြည်၊ (ဦးသိန်းမင်းဇော်)၊ ဒေါ်တင်မျိုးဇော်-ဦးစိုးညွန့်၊ ဒေါ်ဥမ္မာဇော်-ဦးဘိုကြည်တို့၏အစ်မကြီး၊ တူ/တူမ၂၂ယောက်တို့၏ကြီးမေ၊ မြေးသုံးယောက်တို့၏ဘွားဘွားကြီးသည် ၁၀-၁၀-၂၀၁၃ရက် ည၇နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၃ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၀-၂၀၁၃ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်မြတ်မြတ်ဇော် (ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း)

B.Sc, (Phy) B.Ed.

အထက(၂)ကြည့်မြင်တိုင်၊ အလက လမုတန်းကြီး၊

အလက(၈)လှိုင်၊ အလက(၆)သာကေတ

အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၄၊ သပြေညိုလမ်း၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ ဦးဇော်ဖေ(ရုပ်ရှင်ကော်ပိုရေးရှင်း၊ ငြိမ်း)-(ဒေါ်အေးကြည်)တို့၏သမီးကြီး၊ (ဦးဟန်ကြည်-ဒေါ်တင်မြင့်)တို့၏သမီးချွေးမ၊ ဦးဝင်းမြင့်အောင်၏ဇနီး၊ ဦးသန်းထွဋ်-ဒေါ်ဝါဝါဝင်းရွှေတို့၏အစ်မ၊ ကိုဝေလင်းအောင်-မဝင်းဝင်းသန်း (Emperor အမျိုးသားအဆင့်မြင့်ဆံသဆိုင်)၊ ကိုဇော်ဆန်းအောင်တို့၏မိခင်၊ တူ/တူမလေးယောက်တို့၏အဒေါ်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၀-၁၀-၂၀၁၃ရက် ည ၇နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၃ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၀-၂၀၁၃ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးမန်းစံအဲလ်ဖရက်

(ရဲအုပ်၊ ငြိမ်း၊ လသာ)

ဓမ္မအမှုတော်ဆောင်၊

လေးဘက်သွားရွာ၊မြောင်းမြမြို့နယ်

အသက်(၇၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ သာယာကုန်းကျေးရွာနေ (မန်းဘိုးသာ-ဂျဲ့ချောရွှေ)တို့၏သားကြီး၊ ဒေါ်နန်းအေးအေး၏ခင်ပွန်း၊ ဂျီယောခေါ-ဒေါ်ခင်ငြိမ်း(လယ်၊ပြ၊ အထက၊ ပန်ဝါ)၊ ဒေါ်နန်းအေးမိစံ (ဦးစီးအရာရှိ၊ အား/ကာ)၊ စစည်သူစံတို့၏ဖခင်၊မခေါဝေါန်၊ မောင်ခေါ်ယောတို့၏အဘိုး၊ မန်းဂေါ်ဒင်-ဒေါ်စနိုးရှိုက်ဒင်၊ မန်းလီယို-(ဂျဲ့မာမာစိန်)၊မန်းထိုင်းဂယ်-ဂျဲ့မူမူစိန်၊ မန်းညီညီထွန်း-ဒေါ်ခင်အေးနုတို့၏ အစ်ကိုကြီးသည် ၁၀-၁၀-၂၀၁၃ရက်(ကြာသပတေးနေ့)ညနေ၆း၂၅နာရီတွင် တိုက် ၃၊ အခန်း ၃၀၄၊ အား/ကာဝန်ထမ်းအိမ်ရာတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၂-၁၀-၂၀၁၃ရက်(စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးလှမိုး B.sc (For)

အထွေထွေမန်နေဂျာ(ငြိမ်း)

သစ်လုပ်ငန်း

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဗိုလ်ဉာဏလမ်း၊ အမှတ် ၂၂၂ (A)နေ (ဦးသန့်-ဒေါ်အေးကြည်)တို့၏ သား၊ စစ်ကိုင်းမြို့နေ(ဦးခင်မောင်လေး-ဒေါ်ရွှေမှတ်)တို့၏သားသမက်၊ ဒေါ်ခင်လေးညို၏ခင်ပွန်း၊ စကုမြို့နေ (ဦးလှမောင်-ဒေါ်စန်း)၊ မကွေးမြို့နေ (ဦးတင်အုန်း)-ဒေါ်ခင်ဥ(အလပြ၊ငြိမ်း)၊ ရန်ကုန်မြို့နေ ဦးစိန်ဝင်း(ဒုတိယညွှန်ကြားရေးမှူး၊ ငြိမ်း၊ နယ်စပ်ကုန်သွယ်ရေး)-(ဒေါ်မြမြနွဲ့၊ အထက-ပြ၊ ငြိမ်း)၊ မကွေးမြို့နေ ဦးတင်ရွှေ-ဒေါ်ခင်မော်တို့၏မောင်၊ အစ်ကို၊ တူ၊ တူမ ၁၅ယောက်တို့၏ ဦးကြီး/ဦးလေးသည် ၁၀-၁၀-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၃း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၂-၁၀-၂၀၁၃ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

မြန်မာနိုင်ငံအား သဘာဝဘေးဒဏ်များမှ ကြံ့ကြံ့ခံရင်ဆိုင်ဖြေရှင်းပေးနိုင်သည့် နိုင်ငံဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC)၌ ကျင်းပသည့် ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အရ အောက်တိုဘာလ ၁၃ ရက်ကို အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့အဖြစ် သတ်မှတ်ခဲ့ပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင်လည်း အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ကို နိုင်ငံတော်အဆင့် အထိမ်းအမှတ် အခမ်းအနားတစ်ရပ်အဖြစ် နှစ်စဉ်ကျင်းပခဲ့ပါကြောင်း။

ယခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့အတွက် ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးမဟာဗျူဟာ (UNISDR) က သတ်မှတ်ထားသည့် ဆောင်ပုဒ်မှာ "သဘာဝဘေးလျော့ပါးရေး၊ မသန်စွမ်းလည်း ပူးပေါင်းပေး"

စာမျက်နှာ ၅ ကော်လံ ၁ ✻

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံပြခန်းအား လှည့်လည်ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

အင်အားနည်းငလျင်လှုပ်

နေပြည်တော် အောက်တိုဘာ ၁၁

ယနေ့ မြန်မာစံတော်ချိန် ၀၀ နာရီ ၂၆ မိနစ် ၁၂ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက်ဘက် ၆၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (သပိတ်ကျင်းမြို့၏ အရှေ့-အရှေ့မြောက်ဘက် ၁၅ မိုင်ခန့်အကွာ) ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၄ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်သွားကြောင်း တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။

(သတင်းစဉ်)

ဂုတ်တွင်းအဆင်းလမ်း ၂၂ ဘီး ကားနောက်တွဲပြုတ်ထွက် လမ်းပေါ်ကန့်လန့်ဖြစ်၍ ယာဉ်ကြောများပိတ်ဆို့

ကျောက်မဲ အောက်တိုဘာ ၁၁

မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး ကျောက်မဲမြို့နယ်နှင့် နောင်ချိုမြို့နယ်ကြားရှိ ဂုတ်တွင်းဆင်းလမ်း မိုင်တိုင်အမှတ် (၈၄/၃)နီလာကွေ့တွင် ယနေ့နံနက် ၃နာရီကျော်က မောင်းနှင်လာသည့် ၂၂ ဘီးတွဲကားနောက်တွဲပြုတ်ပြီး လမ်းပေါ်တွင် ကန့်လန့်ပိတ်ဆို့သွားသဖြင့် ဂုတ်တွင်းတောင် အတက်အဆင်း ယာဉ်များ လမ်းပိတ်ဆို့သွားသည်။ **(ယာပုံ)**

အဆိုပါ လမ်းပိတ်ဆို့မှုကြောင့် မော်တော်ယာဉ်မျိုးစုံ စီးရေထောင်ကျော်လမ်းပိတ်ဆို့မှုဖြစ်သွားသည်။ အေးရှားဝေါလ်ကုမ္ပဏီမှ ပြင်ဦးလွင်-လားရှိုးလမ်း စီမံကိန်းမန်နေဂျာ ဦးငွေတင်နှင့် ဝန်ထမ်းများ၊ ကျောက်မဲ၊ နောင်ချို ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက လမ်းပိတ်ဆို့နေသော ၂၂ ဘီး နောက်တွဲယာဉ်ကို စက်ယန္တရားကြီးများဖြင့် ရှင်းလင်းဖယ်ရှားပေးခဲ့ရာ နံနက် ၁၁ နာရီတွင် လမ်းပြန်လည်ပွင့်သွားခဲ့သည်။

အဆိုပါ ဂုတ်တွင်းတောင်အဆင်း အတက်လမ်းပိုင်းတွင် ၂၂ ဘီးတွဲ ကားများကြောင့် မကြာခဏ လမ်းပိတ်ဆို့လျက်ရှိသည်ကို တွေ့ရသည်။

မောင်မောင်(ကျောက်မဲ)

အချပ်ပို ရှစ်မျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဆက်သွယ်ရေး ဥပဒေ၊ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ စာမျက်နှာ လေးမျက်နှာနှင့် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

ဆည်သည်ကျေးရွာ ရေတိုက်စားမှုကာကွယ်ထိန်းသိမ်းရန်ဆောင်ရွက်လျက်ရှိ

စဉ့်ကူး အောက်တိုဘာ ၁၁

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ဆည်သည်ကျေးရွာအုပ်စု ဆည်သည်(မြောက်)၊ ဆည်သည်(တောင်)နှင့် ချောင်းဝကျေးရွာတို့တွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုမှုများဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျေးရွာအုပ်စုတွင် ဆည်သည်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသည် ထင်ရှားသောကျောင်းတစ်ကျောင်းအဖြစ် ထင်ပေါ်ခဲ့သည်။ ယခုအခါ ဒေသခံကျေးရွာပြည်သူများက ကမ်းပါးပြိုနေရာနှင့်နီးကပ်နေပြီဖြစ်နေသော အဆိုပါကျောင်းကြီး **(ဓါတ်ပုံ)**ကို ထိန်းသိမ်းစောင့်ရှောက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ ▲

ဥပဒေ

ဆက်သွယ်ရေးဥပဒေပြဋ္ဌာန်း

ဆက်သွယ်ရေးဥပဒေ
(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၁ ။)
၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်
(၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)
အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ဆက်သွယ်ရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မြေထု၊ ရေထု၊ လေထုတို့ ပါဝင်သော နယ်နိမိတ်အတွင်းရှိ မည်သည့်ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းနှင့်မဆို သက်ဆိုင်စေရမည်။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြင်ပရောက် မည်သည့် အရပ်ဒေသ၌မဆို ရှိနေသော မြန်မာနိုင်ငံသားများနှင့်လည်း သက်ဆိုင်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဆက်သွယ်ရေး** (Telecommunication) ဆိုသည်မှာ သတင်းအချက်အလက် တစ်ရပ်ရပ်ကို ဝိုင်ယာကြိုး၊ ဖိုင်ဘာကြိုး သို့မဟုတ် အခြားသော လျှပ်ကူးကြိုး တစ်ခုခုကို အသုံးပြု၍သော်လည်းကောင်း၊ ရေဒီယိုလှိုင်း၊ အလင်းတန်း၊ အခြားသော လျှပ်စစ်သံလိုက်ဓာတ် ထုတ်လွှတ်သည့် နည်းလမ်းတစ်ရပ်ရပ်ကို အသုံးပြု၍ သော်လည်းကောင်း မူရင်းအတိုင်းဖြစ်စေ၊ ပြုပြင်၍ဖြစ်စေ ထုတ်လွှင့်ခြင်း သို့မဟုတ် ဖမ်းယူခြင်းကိုဆိုသည်။

(ခ) **သတင်းအချက်အလက်** ဆိုသည်မှာ အချက်အလက်၊ မူရင်းစာ၊ ပုံရိပ်သဏ္ဌာန်၊ အသံ၊ သင်္ကေတ(Code)၊ လက္ခဏာသင်္ကေတ(Sign)၊ အချက်ပြသင်္ကေတ (Signal)နှင့် အချက်အလက်အစုအဝေး တစ်ရပ်ရပ်တို့အပြင် ယင်းတို့တစ်ခုထက်ပို၍ ပေါင်းစည်းထားသောအရာများနှင့် အလားတူကိစ္စရပ်များကိုဆိုသည်။

(ဂ) **ကြိုးမဲ့ဆက်သွယ်ရေး** ဆိုသည်မှာ ထုတ်လွှင့်သည့် ကိရိယာနှင့် ဖမ်းယူသည့် ကိရိယာတို့အကြားတွင်ဝိုင်ယာကြိုး၊ ဖိုင်ဘာကြိုး သို့မဟုတ် အခြားသော လျှပ်ကူးကြိုးတစ်ခုခုကို အသုံးမပြုဘဲ သတင်းအချက်အလက်တစ်ရပ်ရပ်ကို ရေဒီယိုလှိုင်း၊ အလင်းတန်း၊ လျှပ်စစ် သံလိုက်ဓာတ်ထုတ်လွှတ်ခြင်း သို့မဟုတ် အခြားနည်းလမ်း တစ်ရပ်ရပ်ဖြင့် ထုတ်လွှင့်ခြင်း သို့မဟုတ် ဖမ်းယူခြင်းကို ဆိုသည်။

(ဃ) **ဆက်သွယ်ရေးကွန်ရက်** ဆိုသည်မှာ ဆက်သွယ်ရေးနည်းပညာ တစ်ခုခုကိုအသုံးပြုပြီး ကွန်ရက်အထောက်အကူပြုပစ္စည်း၊ ဆက်သွယ်ရေးပစ္စည်း၊ ကွန်ပျူတာ၊ ကွန်ပျူတာကဲ့သို့သော အလားတူပစ္စည်း၊ ယင်းတို့နှင့် တွဲဖက်အသုံးပြုနိုင်သည့်စနစ်နှင့် ပစ္စည်းကို ကြိုးဖြင့်ဖြစ်စေ၊ ကြိုးမဲ့ဖြစ်စေ အချင်းချင်းချိတ်ဆက်အသုံးပြုသော စနစ်ကိုဆိုသည်။

(င) **အသုံးပြုသူဘက်ရှိ ကွန်ရက်နယ်နိမိတ်** ဆိုသည်မှာ ဆက်သွယ်ရေးပစ္စည်းကနဦးချိတ်ဆက်သည့်နေရာကိုသော်လည်းကောင်း၊ သုံးစွဲသူတစ်ဦးဦးထံမှ သတင်းအချက်အလက်များ လက်ခံရရှိသောနေရာကိုသော်လည်းကောင်း၊ သုံးစွဲသူထံသို့ သတင်းအချက်အလက်ပေးပို့သော ကွန်ရက်အထောက်အကူပြုပစ္စည်း၏ နေရာကိုသော်လည်းကောင်း ဆိုသည်။

(စ) **ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်း၊ ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းနှင့် အသုံးချဝန်ဆောင်မှုလုပ်ငန်းများအနက် လုပ်ငန်းတစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်းကိုဆိုသည်။

(ဆ) **ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ ကွန်ရက်အထောက်အကူပြုပစ္စည်းတစ်ခုခုကို လက်ဝယ်ထားရှိပြီး ယင်းကွန်ရက်အထောက်အကူပြုပစ္စည်းကို ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လိုင်စင်ရရှိထားသူအား ငှားရမ်းခြင်း သို့မဟုတ် အဆိုပါ ကွန်ရက်အထောက်အကူပြုပစ္စည်းအပေါ်တွင် မိမိကိုယ်တိုင် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းကို ဆိုသည်။

(ဇ) **ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ သတင်းအချက်အလက်ကို အပြန်အလှန်ပေးပို့ရေးအတွက် ဆက်သွယ်ရေးနည်းလမ်းတစ်ရပ်ရပ်ဖြင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် အသုံးပြုသူဘက်ရှိ ကွန်ရက်နယ်နိမိတ်သက်သက်ကိုသာ ဆောင်ရွက်ပေးသည့်လုပ်ငန်းမပါဝင်။

(ဈ) **အသုံးချဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ ကွန်ရက်တစ်ခု သို့မဟုတ် တစ်ခုထက် ပိုသော ကွန်ရက်များကို အသုံးပြု၍ ဝန်ဆောင်မှုပေးသော လုပ်ငန်းတစ်ရပ်ရပ်ကိုဆိုသည်။ ယင်းတွင် အသုံးပြုသူဘက်ရှိ ကွန်ရက်နယ်နိမိတ် သက်သက်ကိုသာ ဆောင်ရွက်ပေးသည့် လုပ်ငန်း မပါဝင်။

(ည) **ဆက်သွယ်ရေးပစ္စည်း** ဆိုသည်မှာ ဤဥပဒေအား အထောက်အကူပြုရန်အလို့ငှာ ဝန်ကြီးဌာနက သီးခြားသတ်မှတ်သော ဆက်သွယ်ရေးပစ္စည်းကို ဆိုသည်။

(ဋ) **ဆက်သွယ်ရေးဈေးကွက်** ဆိုသည်မှာ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ခုခုနှင့် သက်ဆိုင်သော ဈေးကွက်ကိုသော်လည်းကောင်း၊ ယင်းဝန်ဆောင်မှုလုပ်ငန်း တစ်ခုခုနှင့် တွဲဖက်အသုံးပြုရသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုနှင့်သက်ဆိုင်သည့် ဈေးကွက်ကိုသော်လည်းကောင်းဆိုသည်။

(ဌ) **အချက်အလက်အကြောင်းအရာ** ဆိုသည်မှာ ဖန်တီးနိုင်သော၊ ပြုပြင်နိုင်သော၊ သိမ်းဆည်းထားနိုင်သော၊ ပြန်လည်ဖော်ထုတ်နိုင်သော သို့မဟုတ်အီလက်ထရောနစ်နည်းပညာဖြင့် ဆက်သွယ်ပေးပို့နိုင်သော စာသား၊ အသံ၊ ပုံရိပ်ငြိမ်နှင့် ပုံရိပ်ရှင်တို့ကို သော်လည်းကောင်း၊ ယင်းတို့ကိုအခြားသော ရုပ်သံဖြင့်ပြန်လည်ဖော်ပြခြင်း၊ ထိတွေ့ခြင်းဖြင့် ဖော်ပြခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ပေါင်းစပ်ဖော်ပြထားခြင်းကိုသော်လည်းကောင်းဆိုသည်။

(ဍ) **ကွန်ရက်အထောက်အကူပြုပစ္စည်း** ဆိုသည်မှာ ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသည့်ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံ၏ ပစ္စည်းတစ်ခုခုကိုသော်လည်းကောင်း၊ ယင်းပစ္စည်းများ ပေါင်းစပ်ထားရှိမှုကိုသော်လည်းကောင်း ဆိုသည်။

(ဎ) **လှိုင်းနှုန်းစဉ်** ဆိုသည်မှာ ၃ ဟတ်ဇ်မှ ၄၂၀ တာရာဟတ်ဇ် လှိုင်းနှုန်းအထိ ပါဝင်သည့် စဉ်ဆက်မပြတ်သော လျှပ်စစ်သံလိုက်လှိုင်း၏ လှိုင်းနှုန်းစဉ်ကို ဆိုသည်။

(ဏ) **ဆက်သွယ်ရေးနံပါတ်လျာထားသတ်မှတ်ချက်** ဆိုသည်မှာ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများတွင် ဆက်သွယ်ခေါ်ဆိုမှုအတွက် အသုံးပြုရန် သတ်မှတ်သော နိုင်ငံတော်၏ ဆက်သွယ်ရေး နံပါတ်လျာထားသတ်မှတ်ချက်ကို ဆိုသည်။

(တ) **အီလက်ထရောနစ်လိပ်စာ လျာထားသတ်မှတ်ချက်** ဆိုသည်မှာ သတင်းအချက်အလက်ဆိုင်ရာစနစ်များအကြား အပြန်အလှန်ဆက်သွယ်ရာတွင် အသုံးပြုရန် အက္ခရာ သို့မဟုတ် ဂဏန်း သို့မဟုတ် အက္ခရာနှင့် ဂဏန်း ပေါင်းစပ်၍ အသုံးပြုသော အစီအစဉ်တကျ ဖော်ပြသည့် အီလက်ထရောနစ်လိပ်စာ လျာထားသတ်မှတ်ချက်ကို ဆိုသည်။

(ထ) **ဆက်သွယ်ရေးပစ္စည်းဆိုင်ရာလိုင်စင်** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦး၊ ဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုကို ဆက်သွယ်ရေးပစ္စည်းတစ်မျိုးမျိုး လက်ဝယ်ထားရှိခြင်း၊ အသုံးပြုခြင်းအတွက် ထုတ်ပေးသော ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လိုင်စင်ကိုဆိုသည်။

(ဒ) **လုပ်ငန်းလိုင်စင်** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦး၊ ဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအား ဤဥပဒေအရ ထုတ်ပေးထားသော ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ် တည်ထောင်လုပ်ကိုင်ခွင့် လုပ်ငန်းလိုင်စင်ကိုဆိုသည်။

(ဓ) **လိုင်စင်** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦး၊ ဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအား ဤဥပဒေအရ ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်နှင့် ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လိုင်စင်ကိုဆိုသည်။

(န) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနကို ဆိုသည်။

(ပ) **ဦးစီးဌာန** ဆိုသည်မှာ ဝန်ကြီးဌာနလက်အောက်ရှိ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(ဖ) **အယူခံခုံရုံး** ဆိုသည်မှာ ဝန်ကြီးဌာနက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက အယူခံဝင်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းထားသော ဆက်သွယ်ရေးဆိုင်ရာ အယူခံခုံရုံးကို ဆိုသည်။

အခန်း (၂)
ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်သွယ်ရေးနည်းပညာဖြင့် အထောက်အကူပြုနိုင်ရန်၊

(ခ) ဖွံ့ဖြိုးတိုးတက်လာသော ဆက်သွယ်ရေးကဏ္ဍများတွင် ပြည်တွင်းပြည်ပမှ အခွင့်အလမ်း တူမျှသော ပွင့်လင်းမြင်သာသည့် ယှဉ်ပြိုင်မှုများ ဆောင်ရွက်စေခြင်းဖြင့် အရည်အသွေး မြင့်မားပြီး သုံးစွဲသူတို့အား ထိုက်တန်စွာ ဝန်ဆောင်မှုပေးနိုင်မည့် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ ပေါ်ထွက်လာစေရန်၊

(ဂ) ဖွံ့ဖြိုးတိုးတက်လာသော ဆက်သွယ်ရေးဆိုင်ရာ နည်းပညာနှင့်အတူ နိုင်ငံတော်တစ်ဝန်းလုံးတွင် ဆက်သွယ်ရေးကွန်ရက်ဖြန့်ကြက်ပြီး အများပြည်သူဆက်သွယ်အသုံးပြုနိုင်သည့် အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်စေရန်၊

(ဃ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တည်ထောင်လုပ်ကိုင်သူနှင့် အသုံးပြုသူတို့ကို ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန်၊

(င) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူလုံခြုံရေးကိစ္စများအတွက် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း၊ ကွန်ရက်အထောက်အကူပြုပစ္စည်းများနှင့် လိုင်စင်ရယူပြီးမှသာ အသုံးပြုခွင့်ရှိသော ဆက်သွယ်ရေးပစ္စည်းများကို ကြီးကြပ်နိုင်ရန်။

အခန်း (၃)
ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တည်ထောင်လုပ်ကိုင်ခွင့် လုပ်ငန်းလိုင်စင်

၅။ အောက်ဖော်ပြပါ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကို တည်ထောင် လုပ်ကိုင်လိုသည့် ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ်၊ ဌာနနှင့် အဖွဲ့အစည်းများသည် ခွင့်ပြုချက်နှင့် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်-

(က) ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်း၊

(ခ) ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်း၊

(ဂ) အသုံးချဝန်ဆောင်မှုလုပ်ငန်း။

၆။ ဦးစီးဌာနသည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခွင့်အတွက် ရွေးချယ်ခြင်းဆိုင်ရာမူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့်စည်းမျဉ်းများကို အများသိရှိစေရန် ထုတ်ပြန်ကြေညာပေးရမည်။

၇။ ဦးစီးဌာနသည် ပုဒ်မ ၅ အရ လျှောက်ထားချက်ကို ပုဒ်မ ၆ အရ စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ဝန်ကြီးဌာနသို့ တင်ပြရမည်။

၈။ ဝန်ကြီးဌာနသည်-

(က) ပုဒ်မ ၇ အရ တင်ပြချက်ကိုရရှိသည့်အခါ ပြည်တွင်းမှ လျှောက်ထားချက်ဖြစ်ပါက သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ရယူရန် လိုအပ်သောလုပ်ငန်းအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက် ရယူ၍သော်လည်းကောင်း၊ ထိုသို့ သဘောတူညီချက်ရယူရန် မလိုအပ်သော လုပ်ငန်းအတွက် ဝန်ကြီးဌာန၏ အဆုံးအဖြတ်ဖြင့် သော်လည်းကောင်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတည်ထောင်လုပ်ကိုင်ရန် ခွင့်ပြုနိုင်သည်။

(ခ) ပုဒ်မ ၇ အရ တင်ပြချက်ကို ရရှိသည့်အခါ ပြည်ပမှလျှောက်ထားချက်ဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ရယူ၍ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တည်ထောင်လုပ်ကိုင်ရန် ခွင့်ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ(က)နှင့် (ခ) အရ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တည်ထောင်လုပ်ကိုင်ရန် ခွင့်ပြုသည့်အခါ လုပ်ငန်းလိုင်စင်၏ သက်တမ်းကို တစ်ကြိမ်လျှင် အနည်းဆုံး ငါးနှစ်မှ အများဆုံး အနှစ် ၂၀ အထိ လုပ်ကိုင်ရန် ခွင့်ပြုသည့် လုပ်ငန်းလိုင်စင် ထုတ်ပေးရေးအတွက် ဦးစီးဌာနသို့ ညွှန်ကြားရမည်။

(ဃ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တည်ထောင်လုပ်ကိုင်ခွင့် လုပ်ငန်းလိုင်စင်ရရှိသူသည် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ခေါ်ဆိုမှု၊ ချိတ်ဆက်မှုတို့အတွက် အပြည်ပြည်ဆိုင်ရာ ပင်မဝင်ပေါက်ထွက်ပေါက်လုပ်ငန်း လုပ်ကိုင်ခွင့်လျှောက်ထားလာပါလျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ရယူပြီး ယင်းလုပ်ငန်းအတွက် သီးခြားသတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများ နှင့်အညီ လုပ်ကိုင်ခွင့်ပြုနိုင်သည်။

(င) လုပ်ငန်းလိုင်စင် သက်တမ်းတိုးပေးရန် လျှောက်ထားချက်ကို ဦးစီးဌာနက စိစစ်တင်ပြလာလျှင် သက်တမ်းတိုးရန် ခွင့်ပြုပေးနိုင်သည်။

၉။ ဦးစီးဌာနသည် ပုဒ်မ ၈ ပုဒ်မခွဲ (ဂ)အရ ဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း တည်ထောင်လုပ်ကိုင်ခွင့်ရရှိသည့် ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ်၊ ဌာနနှင့် အဖွဲ့အစည်းများအား သက်ဆိုင်ရာလုပ်ငန်းအလိုက် စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းလိုင်စင်ကို ထုတ်ပေးရမည်။

၁၀။ လုပ်ငန်းလိုင်စင်ရရှိသူသည် ဥပဒေနှင့်အညီ ပြည်တွင်း၊ ပြည်ပ၊ ပုဂ္ဂိုလ်ဌာန အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

၁၁။ လုပ်ငန်းလိုင်စင်ရရှိသူသည် လုပ်ငန်းလိုင်စင်ရရှိထားသည့် အခြားသူတစ်ဦးဦးနှင့် အောက်ပါကိစ္စရပ်များအတွက် သဘောတူစာချုပ်ချုပ်ဆို၍ ဆောင်ရွက်နိုင်သည် -

(က) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအချင်းချင်း ဤဥပဒေအခန်း (၁၂) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်း၊

(ခ) ကွန်ရက်အထောက်အကူပြု ပစ္စည်းများကို ခွဲဝေအသုံးပြုခြင်း၊

(ဂ) လုပ်ငန်းလိုင်စင်တွင် သီးခြားဖော်ပြသတ်မှတ်ထားသည့် အခြားကိစ္စရပ်များ ဆောင်ရွက်ခြင်း။

၁၂။ (က) လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းကုန်ဆုံးသည့်အခါ ဆက်လက်လုပ်ကိုင်လိုပါက သက်တမ်းတိုးမြှင့်ပေးရန် လိုင်စင်သက်တမ်းမကုန်ဆုံးမီ သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

(ခ) ဦးစီးဌာနသည် လျှောက်ထားချက်ကို စိစစ်ပြီး ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လုပ်ငန်းလိုင်စင်သက်တမ်းကို တိုးမြှင့်ပေးနိုင်သည်။

အခန်း (၄)
ဆက်သွယ်ရေးပစ္စည်းဆိုင်ရာလိုင်စင်

၁၃။ ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ်၊ ဌာနနှင့်အဖွဲ့အစည်းများသည် ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လိုင်စင်ရယူပြီးမှသာ အသုံးပြုရန် ဝန်ကြီးဌာနက သတ်မှတ်ထားသော ဆက်သွယ်ရေးပစ္စည်းတစ်ခုခုကို လက်ဝယ်ထားရှိလိုလျှင်ဖြစ်စေ၊ အသုံးပြုလိုလျှင်ဖြစ်စေ လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။ သို့ရာတွင် အောက်ပါတို့အတွက် ဆက်သွယ်ရေးပစ္စည်းဆိုင်ရာလိုင်စင် လျှောက်ထားရန်မလို-

(က) လုပ်ငန်းလိုင်စင်ရရှိသူက မိမိအသုံးပြုရန် ဝယ်ယူရင်းနှီးထားသော ဆက်သွယ်ရေးပစ္စည်းကို လက်ဝယ်ထားရှိခြင်းနှင့် အသုံးပြုခြင်း၊

(ခ) လုပ်ငန်းလိုင်စင်ရရှိသူထံမှ ရယူထားသော ဆက်သွယ်ရေးပစ္စည်းကို လက်ဝယ်ထားရှိခြင်းနှင့်အသုံးပြုခြင်း။

၁၄။ ဦးစီးဌာနသည်-

(က) ပုဒ်မ ၁၃ အရ သက်ဆိုင်ရာဆက်သွယ်ရေးပစ္စည်းအတွက် လိုင်စင်လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) လိုင်စင်ထုတ်ပေးရာတွင် စည်းကမ်းချက်များနှင့် လိုင်စင်သက်တမ်းကို တစ်ပါတည်း သတ်မှတ်ပေးရမည်။

အခန်း (၅)
လိုင်စင်ရရှိသူ၏ တာဝန်များ

၁၅။ လိုင်စင်ရရှိသူသည်-

(က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခ၊ အသုံးပြုခ၊ ဝန်ဆောင်ခတို့အပြင် နည်းပညာအရသော်လည်းကောင်း၊ အချိန်အခါလိုအပ်ချက်အရသော်လည်းကောင်း ကောက်ခံမည့် အခကြေးငွေများကို သတ်မှတ်ချက်များနှင့်အညီ ပေးဆောင်ရမည်။

(ဃ) သက်ဆိုင်သည့်လုပ်ငန်းဆိုင်ရာ ကျင့်စဉ်များနှင့် လုပ်ငန်းဆောင်ရွက်မှု စံချိန်စံညွှန်းများကိုလည်းကောင်း၊ ဝန်ကြီးဌာနနှင့်ဦးစီးဌာနတို့၏ ညွှန်ကြားချက်များကိုလည်းကောင်း လိုက်နာရမည်။

(င) လိုင်စင်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်ခြင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များနှင့် စပ်လျဉ်း၍နိုင်ငံတော်တွင် ထိခိုက်နစ်နာမှုမရှိစေရန်ဆောင်ရွက်ရမည်။

၁၆။ လုပ်ငန်းလိုင်စင် ရရှိသူသည် -

(က) ဤဥပဒေအရ သတ်မှတ်ခွင့်ပြုထားသည့် လှိုင်းနှုန်းစဉ် လျာထားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ခ) လုပ်ငန်းလိုင်စင်မရရှိသေးသည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကို တိုးချဲ့လုပ်ကိုင်လိုလျှင်ဖြစ်စေ၊ အခြားလုပ်ငန်းလိုင်စင်ရရှိသူနှင့် ဖက်စပ်လုပ်ငန်း လုပ်ကိုင်လိုလျှင်ဖြစ်စေ၊ ပူးပေါင်း၍ လုပ်ကိုင်လိုလျှင်ဖြစ်စေ အခန်း(၃)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခွင့်ပြုချက်နှင့် လုပ်ငန်းလိုင်စင်ကို ထပ်မံရယူရမည်။

(ဂ) အခြားဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအား စက်မှုပိုင်းဆိုင်ရာအရ အနှောင့်အယှက်ပြုကြောင်း စစ်ဆေးတွေ့ရှိချက်အရ သို့မဟုတ် အကြောင်းကြားချက်အရ လိုအပ်သည့် မွမ်းမံပြင်ဆင်မှုများ ဆောင်ရွက်စေရန်ဖြစ်စေ၊ ယင်းဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ရပ်အား ယာယီရပ်ဆိုင်းစေရန်ဖြစ်စေ ညွှန်ကြားသည့်အခါ လိုက်နာဆောင်ရွက်ရမည်။

၁၇။ လုပ်ငန်းလိုင်စင်ရရှိသူသည် မိမိ၏ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းမှတစ်ဆင့် ထုတ်လွှင့်သော သို့မဟုတ် ဖမ်းယူသော သတင်းအချက်အလက်များ၊ အကြောင်းအရာများနှင့်သုံးစွဲသူပြည်သူတစ်ဦးချင်းစီ၏ လျှို့ဝှက်ထားရှိရမည့် သတင်းအချက်အလက်များကို လုံခြုံစွာ ထိန်းသိမ်းထားရှိပြီး တည်ဆဲဥပဒေများနှင့်အညီ ခွင့်ပြုထားသည့်ကိစ္စမှအပ သက်ဆိုင်ခြင်းမရှိသူအား ထုတ်ဖော် အသိပေးခြင်းမပြုရ။

၁၈။ ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လိုင်စင်ရရှိသူသည်-

(က) မိမိပိုင်ဆိုင်သည့် ဆက်သွယ်ရေးစက်ပစ္စည်းများအား လိုင်စင်တွင် သတ်မှတ်ပေးထားသည့်နေရာ၌သာ ထားရှိအသုံးပြုရမည်။

(ခ) လိုင်စင်အရ မိမိအား အသုံးပြုခွင့်ပေးထားသည့် ဆက်သွယ်ရေး စက်ပစ္စည်းမှတစ်ဆင့် နိုင်ငံတော်၏လုံခြုံရေးကို မထိခိုက်စေရန် ဆောင်ရွက်ထားရှိရမည်။

စာမျက်နှာ (ခ) သို့

ဥပဒေ

စာမျက်နှာ (က) မှ

(ဂ) မိမိအသုံးပြုသည့် စက်ပစ္စည်းများနှင့် စပ်လျဉ်းပြီး ဦးစီးဌာနမှ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရမည်။

အခန်း (၆)

လိုင်းနံပါတ်စဉ်နှင့် ဂြိုဟ်တုပတ်လမ်းကြောင်းတည်နေရာတို့ကို စီမံခန့်ခွဲခြင်း

၁၉။ ဝန်ကြီးဌာနသည် နိုင်ငံလုံးဆိုင်ရာ လိုင်းနံပါတ်စဉ်ကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေး ကွန်ဗင်းရှင်းများနှင့်အညီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အား ခွဲဝေသတ်မှတ်ပေးထားသော ဂြိုဟ်တုပတ်လမ်းကြောင်း တည်နေရာကိုလည်းကောင်း စီမံခန့်ခွဲခြင်းနှင့်ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

၂၀။ ဦးစီးဌာနသည် နိုင်ငံလုံးဆိုင်ရာ လိုင်းနံပါတ်စဉ် လျာထားချက်ပါ လိုင်းနံပါတ်ခွင်များအား ပုဂ္ဂိုလ်၊ ဌာနနှင့်အဖွဲ့အစည်းများထံသို့ စည်းကမ်းချက်များသတ်မှတ်၍ အသုံးပြုခွင့်ပေးနိုင်သည်။

အခန်း (၇)

ဆက်သွယ်ရေးနံပါတ် လျာထားသတ်မှတ်ချက်နှင့် အီလက်ထရောနစ်လိပ်စာ လျာထားသတ်မှတ်ချက်

၂၁။ ဦးစီးဌာနသည် ဝန်ကြီးဌာနက အတည်ပြုထားသော ဆက်သွယ်ရေးနံပါတ် လျာထားသတ်မှတ်ချက် နှင့် အီလက်ထရောနစ်လိပ်စာ လျာထားသတ်မှတ်ချက်တို့ကို လိုက်နာအသုံးပြုရန် လုပ်ငန်းလိုင်စင်ရရှိသူအား ညွှန်ကြားရမည်။

၂၂။ ဦးစီးဌာနသည် လုပ်ငန်းလိုင်စင်ရရှိသူအတွက် မိမိ၏ဆက်သွယ်ရေးဝန်ဆောင်မှုတွင် အသုံးပြုရန် ဆက်သွယ်ရေးနံပါတ်များနှင့် အီလက်ထရောနစ်လိပ်စာများကို စည်းကမ်းသတ်မှတ်ချက်များသတ်မှတ်ပြီး အသုံးပြုခွင့်ပေးနိုင်သည်။

၂၃။ ဦးစီးဌာနသည် လုပ်ငန်းလိုင်စင်ရရှိသူက ဆက်သွယ်ရေးနံပါတ်နှင့် အီလက်ထရောနစ်လိပ်စာတို့ကို ပုဒ်မ ၂၁ အရ ညွှန်ကြားချက်နှင့်အညီ အသုံးပြုခြင်း ရှိ မရှိ စစ်ဆေးခြင်းနှင့်ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

အခန်း (၈)

နည်းပညာဆိုင်ရာစံချိန်စံညွှန်းများ

၂၄။ ဦးစီးဌာနသည် လိုင်စင်များနှင့် စပ်လျဉ်း၍ လုပ်ငန်းအလိုက် သက်ဆိုင်သည့် နည်းပညာဆိုင်ရာ စံချိန်စံညွှန်းများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်ထုတ်ပြန်ထားရမည်။

၂၅။ ဦးစီးဌာနသည် နည်းပညာဆိုင်ရာ စံချိန်စံညွှန်းများကို လိုင်စင်ရရှိသူများက လိုက်နာဆောင်ရွက်ရန် ကြီးကြပ်ကွပ်ကဲရမည်။

၂၆။ ဦးစီးဌာနသည် ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်းပြုနိုင်ရန်အတွက် ကွန်ရက်အထောက်အကူပြုပစ္စည်းနှင့် ဆက်သွယ်ရေးပစ္စည်း အမျိုးအစားများ၏ စံချိန်စံညွှန်းကို သတ်မှတ်ရမည်။

၂၇။ ကွန်ရက်အထောက်အကူပြုပစ္စည်း သို့မဟုတ် ဆက်သွယ်ရေးပစ္စည်း တစ်မျိုးမျိုးကို ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် ဖြန့်ချိခြင်း ပြုလုပ်လိုသူသည် မိမိထုတ်လုပ်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် ဖြန့်ချိခြင်းပြုမည့် ကွန်ရက် အထောက်အကူပြုပစ္စည်း သို့မဟုတ် ဆက်သွယ်ရေးပစ္စည်း အမျိုးအစား၏ နည်းပညာဆိုင်ရာ စံချိန်စံညွှန်းထောက်ခံချက်ရရှိရန် သတ်မှတ်ထားသည့်အတိုင်း ဦးစီးဌာနသို့ လျှောက်ထားရမည်။

၂၈။ ဦးစီးဌာနသည် နည်းပညာဆိုင်ရာ စံချိန်စံညွှန်း ထောက်ခံချက် လျှောက်ထားလာခြင်းကို စိစစ်ပြီး ထောက်ခံချက်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

အခန်း (၉)

အသုံးပြုသူကို အကာအကွယ်ပေးခြင်း

၂၉။ (က) လုပ်ငန်းလိုင်စင်ရရှိသူသည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ခုခုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ဆဲဝန်ဆောင်မှုအတွက်ဖြစ်စေ၊ ဆောင်ရွက်မည့်ဝန်ဆောင်မှုအသစ်အတွက်ဖြစ်စေ အဆိုပြုသည့် ဝန်ဆောင်ခနှုန်းထားကို ဦးစီးဌာနသို့ တင်ပြရမည်။

(ခ) ဦးစီးဌာနသည် အဆိုပြုတင်ပြသည့် ဝန်ဆောင်ခနှုန်းထားများကို စိစစ်ပြီး ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ခွင့်ပြုပေးရမည်။

၃၀။ လုပ်ငန်းလိုင်စင်ရရှိသူသည်-

(က) ပုဒ်မ ၂၉၊ ပုဒ်မခွဲ (ခ) အရ ခွင့်ပြုပေးထားသော ဝန်ဆောင်ခနှုန်းထားနှင့်အညီ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးရမည်။

(ခ) ခွင့်ပြုပေးထားသော ဝန်ဆောင်ခနှုန်းထားကို ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုလုပ်လိုပါက ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက်ရယူပြီးမှ ဆောင်ရွက်ရမည်။

၃၁။ (က) ဦးစီးဌာနသည် လုပ်ငန်းလိုင်စင်နှင့် စပ်လျဉ်း၍ အသုံးပြုသူကို အကာအကွယ်ပေးသည့် စံနှုန်းများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်။

(ခ) လုပ်ငန်းလိုင်စင်ရရှိသူသည် အသုံးပြုသူကို အကာအကွယ်ပေးသည့် စံနှုန်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

အခန်း (၁၀)

ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်း

၃၂။ ဦးစီးဌာနသည် ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းများကို ကွန်ရက်အထောက်အကူပြုပစ္စည်းများနှင့်ချိတ်ဆက်အသုံးပြုခြင်း၊ အပြန်အလှန်ဆက်သွယ်ခြင်းတို့နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအတွက် လိုအပ်သော စည်းကမ်းချက်များကို သတ်မှတ်ရမည်။

၃၃။ လုပ်ငန်းလိုင်စင်ရရှိသူသည် လုပ်ငန်းလိုင်စင်ရရှိသော အခြားသူတစ်ဦးအား ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ရပ်အတွက် ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းများကို ကွန်ရက်အထောက်အကူပြုပစ္စည်းများနှင့် ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်းတို့ ပြုလုပ်နိုင်ရန် တောင်းဆိုလာလျှင် ယင်းတို့အချင်းချင်း သဘောတူညီချက်နှင့်ဦးစီးဌာန၏အတည်ပြုချက်တို့ဖြင့် ဆောင်ရွက်နိုင်သည်။

၃၄။ လုပ်ငန်းလိုင်စင်ရရှိသူအချင်းချင်းက မိမိ၏ကွန်ရက်အတွင်း ဝင်ရောက်ချိတ်ဆက်အသုံးပြုခွင့်ပြုရာ၌ -

(က) သာတူညီမျှမှုရှိစေပြီး ခွဲခြားနှိမ့်ချမှုမရှိစေရ၊ ကွန်ရက်အတွင်းရှိ မူလဝန်ဆောင်မှုအရည်အသွေး စံချိန်စံညွှန်းအောက် နိမ့်ကျမှုမရှိစေရ။

(ခ) အရည်အသွေးစံချိန်စံညွှန်းတို့ကို လိုအပ်ချက်အရ ဦးစီးဌာနက စစ်ဆေးလျှင် စစ်ဆေးမှုကို ခံယူရမည်။

အခန်း (၁၁)

ပြိုင်ဆိုင်မှုကိုဆန့်ကျင်သည့် လုပ်ဆောင်ချက်များအား တားမြစ်ခြင်း

၃၅။ လုပ်ငန်းလိုင်စင်ရရှိသူသည် ဆက်သွယ်ရေးဈေးကွက်အတွင်း လွတ်လပ်စွာပြိုင်ဆိုင်မှု သဘောသဘာဝကိုပျက်ပြားစေသည့် မည်သည့်လုပ်ဆောင်မှုမျိုးကိုမျှ လုပ်ဆောင်ခြင်းမပြုရ။

၃၆။ လုပ်ငန်းလိုင်စင်ရရှိသူသည် အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ပုဂ္ဂိုလ်တစ်ဦးဦး၊ ဌာန သို့မဟုတ် အဖွဲ့အစည်းတို့နှင့် နားလည်မှုရယူဆောင်ရွက်ခြင်း၊ သဘောတူညီမှုရယူခြင်း၊ အစီအစဉ်များပြုလုပ်ခြင်း သို့မဟုတ် စာချုပ်ချုပ်ဆိုခြင်းများ မပြုလုပ်ရ-

(က) မိမိဆန္ဒအတိုင်း နှုန်းထားပြင်ဆင်သတ်မှတ်ရန် ဆောင်ရွက်ခြင်း၊

(ခ) ပြိုင်ဆိုင်မှုကို လျော့နည်းစေရန် ရည်ရွယ်ချက်ဖြင့် ဈေးကွက်အား ခွဲဝေရယူရန် ဆောင်ရွက်ခြင်း၊

(ဂ) ဆက်သွယ်ရေးပစ္စည်းထောက်ပံ့သူ၊ ရောင်းချသူတစ်ဦးဦးထံမှ ဝယ်ယူခြင်းမပြုရန် ဆောင်ရွက်ခြင်း၊

(ဃ) မိမိပြိုင်ဘက်တစ်ဦးဦးအား မတရားသောနည်းလမ်းဖြင့် ဆန့်ကျင်မှုပြုခြင်း။

၃၇။ လုပ်ငန်းလိုင်စင်ရရှိသူသည် မိမိထံမှသော်လည်းကောင်း၊ အခြားသူတစ်ဦးထံမှသော် လည်းကောင်း ဆက်သွယ်ရေးပစ္စည်း သို့မဟုတ် ဆက်သွယ်ရေးဝန်ဆောင်မှုကိုသာ ရယူသုံးစွဲရေးအတွက် အသုံးပြုသူအား ချုပ်ချယ်ကန့်သတ်ခြင်းမပြုရ။

၃၈။ ဦးစီးဌာနသည် ပုဒ်မ ၃၅၊ ပုဒ်မ ၃၆၊ ပုဒ်မ ၃၇ တို့တွင် တားမြစ်ထားသော ဆက်သွယ်ရေး ဈေးကွက်အတွင်း ပြိုင်ဆိုင်မှုကိုဟန့်တားသည့် လုပ်ဆောင်မှုများ ဖြစ်ပေါ်လာပါက ဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်ရယူကာ လုပ်ငန်းလိုင်စင်ရရှိသူကို ယင်းလုပ်ဆောင်မှုများကို ရပ်စဲရန် ညွှန်ကြားနိုင်သည်။

အခန်း (၁၂)

စစ်ဆေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း

၃၉။ ဦးစီးဌာနသည် -

(က) ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းတို့ပြုရမည်။

(ခ) လိုင်စင်ရယူထားသော ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို လည်းကောင်း၊ ကွန်ရက်အထောက်အကူပြုပစ္စည်းဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း၊ ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း စစ်ဆေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းတို့ကိုဆောင်ရွက်ရမည်။

(ဂ) ပုဒ်မခွဲ(ခ)အရစစ်ဆေးခြင်းအတွက် လိုအပ်ပါက သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ လွှဲအပ်တာဝန်ပေးနိုင်သည်။

၄၀။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဦးစီးဌာနသည်-

(၁) လိုအပ်သော ပုဂ္ဂိုလ်များကို ခေါ်ယူမေးမြန်းခြင်း၊ လိုအပ်သော သတင်းအချက်အလက်နှင့် အထောက်အထားများ၊ စာရွက်စာတမ်းများနှင့် စာတမ်းအမှတ်အသားများကို တင်ပြစေခြင်းတို့ကို ပြုနိုင်သည်။

(၂) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သည့် အဆောက်အအုံနှင့် နေရာများ၊ စက်ပစ္စည်းများကို ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း ပြုနိုင်သည်။

(၃) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့် စပ်လျဉ်း၍ စာရင်းဇယားနှင့် စာရွက်စာတမ်းများ၊ စာတမ်းအမှတ်အသားများကို ကြည့်ရှုစစ်ဆေးခြင်း၊ ကောက်နုတ်ချက်ရယူခြင်းနှင့် မိတ္တူကူးခြင်းတို့ကို ပြုနိုင်သည်။

(၄) လုပ်ငန်းဆိုင်ရာ စာရင်းဇယားများနှင့် စာတမ်းအမှတ်အသားများကို ပြုစုထားရှိခြင်း၊ ထိန်းသိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ လုပ်ငန်းလိုင်စင်ရရှိသူက လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို သတ်မှတ်ပေးနိုင်သည်။

(ခ) ပုဒ်မ ၃၉ ပုဒ်မခွဲ (ဂ)အရ ဖွဲ့စည်းသည့် စစ်ဆေးရေးအဖွဲ့သည် ဦးစီးဌာန၏ လွှဲအပ်တာဝန်ပေးချက်အရ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁)၊ (၂) နှင့် (၃)တို့ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

အခန်း (၁၃)

ကွန်ရက်အထောက်အကူပြုပစ္စည်းများ တပ်ဆင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် ပြုပြင်မွမ်းမံခြင်း

၄၁။ လုပ်ငန်းလိုင်စင်ရရှိသူသည် ကွန်ရက်အထောက်အကူပြုပစ္စည်းများ တပ်ဆင်ခြင်း သို့မဟုတ် ချိတ်ဆက်အသုံးပြုခြင်း ပြုလုပ်နိုင်ရေးအတွက် သက်ဆိုင်ရာမြေနှင့် အဆောက်အအုံပိုင်ရှင် သို့မဟုတ် ယင်းမြေနှင့် အဆောက်အအုံကို စီမံခန့်ခွဲခွင့်ရှိသူနှင့် ညှိနှိုင်း၍ ကာလသတ်မှတ်ချက်ပါဝင်သော နှစ်ဦးနှစ်ဖက်သဘောတူညီချက်ဖြင့် ဆောင်ရွက်ခွင့်ရရှိသည့်နေရာတွင် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) လုပ်ငန်းမြေနေရာမှာ သင့်လျော်မှုရှိ မရှိ ရွေးချယ်ဆုံးဖြတ်နိုင်ရန်အလို့ငှာ ယင်းနေရာသို့ ဝင်ရောက်ခြင်း၊ စစ်ဆေးကြည့်ရှုခြင်း၊ တိုင်းတာခြင်း၊ အနိမ့်အမြင့် မှတ်တမ်းယူခြင်း၊ မြေနမူနာရယူခြင်း၊ ကျင်းတူးခြင်း၊ အပေါ်ယံမြေလွှာကို စစ်ဆေးခြင်းတို့အပါအဝင် အခြားလိုအပ်သောကိစ္စများကို ဆောင်ရွက်ခြင်း၊

(ခ) ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများ ဆောင်ရွက်ရန် အလို့ငှာ အဆိုပါ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်တွင် လိုအပ်သော ကွန်ရက်အထောက်အကူပြုပစ္စည်းများကို နေရာချထားခြင်း၊ ထားရှိခြင်း၊ တပ်ဆင်ခြင်း၊ ချိတ်ဆက်ခြင်းနှင့်ပစ္စည်းလုံခြုံရေးအတွက် ဆောင်ရွက်ခြင်း၊

(ဂ) ကွန်ရက်အထောက်အကူပြုပစ္စည်းများကို ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း၊ ထိန်းသိမ်းထားရှိခြင်းနှင့် ပြုပြင်မွမ်းမံခြင်း။

၄၂။ လုပ်ငန်းလိုင်စင်ရရှိသူသည် ပုဒ်မ ၄၁ ပါ လုပ်ငန်းကိစ္စများဆောင်ရွက်ရန် သဘောတူညီမှုရရှိထားသည့်မြေနှင့် အဆောက်အအုံပိုင်ရှင် ပြောင်းလဲမှု ဖြစ်ပေါ်ပါက အဆိုပါမြေနှင့် အဆောက်အအုံတွင် ကွန်ရက်အထောက်အကူပြုပစ္စည်းများ တပ်ဆင်ခြင်း သို့မဟုတ် ချိတ်ဆက်အသုံးပြုခြင်းတို့ကို ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် သဘောတူညီမှုရယူထားရမည်။

၄၃။ လုပ်ငန်းလိုင်စင်ရရှိသူသည် ကွန်ရက်အထောက်အကူပြုပစ္စည်းများ တပ်ဆင်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ပြောင်းလဲခြင်းနှင့် ဖယ်ရှားခြင်းများ ဆောင်ရွက်ရာတွင် အများပြည်သူအသုံးပြုသည့်လမ်း သို့မဟုတ် ယာဉ်လမ်းကြောင်း သို့မဟုတ် ရေလမ်းကြောင်း သို့မဟုတ် လေလမ်းကြောင်းတို့ကို အနှောင့်အယှက် သို့မဟုတ် အဟန့်အတား မဖြစ်စေရ။

၄၄။ လုပ်ငန်းလိုင်စင်ရရှိသူသည် ကွန်ရက်အထောက်အကူပြုပစ္စည်းများ တပ်ဆင်ခြင်း သို့မဟုတ် ဖယ်ရှားခြင်းတို့အား ပြုလုပ်ရန်အလို့ငှာ ကြိုတင်လေ့လာဆန်းစစ်မှုများအတွက် ပိုင်ရှင်အား ကြိုတင်အသိပေးခြင်းမရှိဘဲ မည်သည့်မြေနေရာကိုမျှ ဝင်ရောက်ခြင်းမပြုရ။

၄၅။ လုပ်ငန်းလိုင်စင်ရရှိသူသည် ကွန်ရက်အထောက်အကူပြုပစ္စည်းများ တပ်ဆင်ခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းပြုလုပ်ရာတွင် ထိခိုက်ပျက်စီးမှုနည်းပါးစေရန် လိုအပ်သည့် ကြိုတင်ကာကွယ်မှုများကို လုပ်ဆောင်ရမည်။

၄၆။ လုပ်ငန်းလိုင်စင်ရရှိသူသည် မိမိ၏ ကွန်ရက်အထောက်အကူပြုပစ္စည်း တပ်ဆင်ခြင်း သို့မဟုတ် ထိန်းသိမ်းမွမ်းမံခြင်းပြုရာတွင် ပေါ့လျော့ခြင်း သို့မဟုတ် တမင်ပျက်ကွက်ခြင်းကြောင့် တစ်ဦး တစ်ယောက်သော သူအား ထိခိုက်ဒဏ်ရာရရှိစေခြင်း၊ သေဆုံးခြင်း သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာ ပျက်စီးဆုံးရှုံးစေခြင်းဖြစ်လျှင် ထိခိုက်ဒဏ်ရာရသူ သို့မဟုတ် နစ်နာသူသည် လုပ်ငန်းလိုင်စင်ရရှိသူထံမှ သတ်မှတ်ချက်နှင့်အညီ လျော်ကြေးရထိုက်ခွင့်ရှိသည်။

၄၇။ ဤဥပဒေအရလိုင်စင်ရရှိသူသည် လမ်းမကြီး၊ လမ်း၊ ရထားလမ်း၊ မြစ်၊ တူးမြောင်း၊ အခြားသော ရေလမ်း၊ ရေသွင်းစိုက်ပျိုးရေးစနစ်၊ ရေမြောင်း၊ ရေပေးရေးစနစ်၊ ဆက်သွယ်ရေးလုပ်ငန်း၊ ဆိပ်ကမ်းလုပ်ငန်း သို့မဟုတ် အခြားသော အများပြည်သူနှင့် သက်ဆိုင်သည့် သို့မဟုတ် ပုဂ္ဂလိကနှင့် သက်ဆိုင်သည့် လုပ်ငန်းများကို ထိခိုက်စေနိုင်သည့် လုပ်ငန်းတစ်စုံတစ်ရာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် မြေပေါ်မြေအောက်တို့တွင် ကွန်ရက်အထောက်အကူပြုပစ္စည်းများကို အသုံးပြုပြီး ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအတွက် ကွန်ရက်အထောက်အကူပြုပစ္စည်းများထူထောင်ခြင်းပြုရာတွင် လူနှင့်ပစ္စည်းတို့၏ လုံခြုံရေးကို အလေးဂရုပြု၍ ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၄၈။ ဦးစီးဌာနသည် ဆောက်လုပ်ဆဲ သို့မဟုတ် ဆောက်လုပ်ပြီး အဆောက်အအုံနှင့် မြေကွက်အတွင်း ဆက်သွယ်ရေးဝန်ဆောင်မှု သို့မဟုတ် ဆက်သွယ်ရေး ကွန်ရက်တစ်ခုခုအတွက် လိုအပ်သည်ဟု ယူဆလျှင်သော်လည်းကောင်း၊ အဆောက်အအုံနှင့် မြေကွက်အတွင်းရှိ ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်း၏ အရည်အသွေးအား မြှင့်တင်ပေးရန် လိုအပ်သည်ဟု ယူဆလျှင်သော် လည်းကောင်း-

(က) အရင်းအနှီးစိုက်ထုတ်သူ သို့မဟုတ် အဆောက်အအုံနှင့် မြေပိုင်ရှင်အား ၎င်း၏ အဆောက်အအုံအတွင်း သို့မဟုတ် အပေါ်တွင်ဖြစ်စေ၊ မြေကွက်တွင်ဖြစ်စေ ကွန်ရက်အထောက်အကူပြုပစ္စည်းများကို သတ်မှတ်ထားသည့်အချိန်အတွင်း တပ်ဆင်နိုင်ရေးအတွက် နေရာပေးရန် သက်ဆိုင်ရာအဖွဲ့အစည်းတို့နှင့် ညှိနှိုင်း၍ ဆောင်ရွက်နိုင်သည်။

(ခ) သတ်မှတ်ထားသည့်အချိန်အတွင်း ကွန်ရက်အထောက်အကူပြုပစ္စည်းကို တပ်ဆင်ပေးရန် လုပ်ငန်းလိုင်စင်ရရှိသူအား ညွှန်ကြားနိုင်သည်။

(ဂ) ကွန်ရက်အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ရာတွင် ကုန်ကျမည့် စရိတ်ငွေကြေးများကို လုပ်ငန်းလိုင်စင်ရရှိသူက အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ကျခံရန် ညွှန်ကြားနိုင်သည်။

၄၉။ ဦးစီးဌာနသည် လုပ်ငန်းလိုင်စင်ရရှိသူများ၏ ကွန်ရက်အထောက်အကူပြုပစ္စည်းများ တည်ဆောက်ခြင်း၊ တပ်ဆင်ခြင်းတို့တွင် မလိုအပ်ဘဲ ဘဏ္ဍာငွေကြေး ကုန်ကျမှုမရှိစေရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်အတွက် ပူးပေါင်းဆောင်ရွက်မှုများကို စီမံခန့်ခွဲပေးနိုင်သည်။

အခန်း (၁၄)

အငြင်းပွားမှုများကို ဖြေရှင်းခြင်း

၅၀။ လုပ်ငန်းလိုင်စင်ရရှိသူများသည်-

(က) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရာတွင်ဖြစ်စေ၊ ကွန်ရက်အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ရာတွင်ဖြစ်စေ အငြင်းပွားမှုပေါ်ပေါက်သည့်အခါ အချင်းချင်းညှိနှိုင်းဖြေရှင်းနိုင်ခြင်းမရှိပါက ထိုအငြင်းပွားမှုကို ဦးစီးဌာနသို့တင်ပြနိုင်သည်။

(ခ) ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းများကို ကွန်ရက်အထောက်အကူပြုပစ္စည်းများနှင့် ချိတ်ဆက်အသုံးပြုခြင်း၊ အပြန်အလှန်ဆက်သွယ်ခြင်းတို့ ဆောင်ရွက်ရာတွင် အငြင်းပွားမှု ပေါ်ပေါက်ပါက ဦးစီးဌာနသို့ တင်ပြနိုင်သည်။

၅၁။ ဦးစီးဌာနသည် လုပ်ငန်းလိုင်စင်ရရှိသူအချင်းချင်း အငြင်းပွားမှုနှင့် စပ်လျဉ်း၍ စေ့စပ် ညှိနှိုင်းဆုံးဖြတ်ပေးရန် ပုဒ်မ ၅၀ အရ တင်ပြချက်ကိုသော်လည်းကောင်း၊ ထိုသို့တင်ပြခြင်းမရှိသော်လည်း အငြင်းပွားမှုမှာ အများပြည်သူအကျိုးစီးပွားကို ထိခိုက်နစ်နာစေနိုင်လျှင်သော်လည်းကောင်း စေ့စပ်ညှိနှိုင်းဆုံးဖြတ်ပေးရမည်။

၅၂။ (က) ပုဒ်မ ၅၁ အရ ဦးစီးဌာနက စေ့စပ်ညှိနှိုင်းဆုံးဖြတ်ပေးချက်နှင့် စပ်လျဉ်း၍ မကျေနပ်သူသည်-

(၁) ဆက်သွယ်ရေးဆိုင်ရာ နည်းပညာနှင့်သက်ဆိုင်သည့် ကိစ္စဖြစ်ပါက ထိုဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

(၂) ဆက်သွယ်ရေးဆိုင်ရာ နည်းပညာနှင့် သက်ဆိုင်ခြင်းမရှိသည့် ကိစ္စဖြစ်ပါက မိမိ၏နစ်နာမှုအတွက် သက်သာခွင့်နှင့် အခွင့်အရေးများကိုရရှိရန် တည်ဆဲဥပဒေများအရ သက်ဆိုင်ရာတရားရုံးတွင် တောင်းဆိုနိုင်သည်။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁)အရ အယူခံခြင်းအပေါ် ဝန်ကြီးဌာနသည်-

(၁) လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရမည်။

(၂) ဦးစီးဌာန၏ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဂ) ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ မကျေနပ်သူသည် ဆုံးဖြတ်ချက်ချမှတ်သည့် နေ့မှစ၍ ရက်ပေါင်း ၄၅ ရက်အတွင်း လုပ်ထုံးလုပ်နည်းနှင့်အညီ အယူခံခုံရုံးသို့ အယူခံနိုင်သည်။

အခန်း (၁၅)

အများပြည်သူအကျိုးငှာ နေရာဒေသမရွေး အခြေခံဆက်သွယ်ရေးလိုအပ်ချက်ကို ဖြည့်ဆည်းခြင်း

၅၃။ ဝန်ကြီးဌာနသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ဆက်သွယ်ရေးဝန်ဆောင်မှုများကို ကျယ်ကျယ်ပြန့်ပြန့်ရယူသုံးစွဲခွင့် ရရှိစေရန်အတွက် နိုင်ငံအတွင်းရှိ အခြေခံဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျနေသေးသည့် နယ်မြေဒေသများ (underserved area)တွင် အခြေခံဆက်သွယ်ရေး အဆောက်အအုံ တိုးချဲ့တည်ဆောက်နိုင်စေရန်နှင့် ဆက်သွယ်ရေးဝန်ဆောင်မှု ပိုမိုကျယ်ပြန့်ကောင်းမွန်စေနိုင်မည့် အစီအစဉ်များချမှတ်ရန် ဦးစီးဌာနအား ညွှန်ကြားနိုင်သည်။

၅၄။ ဝန်ကြီးဌာနသည် အများပြည်သူအကျိုးငှာ နေရာဒေသမရွေး အခြေခံဆက်သွယ်ရေးလိုအပ်ချက်ကို ဖြည့်ဆည်းရေးအစီအစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်အခြေခံဆက်သွယ်ရေးလိုအပ်ချက်ဖြည့်ဆည်းခြင်းဆိုင်ရာ ရန်ပုံငွေတစ်ရပ်ထူထောင်ထားရှိပြီး ရန်ပုံငွေကို ကြီးကြပ်ရမည်။

၅၅။ ဦးစီးဌာနသည် ပုဒ်မ ၅၄ အရ တည်ထောင်ထားသည့် ရန်ပုံငွေကို အသုံးပြု၍ အများပြည်သူအကျိုးငှာ နေရာဒေသမရွေး အခြေခံဆက်သွယ်ရေးလိုအပ်ချက်ကို ဖြည့်ဆည်းခြင်းအစီအစဉ်များ အကောင်အထည်ဖော်ရာတွင် ကြီးကြပ်ရမည်။

၅၆။ ဦးစီးဌာနသည် ပုဒ်မ ၅၅ ပါ အောက်ပါအစီအစဉ်များ ချမှတ်နိုင်ရေးအတွက် ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ရမည်-

စာမျက်နှာ (ဂ) သို့

စာမျက်နှာ (၁) မှ

(က) ဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျနေသေးသည့်နယ်မြေဒေသများကို သတ်မှတ်ခြင်း၊

(ခ) အများပြည်သူအကျိုးငှာ နေရာဒေသမရွေး အခြေခံဆက်သွယ်ရေးလိုအပ်ချက်ကို ဖြည့်ဆည်းခြင်းဆိုင်ရာ ရည်မှန်းချက် (universal target) ချမှတ်ခြင်း၊

(ဂ) လိုင်စင်ရသူများမှ လိုက်နာဖြည့်ဆည်းပေးရမည့် အများပြည်သူအကျိုးငှာနေရာ ဒေသမရွေး အခြေခံဆက်သွယ်ရေးလိုအပ်ချက်ကို ဖြည့်ဆည်းခြင်းဆိုင်ရာ တာဝန်ဝတ္တရားများ (universal service obligation) သတ်မှတ်ခြင်း။

အခန်း (၁၆)
စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၅၇။ ဦးစီးဌာနသည် လိုင်စင်ရရှိသူက လိုင်စင်စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် ဖြစ်စေ၊ အခန်း(၅)ပါ တာဝန်တစ်ရပ်ရပ်ကို ဖြစ်စေ၊ ပုဒ်မ ၃၈ အရ ညွှန်ကြားချက်ကိုဖြစ်စေ၊ ပုဒ်မ ၅၁ အရ ဦးစီးဌာန၏ စေ့စပ်ညှိနှိုင်း ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ ပုဒ်မ ၅၂ ပုဒ်မခွဲ (ခ)အရ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်ကိုဖြစ်စေ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်သော်လည်းကောင်း ထိုသူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဂ) လိုင်စင်ကို ပယ်ဖျက်ခြင်း။

၅၈။ (က) ဦးစီးဌာနက ပုဒ်မ ၅၇ အရ ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာ အမိန့် တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းအမိန့်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

(ခ) ပုဒ်မခွဲ (က)အရ အယူခံခြင်းအပေါ် ဝန်ကြီးဌာနသည်-

(၁) လိုအပ်ပါက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နိုင်သည်။

(၂) ဦးစီးဌာန၏ အမိန့်ကိုအတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

အခန်း (၁၇)
အယူခံခုံရုံးဖွဲ့စည်းခြင်း၊ တာဝန်ပေးအပ်ခြင်း၊ ကြားနာခြင်းနှင့် ဆုံးဖြတ်ခြင်း

၅၉။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ဝန်ကြီးဌာန၏ ဤဥပဒေအရ ချမှတ်သည့် အငြင်းပွားမှုအပေါ် စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ နစ်နာသူက တင်ပြလာသည့်အခါတွင် ထပ်မံ၍ အယူခံနိုင်ခွင့်ရရှိစေမည့် အယူခံခုံရုံးကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(ခ) အယူခံခုံရုံးကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် ကိုးဦးထက်မပိုသော အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၆၀။ အယူခံခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည် -

(က) အယူခံခုံရုံးဥက္ကဋ္ဌသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် အနည်းဆုံး ငါးနှစ် ဆောင်ရွက်ခဲ့သူ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ထက် မနိမ့်သော တရားရေးအရာရှိ သို့မဟုတ် ဥပဒေအရာရှိ ရာထူးတွင် အနည်းဆုံး ၁၀ နှစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ရမည်။

(ခ) အယူခံခုံရုံးအဖွဲ့ဝင်များသည် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာရပ်၊ ဥပဒေပညာရပ်၊ စီးပွားရေးပညာရပ်တို့နှင့် စပ်လျဉ်း၍ ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသောကျွမ်းကျင်သူပညာရှင်များ ဖြစ်ရမည်။

၆၁။ (က) အယူခံခုံရုံးသည် ကြားနာမည့်နေ့ရက်ကို ကြိုတင်ကြေညာ၍ သတ်မှတ်သည့် နေ့ရက်တွင် ကြားနာရမည်။

(ခ) တင်ပြချက်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတို့၏ လျှောက်လဲချက်ကို ကြားနာနိုင်သည်။

(ဂ) အပြီးသတ်ဆုံးဖြတ်ချက်ကို ဆောလျင်စွာ ချမှတ်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

(ဃ) အယူခံခုံရုံး၏ အပြီးသတ်ဆုံးဖြတ်ချက်ကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ထက်ဝက်ကျော်၏ သဘောတူညီချက်ဖြင့် ချမှတ်ရမည်။

၆၂။ အယူခံခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။

၆၃။ အယူခံခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် စရိတ်နှင့် ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

၆၄။ အယူခံခုံရုံး၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ အပြီးသတ် ဆုံးဖြတ်ချက် အစီရင်ခံစာတင်ပြီးသည့် ကာလအထိသာ ဖြစ်သည်။

အခန်း (၁၈)
ပြစ်မှုနှင့် ပြစ်ဒဏ်များ

၆၅။ မည်သူမဆို ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းကို လုပ်ငန်းလိုင်စင် မရှိဘဲ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၆၆။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) ဆက်သွယ်ရေးကွန်ရက်အတွင်းသို့ ယင်း၏ပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲခွင့်ရှိသူ၏ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်နှောင့်ယှက်ခြင်း၊ စံချိန်စံညွှန်းသတ်မှတ်ချက်ကိုဖြစ်စေ၊ မူလအနေအထားကိုဖြစ်စေ ပြောင်းလဲခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊

(ခ) ဆက်သွယ်ရေးကွန်ရက်ကို ထိခိုက်ပျက်စီးစေရန်ရည်ရွယ်၍ ဗိုင်းရပ်စ် သို့မဟုတ် အခြားနည်းလမ်းတစ်ခုခုဖြင့် ဝင်ရောက်စေခြင်း၊

(ဂ) ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ငွေကြေးနှင့် ပစ္စည်းတစ်ရပ်ရပ်ကို ခိုးယူခြင်း၊ လိမ်လည်ခြင်း၊ အလွဲသုံးစားပြုခြင်း သို့မဟုတ် အကျိုးပျက်စီးစေခြင်း၊

(ဃ) ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား ခြောက်လှန့်တောင်းယူခြင်း၊ အနိုင်အထက်ပြုခြင်း၊ မတရားတားဆီးကန့်ကွက်ခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ မလျော်သြဇာသုံးခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း။

၆၇။ မည်သူမဆိုလိုင်စင်ရယူပြီးမှသာ အသုံးပြုရန်သတ်မှတ်ထားသောဆက်သွယ်ရေးပစ္စည်းတစ်ခုခုကို လိုင်စင်မရှိဘဲလက်ဝယ်ထားရှိခြင်း သို့မဟုတ် အသုံးပြုခြင်းကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၆၈။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) မမှန်ကန်သော သတင်းအချက်အလက်ကို မရိုးမဖြောင့်သော သဘောဖြင့် ဆက်သွယ်ခြင်း၊ ဖမ်းယူခြင်း၊ ပို့လွှင့်ခြင်း၊ ဖြန့်ချိခြင်း သို့မဟုတ် ပေးဝေခြင်း သို့မဟုတ် ပါဝင်ဆောင်ရွက်ခြင်း၊

(ခ) သတင်းအချက်အလက် ပို့လွှင့်ခြင်း၊ ဖမ်းယူခြင်း၊ ဆက်သွယ်ခြင်း၊ ပေးဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်းကို ခွင့်ပြုချက်မရှိဘဲ တားမြစ်ခြင်း၊ တားဆီးပိတ်ပင်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း၊

(ဂ) ဦးစီးဌာန၏ သဘောတူညီချက်ဖြင့် တားမြစ်ထားသော ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သည့် နေရာအတွင်းသို့ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခြင်း၊

(ဃ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်တွင် တာဝန်ထမ်းဆောင်ရန် လုပ်ငန်းလိုင်စင်ရရှိသူက တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်တစ်ဦးဦးအား တာဝန်ဝတ္တရားထမ်းဆောင်မှုကို တားမြစ်ခြင်း၊ တားဆီးပိတ်ပင်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း။

၆၉။ မည်သူမဆို ဆက်သွယ်ရေးနှင့် စပ်လျဉ်း၍ တရားစွဲဆိုခြင်းကိစ္စနှင့် တရားရုံးအမိန့်အရ ထုတ်ဖော်ပြသရန် ခွင့်ပြုထားသည့်ကိစ္စများမှအပ ယုံကြည်စိတ်ချရသော စနစ်ဖြင့်ဖြစ်စေ၊ လျှို့ဝှက်စနစ်ဖြင့်ဖြစ်စေ ထားရှိသောသတင်းအချက်အလက်ကို ယင်းတို့နှင့် သက်ဆိုင်ခြင်းမရှိသည့် အခြားသူတစ်ဦးဦးသို့ တစ်နည်းနည်းဖြင့် ထုတ်ဖော်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၀။ လိုင်စင်ရရှိသူ မည်သူမဆို သတ်မှတ်ထားသော နည်းပညာဆိုင်ရာ စံချိန်စံညွှန်းနှင့် ကိုက်ညီမှုမရှိသော ကွန်ရက်အထောက်အကူပြုပစ္စည်းကိုဖြစ်စေ၊ ဆက်သွယ်ရေးပစ္စည်းကို ဖြစ်စေ အသုံးပြုကြောင်း၊ လက်ဝယ်ထားရှိကြောင်း၊ ဖြည့်ဆည်းပေးကြောင်း သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၁။ မည်သူမဆို ဤဥပဒေအရ ဦးစီးဌာနကသော်လည်းကောင်း၊ ဦးစီးဌာနက ဖွဲ့စည်းသော စစ်ဆေးရေးအဖွဲ့ကသော်လည်းကောင်း ပြည်သူ့ဝန်ထမ်းအဖြစ် တာဝန်ဝတ္တရားဆောင်ရွက်ခြင်းကို ဟန့်တားခြင်း သို့မဟုတ် တားဆီးခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းပြုလျှင် ထိုသူအား ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၂။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား ခြောက်လ ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၇၃။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်လျှင်ဖြစ်စေ၊ ပြစ်မှု ကျူးလွန်ရာတွင် ပူးပေါင်းကြံစည်လျှင်ဖြစ်စေ၊ အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်း ခံရမည်။

အခန်း (၁၉)
အထွေထွေ

၇၄။ ဝန်ကြီးဌာနသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ဆက်သွယ်ရေးကဏ္ဍနှင့် သက်ဆိုင်သည့် နည်းပညာစံချိန်စံညွှန်းကိစ္စများ၊ လှိုင်းနှုန်းစဉ်များ စီမံခန့်ခွဲခြင်းဆိုင်ရာကိစ္စများ၊ အသုံးပြုသူကိုအကာအကွယ်ပေးခြင်းဆိုင်ရာကိစ္စများ၊ နိုင်ငံတော်အတွင်း ဆက်သွယ်ရေးကဏ္ဍ တိုးတက်စေရေးအတွက် မဟာဗျူဟာများ ချမှတ်ခြင်းစသည့်ကိစ္စများတွင် အကြံပြုပေးနိုင်ရေးအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြေညာချက် ထုတ်ပြန်ပြီး ဝန်ကြီး သို့မဟုတ် ဝန်ကြီးမှ တာဝန်ပေးအပ်သူက ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးလုပ်ငန်းများမှ ကိုယ်စားလှယ်များ၊ အသုံးပြုသူများ၊ ကျွမ်းကျင်သူပညာရှင်များ၊ ဦးစီးဌာနစသည့်တို့မှ ကိုယ်စားလှယ်များက အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်စေလျက် အမျိုးသားဆက်သွယ်ရေး အကြံပေးကော်မတီကို ဖွဲ့စည်းရမည်။ ကော်မတီ၏လုပ်ငန်းတာဝန်များကို သီးခြားပြဋ္ဌာန်းပေးရမည်။

၇၅။ နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသောမည်သည့် သတင်းအချက်အလက်နှင့် ဆက်သွယ်မှုများကိုမဆို ရရှိနိုင်ရေးအတွက် နိုင်ငံသားများ၏ မူလအခွင့်အရေးများကို မထိခိုက်စေဘဲ ပြည်ထောင်စုအစိုးရအဖွဲ့က သက်ဆိုင်ရာအဖွဲ့အစည်းသို့ လိုအပ်သလို ညွှန်ကြားဆောင်ရွက်နိုင်သည်။

၇၆။ ဝန်ကြီးဌာန သို့မဟုတ် ယင်းကတာဝန်ပေးအပ်သော ဌာန၊ အဖွဲ့အစည်းသည် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စများအတွက်သော်လည်းကောင်း၊ အများပြည်သူ၏ အကျိုးအတွက် သော်လည်းကောင်း လုပ်ငန်းလိုင်စင်ရရှိသူတစ်ဦးဦးက လုပ်ကိုင်လျက်ရှိသော ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်အတွင်း ဝန်ဆောင်မှုပြုလုပ်နေမှုကို လိုအပ်ပါက ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် စာတမ်းအမှတ်အသားတို့ကို တင်ပြစေခြင်း ပြုနိုင်သည်။

၇၇။ ဝန်ကြီးဌာနသည် အများပြည်သူအကျိုးအတွက်ဆောင်ရွက်ရန် အခြေအနေပေါ်ပေါက်သည့်အခါ အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအား ယာယီရပ်ဆိုင်းရေး၊ ဆက်သွယ်မှု အမျိုးအစား တစ်ရပ်ရပ်ကို မပြုလုပ်ရေး၊ တားဆီးထိန်းသိမ်းထားရှိရေး၊ လိုအပ်သည့် သတင်းအချက်အလက်နှင့် ဆက်သွယ်မှုများကိုရရှိနိုင်ရေး၊ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း များနှင့် ဆက်သွယ်ရေးပစ္စည်းများကို ယာယီထိန်းချုပ်သုံးစွဲရေးတို့အတွက် လုပ်ငန်းလိုင်စင်ရရှိသူအား ညွှန်ကြားနိုင်သည်။

၇၈။ လိုင်စင်ရရှိသူသည် ပုဒ်မ ၇၇ ပါကိစ္စရပ်များအနက် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ရပ်အား လုံခြုံရေးဆိုင်ရာကိစ္စအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးကို ကြိုတင်စီမံ ဆောင်ရွက်ထားရှိရမည်။

၇၉။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သောပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် သက်သေခံ ပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန်မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၈၀။ (က) ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ်သတ်မှတ်သည်။

(ခ) ဤဥပဒေအရ ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၈၁။ ဝန်ကြီးဌာနသည် လိုင်စင်ခ၊ လိုင်စင်သက်တမ်း တိုးမြှင့်ခ၊ လှိုင်းနှုန်းစဉ်အသုံးပြုခ၊ ဆက်သွယ်ရေး နံပါတ်သတ်မှတ်ချက်နှင့် အီလက်ထရောနစ်လိပ်စာ သတ်မှတ်ချက်တို့အတွက် အခကြေးငွေနှင့် ရက်လွန်ကြေးတို့ကို သတ်မှတ်ရမည်။

၈၂။ ဝန်ကြီးဌာနသည် အများပြည်သူအကျိုးငှာ ဤဥပဒေအရ လိုအပ်သော ခွင့်ပြုချက်၊ လိုင်စင်နှင့် ထောက်ခံချက်တို့ကို ရယူခြင်းမှလည်းကောင်း၊ လိုအပ်ပါက အခကြေးငွေများကို ပေးဆောင်ရခြင်းမှ လည်းကောင်း အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ပြည်ထောင်စုအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ကင်းလွတ်ခွင့်ပြုနိုင်သည်။ သို့ရာတွင် နိုင်ငံတော်အရေးပေါ်အခြေအနေနှင့် ဆက်နွှယ်သည့်ကိစ္စရပ်များ၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရန်မလိုဘဲ ဆောင်ရွက်နိုင်သည်။ ဆောင်ရွက်ချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပြန်လည်တင်ပြရမည်။

၈၃။ ဦးစီးဌာနသည်ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များ၊ လုပ်ငန်းဆိုင်ရာကျင့်စဉ်များနှင့် လိုအပ်သောစံချိန်စံညွှန်းများကို ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရမည်။

၈၄။ ဦးစီးဌာနသည်-

(က) နိုင်ငံတော်က လက်ခံအတည်ပြုထားသော အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေး ကွန်ဗင်းရှင်းများပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်သည်။

(ခ) အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးကွန်ဗင်းရှင်းများနှင့်အညီ ဆက်သွယ်ရေးနည်းပညာနှင့်ကျွမ်းကျင်မှုဆိုင်ရာ စာမေးပွဲများကို သတ်မှတ်ချက်များနှင့်အညီ စီစဉ်ကျင်းပပြီး အောင်လက်မှတ်များ ထုတ်ပေးနိုင်သည်။

၈၅။ The Myanmar Telegraph Act, 1885 နှင့် The Myanmar Wireless Telegraphy Act, 1934 တို့အရ-

(က) ထုတ်ပေးထားသည့် သက်တမ်းမကုန်ဆုံးသေးသောလိုင်စင်ကို ဤဥပဒေအရ ထုတ်ပေးသည့် လိုင်စင်ဟု မှတ်ယူရမည်ဖြစ်ပြီး ထိုလိုင်စင်သက်တမ်းကုန်ဆုံးသည့်နေ့အထိသာ အတည်ဖြစ်စေရမည်။ ထိုလိုင်စင်သက်တမ်းကုန်ဆုံးသည့်အခါ ဆက်လက်လုပ်ကိုင်ဆောင်ရွက်လိုပါက လိုင်စင်သက်တမ်းမကုန်ဆုံးမီ ဤဥပဒေနှင့်အညီ လိုင်စင်လျှောက်ထားရယူရမည်။

(ခ) ထုတ်ပြန်ခဲ့သောနည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၈၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် သင့်လျော်သော ပြည်ထောင်စုအဆင့်ရှိ ပုဂ္ဂိုလ်တစ်ဦး ဦးဆောင်သည့် လွတ်လပ်သော မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင်တစ်ရပ်ကို ဤဥပဒေအာဏာတည်သည့်နေ့မှ နှစ်နှစ်အတွင်း သတ်မှတ်ဖွဲ့စည်းရမည်။

၈၇။ ဝန်ကြီးဌာနသည် ဤဥပဒေပါ ဆက်သွယ်ရေးနှင့် စပ်လျဉ်း၍ နည်းပညာပိုင်းဆိုင်ရာ စကားရပ်တစ်ခုခု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ရှင်းလင်းပေးရန် လိုအပ်လာပါက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ရှင်းလင်းပေးနိုင်သည်။

၈၈။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

၈၉။ အောက်ပါဥပဒေများကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်-

(က) The Myanmar Telegraph Act, 1885.

(ခ) The Myanmar Wireless Telegraphy Act, 1934.

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဥပဒေ

တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပြဋ္ဌာန်း

တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့်
အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ
(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၂ ။)
၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်
(၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)
ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ခ) **ဦးဆောင်အဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ကို ဆိုသည်။

(ဂ) **လုပ်ငန်းအဖွဲ့** ဆိုသည်မှာ ဦးဆောင်အဖွဲ့က ဖွဲ့စည်းပေးသော တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်နှင့်ပြည်ထောင်စုနယ်မြေရှိတောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေး လုပ်ငန်းအဖွဲ့အသီးသီးကို ဆိုသည်။

(ဃ) **တောင်သူလယ်သမား**ဆိုသည်မှာ အောက်ဖော်ပြပါတစ်ရပ်ရပ်နှင့် ကိုက်ညီသူကို ဆိုသည် -

စာမျက်နှာ (ဃ) သို့

ဥပဒေ

စာမျက်နှာ (ဂ) မှ

(၁) မြေကို အသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော်လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် ယင်းလုပ်ငန်း နှစ်ရပ်လုံးကို မိမိ၏ အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် မိမိကိုယ်တိုင်လုပ်ကိုင်သူ သို့မဟုတ် မိမိကိုယ်တိုင် အစဉ်တစိုက်လုပ်ကိုင်ခဲ့သူ၊

(၂) ဆိုင်ရာနှစ်တွင် မြေကိုအသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော်လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် လုပ်ငန်းနှစ်ရပ်လုံးကို မိမိ၏ အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ငန်းလုပ်ကိုင်ချိန် တစ်လျှောက်လုံး ကိုယ်တိုင်ကြီးကြပ်လုပ်ကိုင်သူ၊

(၃) မြေကို အသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော်လည်းကောင်း၊ ရာသီသီးနှံ၊ ဥယျာဉ်ခြံသီးနှံ၊ နှစ်ရှည်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရန် သို့မဟုတ် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ရန် အလို့ငှာ အရင်းအနှီး မတည်စိုက်ထုတ်၍ လုပ်ငန်းလုပ်ကိုင်ချိန် တစ်လျှောက်လုံး ကိုယ်တိုင် လုပ်ကိုင်သူ သို့မဟုတ် ကြီးကြပ်စီမံလုပ်ကိုင်သူ၊

(၄) မြေကို အသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော်လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူ၊

(၅) စိုက်ပျိုးရေးလုပ်ငန်း၊မွေးမြူရေးလုပ်ငန်းများနှင့် ယင်းတို့နှင့် ဆက်နွယ်လျက်ရှိသော ထုတ်လုပ်မှုလုပ်ငန်းအလို့ငှာ မြေကို အသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော်လည်းကောင်း၊ ပျိုးပင်၊ မျိုးစေ့၊ မျိုးနှင့်သားပေါက်များ ကိုယ်တိုင်ထုတ်လုပ်ရောင်းချသူ။

(င) **လုပ်ကွက်ငယ်** ဆိုသည်မှာ ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများဖြင့် သတ်မှတ်သည့် လုပ်ကွက်ငယ်ကို ဆိုသည်။

(စ) **လယ်ယာထုတ်ကုန်** ဆိုသည်မှာ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိသောထုတ်ကုန်ပစ္စည်းကို ဆိုသည်။

(ဆ) **သွင်းအားစု** ဆိုသည်မှာ စိုက်ပျိုးရေးလုပ်ငန်းနှင့်မွေးမြူရေး လုပ်ငန်းများ စတင်ပြင်ဆင်သည့်အချိန်မှစ၍ ဈေးကွက်သို့ တင်ပို့ရောင်းချသည့်အချိန်အထိ ကုန်ကျစရိတ်များ၊ အသုံးချပစ္စည်းကိရိယာများ၊ စိုက်ထုတ်ရသည့် မိသားစုလုပ်အားများအားလုံးကို ဆိုသည်။

(ဇ) **လယ်ယာကုန်ထုတ်အရင်းအနှီး** ဆိုသည်မှာ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ စတင်ပြင်ဆင်သည့်အချိန်မှစ၍ ဈေးကွက်သို့တင်ပို့ရောင်းချသည့်အချိန်အထိ ရင်းနှီးမြှုပ်နှံထားရသည့်သွင်းအားစုများ အပါအဝင်လယ်ယာမြေများ၊ပြုစုကန်များ၊ငါးမွေးကန်များ၊ မွေးမြူရေးခြံများ၊ လုပ်ငန်းသုံးပစ္စည်းကိရိယာများနှင့် အသုံးချပစ္စည်းကိရိယာများ အားလုံးကိုဆိုသည်။

(ဈ) **လယ်ယာမြေ** ဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင် စိုက်ပျိုးသောမြေ၊ ဓနိမြေ၊ ဥယျာဉ်မြေဟု သော်လည်းကောင်း၊ ဟင်းသီးဟင်းရွက် ပန်းမန်စိုက်ပျိုးသည့် ခြံမြေဟုသော်လည်းကောင်း၊ မြေနုကျွန်းမြေဟုသော်လည်းကောင်း သတ်မှတ်သည့် မြေများကိုဆိုသည်။ ယင်းစကားရပ်တွင် မြို့နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ်အတွင်းရှိ လူနေအိမ်ရာများ၊ ဘာသာရေးအဆောက်အအုံနှင့် ပရဝဏ်များ၊ အများပိုင်ဆိုင်၍စိုက်ပျိုးရေးအတွက် အသုံးမပြုသော မြေများမပါဝင်။

အခန်း(၂)
ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အရင်းအနှီးရရှိရေးအတွက် တောင်သူလယ်သမားများအား သင့်တင့်သော ချေးငွေနှင့် အကူအညီများပေး၍ အထောက်အကူပြုရန်၊

(ခ) ထုတ်လုပ်မှု တိုးတက်ရေးအတွက် တောင်သူလယ်သမားများအား နည်းပညာ၊ သွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာတို့ကို လွယ်ကူ အဆင်ပြေစွာ ပံ့ပိုးပေးနိုင်ရေး စီမံဆောင်ရွက်ရန်၊

(ဂ) လယ်ယာထုတ်ကုန်များရောင်းချရာတွင်သင့်တင့်မျှတသည့် ဈေးနှုန်းနှင့် ဈေးကွက်ရရှိရေးတို့အတွက်တောင်သူလယ်သမားများကိုကူညီဆောင်ရွက်ရန်၊

(ဃ) လုပ်ကွက်ငယ် တောင်သူလယ်သမားများ၏ အခွင့်အရေး ကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးကို ထိရောက်စွာ ဆောင်ရွက်ရန်၊

(င) သဘာဝဘေးအန္တရာယ် တစ်စုံတစ်ရာကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ထိခိုက်နစ်နာမှုများအတွက် ကူညီထောက်ပံ့မှုများကို အတတ်နိုင်ဆုံး အထောက်အကူပြု ပံ့ပိုးရန်။

အခန်း(၃)
တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဦးဆောင်အဖွဲ့ကို ပြည်ထောင်စုအစိုးရ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတို့ကို ဦးဆောင်စေပြီး အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(က) သင့်လျော်သော ပြည်ထောင်စုဝန်ကြီးဌာနများမှကိုယ်စားလှယ်များ၊

(ခ) တောင်သူလယ်သမားများအား ကိုယ်စားပြုသော အဖွဲ့အစည်းများနှင့် သင့်လျော်သော အခြားအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ။

၅။ ဦးဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တောင်သူလယ်သမားများအတွက် အကျိုးစီးပွားဖြစ်ထွန်းစေသော သီးနှံများကို လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်ရန် ကူညီဆောင်ရွက်ခြင်း၊

(ခ) ဒေသနှင့်ကိုက်ညီသော သီးနှံပုံစံမှန်ကန်စွာ ရွေးချယ်စိုက်ပျိုးနိုင်ရန် ပညာပေးခြင်း၊

(ဂ) တောင်သူလယ်သမားများအား စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းအတွက် လိုအပ်သည့်အချိန်၌ ချေးငွေနှင့်အကူအညီများ စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဃ) လယ်ယာထုတ်ကုန်များကို ပြည်တွင်း၌လွတ်လပ်စွာ သယ်ယူရောင်းချခွင့်နှင့် ပြည်ပသို့ တရားဝင်တင်ပို့ခွင့်ရရှိရေးတို့အတွက် ကူညီဆောင်ရွက်ခြင်း၊

(င) စိုက်ပျိုးရေးနှင့်မွေးမြူရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီနည်းပညာနှင့်သွင်းအားစုတို့ကို ပံ့ပိုးကူညီခြင်း၊ သုတေသနလုပ်ငန်းများ ထူထောင်ခြင်းနှင့် အားပေးခြင်း၊

(စ) တောင်သူလယ်သမားများအား လယ်ယာထုတ်ကုန်များကို အာမခံထားသည့်စနစ်၊ ကုန်လှောင်ရုံများတွင် အပ်နှံသည့်စနစ်၊ သီးနှံ အပေါင်ထားသည့်စနစ်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် စနစ်တို့နှင့်အလေ့အကျင့်များ ရရှိစေရန် အားပေးကူညီခြင်း၊

(ဆ) တောင်သူလယ်သမားများ၏ လယ်ယာထုတ်ကုန်များကို သင့်တင့်မျှတသည့် ဈေးနှုန်းရရှိစေရန် ဈေးကွက်နှင့်ချိတ်ဆက် ဆောင်ရွက်ပေးခြင်း၊

(ဇ) လယ်ယာထုတ်ကုန်များကို ပြည်ပသို့ တင်ပို့ရောင်းချရာတွင် ကုန်သွယ်ဖက်နိုင်ငံများထံမှ တင်သွင်းခွင့်ခွဲတမ်းများ စဉ်ဆက်မပြတ်ရရှိရေးကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊ လယ်ယာထုတ်ကုန် အမျိုးအစားအလိုက် ဖွဲ့စည်းဆောင်ရွက်နေသည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) လယ်ယာထုတ်ကုန်ဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာ သတင်းအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့် အချိန်မီသိရှိရန် ဆက်စပ်ဆောင်ရွက်ခြင်း၊

(ည) တောင်သူလယ်သမားများ၏ အခွင့်အရေးများနှင့် လယ်ယာမြေ လုပ်ပိုင်ခွင့်လုံခြုံစိတ်ချရေးတို့နှင့်စပ်လျဉ်း၍ တောင်သူလယ်သမားများအား ကူညီဆောင်ရွက်ပေးခြင်းနှင့် အကာအကွယ်ပေးခြင်း၊

(ဋ) တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် တောင်သူလယ်သမား အခွင့်အရေးနှင့် အကျိုးစီးပွားကို အဟန့်အတားဖြစ်စေသော ပြဋ္ဌာန်းချက်များ ရှိပါက ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်ခြင်း၊

(ဌ) သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ ပိုးမွှား၊ ရောဂါ ကျရောက်မှုနှင့်အခြားသော အကြောင်းများကြောင့်သော်လည်းကောင်း လယ်ယာ မြေနှင့်စိုက်ပျိုးသီးနှံ ထိခိုက်ပျက်စီးမှုများ ကြုံတွေ့ရသော လုပ်ကွက်ငယ်တောင်သူလယ်သမားအား အထူးဦးစားပေးကူညီထောက်ပံ့ခြင်း၊

(ဍ) မိမိ၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ပြည်ထောင်စု နယ်မြေဆိုင်ရာအုပ်ချုပ်မှုအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း။

၆။ ဦးဆောင်အဖွဲ့သည်-

(က) လိုအပ်ပါက လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်နိုင်သည်။

(ခ) လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့က တင်ပြသော ဝယ်ယူမည့် ကောက်ပဲသီးနှံ အမျိုးအစားနှင့်ဝယ်ယူမည့် အစီအစဉ်တို့ကို စိစစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၇။ ဦးဆောင်အဖွဲ့သည် ဤဥပဒေ၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သည့် လုပ်ငန်းကော်မတီများ သို့မဟုတ် လုပ်ငန်းအဖွဲ့များကို တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်ထောင်စုနယ်မြေဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့အစည်းတို့မှ သင့်လျော်သော ပုဂ္ဂိုလ်များ၊ အခြားလုပ်ငန်းဆိုင်ရာ အတွေ့အကြုံရှိသူများဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

အခန်း(၄)
တောင်သူလယ်သမား အခွင့်အရေးကာကွယ်ခြင်းနှင့် အကျိုးစီးပွားမြှင့်တင်ခြင်း

၈။ ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမားများအား အောက်ပါအခွင့်အရေးများကို ရရှိစေရန် ညှိနှိုင်းကူညီဆောင်ရွက်ပေးရမည်-

(က) နိုင်ငံတော်၏ အဓိကစားသုံးသီးနှံဖြစ်သည့် ဆန်စပါးစိုက်ပျိုးမှုကို မထိခိုက်စေဘဲ မိမိတို့လယ်မြေပေါ်တွင် မိမိတို့ကြိုက်နှစ်သက်သည့်သီးနှံကို လွတ်လပ်စွာ ရွေးချယ်စိုက်ပျိုးခွင့်၊

(ခ) သင့်တင့်သော စိုက်ပျိုးစရိတ်ချေးငွေများ ချေးယူခွင့်၊

(ဂ) လယ်ယာထုတ်ကုန်များကို လွတ်လပ်စွာ သယ်ယူခွင့်နှင့် ရောင်းချခွင့်၊

(ဃ) လယ်ယာထုတ်ကုန်များကို အာမခံထားရှိခွင့်၊

(င) တည်ဆဲဥပဒေများနှင့်အညီ တောင်သူလယ်သမားအသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်။

၉။ ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမားများရသင့်ရထိုက်သော အောက်ပါ အခွင့်အရေးများနှင့် အကျိုးစီးပွားများကို ဆောင်ရွက်ပေးရမည်-

(က) တောင်သူလယ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်ရန် ဥပဒေနှင့်အညီ လိုအပ်သလို ဆက်စပ်ဆောင်ရွက်ပေးခြင်း၊

(ခ) တောင်သူလယ်သမားများ လိုအပ်သည့်သွင်းအားစုများ ရရှိစေရေးနှင့် မြေယာနှင့်သက်ဆိုင်သော တည်ဆဲဥပဒေများနှင့်အညီ အကျိုးခံစားခွင့်ရရှိစေရေးအတွက် ဆောင်ရွက်ပေးခြင်း၊

(ဂ) တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့်ဈေးနှုန်းနှင့်ဈေးကွက်ရရှိရန် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဃ) တည်ဆဲဥပဒေများနှင့် ညီညွတ်မှုမရှိသော တရားမျှတမှုမရှိသည့် မြေယာသိမ်းဆည်းခြင်းများ မဖြစ်ပေါ်စေရန် ကာကွယ်ပေးခြင်း၊

(င) လယ်ယာလုပ်သားများ၏ ရထိုက်သော အခွင့်အရေးများကို အပြည့်အဝ ရရှိစေရန် ကူညီဆောင်ရွက်ပေးခြင်း။

၁၀။ ဦးဆောင်အဖွဲ့သည် လုပ်ကွက်ငယ်တောင်သူလယ်သမားများ၏ ရသင့်ရထိုက်သော အခွင့်အရေးများကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်ပေးနိုင်ရန်နှင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ထိရောက်စွာ မြှင့်တင်နိုင်ရန် လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

၁၁။ ဦးဆောင်အဖွဲ့သည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သော နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကို ညှိနှိုင်းဆက်စပ် ဖြည့်ဆည်းဆောင်ရွက်ပေးရမည်။

၁၂။ ဦးဆောင်အဖွဲ့သည် စိုက်ပျိုးရေရရှိမှု၊ ကုန်ထုတ်လမ်းများ ဖော်ထုတ်ဆက်သွယ်မှုတို့ကို နိုင်ငံတစ်ဝန်း မျှတစွာ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အမျိုးသားစီမံကိန်း ချမှတ်ပြီး ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရမည်။

အခန်း(၅)
ချေးငွေနှင့် အကူအညီများပေးခြင်း

၁၃။ ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် သင့်တင့်သော အရင်းအနှီးရရှိရေးအတွက် နှစ်ပေါက်၊ နှစ်တိုနှင့်နှစ်ရှည် ချေးငွေများကို ပြည်ထောင်စု ရန်ပုံငွေဘောင်အတွင်းမှ ထုတ်ချေးခြင်း၊ လိုအပ်သောအကူအညီနှင့် အထောက်အပံ့များပေးခြင်းတို့ကို ပြုလုပ်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်။

၁၄။ ဦးဆောင်အဖွဲ့သည် ပုဒ်မ ၁၃ အရ ချေးငွေများထုတ်ချေးရာတွင် ထုတ်ချေးမည့်ငွေပမာဏ၊ သက်သာသော အတိုးနှုန်း၊ ပြန်ဆပ်ရမည့် ကာလနှင့် စည်းကမ်းချက်တို့ကိုပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်သတ်မှတ်ရမည်။

၁၅။ ဦးဆောင်အဖွဲ့သည် ချေးငွေများနှင့် စပ်လျဉ်း၍ တောင်သူလယ်သမားများ၏ လုပ်ငန်းအတွက် အရင်းအနှီးလိုအပ်ချိန်တွင် ထုတ်ချေးနိုင်ရေးအတွက်လည်းကောင်း၊ လယ်ယာထုတ်ကုန်များ ရောင်းချနိုင်သည့်သီးနှံပေါ်ချိန်၊ ငွေပေါ်ချိန်တွင် ပြန်လည်ပေးဆပ်နိုင်ရေးအတွက်လည်းကောင်းသက်ဆိုင်ရာ စိုက်ပျိုးရာသီ၊ ကုန်ထုတ်ရာသီတို့နှင့် အချိန်ကိုက်ညီစေရန် ညှိနှိုင်းဆောင်ရွက်ရမည်။

၁၆။ ဦးဆောင်အဖွဲ့သည် ချေးငွေ၊ အကူအညီနှင့်အထောက်အပံ့များကို အမှန်တကယ် ခံစားခွင့်ရှိသည့် တောင်သူလယ်သမားများ လက်ဝယ်သို့ အပြည့်အဝ ရရှိစေရန် စီမံဆောင်ရွက်ရမည်။

၁၇။ ဦးဆောင်အဖွဲ့သည် -

(က) သဘာဝဘေးအန္တရာယ်ကြောင့် သော်လည်းကောင်း၊ ဆားငန်ရေဝင်ရောက်၍သော် လည်းကောင်း၊ ပိုးမွှား၊ ရောဂါကျရောက်မှုနှင့် အခြားအကြောင်းများကြောင့် သော်လည်းကောင်း တောင်သူလယ်သမားများ၏ လယ်ယာမြေများ၊ လယ်ယာထုတ်ကုန်များနှင့် လယ်ယာကုန်ထုတ်အရင်းအနှီးများ ပျက်စီးဆုံးရှုံးလျှင် ယင်းတောင်သူလယ်သမားများအတွက် လိုအပ်သော အကူအညီများနှင့် အထောက်အပံ့များရရှိစေရန် စီစဉ်ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ ကူညီထောက်ပံ့မှုများဆောင်ရွက်ရာတွင် လုပ်ကွက်ငယ်တောင်သူလယ်သမားများအတွက် ယင်းတို့၏ ပျက်စီးဆုံးရှုံးမှုနှင့်စပ်လျဉ်း၍ သက်သာမှုရစေရန် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ထိုက်သင့်သော ပမာဏတစ်ရပ်ကို ကျခံနိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့သို့ စိစစ်တွက်ချက်တင်ပြရမည်။

၁၈။ ဦးဆောင်အဖွဲ့သည် မျိုးစေ့၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးနှင့်စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေးလုပ်ငန်းသုံး အခြားဓာတုဆေး တစ်မျိုးမျိုး၏ အာမခံ စံချိန်စံညွှန်း ချို့ယွင်းမှု၊ မကိုက်ညီမှုကြောင့် လယ်ယာထုတ်ကုန်များ ထိခိုက်ပျက်စီးခြင်းနှင့်လယ်ယာကုန်ထုတ် အရင်းအနှီးများ နစ်နာဆုံးရှုံးခြင်းတို့ဖြစ်ပေါ်ပါက သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ စစ်ဆေးအရေးယူနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ရမည်။

၁၉။ ဦးဆောင်အဖွဲ့သည်သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းသို့မဟုတ် ကပ်ဘေးရောဂါတစ်ခုခု ကျရောက်ခြင်းကြောင့် အများပြည်သူ ကျန်းမာရေးအလို့ငှာ ဥပဒေနှင့်အညီ သက်ဆိုင်ရာက ဖျက်ဆီးခြင်း၊ သုတ်သင်ခြင်းခံရသော မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် တောင်သူလယ်သမားများအား လိုအပ်သော အကူအညီများနှင့်ထိုက်သင့်သော အထောက်အပံ့များရရှိစေရန် စီစဉ်ဆောင်ရွက်ရမည်။

အခန်း(၆)
နည်းပညာ၊ သွင်းအားစုနှင့် ထုတ်လုပ်မှု လုပ်ငန်းဆိုင်ရာ ပံ့ပိုးကူညီခြင်း

၂၀။ ဦးဆောင်အဖွဲ့သည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) အရည်အသွေးမီသည့် ပုဂ္ဂလိကမျိုးစေ့ သုတေသနလုပ်ငန်းများနှင့် ပုဂ္ဂလိက မျိုးစေ့ထုတ်လုပ်သည့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးကို အားပေးကူညီခြင်း၊

(ခ) တောင်သူလယ်သမားများအတွက် ဒေသ၊ ရေမြေသဘာဝနှင့်ကိုက်ညီသည့် ခေတ်မီစိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ နည်းပညာများ၊ လယ်ယာထုတ် ကုန်တန်ဖိုးမြှင့်တင်ရေးဆိုင်ရာ နည်းပညာများ ရရှိရန် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ လေ့ကျင့်ပညာပေးခြင်း၊

(ဂ) မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ၊ ကူးစက်ရောဂါဆိုင်ရာ၊ ပိုးမွှားရောဂါဆိုင်ရာနှင့် အခြားသက်ဆိုင်ရာ သတင်းအချက်အလက်များကို တောင်သူလယ်သမားများထံသို့ အလျင်အမြန် ရောက်ရှိရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ပြည်တွင်းပြည်ပ ဈေးကွက်ရရှိရေးအတွက် ဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းဖြန့်ဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်နေသောအဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း၊ ဈေးကွက်ဝင် လယ်ယာထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရန် ပံ့ပိုးညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) တောင်သူလယ်သမားများ လိုအပ်သော လယ်ထွန်စက်၊ ကောက်ရိတ်စက်၊ စပါးခြွေစက် စသည့် လယ်ယာသုံး စက်ကိရိယာများကို လယ်သမားများ အရစ်ကျ ဝယ်ယူရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(စ) မြေဩဇာနှင့် ပိုးသတ်ဆေးများ ထုတ်လုပ်၊ တင်သွင်း၊ ပြုပြင်၊ ထုပ်ပိုး၊ ရောင်းချခြင်းများ ပြုလုပ်ရာတွင် စံချိန်စံညွှန်းနှင့် ကိုက်ညီ၍ အန္တရာယ်ကင်းရှင်းပြီး သုံးစွဲခွင့်ရှိကြောင်း အာမခံချက်ပါရှိစေရေးနှင့် အာမခံချက်မပါသော မြေဩဇာနှင့် ပိုးသတ်ဆေးများ၏ ချို့ယွင်းအားနည်းချက်များကို တောင်သူလယ်သမားများ အချိန်မီ သိရှိနိုင်ရေး ဆောင်ရွက်ခြင်း။

အခန်း(၇)
လယ်ယာထုတ်ကုန်များ သင့်တင့်မျှတသည့် ဈေးနှုန်းနှင့် ဈေးကွက်ရရှိရန် ဆောင်ရွက်ခြင်း

၂၁။ ဦးဆောင်အဖွဲ့သည် လိုအပ်ပါက ပုဒ်မ ၆ ပုဒ်မခွဲ (က)အရ လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၂၂။ ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမား အခွင့်အရေး ကာကွယ်နိုင်ရန်နှင့် အကျိုးစီးပွား မြှင့်တင်နိုင်ရန်အလို့ငှာ လယ်ယာထုတ်ကုန်များကို ဝယ်ယူရန် လိုအပ်လျှင် လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့က တင်ဒါစနစ်အပါအဝင် အခြားသင့်လျော်သော နည်းလမ်းများဖြင့် ဝယ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်။

၂၃။ ဦးဆောင်အဖွဲ့သည် ပုဒ်မ ၂၂ အရ ဝယ်ယူမည့် ကောက်ပဲ သီးနှံအမျိုးအစားနှင့်ဝယ်ယူမည့် အစီအစဉ်တို့ကို စိစစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၂၄။ ဦးဆောင်အဖွဲ့သည် လယ်ယာထုတ်ကုန်များ ဝယ်ယူရာတွင် လိုအပ်သော ရန်ပုံငွေကို ပြည်ထောင်စုဘဏ္ဍာငွေမှ ကျခံသုံးစွဲနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက် ရယူရမည်။

၂၅။ ဖြစ်ပေါ်လာမည့် အရောင်းအဝယ် အရှုံးအမြတ်စာရင်းဇယားများကို ဦးဆောင်အဖွဲ့က တာဝန်ပေးအပ်သော စာရင်းစစ်အဖွဲ့ဖြင့် စာရင်းစစ်ဆေးရမည်။

၂၆။ လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့သည် မိမိလုပ်ငန်း တာဝန်များဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာလုပ်ငန်းအဖွဲ့များနှင့် ဆက်စပ်ညှိနှိုင်း ဆောင်ရွက်နိုင်သည်။

အခန်း(၈)
အထွေထွေ

၂၇။ မည်သူမဆို ချေးငွေ၊ အကူအညီနှင့် အထောက်အပံ့များကို နည်းလမ်းတစ်မျိုးမျိုးဖြင့် ဖြတ်တောက်ခြင်း၊ အလွဲသုံးစားပြုခြင်းတို့ကို ကျူးလွန်ပါက ရာဇသတ်ကြီးအရ မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုမှု ကျူးလွန်သည်ဟု မှတ်ယူရမည်။

၂၈။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ဦးဆောင်အဖွဲ့၏ ကုန်ကျစရိတ်နှင့် ရုံးလုပ်ငန်းများအတွက် တာဝန်ယူ စီစဉ်ဆောင်ရွက်ပေးရမည်။

၂၉။ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် ဦးဆောင်အဖွဲ့နှင့် ညှိနှိုင်း၍ လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဦးဆောင်အဖွဲ့နှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

Probox Taxi ငှားမည်

စပေါ်တစ်သိန်း၊ နေ့ကြေး ၉၀၀၀ိ/-
နံနက် ၆ နာရီမှ ည ၈ နာရီထိ

ဖုန်း - ၀၁-၂၉၁၂၁၀၊
၀၉-၇၃၀၁၅၈၈၄

MYANMAR BOOK CENTRE

(Supplying the World's Knowledge)

BOOK-BUFFET & CLEARANCE SALE!!

Myanmar Book Centre

"Book-Buffet & Clearance Sale" Charity Book Buffet

Book-Buffet

ကျပ် (၁၀,၀၀၀)

ကျပ် (၂၀,၀၀၀)

Amazing Prices

Clearance Sale

Fixed Price

Myanmar Book Centre

Member 15% Discount Non-Member 10% Discount

Yangon

ဝါကျွတ်ချိန်ခါ ပူဇော်ကန်တော့ကြသူတိုင်း
စတုမဓုခွင့်ကန်တော့၍ ကုသိုလ်ယူကြသည်။

ဦးဘညိန်-သား

စတုမဓု

TMR-003261

FAME

Nephrotec®

For healthy kidney

ISO 9001 : 2008
ISO 14001 : 2004
GMP Certified
Organic Certified

FAME

Nature A®

Carotenoids complex

GMP Certified
Organic Certified

ဖခင်အမည်မှန်

ဖားကန့်မြို့နယ် လုံးခင်း အထက
နဝမတန်း(E)မှ မောင်ပြည့်ဖြိုးအောင်၏
ဖခင်အမည်မှန်မှာ ဦးစိုးမြင့် ၁/ကမန
(နိုင်) ၀၄၄၄၈၈ ဖြစ်ပါကြောင်း။

ဦးစိုးမြင့်

ကားညှိနှိုင်းဈေးဖြင့်ရောင်းမည်

Nissan Venette
Truck 2005
G-4, White, 1000 Kg
AC, PS,PW,ABS,CD

ဖုန်း-၀၉-၅၁၉၂၄၉၊ ၀၉-၅၀၉၂၇၇၁

တိုက်ခန်းသစ် အမြန်ရောင်းမည်

မေခအိမ်ရာရှေ့၊ လေးထောင့်ကန်
လမ်းမကြီးဘေး၊ ကန်တော်မွန်အိမ်ရာ
အတွင်း မြေညီထပ်အား အဖိုးနှုန်း
ချိုသာစွာဖြင့် အမြန်ရောင်းမည်။

ဖုန်း-၀၉-၅၀၈၁၆၆၀

NEW NOVEMBER

ဗြောဇ်

Discount

100%

Ph: 09-73040000

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
(မုံရွာမြို့နယ် တရားမရုံး၌)
၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၄၉

ဒေါ်ကြည်ကြည်ခင် **နှင့်** ၁။ ဒေါ်အုန်းတင့်
၂။ ဒေါ်ရွှေ

(တရားလို) (တရားပြိုင်များ)

မုံရွာမြို့၊ မြဝတီရပ် (ရောက်ခါးတောင်) ရပ်ကွက်နေ ဒေါ်ရွှေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ငွေ ၂၂၀၀၀၀၀ိ/- (ကျပ်နှစ်ဆယ့်နှစ်သိန်း) ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၁၃ခုနှစ် အောက်တိုဘာ ၂၅ ရက် (၁၃၇၅ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

နန်းယုလှိုင်
ဒုတိယမြို့နယ်တရားသူကြီး(၂)
မုံရွာမြို့နယ်တရားရုံး

အထက(ကော့မှူးမြို့)
နဝမအကြိမ် မြတ်ဆရာပူဇော်ပွဲ

အထက်ပါမြတ်ဆရာပူဇော်ပွဲအား ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၉ ရက်(တနင်္ဂနွေနေ့)တွင် အခြေခံပညာအထက်တန်းကျောင်း(ကော့မှူး)၌ ကျင်းပမည်ဖြစ်ပါသဖြင့် ပညာသင်ကြားပြသခဲ့သော အသက်(၆၀)အထက် ဆရာ/မ(ဟောင်း)များက ဆက်သွယ်ပေးကြပါရန်နှင့် ကျောင်းသား/သူ(ဟောင်း)များအနေဖြင့် အောက်ပါဖုန်းများသို့ ဆက်သွယ်အကြောင်းကြားလှူဒါန်းနိုင်ပါသည်-

(၁) ဦးမြသိန်း(ဗိုလ်တထောင်) ဖုန်း-၀၁-၂၄၅၄၆၅
(၂) ဦးမောင်မြင့်(ရေကျော်) ဖုန်း-၀၁-၂၉၅၅၂၁
(၃) ဦးအေးသောင်း(သန်လျင်) ဖုန်း-၀၅၆-၂၁၂၅၂
(၄) ဒေါ်အေးမြင့်(ကော့မှူး) ဖုန်း-၀၁-၂၆၄၁၅၈
(၅) ဦးမောင်မောင်ဦး(ကော့မှူး) ဖုန်း-၀၉-၄၉၃၁၈၇၇၉
(၆) ဦးရွှေဘော်(ကော့မှူး) ဖုန်း-၀၉-၄၉၂၆၅၀၂၀
(၇) ဒေါ်ခင်ဆွေမြင့်(တာမွေ) ဖုန်း-၀၉-၅၁၂၅၄၆၂
(၈) ဦးမျိုးဇော်ဦး(ကျောက်တံတား) ဖုန်း-၀၉-၅၁၉၅၅၉၅

မြန်မာဂေါက်သီးရိုက်အသင်း
၉ မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့

ရန်ကုန်မြို့၊ ၉ မိုင်၊ ပြည်လမ်းရှိ မြန်မာဂေါက်သီးရိုက်အသင်း၏ ကွင်းအတွင်း မီးတိုင်များစိုက်ထူခြင်း၊ မီးကြိုးများသွယ်တန်းခြင်းနှင့် မီးဆလိုက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ ကုမ္ပဏီလုပ်ငန်းရှင်များမှ ၁၈-၁၀-၂၀၁၃ရက်နောက်ဆုံးထားပြီး လာရောက်ဆက်သွယ်စုံစမ်း၍ ဈေးနှုန်းများ တင်သွင်းနိုင်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာဂေါက်သီးရိုက်အသင်း

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
အင်းစိန်မြို့နယ်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၇၂

၁။ ဦးသန်းစိုး **နှင့်** ၁။ ဒေါ်အုန်းမေ
၂။ ဒေါ်ရီရီမြင့် ၂။ ဦးစံထူး
၎င်း၏ကိုယ်စားအခွင့်ရကိုယ်စားလှယ် ၃။ ဦးကျော်မိုးမြင့်
ဦးကျော်ဇင်မျိုး ၄။ ဦးတင်ဝင်း

တရားလိုများ **တရားပြိုင်များ**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ အမှတ် ၆ နေလိပ်စာတူများဖြစ်သော (၁)တရားပြိုင် ဒေါ်အုန်းမေ၊ (၂) တရားပြိုင် ဦးစံထူး (ယခုနေရပ်လိပ်စာမသိ)၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် ၃၃ နေ (၃)တရားပြိုင် ဦးကျော်မိုးမြင့်(ယခုနေရပ်လိပ်စာမသိ)၊ (၄) တရားပြိုင် ဦးတင်ဝင်း(ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုများကတရားဝင်အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၄ ရက် (၁၃၇၅ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၅ ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါတရားလိုများစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ရှိန်မြင့်
တွဲဖက်မြို့နယ်တရားသူကြီး
အင်းစိန်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာချက်

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း
ထုချေစေရန် အကြောင်းကြားစာ

တရားမကျင့်ထုံးကိုဥပဒေပုဒ်မ အမိန့်-၂၁၊ နည်းဥပဒေ-၂၂
နတ်တလင်းမြို့နယ် တရားရုံးတော်၌
၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၀ (သာယာဝတီခရိုင်)
၂၀၁၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၀

မဆွေဆွေဝင်း **နှင့်** ကိုဝင်းရွှေ(ခ)ကုလားကြီး
(ယခုနေရပ်လိပ်စာမသိ)

(ဒီကရီအနိုင်ရသူ) **(တရားရှုံး)**

ကိုဝင်းရွှေ(ခ)ကုလားကြီး၊ ကြာအင်းရွာ၊ စမ်းချောင်းအုပ်စု၊ နတ်တလင်းမြို့သိစေရမည်။

၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ် ၄၀/၂၀၁၁ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် မဆွေဆွေဝင်းက လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်ရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ဖြစ်စေ၊ ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၅ ရက် (၁၃၇၅ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

တင်မောင်မြင့်
မြို့နယ်တရားသူကြီး
နတ်တလင်းမြို့နယ်တရားရုံး

အမြဲဖယ်ဆုံး သိမ်ဒကာ၊ ဘုရားဒကာ၊ ကျောင်းဒကာ၊ မြေဒကာ၊ တံတိုင်းဒကာ၊ မဏ္ဍပ်ဒကာ ခံယူပါ

[illegible]

KBZ Bank Account No. 070 12 100 73 733

သာသနတ္ထိပြည့် ဓမ္မဇာတနဲ့ကျောင်းတော်ကြီးအနီး အဋ္ဌဝနဲ့တောအနေဒီပိသာ ဆောက်လုပ်ရာ၌ သာသနာ့မြေလှူဒါန်းနိုင်ရန် နှိုးဆော်လွှာ



ဤသာသနတ္ထိပြည့်ဌာနကား မြတ်စွာဘုရားရှင်များ မစွန့်ပယ်အပ်သော အဝိဇ္ဇာပြတ်စနေရာဌာန၊ ... (၂၅) ... (BA,MA,Dip-Hindi,Ph.D(Thesis)) ... (၇၂၈၀၀) ... (၂၅၀၀၀) ... နှိုးဆော်လိုက်ရပါသည်။

ဆက်သွယ်လှူဒါန်းနိုင်ရန်ဌာနများ-

[illegible]

မှတ်ချက်။ ။ အလှူတော်ငွေ (၂၅၀၀၀)ကျပ်နှင့်အထက် လှူဒါန်းသည့် အလှူရှင်များကို ဆရာတော်မှ ဂုဏ်ပြုလွှာ ချီးမြှင့်ပေးမည် ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ Yankinpalm Village အိမ်ရာစီမံကိန်း၊ တိုက်အမှတ် ၃၂၊ အခန်းအမှတ် ၄၂ ကို မူလအမည်ပေါက်ပိုင်ရှင် ဦးဌေးအောင်ထံမှ ဦးကျော်သူရ ၁၂/ရကန(နိုင်)၀၂၁၁၈၀နှင့် ဒေါ်သင်းသိမ့်သူ ၁၂/ရကန(နိုင်)၀၇၅၂၄၀ တို့က တရားဝင် စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် ဝယ်ယူပြီးဖြစ်ပါသဖြင့် ပိုင်ဆိုင်မှု အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၅/ကြည်စု၊ မြေကွက်အမှတ် ၁၀၀၊ မြေကွက်တည်နေရာ အမှတ်-၁၀၀၊ မင်္ဂလာသိဒ္ဓိလမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးမောင်မြင့်အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးမောင်မြင့်(ဖခင်)နှင့် ဒေါ်သောင်းမြင့်(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဦးစန်းမြင့် ၁၂/မဂတ(နိုင်)၀၇၄၅၅၃၊ ဦးမောင်မောင်မြင့် ၁၂/ဒပန(နိုင်)၀၄၁၂၅၂၊ ဒေါ်ယဉ်ထွေး၁၂/ဒပန(နိုင်)၀၆၁၅၃၇၊ ဒေါ်မြင့်မြင့်ငွေ ၁၂/မဂတ(နိုင်)၀၃၇၂၇၇၊ ဦးစန်းလွင် ၁၂/မဂတ(နိုင်)၀၃၇၂၈၀တို့က ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၇စီ၊ မြေကွက်အမှတ် ၁၄၄၊ မြေကွက်တည်နေရာ အမှတ်၆၊ နွယ်နီလမ်း၊ ၆ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ် ဦးကြင်သိန်း (CI-၀၀၇၁၄၀) အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးကြင်သိန်း ကွယ်လွန်သဖြင့် ဒေါ်ခင်ခင်မင်း ၁၂/ပဇတ(နိုင်)၀၀၅၉၆၆က တရားဝင်ဇနီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသည် Pick Up မော်တော်ယာဉ် ၁၄စီးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးပြိုင်အဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းများအား မော်တော်ယာဉ်တင်သွင်းမည့် ပုဂ္ဂိုလ်၊ သက်ဆိုင်ရာကုမ္ပဏီ၊ အဖွဲ့အစည်းကိုယ်တိုင်(သို့မဟုတ်) ၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။

၃။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့် ပုံစံများအား တစ်စုံလျှင် ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ)ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ် ၂၂ တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့်ပုံစံကို တရားဝင်ဝယ်ယူထားသူများ၏ အဆိုပြုလွှာများကိုသာ လက်ခံမည်ဖြစ်ပါသည်။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့်ပုံစံသည် မူရင်းဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံဖြစ်ရပါမည်။

၅။ ဈေးပြိုင်အဆိုပြုလွှာများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ် ၂၂ ရှိ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌထံလိပ်မူ၍ ၂၅-၁၀-၂၀၁၃ရက် ညနေ ၁၆း၃၀နာရီ နောက်ဆုံးထားပြီး လာရောက်ပေးသွင်းရန်နှင့် သတ်မှတ်ကာလ ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၄၂၃၂၊ ၀၆၇-၄၀၄၃၁၁၊ ၀၆၇-၄၀၄၂၃၄၊ ၀၆၇-၄၀၄၂၀၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

ဦးရိုးဘုန်းနိုင်
H.G.P.LL.B,D.B.L,D.M.L
Post Graduate Dip in Global English

(LL.B)

[illegible]

အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သော အိမ်ရာများနှင့် ဌာနမှယာယီမြေရှင်အဖြစ်ဆောင်ရွက်ခဲ့သော တိုက်ခန်းအား မူလနေထိုင်သူ ကန်ထရိုက်တာထံမှ တစ်ဆင့် ဝယ်ယူထားသူက အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန်နှင့် နေထိုင်ခွင့်စာချုပ် ပျောက်ဆုံးကြောင်း တင်ပြလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးခင်မောင်လတ် (ကန်ထရိုက်တာ) ၁၂/ကတတ(နိုင်)၀၂၂၂၃၆(မှ) ဒေါ်စိုးစိုးနိုင် ၁၂/ကတတ(နိုင်)၀၀၀၆၃၈ (မှ) ဒေါ်စလေမာ(ခ)နှင်းစုလှိုင် ၁၂/မရက(နိုင်)၁၁၁၀၉၀(မှ)	ဒေါ်နန်းမာရီကျင်ကျင် ၁၄/မမန(နိုင်)၀၀၀၅၃၄	အမှတ် ၃၃၊ ၈-လွှာ(ဝဲ)၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်း
၂။	ဒေါ်ဂင်စန်း ၆/ပလန(နိုင်)၀၀၃၉၄၄(မှ)	ဒေါ်စန္ဒီစန်း ၁၂/ဗဟန(နိုင်)၀၆၇၁၀၆	တိုက် ၃၂၊ အခန်း ၆၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ လှိုင်
၃။	ဒေါ်မြင့်မြင့်ဝေ LTA-၀၀၀၂၀၂ ဦးကြည်ရွှင်LTA-၀၀၃၄၇၈(မှ) ဦးကျော်စိုးလင်း ၁၂/လမတ(နိုင်)၀၁၅၄၀၄(မှ)	ဦးအေးလွင် ၁၂/ပဘတ(နိုင်)၀၀၄၉၂၆	အမှတ် ၁၄၀၊ အခန်း ၅၊ စဉ့်အိုးတန်းလမ်း၊ လသာ
၄။	ဦးထွန်းလှိုင် ၁၂/သကတ(နိုင်)၀၆၈၄၅၈(မှ)	ဒေါ်လတ်လတ်သန်းရွှေ ၁၂/ဗတထ(နိုင်)၀၂၆၃၁၁	တိုက် ဘီ-၈၊ အခန်း ၂၀၆၊ ရွှေခင်းသာအိမ်ရာ၊ သာကေတ
၅။	ဦးသိန်းထွန်း(ကစ)ဦးသောင်းစိန် ၁၂/မရက(နိုင်)၁၂၃၉၆၄(မှ)	ဦးအေးကြူ ၁၂/မဂတ(နိုင်)၀၄၁၆၉၇	အမှတ် ၁၈၁/၁၈၅၊ အခန်း ၆၊ မြေညီ၊ ၃၈လမ်း၊ကျောက်တံတား
၆။	ဒေါက်တာညွန့်ဝင်း ၁၂/ကမတ(နိုင်)၀၀၉၁၁၇ ဒေါ်တင်မေထွဋ် ၁၂/လမန(နိုင်)၀၆၃၇၄၁ (မှ)	ဦးထွန်းထွန်းဦး ၅/မရန(နိုင်)၀၁၀၃၀၂	တိုက် ၂၇၊ အခန်း ၇၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ လှိုင်
၇။	ဒေါ်မေကြည် ၁၂/ဥကတ(နိုင်)၁၁၈၄၁၂ ဦးစိုးနိုင် ၁၂/ဥကတ(နိုင်)၁၁၉၁၁၄(မှ)	ဦးမျိုးခိုင် ၁၂/ဥကတ(နိုင်)၁၁၉၁၁၅ ဒေါ်လှဲ့လှဲ့အောင် ၁၂/ဥကတ(နိုင်)၁၁၇၂၄၂	တိုက် ၂၊ အခန်း ၂၉၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ ဗဟန်း
၈။	ဒေါက်တာမြမြချို LLM-၀၂၆၀၈၁	လူနေထိုင်ခွင့်စာချုပ် ပျောက်ဆုံး	တိုက် ၁၀၊ အခန်း ၁၅၊ ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ဖခင်အမည်မှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကရပ္ပိကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်အောင်ဆန်းဦး၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင်ထွန်း ၁၀/သဖရ(နိုင်)၁၀၃၆၁၁ ဖြစ်ပါကြောင်း။

ဦးဝင်းနိုင်ထွန်း

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် ၂၇ C4၊ မြေကွက်အမှတ် ၃၄၂၊ မြေကွက်တည်နေရာအမှတ် ၂၂၊ မင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ဦးဘိုးဆောင်း အမည်ပေါက် နှစ် ၃၀ ဂရန် သက်ကုန်မြေ အမည်ပေါက် ဦးဘိုးဆောင်း လူပျိုကြီးဘဝဖြင့်လည်းကောင်း၊ ၎င်း၏ညီမ ဒေါ်သိန်းမေ အပျိုကြီး ဘဝဖြင့်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ပြီး ညီ ဦးဘသက်နှင့် ဇနီး ဒေါ်ခင်မကြီးတို့ အသီးသီး ကွယ်လွန်သဖြင့် သား ဦးတင်အုန်း ၁၂/စခန(နိုင်)၀၀၃၅၈၄က တစ်ဦးတည်းသော တူ အရင်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းနှင့် ဂရန်ပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၊ ကမာကဆစ်၊ မြေကွက်အမှတ် ၆၆၉၊ မြေကွက်တည်နေရာအမှတ် ၆၆၉၊ ဗိုလ်မင်းရောင်လမ်း၊ ကမာကဆစ်ရပ်ကွက်၊ ဒလမြို့နယ် ဦးထွန်းဝေ အမည်ပေါက်၊ ပါမစ်မြေအား အမည်ပေါက် ဦးထွန်းဝေထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်အမာချို ၁၂/ဒလန(နိုင်)၀၂၄၁၇၀က မြေချပါမစ်မူရင်း ပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံကတိပြုချက် ပူးတွဲတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်အိမ်ရာ၊ တိုက် ၁၊ အခန်း ၀၀၂ ကို ဦးစံကြည် အမည်ပေါက် အိမ်ပေါ်တက်ရောက် နေထိုင်ခွင့်ပြုကြောင်း အကြောင်းကြားစာမူရင်း ပျောက်ဆုံးနေ၍ ဝယ်ယူနေထိုင်သူ ဒေါ်လှဲ့လှဲ့ဝင်း ၁၂/ပဇတ(နိုင်) ၀၂၄၂၄၂က မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၃/သမိုင်း၊ မြေကွက်အမှတ် ၅/က၁-A/၁-ခ ၏ အစိတ်အပိုင်း၊ မြေကွက်တည်နေရာအမှတ် ၁၃၅၊ ဗိုလ်ညဏလမ်း၊ ၅ ရပ်ကွက်၊ ၉ မိုင်၊ မရမ်းကုန်း K ဆင်ရောင်၊ K ထွန်းဖြူ အမည်ပေါက် မြေပိုင်မြေ လ/န ၃(ခ) မြေအား အမည်ပေါက်များထံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ် ၄၁၅/၉၄(၂၁-၃-၉၄) ဖြင့် ဦးသိန်းဖေ၊ ဦးကျင်စိန်၊ ဦးထွန်းမြင့်သိန်း၊ ဦးစောနိုင်၊ ဒေါ်သန်းသန်းအေး၊ ဦးကျင်အောင်၊ ဦးကျင်ပေါ်(ခ)ဦးရှုချင်ပိုတို့မှ ပိုင်ဆိုင်လာပါသည်။ ဖော်ပြပါ ရှစ်ဦးအပါအဝင် ဒေါ်ခင်ယုဇနတို့အား တရားမကြီးမှုအမှတ် ၁၃၀၇/၂၀၁၁၊ တရားမဇာရီမှုအမှတ် ၃၈၀/၂၀၁၂ တို့ဖြင့် တရားစွဲဆိုခဲ့ပြီး အရောင်းအဝယ်စာချုပ် အမှတ် ၂၁၄၂/၂၀၁၃(၁၉-၆-၂၀၁၃) ဖြင့် ဒေါက်တာမြင့်အောင်က ပိုင်ဆိုင်လာပါသည်။ ၎င်း၏ကိုယ်စား တောင်အာဖရိကမှ ၂၅-၂-၂၀၁၃ရက်စွဲဖြင့် G/P လွှဲအပ်ခြင်းခံရသူ ဒေါ်လှကြည် ၁၂/ကတတ(နိုင်) ၀၁၉၈၇၈က အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်၊ တရားရုံးဒီကရီအထောက်အထား၊ အရောင်းအဝယ်စာချုပ်တို့တင်ပြ၍ မြေကွက်ခွဲစိတ်ရန်အတွက် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ကန့်ကွက်နိုင်ပါကြောင်း

Win & Associates Legal Practitioner Group

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သံသုမာလမ်း၊ မြန်မာ့ဂုဏ်ရောင်အိမ်ရာ၊ ရှစ်ခန်းတွဲ၊ ကိုးထပ်တိုက်၊ မြေညီထပ်၊ အခန်းအမှတ်(OO.H)၊ စတုရန်းပေ ၁၂၅၀ အကျယ်ရှိ တိုက်ခန်းကို တရားဝင်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးထွန်းထွန်း ၁၂/ကတန(နိုင်)၀၇၇၈၄၃ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်ချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ငါးရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်ဆွေဝင်း(LL.B, D.B.L, D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၁၄)
အမှတ် ၉၂/ခ၊ တကောင်း(၅) လမ်း၊ ၅ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၅၆၈၂၃၊ ၀၉-၇၃၀၃၀၁၈၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ၆၉ ရပ်ကွက်၊ မြေကွက်အမှတ် ၁၄၅၂၊ ဧရိယာ (၂၀×၆၀) ပေ မြေ (ဦးညွန့်ရွှေ အမည်ပေါက်ပါမစ်မူရင်း)နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အား စာချုပ်အဆက်စပ်ဖြင့်ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်လျက်ရှိသူ ဦးကိုကိုလှိုင် ၁၃/ကလန(နိုင်)၀၂၁၄၈၅ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်ညို ၁၂/ဥကတ(နိုင်)၁၄၇၆၄၇ က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ သုံးရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ကျော်မိုး (ဥပဒေဘွဲ့)အထက်တန်းရှေ့နေ
(ရုံး) ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်

ရောင်းမည်

၁။	မရမ်းကုန်း ၅ ရပ်ကွက်၊ ၉ မိုင် ပြည်လမ်းမပေါ်၊ ငါးလွှာ၊ ၁၅×၃၀	၂၅၀	သိန်း
၂။	မရမ်းကုန်း ၅ ရပ်ကွက်၊ ကျောက်ရေတွင်းမြောက်ပိုင်း၊ ၂၂×၂၂၊ ပျဉ်ထောင်အသစ်၊ကွန်ကရစ်လမ်းမပေါ်	၇၅	သိန်း
၃။	မရမ်းကုန်း ၅ ရပ်ကွက်၊ လေဆိပ်အနီး ကျောက်/မြောက်၊ ၁၈×၃၀ ပျဉ်ထောင်+မီးပါ	၁၁၀	သိန်း
၄။	မရမ်းကုန်း ၅ ရပ်ကွက်၊ လေဆိပ်အနီး ကျောက်/မြောက်၊ ၂၅×၆၀ ပျဉ်ထောင်+မီးပါ(စလစ်+ဂရန်)	၃၅၀	သိန်း
၅။	မရမ်းကုန်း ၅ ရပ်ကွက်၊ ၂၅×၆၀ ပျဉ်ထောင်နှစ်လုံး၊ မီတာ နှစ်လုံး၊ အဝီစိရေ (စလစ်+ဂရန်)	၃၆၀	သိန်း
၆။	မရမ်းကုန်း ၅ ရပ်ကွက်၊ ၅၀×၅၀ ပျဉ်ထောင်နှစ်လုံး၊ မီတာ နှစ်လုံး၊ အဝီစိရေ ပေ ၂၀၀ကျော်အနက်	၇၅၀	သိန်း
၇။	မရမ်းကုန်း ၅ ရပ်ကွက်၊ ၂၈×၅၀ ပျဉ်ထောင်မီးပါ(ဘိုးဘွား)	၃၀၀	သိန်း
၈။	မရမ်းကုန်း ၅ ရပ်ကွက်၊ ၂၈×၆၀ ပျဉ်ထောင်+ရေ+မီး၊ အရှေ့လှည့်လမ်းသုံးဘက်ပါ	၄၅၀	သိန်း
၉။	မရမ်းကုန်း ၅ ရပ်ကွက်၊ ၉၆×၆၆ မြေကွက်သီးသန့် လမ်းသုံးဘက်ပါ	၂၀၀၀	သိန်း
၁၀။	မရမ်းကုန်း ၅ ရပ်ကွက်၊ ၆၀×၆၀ ပျဉ်ထောင် နှစ်ထပ်၊ ရေ (၂)၊ မီး(၂) (စလစ်)	၈၀၀	သိန်း
၁၁။	မရမ်းကုန်း ၅ ရပ်ကွက်၊ ၄၀×၆၀ ပျဉ်ထောင် ရေ+မီး (စလစ်)	၄၀၀	သိန်း
၁၂။	မရမ်းကုန်း ၅ ရပ်ကွက်၊ ၇၀×၉၀ ပျဉ်ထောင် ရေ(၂)၊ မီး(၃)	၄၀၀၀	သိန်း
၁၃။	မရမ်းကုန်း ၅ ရပ်ကွက်၊ ၃၃×၁၂၀ ပျဉ်ထောင် ရေ+မီး	၁၀၀၀	သိန်း
၁၄။	မရမ်းကုန်း ၅ ရပ်ကွက်၊ ၂၂×၇၀ ပျဉ်ထောင် ရေ+မီး	၇၀၀	သိန်း
၁၅။	မရမ်းကုန်း ၅ ရပ်ကွက်၊ ၂၂×၇၀ ပျဉ်ထောင် မီးပါ	၅၅၀	သိန်း
၁၆။	မရမ်းကုန်း ၅ ရပ်ကွက်၊ ၃၀×၅၀ ပျဉ်ထောင် ရေ+မီး	၆၀၀	သိန်း
၁၇။	လေဆိပ်လမ်းမပေါ် Hotel ဖွင့်ရန် အလွန်ကောင်း ၈၀×၁၉၀၊ 1½RC၊ အိပ်ခန်းခြောက်ခန်း	၁၃၀၀၀	သိန်း
၁၈။	လေဆိပ်လမ်းမပေါ် ၁၂၀×၁၃၅၊ RC နှစ်လုံး၊ ဖုန်းပါ၊ A/C ပါ၊ ပါဝါမီတာပါ	၁၅၀၀၀	သိန်း
၁၉။	လေဆိပ်အနီး ကတ္တရာလမ်းမပေါ်၊ ၂၄×၇၀၊ RC နှစ်ထပ်၊ နေရာကောင်း	၁၂၀၀	သိန်း
၂၀။	လေဆိပ်လမ်းမပေါ် ၄၆×၁၁၀၊ 3/B မြေ၊ 1 Ph	၁၁၀၀၀	သိန်း
၂၁။	လေဆိပ်ရိပ်သာလမ်း ၄၀×၁၀၀၊ 1 RC 1 Ph (ဘိုးဘွားပိုင်)	၄၀၀၀	သိန်း
၂၂။	လေဆိပ်ရိပ်သာလမ်း စတုရန်းပေ ၇၀၀၀၊ 1 RC 3A/C 1 Ph (ဘိုးဘွား)	၇၅၀၀	သိန်း
၂၃။	၁၀ မိုင် ပြည်လမ်းမပေါ်၊ ၃၃×၁၂၀ ဘိုးဘွား 1 Ph	၁၅၀၀၀	သိန်း
၂၄။	မင်္ဂလာဒုံလေဆိပ်အနီး ကြံခင်းစု ၂၀၀×၁၈၅၊ ရေကူးကန်ပါ၊ ဖုန်းပါ၊ မီတာ(၂)	၄၀၀၀	သိန်း
၂၅။	မင်္ဂလာဒုံလေဆိပ်အနီး ကြံခင်းစု ၇၅×၁၃၅၊ ပျဉ်ထောင်အိမ်၊ ရေ၊ မီး	၁၅၀၀	သိန်း
၂၆။	မှော်ဘီ Alpine ရေသန့်စက်ရုံအနီး၊ 100'x130' 3/B မြေ	၅၅၀၀	သိန်း

ဆက်သွယ်ရန်-
ကိုမင်းအောင် အိမ်၊ ခြံ၊ မြေ အကျိုးဆောင်
B.A (Geography) Certificate in Business Law
နေအိမ်နှင့် ရုံး အမှတ်(၄၅/၅၅ D)၊ လေဆိပ်လမ်းသွယ်(၁)၊ ၁၀ မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၂၁၀၁၄၃၆၃၊ ၀၁-၆၅၅၈၉၈၊ ၆၅၅၈၀၉

ကန့်ကွက်နိုင်ပါကြောင်း

L.L.B
L.L.B
PIONEER LAW FIRM

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မေတ္တာလမ်း၊ မြေကွက်အမှတ် ၁၀၁၁ ဟု ခေါ်တွင်သော အကျယ်အဝန်း ပေ ၄၀ × ပေ ၆၀ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အဆင့်ဆင့် ဝယ်ယူလက်ရောက်ရရှိပိုင်ဆိုင် အကျိုးခံစားလျက်ရှိသူ ဒေါ်သန်းသန်းဝင်း ၁၂/တမန(နိုင်)၀၅၅၅၉၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ဖော်ပြပါ အိမ်၊ မြေ၏တန်ဖိုး တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်၊ မြေအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်သည်အထိ လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ညွန့်ညွန့်သန်း (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၉)
အမှတ် ၃၂၀၊ ရာဇာဓိရာဇ်လမ်း
၇ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၀၁၅၂၆၈၈၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၊ ဦးဘချိုလမ်း၊ မြေကွက်အမှတ် ၉၂၄၊ မြေအကျယ်အဝန်း အလျား×အနံ ပေ ၄၀ × ပေ ၆၀ရှိ နှစ်၆၀ ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးသည် ဦးသောင်းအေး ၁၂/အလန(နိုင်)၀၁၀၆၁၉ (ကွယ်လွန်)အမည်ဖြင့် တည်ရှိပြီး ဂရန်မူရင်း၊ ပိုင်ဆိုင်မှုအဆက်အစပ် စာချုပ်စာတမ်းမူရင်းများဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး ထပ်ဆင့်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးဗိုလ်ထွန်း ၆/ကသန(နိုင်)၀၀၂၉၄၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်သော အိမ်မြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော သက်သေအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးအသတ်ငွေပေးချေ၍ တရားဝင်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်သူဇာငြိမ်း LL.B
အထက်တန်းရှေ့နေ
အမှတ် ၇၇၉၊ ဇာဂ ၁၇ လမ်း၊ ၄ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်
ဖုန်း-၀၉-၅၁၃၁၂၀၃၊ ၀၁-၈၅၀၀၃၂၃၊ ၀၁-၅၆၃၄၁၉

ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော် မောင်ရဲချိန်းရှိ ၁/မကန(ပြု)၀၀၀၂၆၉ ၏ ဇနီး မနွဲ့နွဲ့အေး (မှတ်ပုံတင်ပြုလုပ်ဆဲ)သည် လွန်ခဲ့သော (၂)နှစ်ခန့်မှစ၍ မိမိ၏သဘောဆန္ဒအလျောက် နေအိမ်မှထွက်ခွာသွားခဲ့ပြီး ယနေ့တိုင် ဆက်သွယ်ခြင်းလည်း မရှိ၊ ကျွန်တော်နှင့် လုံးဝကင်းကွာနေပါသောကြောင့် ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

မောင်ရဲချိန်းရှိ
ကချင်စုရပ်ကွက်၊ မြစ်ကြီးနားမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၅ယ/၁၀၉၄၅၊ Honda Dream ယာဉ်လက်ဝယ်ရှိသူ ဦးသန်းလွင် ၉/မထလ(နိုင်) ၁၃၈၆၇၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(တာချီလိတ်)

အမြန်ပြန်လာပါ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၃၇ လမ်း၊ အမှတ် ၁၇၀၊ မြေညီထပ်နေ မောင်ကျော်ထွန်း (ခ) ချွန်ဆန်း ၁၂/ကတတ(နိုင်)၀၁၆၈၀၈ မိခင်အသည်းအသန်ဖြစ်နေ၍ ရောက်ရာအရပ်မှ အမြန်ဆုံးပြန်လာပါ။

(ကိစ္စအားလုံးခွင့်လွှတ်သည်။)

မိခင်
ဒေါ်မေရီ
ဖုန်း-၀၉-၄၂၀၀၆၃၀၂၈

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၃ယ/၁၈၆၃၄ Yamaha DT 125R ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းမြင့် ၉/ကဆန(နိုင်)၀၈၈၉၇၅ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ငမိုးရိပ်၊ မြေကွက်အမှတ် ၇၁၊ မြေကွက်တည်နေရာအမှတ် ၇၁၊ ၁၀လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဦးမြတ်စိန် ၁၂/မဂတ(နိုင်)၀၄၅၃၇၄ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးမြတ်စိန်(ဖခင်)နှင့် ဒေါ်ဝင်းကြည်(မိခင်)တို့ကွယ်လွန်သဖြင့် ဦးမြင့်ခိုင်၁၂/သဃက(နိုင်) ၀၅၀၀၆၇ က တစ်ဦးတည်းသောသား တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

L.L.B, D.B.L
L.L.B, D.I.L

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ ရွှေကျီးလမ်း၊ အမှတ် ၅၂၃၊ ဧရိယာ (၁၅×၃၁) ပေ မြေနှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား စာချုပ်အဆက်စပ်ဖြင့်ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်လျက်ရှိသူ ဦးမြင့်ဦး ၁၂/အစန(နိုင်)၁၁၆၃၈၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးခွန်သန်းအောင် ၁၃/ဟပန(နိုင်) ၀၄၄၉၄၄ က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၃ ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးကျော်ကျော်မိုး (ဥပဒေဘွဲ့) အထက်တန်းရှေ့နေ
(ရုံး) ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်

ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ဦးတင်မောင်ဦး ၉/မတရ(နိုင်)၀၈၉၃၀၄ ၏ဇနီး ဒေါ်တင်တင်နွဲ့ ၅/စကန(နိုင်)၀၂၈၅၀၉ (ဒုတိယဦးစီးမှူး၊ ချမ်းမြသာစည်မြို့နယ်၊ အခွန်ရုံး) သည် ခွင့်မလွှတ်နိုင်သောကိစ္စများ အကြိမ်ကြိမ် ပြုလုပ်နေပါ၍ ကျွန်တော်၏ဂုဏ်သိက္ခာများ ကျဆင်းခဲ့ပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးတင်မောင်ဦး

စက်မှုလက်မှုသိပ္ပံ (မိတ္ထီလာ) GTI ကျောင်းသား/ကျောင်းသူဟောင်းများ၏ အဌမအကြိမ်မြောက်အားစနေဒိုယမှုစေင်ပွဲကျင်းပရန် (၂၅) ရက်စနေ့သာ ရှိတော့သည်။

ကျင်းပမည့် မြို့/ရက်စွဲ - မန္တလေးမြို့ (၉/၁၁/၂၀၁၃) (စနေနေ့)
နံနက်ပိုင်း လှူဒါန်းမှု အစီအစဉ် - သာသနာ့တက္ကသိုလ်၊ မန္တလေးမြို့
ညနေပိုင်း အစီအစဉ် - ကန်တော့ပွဲနှင့် မိတ်ဆုံညစာစားပွဲ၊ ကန်တော်ကြီးအတွင်းရှိ Green စားသောက်ဆိုင်
စည်းဝေးမျှော်မြင်မှု - မန္တလေးမြို့ မြို့မဟောင်...

* (၁၉၈၆-၂၀၀၀) မိတ္ထီလာ GTI တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော ဆရာ/မများ မိတ်စာရသည် ...
* ...
* ...
* ...

ဆက်သွယ်ရန်ဖုန်း (မန္တလေး) ...
(ရန်ကုန်) ...
(မိတ္ထီလာ) ...

ကြော်ငြာစာ
အမွေဆက်ခံခြင်းဥပဒေပုဒ်မ-၂၄၃
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၆၀

ကွယ်လွန်သူ အဘိုးဦးကျော်စိန် ကျန်ရစ်သော မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

ဒေါ်စန်းစန်းသွယ် **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော(မြောက်)ရပ်ကွက်၊ သရက်တော(၁)လမ်း၊ အမှတ်၂၇ တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ အဘိုးဦးကျော်စိန်၏ အမွေထိန်းလက်မှတ်စာရရှိသူ ဒေါ်စန်းစန်းသွယ်က ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆ အက်ဖ်^၂၊ မြေကွက်အမှတ် ၄၅၊ ဧရိယာ ၀ ဒသမ ၀၂၈ ဧကရှိ ဂရန်မြေကွက်ကို ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ လှူဒါန်းခြင်းများအတွက် မြေပုံမြေရာဇဝင်ကူးယူခြင်း၊ အထွေထွေအရပ်ရပ် စီမံခန့်ခွဲမှု ပြုလုပ်လိုကြောင်း လျှောက်ထားလာသည်ဖြစ်၍ ထိုလျှောက်ထားမှုကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ရက် (၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသောကြောင့် အထက်ဖော်ပြပါ အမည်၌ အကျိုးစီးပွားတစ်ခုခုသက်ဝင်သည်ဟု အဆိုရှိသူတို့သည် ယင်းချိန်းဆိုသည့် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက် (၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်) နံနက် ၁၀ နာရီတွင် မိမိကိုယ်တိုင်သော်လည်းကောင်း၊ လွှဲအပ်ထားသူ ကိုယ်စားလှယ်တစ်ဦး အနေဖြင့်သော်လည်းကောင်း လာရောက်၍ ခိုင်လုံသော အထောက်အထားများ တင်ပြကန့်ကွက်နိုင်ကြောင်း ဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ရန် ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်စန်းစန်းသွယ်၏ လျှောက်ထားလွှာအပေါ် စစ်ဆေးကြားနာ၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ ခုနှစ် အောက်တိုဘာလ ၂ ရက်တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

တင်မောင်လတ်
ဒုတိယခရိုင်တရားသူကြီး(၆)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ပုလဲ ဒေါ်မြတင် ကားပစ္စည်းဆိုင် လုပ်ငန်းရပ်ဆိုင်းခြင်း

မန္တလေးမြို့ရှိ ပုလဲဒေါ်မြတင် ကားပစ္စည်းအရောင်းအဝယ် လုပ်ငန်းကို (1-11-2013)နေ့မှ စ၍ လုံးဝရပ်ဆိုင်းတော့မည်ဖြစ်ပါကြောင်း ကျေးဇူးရှင် ဖောက်သည်အပေါင်းအား အသိပေးအပ်ပါသည်။

ပုလဲဒေါ်မြတင် မိသားစု(မန္တလေး)

ငှားမည်

မင်းဓမ္မအိမ်ရာ/ အိမ်ရာဝင်းအတွင်း ခြံကျယ် လုံးချင်း ငှားရန်ရှိသည်။ ပွဲစားမလို

09-31342007 , 09-8614480 , 09-450062545

အမည်ပြောင်း

ဦးစိုးသူရိန်ဝင်း၏သမီး ကျိုင်းတုံမြို့ အထက ၄၊ ပထမတန်း(A)မှ မနှင်းတွယ်တာဦးအား မနွေးပီတိဖြူဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မနွေးပီတိဖြူ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၅၊ မြေကွက်အမှတ် ၁၆၀၊ မြေကွက်တည်နေရာအမှတ်၁၆၀၊ပင်းယ ၁၀ လမ်း၊ ၅ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ဒေါ်မြငွေ၊ ဒေါ်တင်ရွှေ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဒေါ်မြငွေနှင့်(ခင်ပွန်း) ဦးခင်မောင်တို့ ကွယ်လွန်သဖြင့် ဒေါ်သန်းနွဲ့ ၁၂/ဥကတ(နိုင်) ၀၃၆၆၆၀ နှင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်တင်ရွှေနှင့် (ခင်ပွန်း) ဦးစံဦး ကွယ်လွန်သဖြင့် ဦးဝင်းမောင် ၁၂/ဥကတ(နိုင်)၀၅၀၅၇၅ တို့ကသမီးနှင့်သားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၆၅၁ (၁-၇-၂၀၁၃)၊၇၅၆၁(၁၃-၅-၂၀၁၃)ဖြင့် အထွေထွေ ကိုယ်စားလှယ် ဦးလှထွေး ၁၂/တမန (နိုင်) ၀၄၉၀၉၆ က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၂-၄၈၁၇(၂-၈-၂၀၁၃)၊ ၂-၄၈၁၆(၂-၈-၂၀၁၃)တို့ တင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကားနှင့် ဖုန်းနံပါတ်အလှ ရောင်းမည်

Light Truck တစ်တန်ဆံ့
ကျပ် ၁၁၅ သိန်း
ဖုန်း-၇၃......
ဖုန်း-၀၁-၅၂၁၁၀၇

မြေကွက်ရောင်းရန်ရှိသည်

အရှေ့ဒဂုံမြို့နယ်၊ ဒဂုံတက္ကသိုလ်ရှေ့ရှိ စက်မှုဇုန်မြေ၊ တစ်ဧကရောင်းရန်ရှိသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၂၉၁၁၅

ပျောက်ဆုံးကြောင်း

ကျွန်မ မြသူဇာ၏ ပတ်စ်ပို့နံပါတ် A-၃၆၃၄၆၇ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၅၃-၃၂၉၆၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၃-ရန်ပြေရပ်ကွက်၊ ရန်အောင်လမ်းသွယ်၊ အမှတ်၆၇၅/က ဟု ခေါ်တွင်သော သာကေတမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၃၊ မြေကွက်အမှတ် ၆၇၅/က၊ မြေအလျား×အနံ ပေ (၂၀×၆၀)ရှိ နှစ် ၆၀ မြေငှားဂရန်ကို မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်သန်းသန်းအမည် မှတ်သားတည်ရှိ ပါသည်။

ယင်းမြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်သန်းသန်းမှ ဦးမင်းဇော်ဦးကို စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၅၉၉၃/၁၃ (၉-၄-၂၀၁၃) အရ ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံထားသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သီရိဝင်း (စဉ်-၂၈၂၁၇)	**ဦးအုန်းသန်း(စဉ်-၈၂၃၉)**
LL.B, D.B.L	**B.A(Geog),H.G.P,R.L.D.B.L**
အထက်တန်းရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**

အမှတ် ၃၁၀/ခ၊ ဗလ္လိက ၁၂ လမ်း၊ ၁၀ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၉-၇၃၀၈၅၄၉၈၊ ၀၉-၇၃၀၀၀၂၃၈၊ ၀၉-၄၅၀၀၁၉၇၄၅

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်ရှိ ... အမှတ်(၄)ရှိ မြေကွက် ... ကန့်ကွက်နိုင်ကြောင်းကြော်ငြာချက်

...

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃၆၊ မြေကွက်အမှတ် ၉၂၆၊ မြေအကျယ်အဝန်း (အလျားပေ ၅၀× အနံ ပေ ၅၀)၊ ဧရိယာ ၀ ဒသမ ၀၅၇ ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေစာရင်းအမည်ပေါက်သူ ဒေါ်စုစုခိုင် ၁၂/သဃက(နိုင်)၀၃၄၄၆၁ က ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၈၂၁/၁၃ ဖြင့် လွှဲအပ်ပေးထားသဖြင့် တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးစိုးနိုင် ၁၂/မဂတ(နိုင်)၀၂၂၂၄၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဖြူဖြူဇော် (စဉ်-၃၀၉၃၈)
LL.B, D.I.L, WIPO (Switzerland)
အထက်တန်းရှေ့နေ
Zaw Family
ဥပဒေအကြံပေးနှင့် အိမ်ခြံမြေ စာချုပ်စာတမ်း ဝန်ဆောင်မှုလုပ်ငန်း
အမှတ် ၁၄၃၊ လေးလွှာ(A) ၊ ဗိုလ်မင်းရောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၂၂၉၆၆၆၊ ၀၉-၇၃၂၀၀၆၄၆၊ ၀၉-၇၃၂၅၅၂၃၊ ၀၉-၇၃၂၀၈၀၁၇

"ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်"

...

L.L.B, B.A(Business Law), C.B.L

ကန့်ကွက်နိုင်ပါသည်

...

ကန့်ကွက်နိုင်ပါသည်

...